
www.burmeseclassic.com

# မောင်သွေးရှင်

## ကိုးသချိုင်းမှသီချင်းသံ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပါဝင်သောအခန်းစဉ်များ


၁။ သချိုင်းအတွင်းမှဖိုးသူတော်နှင့် ထူးဆန်းသောသီချင်းသံ
၂။ သချိုင်းသို့အလည်ရောက်ခြင်းနှင့်အစ
၃။ သချိုင်းထဲမှသီချင်းရှင်နှင့်တွေ့ဆုံခြင်း
၄။ တစ္ဆေမဟုတ်သည့်သူတော်
၅။ ပီလော်ဆော်ပီတွေနဲ့ဖိုးသူတော်
၆။ ကိုးသချိုင်းမှ မဟာရာတနီ
၇။ မျက်လှည့်ဆရာကိုသူတော်
၈။ မဟာရာတနီမင်းသမီးလေးနှင့် ပြန်လည်တွေ့ဆုံခြင်း
၉။ အိပ်မက်ထဲမှကျွန်ုပ်
၁၀။ သူတော်မဟုတ်သည့်သူတော်နှင့် ဆုံတွေ့ရခြင်း
၁၁။ ဆိတ်သားရေနှင့် ရတနာသိုက်
၁၂။ ကျွန်ုပ်၏မိတ်ဆွေဝိညာဉ်လေးထဲမှ မဟာရာတနီ
၁၃။ မရှာဘဲတွေ့လိုက်ရသည့်ကြိုးစာမိစ
၁၄။ ကိုးသချိုင်းသီချင်းသံ၏ ပျောက်ဆုံးနေသောအစတစ်စ
၁၅။ မဟာရာတနီတော်ဘုရားလေးရဲ့ မဟာရာတနီ
၁၆။ ရှာပုံတော်ခရီး၏နိဒါန်းအခန်း
၁၇။ မဟာရာတနီနှင့်ရှားချပ်သို့
၁၈။ မဟာရာတနီတော်အုပ်...သို့မဟုတ်
၁၉။ ပျောက်ဆုံးနေသောလမ်းကြောင်းကို ပြန်လည်ရှာဖွေတွေ့ရှိခြင်း


≪ အခန်း - ၁ ≫

# သချိုင်းအတွင်းမှဖိုးသူတော်နှင့် ထူးဆန်းသောသီချင်းသံ

အလင်းမရှိသည့်ည. . ။

သချိုင်းကုန်းတစ်ခု. . ။

ထိုညလောက်အကျည်းတန်စေသည့်ညသည် ဤလောက၌ ရှိလိမ့်မည်ဟု မထင်မိခဲ့ချေ။

မြင်တွေ့နေရသည့်အရာအားလုံးသည် မှောင်အတိဖုံးလွှမ်းနေ၏။

လေရူးတစ်သိုက်သည် ရုတ်တရက်တိုက်ချလိုက်သလိုနှင့် ထွက်ပြေးသွားသည်။ ဆောင်းထားသည့် ကျွန်ုပ်၏ခမောက်စုတ်လေးကို လေနှင့်အတူ ရောပါမသွားရအောင် ဖုံးဖိဆွဲကိုင်

www.burmeseclassic.com



ထားလိုက်ရသည်။

တိတ်ဆိတ်ငြိမ်သက်နေသည့် သချိုင်းကုန်းအတွင်း ရုတ်တရက် စွဲစွဲငင်ငင်ထအူလိုက်သည့် ခွေးအူသံကြောင့် ရင်ထဲမှာ သိမ့်ခနဲခံစားလိုက်ရသည်။

ခွေးအူသံနှင့်အတူ မိုးကဝေါခနဲရွာချလိုက်သည်။

မနီးမဝေးအရပ် သချိုင်းကုန်း၏အလယ်မှ ထီးတည်းရှိနေသော ဇရပ်အိုလေးဆီသို့ အပြေးတစ်ပိုင်းနှင့် ပြေးသွားလိုက်ရသည်။ မိုးသံနှင့်အတူ နားထဲ၌ တဟီးဟီးတဟဲဟဲအသံများကို ကြားနေရ၏။

ထိုအသံများကြောင့် ခပ်သွက်သွက်လှမ်းသွားနေသည့် ခြေလှမ်းများကို တုံ့ခနဲရပ်တန့်ပစ်လိုက်ရသည်။

ကျွန်ုပ်သည် အသံများကြားရသည့်အရပ်ဆီသို့ နားစွင့်ရင်း လှမ်းမျှော်ကြည့်လိုက်သည်။ အမှောင်ထဲတွင် ဝိုးတိုးဝါးတား အမြင်များနှင့် ကြီးမားသော သရဲသဘက်ကြီးတစ်ကောင် လက်ယပ်လှမ်းခေါ်နေသည်ကို တွေ့လိုက်ရသည်။

စိတ်မှ ဝိုးဝါးအမြင်များလား၊ တကယ့်မိစ္ဆာကောင်လေလား တွေးရင်း. .

စိုးရွံ့စိတ်များနှင့်အတူ နောက်သို့ပြန်လှည့်ပြေးရန် စဉ်းစားနေချိန်တွင် မိုးကောင်းကင်မှ. .

"ဂိုမ်း. . ဂျိမ်း. . ဂျလိန်း"





ဆိုသည့် ရုတ်တရက်မိုးကြိုးပစ်ချသံကြီးနှင့်အတူ လျှပ်စီးရောင်များသည် သချိုင်းကုန်းဝန်းကျင်တစ်ခုလုံး လင်းလက်သွားစေသည်။

လျှပ်စီးရောင်ကြောင့် တဟီးဟီးတဟဲဟဲအော်မြည်နေသော ကုက္ကိုပင်အိုကြီးကို လှမ်းတွေ့လိုက်ရသဖြင့် စိတ်သက်သာရာ ရသွားသည်။

မရပ်မနား ဖွဲခနဲဖွဲခနဲရွာနေသည့် မိုးဒဏ်မှ လွတ်ကင်းအောင် ဇရပ်အိုလေးထံသို့ ခပ်သွက်သွက် လျှောက်သွားလိုက်ရသည်။

ကျွန်ုပ်သည် အကာဗလာနတ္ထိရှိနေသည့် ဇရပ်ပေါ်သို့ တက်ရောက်ချိန်တွင် မိုးရော၊ လေပါ မရပ်မနားရွာသွန်းနေသည်။

ကျွန်ုပ်သည် ဇရပ်၏မိုးလွတ်ကင်းရာထောင့်တစ်ထောင့်၌ သွားရပ်နေလိုက်၏။ အဆက်မပြတ်တိုက်ခတ်နေသောလေကြောင့် ဇရပ်ခေါင်မိုးပေါ်မှ သံကျွတ်နေသော သွပ်ပြားချပ်ကြီးများ၏ ကြောက်လန့်အောင်ခြောက်လှန့်နေသည့်အလား 'တဖျန်းဖျန်း' ရိုက်ခတ်နေသံများသည် မရဏာတေးများ ဟစ်ကြွေးနေသယောင် စိတ်၌ထင်လိုက်ရသည်။

မကြာခင် လေရော၊ မိုးပါ တဒင်္ဂအတွင်း ရပ်တန့်သွားသည်။ ယခုမှ ကျွန်ုပ်သည် ဇရပ်အတွင်း တစ်နေရာ၌ စိတ်ချလက်ချထိုင်ကာ အနားယူဖို့ စဉ်းစားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်အတွင်း ခံတွင်းချဉ်ချဉ်ရှိလာသဖြင့် အိတ်ကပ်အတွင်း အသင့်ရှိနေသော ဆေးလိပ်တိုနှင့်မီးခြစ်ကို ထုတ်ယူကာ မီးညှိဖွာရှိုက်လိုက်သည်။

မိုးအေးအေးတွင် တစ်ရှိုက်ချင်းဖွာရှိုက်လိုက်ရသည့် မီးခိုးငွေ့များ၏အရသာကို ခံစားရင်း သချိုင်းဝန်းကျင်တစ်ဝိုက်ကို လှမ်းမျှော်အကဲခတ်လိုက်သည်။

တဒင်္ဂကြည်လင်သွားသော မိုးကောင်းကင်၏ မှုန်ဝါးဝါးအလင်းများ၏အောက်တွင် အုတ်ဂူများ၊ ကုန်းမို့မို့များနှင့် သချိုင်းမှတ်တိုင်များသည် သုသာန်တစ်စပြင်၌ ငြိမ်သက်စွာပင် ရှိနေကြလေ၏။

ကျွန်ုပ် အုတ်ဂူများဆီသို့ လှမ်းကြည့်နေသည့်အချိန်တွင် အုတ်ဂူအကြီးအကြားမှ ကျွန်ုပ်ထံသို့လာနေသည့် မီးရောင်တစ်ခုကို လှမ်းတွေ့လိုက်ရသည်။

ကျွန်ုပ် ထိုမီးရောင်ကို မမှိတ်မသုန်ကြည့်နေစဉ်မှာ မီးရောင်သည် ကျွန်ုပ်တည်းခိုရာဇရပ်ပေါ်သို့ တဖြည်းဖြည်းတက်လာလေ၏။

ကျွန်ုပ်၏စိတ်တွင် ထိုင်ရမလို၊ ထရမလိုနှင့် ထွက်ပြေးလိုသည့်စိတ်များ ပေါ်ပေါက်လာတော့၏။ ကျွန်ုပ် ထိုင်ရာမှထရန်ဟန်ပြင်နေစဉ် ထိုမီးရောင်၏နောက်မှ အဖြူရောင်ဝတ်စုံတစ်ခုကို တွေ့လိုက်ရသည်။





ထိုအဖြူရောင်ဝတ်စုံနှင့်ပုဂ္ဂိုလ်သည် မီးအိမ်ငယ်တစ်ခုကို လက်မှကိုင်ဆွဲကာ လက်တစ်ဖက်မှလည်း တောင်ဝှေးတစ်ချောင်းကို ဇရပ်၏ကြမ်းပြင်ကို တဒေါက်ဒေါက်ထောက်ကာ ဇရပ်ပေါ်သို့ တက်လာလေ၏။

ထိုအဖြူရောင်ဝတ်စုံနှင့်ပုဂ္ဂိုလ်သည် သူ၏လက်ဆွဲမီးအိမ်လေးနှင့် ဇရပ်တစ်ဆောင်လုံးကို လိုက်လံကြည့်နေသည့်အချိန်တွင် ကျွန်ုပ်အားလှမ်းတွေ့သွားသည့် ထိုပုဂ္ဂိုလ်သည် နှုတ်မှလည်း. .

"အိုး. . ဟိုး. . ညည့်သည်တော်တောင် ရောက်နေမှကိုး"

ဟု ရေရွတ်လိုက်လေ၏။

ကျွန်ုပ်လည်း တိုယ့်ကိုယ်ကိုယ်မလုံမလဲစိတ်နှင့်. . .

"မင်္ဂလာပါခင်ဗျား"

ဟု နှုတ်ဆက်လိုက်မိလေသည်။

"အို. . ဘယ့်နှယ်မင်္ဂလာရမှာလဲ ကိုယ့်လူရာ။ ဒီနေရာက အမင်္ဂလာနေရာလေ။ လူတွေမလာချင်တဲ့အရပ်။ ဒီလိုအရပ်မျိုးမှာ မင်္ဂလာဆိုတာ ဘယ်သုံးလို့ကောင်းပါ့မလဲ ကိုယ့်လူရာ။ ဟား. . ဟား. . ဟား"

အဖြူရောင်ဝတ်စုံနှင့် ပုဂ္ဂိုလ်ကြီးသည် သူ့စကားသူသဘောကျသွားကာ ရယ်မောရင်း ဇရပ်၏ထောင့်တစ်နေရာသို့



www.burmeseclassic.com

www.burmeseclassic.com



တောင်ဝှေးကိုထောက်ကာထောက်ကာဖြင့် သွားရောက်နေ၏။

"ဒီကိုလာဟေ့။ အချမ်းပြေ ရေနွေးသောက်ရအောင်။ အင်း. . ရေနွေးဆိုပေမယ့် ခုလောက်ဆို အေးနေရောပေါ့"

ကျွန်ုပ်သည် အဖော်မဲ့နေရခြင်းထက် အဖော်နှင့်နေရခြင်းက ပို၍ကောင်းသည်ဟု သဘောပိုက်ကာ ထိုပုဂ္ဂိုလ်အနီးသို့ ချဉ်းကပ်သွားသည်။

"ထိုင်. . မောင်ရင့်နာမည်က ဘယ်သူတုံး။ ပြီးတော့ မလာကောင်းတဲ့အရပ်ကို ဘာကြောင့် အချိန်မတော်လာတာလဲ။ ဒီနေရာကိုလာတယ်ဆိုတာ အလည်သဘောတော့ မဖြစ်နိုင်ဘူး။ အလည်လာကောင်းတဲ့အရပ်လည်း မဟုတ်ဘူး။ ဟုတ်တယ် မဟုတ်လားကွ။ ဟား. . ဟား. ."

သူ့အပြောနှင့်သူ သဘောကျကာ တဟားဟားရယ်နေသည့်ပုဂ္ဂိုလ်ကြီးကို ကြည့်ကာ ကျွန်ုပ်သည် ရုတ်တရက်ခေါင်းညိတ်ပြလိုက်သည်။

အလင်းရောင်မှိန်မှိန်ကြားတွင် ကျွန်ုပ်ခေါင်းညိတ်ပြလိုက်သည်ကို ထိုပုဂ္ဂိုလ်ကြီး မြင်လိုက်ရသည်၊ မရသည်ကို ကျွန်ုပ်မတွေးတော့ချေ။

ကျွန်ုပ်အား ၎င်း၏အနီးမှ နှုတ်ခမ်းကျိုးပဲ့နေသော မြေကရားအိုးနှင့် တစ်ခုတည်းသာရှိသော မည်းညစ်ညစ်ပန်းကန်ပဲ့တစ်လုံးထဲသို့ ရေနွေးများကိုငှဲ့ကာ. .





"ရော့. . သောက်ကွာ။ ရေနွေးက ရေခဲစိမ်အဆင့်တော့ မဖြစ်လောက်သေးပါဘူး"

ကျွန်ုပ်သည် ပုဂ္ဂိုလ်ကြီးတွန်းထိုးပေးနေသည့် ရေနွေးပန်းကန်လုံးကို ကောက်ယူကာ သောက်ချလိုက်သည်။

"ကဲ. . ကဲ. . လုပ်စမ်းပါဦး။ မောင်ရင့်နာမည်က. .။ ဒါမှ တို့နှစ်ယောက် မိတ်ဖွဲ့လို့ရတော့မှာပေါ့"

"မောင်ဘဂျမ်း"

"ဗိုး. . နာမည်ကလည်း ကြမ်းမယ့်ရမ်းမယ့်ဟန်ပါလားကွ။ ဒါပေမဲ့ လောလောဆယ်မှာတော့ မင်းဟာ ဖက်ရွက်လေးတစ်ရွက်လို လေလွင့်နေသလိုပဲရှိမှာ"

BURMESE CLASSIC .com

"ဘယ်လို. . ဘယ်လို. . ဦးသူတော်"

"ဘာလဲ. . မောင်ရင်က မဟုတ်ဘူးလို့ငြင်းဦးမလို့လား"

"မှန်လွန်းလို့ပါဗျာ။ ခု ကျုပ်အဖြစ်က လေမတိုက်ဘဲလွင့်နေရလို့"

"အေး. . အမှန်ကို အမှန်အတိုင်းလက်ခံတတ်ဖို့တော့ လိုတယ်၊ နေဦး. . ငါ့နာမည်လည်း မှတ်ထားဦး။ ဖိုးသူတော်ငတေတဲ့ကွ"

"ဗျာ. . ဖိုးသူတော်ငတေတဲ့လား။ နာမည်ကြီးကလည်း"

"အေးလေကွာ။ ဖိုးသူတော်ငတေဆိုတာ ဖြစ်တတ်တယ်။ နေဦး။ ငါ့နာမည်အရင်းက. . ဘိုကွာ. . မေ့တောင်မေ့ကုန်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



မေ့ဆို ကြာပြီကိုး။ ဒီဖိုးသူတော်ငတေဆိုတာလည်း ငါငယ်ငယ်ဘုန်းကြီးကျောင်းသားဘဝကတည်းက ပေလွန်း၊ တေလွန်းလို့ ငတေဆိုတဲ့နာမည်က တွင်ခဲ့တာ။ ဒါကြောင့် ခုအချိန်ထိ ဒီနာမည်ကြီးက လိုက်တေနေတော့ နာမည်ရင်းတောင် ပျောက်ရတဲ့ဘဝကို ရောက်ရောဆိုပါတော့ကွာ။ ဟုတ်တယ်နော်။ ဟား. . ဟား. . ”

အားပါးတရရယ်နေသည့် ဖိုးသူတော်ငတေကိုကြည့်ကာ ကျွန်ုပ်လည်း ရောယောင်ရယ်မိလိုက်မိသည်။

“ခုတော့ ဒီနာမည်ကြီးကို တစ်ရပ်လုံးက သဘောတွေ့ကြတယ်နဲ့တူတယ်။ ခုတော့ အားလုံး နှုတ်ကျိုးကုန်ကြပါပြီ။ ဒီနာမည်ကလည်း ပညတ်သွားရာ ဓာတ်သက်ပါဆိုသလို ငါကလည်း တေလိုက်၊ ပေလိုက်နဲ့ အော့ကြောကိုလန်အောင် ပေခဲ့တော့ ငါ ဘယ်သူနဲ့မှမတည့်တဲ့ လူ့ကန့်လန့်ကြီးဖြစ်နေရတာပေါ့”

ဖိုးသူတော်ငတေသည် သူ့စကားကို ခဏနားကာ ရေနွေးကြမ်းတစ်ခွက်ကို ငုံ့သောက်လိုက်သည်။

“ဒါကြောင့် ကျုပ်က ဒီလူတွေထဲမှာ အတူတူနေရင်း ပြဿနာတွေက တစ်ခုမဟုတ်တစ်ခု တက်တက်လာတော့ လူတွေထဲမနေတာကောင်းတယ်ဆိုပြီး အခုလို သချိုင်းထဲလာပြီး ဖိုးသူတော်လုပ်နေတာပဲ”

ဟု ပြောရင်း ရေနွေးတစ်ခွက်ထပ်ထည့်ကာ ဆက်ပြော





ပြန်လေ၏။

“ခက်တယ်. . ။ လူတွေက ကောင်းရောင်းကောင်းဝယ်လုပ်နေလည်း အဆိုးမြင်တဲ့အကြည့်နဲ့ ဖိုးသူတော်ဘဝမှာတောင် ဖိုးသူတော်ငတေဆိုပြီး ခေါ်ဖြစ်အောင် လိုက်ခေါ်ကြသေးတယ်။ လူတွေများ တော်တော်ဂွကျတာ။ ကဲ. . မှတ်ကရော”

ဆိုပြီး ရယ်လိုက်သော ဖိုးသူတော်ကြီး၏ ဟားတိုက်ရယ်သံကြီးက သချိုင်းကြီးတစ်ခုလုံးဖုံးလွှမ်းသွားသလားဟုပင် ထင်လိုက်ရချေ၏။

“ကဲ. . လုပ်စမ်းပါဦး မောင်ရင့်အကြောင်းလေး”

ဖိုးသူတော်ငတေ၏ ရယ်သံကြီးကြောင့် ကျွန်ုပ်သည် ကိုယ့်ဘဝအကြောင်း ကိုယ်ပြောပြရမည်ကို ဘယ်ကစပြီးပြောရမှန်းမသိအောင် ဖြစ်သွားမိသည်။

“ဩော်. . အင်း. . ဟုတ်ပါ့. . ဟုတ်ပါ့. . ပြောရတာပေါ့ဗျာ။ ဒီလို ဖိုးသူတော်ကြီးရဲ့။ ကျုပ်က မအေတစ်ခု၊ သားတစ်ခုပဲ ဆိုပါ တော့ဗျာ။ အဖေက ကျုပ်ငယ်ငယ်ကတည်းက ဆုံးပါးသွားခဲ့တာဆိုတော့ ကျုပ်က ငယ်ငယ်ကတည်းကပဲ ဘကြီးဘုန်းကြီးကျောင်းမှာ ကျောင်းအိပ်ကျောင်းစားနဲ့ ကြီးပြင်းခဲ့ရတာ။

ဒါကြောင့်လည်း ကျုပ်ရဲ့နာမည်ဟာ ဘကြီးဘုန်းကြီး ပေးတဲ့နာမည်ပဲပေါ့။ ကျုပ်အတွက် ဒီနာမည်ဟာ အကောင်းဆုံးတဲ့လေ”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့နှစ်ဦး စကားပြောကောင်းနေစဉ်မှာ သချိုင်းအတွင်းတစ်နေရာမှ စွဲစွဲငင်ငင်အူလိုက်သည့်ခွေးအူသံကြောင့် ပြောလက်စစကားများ ရပ်သွားခဲ့ရသည်။

ကျွန်ုပ်သည် ခွေးအူသံကိုနားစွင့်ရင်း. .

"ဒီခွေး ဒီလောက်အူနေတာ။ စွဲစွဲငင်ငင်နဲ့။ သရဲတစ္ဆေတွေနဲ့များ တွေ့လို့ဖြစ်မယ်ဗျ ဖိုးသူတော်ကြီးရ"

"ဟုတ်ဘူးကွ။ မင်းနားထောင်ကြည့်။ သေသေချာချာ နားထောင်စမ်းပါဦး။ ဒီခွေးအူနေတဲ့ပုံက သာမန်ခွေးအူပုံမျိုး မဟုတ်ဘူး။ ဆွေးဆွေးမြေ့မြေ့နဲ့ အလွမ်းတေးတစ်ပုဒ်ကို ဖော်ကျူးနေတဲ့ပုံနဲ့ မတူဘူးလား"

"ဟာဗျာ. . ဖိုးသူတော်ကြီးကလဲ။ မဟုတ်က. . ဟုတ်ကကြီး လုပ်ဇာတ်ခင်းပြောနေတော့မယ်"

"ဟ. . ဟုတ်တယ်ဟ။ မင်းနားထောင်ကြည့်ဦး။ သေသေချာချာနားစိုက်ထောင်ကြည့်ပါဦးကွ။ ဟော. . ကြားလား။ မင်းကြားရလား"

"ကြားပါတယ် ဖိုးသူတော်ကြီးရယ်။ ဒီလောက်အူနေတဲ့ ခွေးသံမှ မကြားရလည်း နားပင်းနေလို့ပဲဖြစ်မှာပေါ့"

"ဟုတ်ဘူးလေကွာ။ ငါပြောနေတာ အဲဒီခွေးအူသံကို ပြောနေတာမဟုတ်ဘူး"

"ဒါဖြင့်ရင် ဘာအူသံရှိသေးလို့လဲ ဖိုးသူတော်ကြီးရယ်"





"ရော်. . အဲဒါမှ ခက်ပြီ"

ကျွန်ုပ်နှင့် ဖိုးသူတော်တို့ ထိုသို့ပြောနေကြစဉ် စွဲစွဲငင်ငင်အူနေသည့် ခွေးအူသံတို့ကြားမှ မသဲမကွဲအသံလေးတစ်ခုကို သတိထားမိလိုက်သည်။

ထိုအသံလေးသည် မိန်းမပျိုလေးတစ်ယောက်၏ ပူဆွေးလွမ်းဆွတ်ဖွယ်ရာ ခံစားနေရသည့် အလွမ်းဘွဲ့သီချင်းတစ်ပုဒ်ကို ခံစားဖွဲ့ဆိုနေသယောင် ကြားယောင်နေရသည်။

"ဟုတ်တယ်ဗျ ဖိုးသူတော်ကြီး. . ။ ကြားတယ်. . ကြားတယ်။ နေပါဦး ဖိုးသူတော်ကြီးရယ်. . ။ ညကြီးအချိန်မတော် ဒီသချိုင်းထဲ ဘယ်အမျိုးသမီးက သီချင်းလာဆိုနေရတာတုံးဗျ"

"ရော်. . ခက်ပြီ။ အဲဒီအဖြေကို ငါလည်းရှာနေတာကွ။ ကြာပြီပြောပါတော့ မောင်ဘဂျမ်းရယ်။ ခက်တာက ဒီအသံက အမြဲကြားနေရတဲ့အသံတော့ မဟုတ်ဘူး။ လမိုက်ညတွေမှ ကြားရတာ"

"အင်း. . တစ်မျိုးကြီးပါလား ဖိုးသူတော်ကြီး။ ဒါဟာ ဆန်းတော့ အတော့်ကိုဆန်းနေတာပဲ။ ဘာဆိုတာတော့ အဖြေမထုတ်နိုင်ဘူးပေါ့"

ကျွန်ုပ်က မျက်မှောင်ကုပ်ကာ စဉ်းစားရင်း ပြောသည်။ ဖိုးသူတော်ကြီးကလည်း အသံများကို နားစွင့်နေဟန်ဖြင့် ငြိမ်သက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခွေးအူသံများကြားထဲမှပင် သီချင်းသံသည် ပိုမိုပီသလာသည်။ သာယာနွဲ့ပျောင်းသော မိန်းကလေးတစ်ဦး၏ သီချင်းဆိုသံပင်။ အသံက ကျွန်ုပ်တို့ရှိရာသို့ တရွေ့ရွေ့နီးကပ်လာသလိုပင်။

မကြာခင်မှာ စောစောကကြားနေရသည့် သီချင်းသံတို့သည် ရုတ်ချည်းဆိုသလို တိတ်ဆိတ်ငြိမ်သက်သွား၏။

သင်္ချိုင်းကြီးတစ်ခုလုံးသည် အိပ်မော်ကျနေသည့် လူမမာကြီးတစ်ယောက်ပမာ တိတ်ဆိတ်ငြိမ်သက်သွားတော့သည်။

မီးရောင်မှိန်လဲ့လဲ့သာရှိနေသည့် ဇရပ်ကြီးပေါ်တွင် ကျွန်ုပ်နှင့် ဖိုးသူတော်ကြီးသည် စကားမဆိုနိုင်ကြဘဲ ဆိတ်ငြိမ်နေကြသည်။ ကိုယ့်အတွေးနှင့် ကိုယ်ရှိနေကြ၏။

တိတ်ဆိတ်နေသော သင်္ချိုင်းကြီးတစ်ခုလုံးကို ကျွန်ုပ်သည် လှမ်းမျှော်ကြည့်လိုက်ရင်း ကျွန်ုပ်ကပင် စကားစလိုက်မိသည်။

"နေစမ်းပါဦး ဖိုးသူတော်ကြီးရယ်။ ဒီသင်္ချိုင်းကြီးထဲမှာ အချိန်မဲ့ ဒီသီချင်းသံကြားရတာ အထူးအဆန်းတစ်ခုပဲနော်"

ဖိုးသူတော်ကြီးသည် ကျွန်ုပ်၏အမေးကို မဖြေဘဲ ကျွန်ုပ်၏မျက်နှာကိုသာ စူးစိုက်ကြည့်နေသဖြင့်. .

"ဖိုးသူတော်ကြီး. . ကျွန်တော်ပြောတာ ကြားလိုက်တယ်မဟုတ်လား။ ဖိုးသူတော်ကြီးကျွန်တော့်ကိုကြည့်နေတာ တစ်မျိုးပဲ"

"မင်းပြောတာ ကြားပါတယ်ကွ"





"ကြားရင်လည်း ကျွန်တော်မေးတာ ဖိုးသူတော်ကြီး သိသလောက် ဖြေလေဗျာ။ ဖိုးသူတော်ကြီးက ဒီသင်္ချိုင်းထဲမှာ အနေကြာတဲ့သူဆိုတော့ ဒီကအကြောင်းကိုတော့ အနည်းနဲ့အများ သိထားမှာပဲ"

ဖိုးသူတော်ကြီးသည် သူ၏မေးအောက်မှ မုတ်ဆိတ်မွေးတိုနံ့နံ့များကို လက်ဖြင့်ပွတ်သပ်ရင်း. .

"အေး. . ငါလည်း မင်းလိုပါပဲကွာ။ အဲဒီအဖြေကို ငါလည်း သိချင်နေတာပဲ။ အဲဒီရဲ့နောက်ကွယ်မှာ လျှို့ဝှက်မှုတွေရှိနေမယ်ဆိုတာလောက်ပဲ မင်းကို ငါပြောပြနိုင်မယ်။ ဘာဆိုတာတော့ ငါလည်းမသိဘူး"

"ဒါဆိုရင် ဒီဇာတ်လမ်းက အတော့်ကို စိတ်ဝင်စားဖို့ကောင်းနေပြီနော် ဖိုးသူတော်ကြီး"

"အေးပေါ့ကွာ။ ဒါပေမဲ့. ."

အဆုံးအစမရှိနိုင်သည့် ဖိုးသူတော်ကြီး၏ စကားစသည် ရှေ့သို့ဆက်မလာတော့သလို သုသာန်ဇရပ်ကြီးတစ်ခုလုံးသည်လည်း တိတ်ဆိတ်မှုများနှင့် ပြန်လည်လွှမ်းမိုးသွားသည်။

ကျွန်ုပ်နှင့် ဖိုးသူတော်ကြီးသည် အတွေးများကိုယ်စီနှင့် ထိုနေရာလေး၌ ကျောခင်းကာ အိပ်ရာဝင်လိုက်ကြသည်။

ကျွန်ုပ်၏ အဆုံးအစမရှိနိုင်သည့်အတွေးများနှင့် နစ်မျောနေချိန်တွင် စောစောကတိတ်ဆိတ်သွားသော သီချင်းသံလေးသည်

www.burmeseclassic.com



သချိုင်းမြေတစ်နေရာမှ လွင့်ပျံ့ထွက်ပေါ်လာပြန်၏။

ကျွန်ုပ်သည် အိပ်ရာထက်ဆီမှ ထိုအသံလေးကို နားစွင့်ရင်း အကာအရံဟင်းလင်းဖြစ်နေသည့်ဇရပ်ပေါ်မှ သချိုင်းအုတ်ဂူများရှိရာသို့ လှမ်းမျှော်ကြည့်လိုက်သည်။

ဖြူလွလွအဆင်းသဏ္ဍာန်လေးတစ်ခုသည် အုတ်ဂူများထက်ဆီမှ လွင့်မျောနေဟန် တွေ့လိုက်ရသည်။

ဖြူလွလွသဏ္ဍာန်ကို ရုတ်တရက် ကျွန်ုပ်မြင်တွေ့လိုက်ရသဖြင့် ကျွန်ုပ်ခန္ဓာကိုယ်ပေါ်၌ ကြက်သီးများတဖြန်းဖြန်းထသွားသည်။

အကယ်၍သာ ကျွန်ုပ်နံဘေး၌ ဖိုးသူတော်ကြီးသာ မရှိခဲ့ပါမူ ကျွန်ုပ်၏ကြောက်စိတ်များသည် ပြောဖွယ်ရာမရှိတော့ပေ။

ထိုသဏ္ဍာန်လေးသည် ကျွန်ုပ်ကြည့်နေစဉ်မှာ တဖြည်းဖြည်းနီးလာသလိုရှိရာမှ ဝေး၍ဝေး၍သွားပြန်သည်။ သီချင်းသံသဲ့သဲ့လေးကလည်း ဝေးဝေးသွားသလို အရိပ်သဏ္ဍာန်လေးသည် လည်း ပျောက်ကွယ်သွားပြန်သည်။

ကျွန်ုပ် အိပ်မက်မက်နေခြင်းလား။

ဇဝေဇဝါ သံသယအတွေးဖြင့် ကျွန်ုပ်၏ဘေးမှ ဖိုးသူတော်ကြီးကို တိမ်းငဲ့ကြည့်လိုက်ရာ ဟောက်၍ပင်နေသေး၏။

❖



## ⋞အခန်း - ၂⋟

## သချိုင်းသို့ အလည်ရောက်ခြင်းနှင့်အတူ

ညက ညတာရှည်လွန်းနေတော့. .

ကျုပ်ရဲ့အတွေးတွေလည်း ရှည်နေရပြီ။

ကျုပ်ရဲ့အဖြစ်က ပြောရရင် ဟိုဇာတ်ထဲကလို အောင်မင်းတို့လွန်ရာကျမယ်လို့ အော်အော်ပြီး ဟစ်သာဟစ်လိုက်ချင်တော့တယ်။

ကျုပ်ရဲ့အဖြစ်တွေကို သတိရပြီး ပြုံးမိလိုက်သေးတယ်။

ကျုပ်ဟာ ဘုန်းကြီးကျောင်းသားဘဝကနေ အရွယ်ရောက်တော့ မြင်းလှည်းမောင်းသမားဖြစ်ခဲ့ရပြန်တယ်။

ကျန်းမာရေးမကောင်းတော့တဲ့ မအေအိုကြီးကို လုပ်



www.burmeseclassic.com

www.burmeseclassic.com



ကျွေးဖို့အတွက် ကျုပ်မြင်းလှည်းမောင်းခဲ့တယ်။ ဘုန်းကြီးကျောင်းမှာကတည်းက ကပ္ပိယကြီးဦးဖြူသီးက ကျုပ်ကို သိုင်းပညာတွေသင်ပေးခဲ့သလို မြင်းလှည်းမောင်းခြင်းအတတ်ကိုပါ သင်ပေးခဲ့တယ်။

ပခုက္ကူမြို့မှာ ကပ္ပိယကြီးဦးဖြူသီးရဲ့တပည့် မြင်းလှည်းဆရာမောင်ဘဂျမ်းဆိုရင် မသိသူခပ်ရှားရှားရယ်။

လူသိများရတာကလည်း ထူးခြားတဲ့ ကျုပ်ရဲ့အဖြစ်ကြောင့်ဗျ. .။

ဒီလိုဗျ. . ဒီလို. .။

ကျုပ်မြင်းလှည်းမောင်းရင်းနဲ့ မလှသီဆိုတဲ့ မိန်းကလေးတစ်ဦးနဲ့ ဆုံဖြစ်ခဲ့တယ်။ မလှသီက ကုန်သည်ပွဲစား သူဌေးသမီးဆိုပါတော့. .။

ကျုပ်မြင်းလှည်းကိုစီးရင်းနဲ့ သူနဲ့ရင်းနှီးခဲ့ရတယ်။ မှန်ရာဝန်ခံရရင် ကျုပ် မလှသီကို သံယောဇဉ်ရှိမိတယ်။ ချစ်မိတယ်လို့ဆိုရမှာပေါ့။

မလှသီကလည်း ကျုပ်အပေါ် သံယောဇဉ်ရှိရှာပါတယ်။ မလှသီက ကျုပ်ရဲ့မြင်းလှည်းကို ဈေးသွားဈေးပြန်စီးရင်း ချစ်တင်းဖွဲ့ဆိုစကား မဟုတ်ပေမယ့် သံယောဇဉ်မကင်းတဲ့ စကားလေးတွေ ပြောဖြစ်ကြတယ်။

တစ်ရက်. .





ဈေးကအပြန် မလှသီနဲ့အတူ ရောဝတီမြစ်နံဘေးကရွှေမုဋ္ဌောဘုရားဘက် သွားဖြစ်ခဲ့ကြတယ်။

ကံဆိုးချင်တော့ အပြန်ခရီးမှာ ကျုပ်တို့နောက် လိုက်လာတဲ့ မလှသီရဲ့ မိဘများနဲ့အတူ မလှသီနဲ့ သဘောတူထားတဲ့မျက်နှာဖြူအလိုတော်ရိ မြို့ပိုင်ပါ ပါလာခဲ့တယ်။

သူတို့နဲ့ ကျုပ် ရင်ဆိုင်တွေ့ကြချိန်မှာ မလှသီကို ကားပေါ်ဆွဲတင်ကြပြီး ကျုပ်ကို မခံချင်စရာစကားတစ်ခွန်း ပြောခဲ့ကြတယ်။ မလှသီရဲ့ဖခင်ကြီးကိုယ်တိုင်က ပြောတာ။

"မင်းနဲ့ငါ့သမီးနဲ့ တန်လို့လား၊ တူလို့လား။ မင်း ငါ့သမီးကို လိုချင်ရင် ရွှေတစ်ဆင်စာ၊ ငွေငါးသောင်းနဲ့ လာတောင်းလှည့်။ ဟား. . . ဟား. . . ဟား. . ."

"ဟား. . ဟား. . ဟား. ."

အဲဒီစကားကို ကျုပ်အံကြိတ်တုံ့ပြန်ခဲ့တာကတော့. .

"ကောင်းပြီ။ ဒီနေ့ကနေ သုံးနှစ်ပြည့်တဲ့နေ့မှာ မလှသီကို ရွှေတစ်ဆင်စာ၊ ငွေငါးသောင်းနဲ့ လာတောင်းမယ်"

လို့ပဲ ဖြစ်ခဲ့တယ်လေ။ သူတို့ကတော့ ဟားတိုက်ရယ်မောကြတာပေါ့။ မဖြစ်နိုင်ဘူးထင်တာကိုး။

အဲဒီနေ့ကစပြီး ကျုပ် ပခုက္ကူကနေ ထွက်လာခဲ့တယ်။ အမေ့ကိုတော့ နီးစပ်ရာသူတွေဆီ အပ်ကားခဲ့ရတာပေါ့။

အဲဒီသုံးနှစ်အတွင်းမှာ ကျုပ်ဟာ ဦးကျင်ဥဆိုတဲ့ ရွှေ



www.burmeseclassic.com

www.burmeseclassic.com



ရူး၊ အင်္ဂရိတ်ရူးနဲ့ တွေ့ပြီး သုံးနှစ်သုံးမိုးလုံး လေလွင့်ရွက်တိုက်ဖို့ ဖြစ်ခဲ့ရတယ်။

ဦးကျင်ဝှက်ကတော့ သူခိုင်းတာလုပ်။ လုပ်ခဲ့သမျှ မှတ်တမ်းရေး။ သုံးနှစ်ပြည့်ကာနီးရင် ပြန်လာ။ မှတ်တမ်းစာအုပ်အပ်။ သူက ကျုပ်လိုတဲ့ ရွှေတစ်ဆင်စာနဲ့ငွေငါးသောင်း ပေးမယ်ပေါ့။ ဒီလိုနဲ့ ကျုပ်ဟာ သုံးနှစ်နီးပါး လေလွင့်ရွက်တိုက်ခဲ့ရတယ်။ ကျုပ်လုပ်ကိုင်ခဲ့သမျှ မှတ်တမ်းစာအုပ်မှာရေးပြီး အချိန်စေ့လို့ သွားအပ်တော့ တကယ်ပဲ ရွှေတစ်ဆင်စာနဲ့ငွေငါးသောင်း ရခဲ့တယ်။

ဒါနဲ့ မလှသီကိုတောင်းရမ်းဖို့သွားတော့ မလှသီက မြို့ပိုင်နဲ့ မင်္ဂလာပွဲလုပ်နေပြီ။ အဲဒီမင်္ဂလာပွဲမှာပဲ ရွှေတစ်ဆင်စာနဲ့ ငွေငါးသောင်းကို လက်ဖွဲ့ပစ်ခဲ့တယ်။

ဖြစ်ချင်တော့ အဲဒီနေ့ညမှာပဲ သတို့သားမြို့ပိုင် အသတ်ခံရပြီး မလှသီလည်း ပျောက်ခြင်းမလှ ပျောက်သွားခဲ့တယ်။

ကျုပ်လည်း မျက်နှာဖြူပုလိပ်တွေရဲ့ အဖမ်းခံရပြီး အချုပ်ထဲရောက်ခဲ့ရတယ်။

ကျုပ်လည်း ငါးလလောက်အဖမ်းခံရပြီး လူသတ်မှုအတွက် သက်သေမခိုင်လုံလို့ လွတ်ခဲ့ရတယ်။

ကျုပ်အမေဟာလည်း ကျုပ်စိတ်နဲ့ အိပ်ရာထဲဘုန်းဘုန်းလဲပြီးနောက် ဆုံးပါးသွားရတယ်။

အဲဒီနောက် ကျုပ် မလှသီကို တွေ့အောင်ရှာဖို့ မြန်မာ





ပြည်အနှံ့ ခြေဆန့်ခဲ့တာပါပဲ။

(ထိုအဖြစ်အပျက်များကို စမ်းချင်ရာစမ်းဆရာဂျမ်းဝတ္ထုကြီး၌ ဖော်ပြပြီးဖြစ်ပါသည်။ စာရေးသူ)

ကျုပ်ဘဝအကြောင်းကတော့ ဒါပါပဲ။

ဒါပေမဲ့ ပြောစရာတစ်ခုတော့ ကျန်နေသေးတယ်။

ဒီကိစ္စဟာ ကျုပ်ဘဝမှာ သေရေးရှင်ရေးတမျှ အရေးကြီးတာမို့ လျှို့ဝှက်ထားရမယ့်ကိစ္စပဲ။

ဒါပေမဲ့ ဒီကိစ္စကို ပြောမပြရင် ကျုပ် ဘာလို့ ဒီသချိုင်းထဲရောက်နေတယ်ဆိုတာ သိမှာမဟုတ်တော့ဘူး။ ဒါကြောင့် ပြောလက်စနဲ့ ပြောလိုက်ဦးမယ်။

ကျုပ် အချုပ်ထောင်ကထွက်ခါနီး တစ်လလောက်အလိုမှာ ကျုပ်နဲ့တစ်ခန်းတည်းအတူနေရတဲ့ ကိုဘထိုက်ဆိုသူနဲ့ သိကျွမ်းရင်းနှီးလာတယ်။ သူကလည်း ကျုပ်ကို ညီတစ်ယောက်လို ခင်မင်စိတ်ရှိတာနဲ့ ဒီလျှို့ဝှက်လုပ်ငန်းကြီးကို ဖွင့်ပြောလာတယ်။

ကိုဘထိုက်တို့က ထောင်ထဲမှာ နှစ်များစွာနေကြရဦးမှာဆိုတော့ သူလုပ်ချင်နေတဲ့ သူ့ဆန္ဒတွေကို အကောင်အထည်ဖော်လို့မရနိုင်တော့ ဒီအကြံကို ဖွင့်ပြောခဲ့တာပါပဲ။

အပြင်မှာ ကိုဘထိုက်ရဲ့ညီ ကိုဘသိုက်ဆိုတာ ရှိနေတယ်။ အပြင်မှာကျန်နေတဲ့ သူ့ညီကို တွေ့အောင်ရှာပြီး သူ့ညီနဲ့ သူ့ဆန္ဒတွေကို အကောင်အထည်ဖော် လုပ်ကိုင်ဆောင်ရွက်ကြဖို့ပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူညီ ဘသိုက်ဆိုတာကလည်း သင်္ချိုင်းတစ်ခုခုမှာ ရှိနေလိမ့်မယ်။ ဘယ်သင်္ချိုင်းမှာ ရှိတယ်ဆိုတာတော့ သူလည်းပြောမပြနိုင်ခဲ့ဘူး။ သိလည်းမသိဘူး။

ဒါပေမဲ့ သူ့ညီကိုတွေ့ဖို့ရာ သင်္ချိုင်းတစ်ခုခုမှာ ဝတ်ဖြူစင်ကြယ်နဲ့ ဖိုးသူတော်တစ်ဖြစ်လဲအဖြစ်နဲ့ရှာရင် တွေ့နိုင်တယ်ဆိုတဲ့ သဲလွန်စတစ်ခုပဲ ပေးလိုက်တယ်။

ပြီးတော့ ညောင်ပင်သုံးပင်ဖိုခနောက်ဆိုင်ပေါက်နေတဲ့ သင်္ချိုင်းတစ်ခုရှိတယ်။ အဲဒီသင်္ချိုင်းကိုလည်း တွေ့အောင်ရှာရမယ်။ အဲဒီညောင်သုံးပင်ရဲ့ တစ်ပင်အောက်မှာ ကျုပ်တို့အတွက် ခရီးစရိတ်၊ စားစရိတ်လုပ်နိုင်ဖို့ လက်ကောက်သုံးကွင်းမြှုပ်ထားတယ်၊ အဲဒါကိုလည်း ရအောင်ရှာဖို့ တာဝန်ပေးလိုက်တယ်။

ဒါပါပဲ။ ကျုပ် ဘာကြောင့် သင်္ချိုင်းကို အလည်ရောက်လာရတယ်ဆိုတာ ဆက်ပြောပြဖို့ကျန်နေတာ ရှိသေးတယ်။ ကျုပ်အကြောင်းတော့ မဟုတ်ပါဘူး။ ကိုဘထိုက်တို့ညီအစ်ကို အကြောင်း. . ။

သူတို့ညီအစ်ကိုနှစ်ယောက်ရဲ့ အသက်မွေးဝမ်းကျောင်းကြတဲ့အလုပ်ကလည်း သူတကာထက်ထူးတယ်။ သင်္ချိုင်းဂူတွေ လိုက်ဖောက်တဲ့အလုပ်နဲ့ အသက်မွေးကြတာ။ ဘယ်သူမှမလုပ်တဲ့ ဒီအလုပ်ကို အဖော်မလိုဘဲ ညီအစ်ကိုနှစ်ယောက်တည်း လုပ်ကိုင်ခဲ့ကြတာ။





ဂူဖောက်တယ်ဆိုတာကလည်း တွေ့ရာကြုံရာ ဖောက်ကြတာ မဟုတ်ဘူး။ အမြို့မြို့အနယ်နယ် လှည့်လည်ပြီး ချမ်းသာတဲ့လူ၊ ပစ္စည်းပြည့်စုံတဲ့လူတွေရဲ့ ဂူသင်္ချိုင်းတွေကိုမှ ရွေးဖောက်ကြတာ။

ဂူကိုဖောက်ပြီးတာနဲ့ အဲဒီဂူထဲကို ခါးမှာ ခါးပတ်ကြိုးချည်ပြီး ဂူထဲဖောက်ထိုးဆင်းကြရတာ။ ဆင်းပြီး အလောင်းကောင်ရဲ့ ခေါင်းကနေခြေ ခြေကနေခေါင်းဆိုသလို လိုက်စမ်းပြီး အလောင်းကောင်မှာဝတ်ဆင်ထားတဲ့ လက်ဝတ်ရတနာတွေကို ဖြုတ်ယူကြတာပါပဲ။

ကိုယ့်အလုပ် ကိုယ်ကျွမ်းကျင်နေတော့ သူတို့လက်နဲ့ထိလိုက်တဲ့အရာမှန်သမျှ ဘာဆိုတာ ခန့်မှန်းနိုင်ကြတဲ့ အတွေ့အကြုံတွေ ရှိနေကြတယ်။ ဒီလိုနဲ့ ဘထိုက်၊ ဘသိုက်ဆိုတဲ့ ညီအစ်ကိုနှစ်ယောက်ဟာ ဒီလိုဂူဖောက်တဲ့အလုပ်နဲ့ပဲ အသက်မွေးဝမ်းကျောင်းလာကြတာ နှစ်ကာလမနည်းကြတော့ဘူး။

တစ်နေ့တော့ သူတို့ညီအစ်ကိုနှစ်ယောက်ရဲ့သတင်းကို ကြားထားတဲ့ ပုဂ္ဂိုလ်တစ်ယောက် သူတို့ဆီကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ချလာခဲ့တယ်။

ရောက်လာတာကလည်း လုပ်ငန်းသဘောအရ သူတို့ညီအစ်ကိုနဲ့ မတွေ့တွေ့အောင် ရှာပြီးလာခဲ့ကြတာ။ အလုပ်ကလည်း သူတို့ကျွမ်းကျင်တဲ့ ဂူဖောက်ရမယ့်အလုပ်။ အောင်မြင်ရင်



www.burmeseclassic.com

www.burmeseclassic.com



ရလာတဲ့အကျိုးအမြတ်ပေါ် တစ်ဝက်ခံစားရမယ်။ လုပ်ငန်းလုပ်ဆောင်နေတဲ့အချိန်မှာ သုံးစွဲဖို့ ငွေကြေးကို ထောက်ပံ့ထားမယ်။

အဲဒီသဘောတူညီမှုတွေနဲ့ ညီအစ်ကိုနှစ်ယောက်က အလုပ်ကို လက်ခံသဘောတူလိုက်တယ်။ ဒါပေမဲ့ လုပ်ငန်းလုပ်ရမယ့်နေရာကို ကြိုတင်မပြောကြားဘဲ သွားမယ့်နေ့ရောက်မှ သွားရမယ့်နေရာကို မျက်စိမှိတ်ပြီး ခေါ်သွားကြတယ်။

ရောက်သွားတဲ့နေရာကလည်း တခြားနေရာ မဟုတ်ပါဘူး။ ဂူဖောက်ရမယ့် သင်္ချိုင်းတစ်ခုကိုပဲ ဖြစ်တယ်။

သင်္ချိုင်းထဲရောက်မှ မျက်နှာကိုစည်းထားတဲ့ အဝတ်တွေကို ဖြုတ်ပေးလိုက်တယ်။ အဲဒီလိုနဲ့ သင်္ချိုင်းထဲမှာ သူတို့ဖောက်ရမယ့်ဂူကြီးကို ဖောက်ဖို့ပြင်ဆင်လိုက်ကြတယ်။

လုပ်ငန်းစဖို့ ပြင်ဆင်လိုက်ကြတဲ့အချိန်မှာပဲ အမွှေးနံ့လိုလို၊ အပုပ်နံ့လိုလို ရလာကြတယ်။ သိပ်မကြာခင်မှာပဲ အသံတွေလည်း ကြားလာရတယ်။

သူတို့အားလုံး ဂူဖောက်ဖို့အကြံကို လက်လျှော့ရမလိုဖြစ်လာတယ်။ အဲဒီအချိန်မှာပဲ အင်မတန်ကြောက်စရာကောင်းတဲ့ အသံကြီးတွေ ကြားလာရပြန်တော့ သူတို့အားလုံး သင်္ချိုင်းထဲမှာ မနေဝံ့တော့ဘဲ ထွက်ပြေးလာကြရတယ်။

နောက်ဆုံး သူတို့လက်လျှော့ပြန်လာရတဲ့ သင်္ချိုင်းဆိုတာ ဘယ်အရပ်ဘယ်ဒေသမှာ ရှိတယ်ဆိုတာကို သူတို့ညီအစ်ကိုနှစ်





ယောက် မသိခဲ့ကြရဘူး။

ဘထိုက်၊ ဘသိုက်ညီအစ်ကိုနှစ်ယောက်ကလည်း ငွေမလျှော့ကြဘဲ အဲဒီသင်္ချိုင်းနေရာကို ဒုတိယမြောက်သွားရောက်ကြဖို့ ကြံရွယ်နေစဉ်မှာပဲ ကိုဘထိုက်တစ်ယောက် တခြားအမှုဟောင်းတစ်ခုနဲ့ အဖမ်းခံလိုက်ရတော့ ဒီအကြံအစည်ကို ဖျက်လိုက်ရတယ်။

အခု ကျုပ်နဲ့ ထောင်ထဲမှာဆုံကြတော့ စကားစပ်မိလို့ ဒီအကြောင်းတွေသိလာရတာ။ ပြီးတော့ ကိုဘထိုက်သိထားတာက ဒီဂူဟာ ရတနာတွေမြှုပ်ထားတဲ့ မိဖုရားတစ်ပါးရဲ့ဂူ ဖြစ်မယ်ဆိုတာ တစ်စွန်းတစ်စသိထားတယ်။

အဲဒါကြောင့် ဒီဂူကိုဖောက်လို့ရရင် သူတို့ညီအစ်ကို တတွေ တစ်သက်ချမ်းသာမယ်။ ပြီးတော့ ဒီလို စွန့်စွန့်စားစားနဲ့ အသက်စွန့်ရတဲ့အလုပ်တွေကိုလည်း စွန့်တော့မယ်ဆိုတဲ့ ရည်မှန်းချက်တွေနဲ့ ကြံစည်နေတုန်းအချိန်မှာပဲ ကိုဘထိုက်တစ်ယောက် ထောင်နန်းစံသွားရတော့ သူ့ရဲ့အကြံအစည်ကို အကောင်အထည် မဖော်နိုင်ဘူးဖြစ်သွားတယ်။

ဒါကြောင့် ဒီအကြံကို လက်ဆင့်ကမ်းအကောင်အထည်ဖော်ဖို့ ကျုပ်ကို တာဝန်တွေပေးလိုက်တယ်။

ကျုပ်အတွက် နေစရာမရှိတော့ဘူး။ အမေလို့ခေါ်စရာ သံယောဇဉ်တွေလည်း မရှိတော့ပေမယ့် ပျောက်နေတဲ့မလှသီကို



www.burmeseclassic.com

www.burmeseclassic.com



ရှာဖို့ရှိသေးတယ်။ မလှသီကိုရှာရင်း ကိုဘထိုက်ရဲ့အစီအစဉ်ကိုလည်း အကောင်အထည်ဖော်ဖို့ပေါ့။ ဒါကြောင့် ကျုပ်ရဲ့ နောက်ဆုံးဆုံးဖြတ်ချက်က ညောင်သုံးပင်ရှိတဲ့သင်္ချိုင်းရယ်၊ ကိုဘသိုက်ကိုတွေ့နိုင်မယ့်သင်္ချိုင်းနေရာတစ်ခုခုရယ်ဆိုပြီး သင်္ချိုင်းတကာလှည့်ပြီး ရှာပုံတော်ဖွင့်ခဲ့ရတာပဲ။

နောက်ဆုံး ကိုယ့်ဘဝကိုယ်တွေးကြည့်တော့ အကြံကုန်လို့ ဂဠုန်ဆားချက်ဖို့ ကြံမိတာလားမသိဘူးဆိုတဲ့ အတွေးတွေခေါင်းထဲကို ပလုံစီပြီးဝင်လာခဲ့တဲ့အချိန်မှာ သင်္ချိုင်းကြီး တစ်ခုလုံးအိပ်မောကျလို့ ဘာသံမှ မကြားရတော့ဘူး။

အဲဒီနောက်တော့ ကျုပ်လည်း မေးခနဲအိပ်ပျော်သွားတော့တယ်။

❖



## ⋞အခန်း - ၃⋟

## သင်္ချိုင်းထဲမှသိချင်းရှင်နှင့် တွေ့ဆုံခြင်း

ကျွန်ုပ်၏ မပြီးဆုံးသေးသောခရီးအတွက် ဖိုးသူတော်ကြီးငတေကို စွန့်ခွာထားရစ်ကာ ကျောခိုင်းခဲ့ရလေပြီ။

ကျွန်ုပ်၏ခရီးကား မှန်းဆ၍ မရနိုင်သည့်ခရီး။

မြို့အနှံ့ရွာအဆုံး ခြေဆန့်ကာ ရှာနေရဦးမည့်ခရီး။ ထိုခရီးကို ခြေဆန့်လိုက်လျှင် မိုင်ပေါင်းများစွာမက ရှည်လျားသွားပေလိမ့်မည်။

သို့သော်. .

ကျွန်ုပ်တွေ့လိုသူကို ရှာနေခဲ့သည်မှာ ယနေ့တိုင် မတွေ့နိုင်သေးသည့်အခြေ။ ဘယ်အရပ်ဘယ်ဆီဆိုသည်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မှန်းဆမရနိုင်သည့်အဖြစ်မို့ တစ်ခါတစ်ရံ စိတ်ဇောတွေကို လျှော့ချလိုက်ချင်သည့်စိတ်များပင် ပေါ်ပေါက်လာခဲ့သည်။

ဒါပေမဲ့ ကျွန်ုပ်၏နောက်သို့ ပြန်လည်မျှော်ကြည့်လိုက်လျှင် အဆုံးအစမမြင်နိုင်သည့် ပင်လယ်ပြင်ကြီးတစ်ခုပမာ ဘာမှမည်မည်ရရ အရေးအကြောင်းမရှိသည့်ဘဝ။ အထီးကျန်ဘဝတစ်ခုသာဖြစ်နေသည့်အတွက် ရာဇဝင်မှာကြားဖူးခဲ့သည့် ဘုရင့်နောင်ဖောင်ဖျက်မိသလို ရှေ့သို့တိုးသွားဖို့သာလျှင် ရှိပေတော့၏။

ကျွန်ုပ်အတွက် ဘယ်မြို့ ဘယ်ရွာကိုပဲရောက်ရောက် ကျောခင်းစရာ၊ တည်းခိုနေထိုင်စရာသည်မရှား။ သင်္ချိုင်းကုန်းများရှိရာအရပ်သည် ကျွန်ုပ်အား မျှော်လင့်ကြိုဆိုစောင့်ဆိုင်းနေကြသည့် ဘုံဗိမာန်ကြီးများသာဖြစ်ချေ၏။

ယခုလည်း ကျွန်ုပ်ကျောချတည်းခိုနိုင်ဖို့အတွက် မြို့စွန်တစ်နေရာ၌ရှိနေသော သင်္ချိုင်းကုန်းတစ်ခုဆီသို့ လှမ်းလာခဲ့လေ၏။

ကျွန်ုပ် ထိုသင်္ချိုင်းဇရပ်လေးသို့ ရောက်သည့်အချိန်တွင် နေရောင်သည် အနောက်ဘက်တောအုပ်များအတွင်းသို့ ဝင်ရောက်တော့မည့်အချိန်ဖြစ်သည်။

ထိုသင်္ချိုင်းကုန်းကြီးသည် တောအုပ်ကြီးပမာ အဝေးမှလှမ်းတွေ့နေရသည့် ကုက္ကိုပင်အိုကြီးများ၊ ညောင်မုတ်ဆိတ်ပင်ကြီးများ၊ ဝါးရုံပင်များနှင့် သစ်ပင်မျိုးစုံတို့သည် ထိုသင်္ချိုင်းကြီးအတွင်း ပေါက်ရောက်နေကြသည်။





ထိုတောအုပ်ပမာ သင်္ချိုင်းကြီးအတွင်းမှ ဇရပ်အိုလေးတစ်ခုကိုလည်း မြင်နေရသည်။ ကျွန်ုပ်သည် ခြေလှမ်းကျဲကျဲဖြင့် ထိုဇရပ်အိုလေးရှိရာသို့ လှမ်းသွားလိုက်သည်။

ဇရပ်အိုလေးပေါ်တွင် လူသူကင်းမဲ့နေ၏။

ကျွန်ုပ်သည် ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ပြီး ဇရပ်ပေါ်သို့ တက်လိုက်သည်။ တစ်ညတာကျောခင်းနိုင်မည့် နေရာတစ်ခုကို အဝတ်ဟောင်းတစ်ခုနှင့် ဖုန်ခါထုတ်လိုက်သည်။

ကျွန်ုပ် ထိုဇရပ်လေးပေါ်သို့ရောက်ပြီး သိပ်မကြာမီမှာ နေရောင်များ ကွယ်ပျောက်သွားလေ၏။

ကျွန်ုပ်သည် ခေတ္တအမောဖြေလိုက်ပြီး လွယ်အိတ်အတွင်း၌ အသင့်ပါလာသည့် ထမင်းထုပ်ကို ဖြေစားလိုက်သည်။ ကျွန်ုပ်ထမင်းစားပြီးချိန်တွင် သင်္ချိုင်းကြီးတစ်ခုလုံး အမှောင်များနှင့် ဖုံးလွှမ်းနေပြီဖြစ်လေ၏။

သင်္ချိုင်းကြီးတစ်ခုလုံးသည် အမှောင်များနှင့်အတူ တိတ်ဆိတ်ငြိမ်သက်နေသည်။

ကျွန်ုပ်သည် ပျင်းရိဖွယ်ရာကောင်းသောအချိန်တို့ကို ကုန်လွန်စေရန် လွယ်အိတ်အတွင်းမှ အသင့်ရှိနေသော ဆေးလိပ်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်သည်။

ကျွန်ုပ်ဖွာရှိုက်လိုက်သော ဆေးလိပ်မီးရောင်သည် မှောင်မိုက်နေသောဇရပ်ပေါ်တွင် တစ်ချက်တစ်ချက် လင်းလက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်နေသော သချိုင်းကြီးအတွင်း ပုစဉ်းရင်ကွဲသံများ၊ ညှ၏ပိုးကောင်များသည် သံပြိုင်အချက်ပေးလိုက်သလို ဟိုမှ၊ ဒီမှ ကြားလာရသည်။

တဒင်္ဂတိတ်ဆိတ်နေသော သချိုင်းကြီးသည် ညှ၏ပိုးကောင်များကြောင့် စီစီညံလာသည်။

ကျွန်ုပ်သည် ဇရပ်ပေါ်၌ တစ်ယောက်တည်း ဟိုအတွေး ဒီအတွေးနှင့် အတွေးကောင်းနေစဉ် မိမိတစ်ယောက်တည်းဆိုသည့် အတွေးများလည်း တစ်ခါတစ်ရံ ဝင်လာတတ်သည်။

ထိုအခါမျိုးတွင် ကျွန်ုပ်၏စိတ်များသည် အားငယ်ချင်သလိုလိုခံစားမိလာသည်။

တစ်ခါတစ်ရံ သချိုင်း၏အပြင်ဘက်ဆီမှ ကြားရတတ်သည့် ခွေးအူသံတို့ကို နားစွင့်ကာ တိတ်ဆိတ်ငြိမ်သက်ခြင်းအတွက် အဖော်လုပ်နားထောင်နေရသည်။

ကျွန်ုပ်သည် တစ်ယောက်ထီးတည်း အဖော်မဲ့နေရခြင်းကို စဉ်းစားမိချိန်တွင် ဇရပ်ခေါင်မိုးပေါ်မှ ဝူးဝူးဝါးဝါးထိုးချအော်ဟစ်သွားသည့် ငှက်ဆိုးတစ်ကောင်၏အသံကြောင့် ငိုက်မျဉ်းနေရာမှ လန့်ခုန်မိမတတ် ဖြစ်သွားမိလေ၏။

ထိုငှက်ဆိုးအသံကြောင့် စောစောက သချိုင်းကြီးအတွင်း ကြားနေရသည့် ညပိုးကောင်များ၏အသံသည် ဆိတ်ငြိမ်ရပ်တန့်သွားသည်။





သချိုင်း၏အမှောင်များကြားတွင် တရွေ့ရွေ့သွားနေသော ပိုးစုန်းကြူးများ၏ အလင်းများကို တွေ့နေရသည်။

ကျွန်ုပ်သည် ထိုပိုးစုန်းကြူးကောင်လေးများကို အဓိပ္ပာယ်မဲ့စွာ ငေးကြည့်နေရာမှ မိမိတစ်ယောက်တည်း အထီးကျန်စွာ နေသည့်အဖြစ်ကို တွေးကြည့်မိကာ စိတ်အားငယ်ချင်သလိုလို ဖြစ်သွားသည်။

မပြေးသော်ကံရာရှိ၊ လာမည့်ဘေးပြေးတွေ့လိုက်မည် ဟူသည့် အတွေးများနှင့် မိမိကိုယ်ကို အားပေးကာ ရဲဆေးတင်လိုက်သည်။

ကျွန်ုပ်သည် ဟိုတွေးဒီတွေးနှင့် ငိုက်မျဉ်းစရှိလာသဖြင့် အိပ်ရာပေါ်သို့ ပစ်လှဲချလိုက်သည်။

ကျွန်ုပ် အိပ်ရန်အားယူနေချိန်တွင် ကျွန်ုပ်၏ဇရပ်အောက်မှ ခွေးတစ်ကောင်သည် ရုတ်တရက် ဝူးဝူးဝါးဝါးထိုးဟောင်လိုက်သံကြောင့် မှေးငိုက်နေသည့်မျက်လုံးများသည် ပြူးကျယ်သွားသလို ရုတ်တရက်တုန်လှုပ်သွားသည်။ ခေါင်းနားပန်းကြီးသွားခဲ့ရသည်။

ထိုခွေးဟောင်သံနှင့်အတူ သချိုင်းတစ်ခုလုံး၌ရှိနေသော ခွေးများ၏ ဟိုမှဒီမှဟောင်သံများကို ကြားလာရသည်။ သချိုင်းကြီးတစ်ခုလုံးသည် မှောင်နှင့်မည်းမည်းထဲတွင် ကမ္ဘာပျက်နေသည့်အလား ဆူညံနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် မှေးငိုက်နေသည့် မျက်လုံးများနှင့် သချိ
ဝန်းကျင်တစ်ခုလုံးသို့ အကဲခတ်ကြည့်လိုက်၏။

ပတ်ဝန်းကျင်တွင် ဘာမှမတွေ့ရ။ စောစောကမြင်ေ
နေရသည့် ပိုးစုန်းကြူးကောင်ငယ်လေးများသာ ဟိုမှဒီမှ ရွေ့လ
သွားနေသည်ကိုသာ တွေ့ရသည်။

ကျွန်ုပ်သည် ထိုပိုးစုန်းကြူးကောင်ငယ်လေးများကို ေ
ငိုက်ကြည့်နေစဉ် သချိုင်း၏အုတ်ဂူများပေါ်မှ အဖြူရောင်အလ
တန်းတစ်ခုကို လှမ်းတွေ့လိုက်ရသည်။

ထိုအလင်းသည် ခဏတာတွေ့လိုက်ရပြီး ပြန်လည်
ပျောက်ကွယ်သွားလေ၏။

ကျွန်ုပ်သည် ထိုထူးဆန်းသောအလင်းရောင်တန်းကို ထ
တွေ့နိုင်ရန် စောင့်ကြည့်နေသော်လည်း ဘာကိုမှမတွေ့ရတော့ေ

ကျွန်ုပ် ထိုအမှောင်ထဲသို့ စူးစိုက်ကြည့်နေစဉ် စက
ပြောသံလိုလို၊ လေတိုးသံလိုလို မသဲမကွဲနှင့် အသံများကို ကြ
လာရသည်။

ကျွန်ုပ်သည် ထိုအသံများကို အိပ်ရာပေါ်မှသာ နား
နေမိတော့သည်။

ထိုအသံတို့သည် ကျွန်ုပ်နှင့်မနီးမဝေးအရပ်ဆီမှ ကြ
နေရသလို နားစွင့်ကာမှ ပျောက်သွားလိုက်၊ ပြန်ပေါ်လာလို
ဖြင့် ရှိနေသည်။





ကျွန်ုပ်သည် ထိုကြားနေရသည့်အသံတို့ကို စိတ်ဝင်စား
စွာဖြင့် အိပ်ရာပေါ်မှ အသာနားစွင့်နေမိသည်။

အသံကို တဖြည်းဖြည်း ရှင်းရှင်းလင်းလင်းကြားလာရ၏။

ထိုအသံသည် လွမ်းဆွေးဖွယ်ရာ သီချင်းတစ်ပုဒ်ကို သီ
ဆိုနေသည့် အမျိုးသမီးတစ်ယောက်၏အသံဖြစ်လေသည်။

သီချင်း၏စာသားများကို ပီပီသသ အဓိပ္ပာယ်နားမလည်
နိုင်သော်လည်း အလွမ်းတေးတစ်ပုဒ်အဖြစ် ခံစားနားလည်မိရ၏။

ကျွန်ုပ်သည် ထိုအသံကြားရာအရပ်ကို နားစွင့်ရင်း သချိုင်း
တစ်ခုလုံးသို့ လှမ်း၍အကဲခတ်လိုက်သည်။

ကျွန်ုပ်သည် အိပ်ရာထက်မှ ငုတ်တုတ်ထထိုင်ကာ မြေပုံ
များ၊ အုတ်ဂူများရှိရာသို့ လှမ်းကြည့်သော်လည်း ဘာမှမတွေ့ရချေ။

သချိုင်းကြီးသည် တုတ်တုတ်မှမလှုပ်။ ငြိမ်သက်စွာဖြင့်
အိပ်မောကျနေ၏။

ကျွန်ုပ်သည် အမှောင်ထဲတွင် တိုးညင်းစွာကြားနေရ
သော အသံရှိရာသို့ မှန်းဆ၍ ရှာကြည့်လိုက်သည်။

သေသေချာချာကြည့်ပါမှ အမှောင်ထဲတွင် ဖြူလွလွ
အရောင်တစ်ခုကို လှမ်းတွေ့လိုက်ရသည်။

စောစောက သီချင်းဆိုသံများသည် ထိုဖြူလွလွသဏ္ဍာန်
ဆီမှ ပေါ်ထွက်နေခြင်းဖြစ်သည်။

ထိုအဖြူရောင်တန်းလေးကို ကျွန်ုပ်ကြည့်နေစဉ်မှာပင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ရှိနေသည့်နေရာသို့ တရွေ့ရွေ့နှင့်ရွေ့လာနေသည့်သဏ္ဍာ ကို ရုတ်တရက်တွေ့လိုက်ရလေ၏။

ထိုသဏ္ဍာန်သည် ကျွန်ုပ်နှင့် ဝါးနှစ်ပြန်ခန့်လောက်တွ ရပ်တန့်သွားသည်။ ကျွန်ုပ်ကြားနေရသည့် သီချင်းသံလေးလည် ရပ်တန့်သွားသည်။

ကျွန်ုပ်သည် ထိုပုံသဏ္ဍာန်ကို ထင်ထင်ရှားရှားတွေ့နိုင် ရန် ဇရပ်ရှေ့သို့ အသာထွက်လာခဲ့မိသည်။

ထိုအဖြူရောင်သဏ္ဍာန်လေးသည် ချောမောလှပသော မိန်းမပျိုလေးတစ်ယောက်အဖြစ် ရုတ်တရက်မြင်တွေ့လိုက်ရ ကျွန်ုပ်၏စိတ်ထဲတွင် တအံ့တဩဖြစ်သွားမိရလေတော့၏။

ကျွန်ုပ်၏စိတ်ထဲတွင် ဒီလိုနေရာမျိုးမှာ လာတွေ့နေ သောမိန်းကလေးသည် သာမန်လူသားတစ်ယောက် မဖြစ်နိုင် နာနာဘာဝလောကမှသာဖြစ်လိမ့်မည်ဆိုသည်ကို တွေးမိပြီးသာ ဖြစ်သည်။

သို့သော် သူမ၏ရုပ်ရည်သည် ကြောက်ရွံ့ဖွယ်ရာရုပ် ရည်မျိုးကို မတွေ့ရဘဲ သနားစရာမျက်နှာလေးအဖြစ် မြင်တွေ့ နေရသဖြင့် ကျွန်ုပ်၌ရှိနေသော ကြောက်စိတ်များသည် လွင့်ပြယ ကုန်၏။

သို့ကြောင့်လည်း ကျွန်ုပ်စိတ်ထဲတွင် ရင်ဆိုင်တွေ့ဖို့ရန် ကြောက်ရွံ့ခြင်းအလျဉ်းမရှိ ဖြစ်နေသည်။ ရင်ဆိုင်၍ပင် တွေ့





လိုနေသည်။

ကျွန်ုပ်အတွေးနှင့် ကျွန်ုပ် မကြောက်မရွံ့နှင့် ဇရပ်ရှေ့သို့ ထွက်လာခဲ့သည်။

ကျွန်ုပ်သည် ရပ်တန့်နေသော မိန်းမပျိုလေး၏အနီးသို့ လှမ်းနိုင်ရန် ခြေတစ်လှမ်းကို လှမ်းရွေ့လိုက်လျှင် မိန်းမပျိုလေး သည် တဖြည်းဖြည်းနောက်သို့ဆုတ်သွားလေ၏။

ကျွန်ုပ်သည် ရှေ့သို့တစ်လှမ်းနှစ်လှမ်းမျှသာ လှမ်းလိုက် ရသော်လည်း မိန်းမပျိုလေးသည် ကျွန်ုပ်နှင့်အဝေးဆုံးနေရာသို့ တရွေ့ရွေ့နှင့် ထွက်ခွာသွားလေတော့သည်။

"ဟေ့. . ဟေ့. . နေဦး"

ကျွန်ုပ်က အသံခပ်အုပ်အုပ်ဖြင့် လှမ်းခေါ်မိသော်လည်း မိန်းမပျိုလေးသည် ရပ်တန့်ခြင်းမရှိဘဲ ဆုတ်မြဲဆုတ်ကာသွားလေ တော့၏။

သူမ၏နောက်တွင် ဆာရီဝတ်ရုံလွှာဖြူလွလွအရောင် လေးသည် လွင့်မျောလိုက်ပါသွားကာ အမှောင်ထုထဲ၌ တစ်စ တစ်စပျောက်ကွယ်သွားလေသည်။

ကျွန်ုပ်လည်း ထိုအဖြူရောင်တန်းလေး လိုက်ပါသွားရာ သို့ ငေးမောကြည့်ရင်းဖြင့်သာ ဇရပ်အနီး၌ ကျန်ရစ်ခဲ့လေတော့ သတည်း။

❖



www.burmeseclassic.com

www.burmeseclassic.com

## ≺အခန်း - ၄≻

## ထင်မှတ်မထားသည့်သူတော်

နံနက်ခင်းအလင်းတန်းများသည် ကျွန်ုပ်၏ဇရပ်ပေါ်သို့ ထိုးကျလာချိန်တွင် ကျွန်ုပ်သည် အိပ်ရာထက်မှနိုးလာခဲ့ပြီဖြစ်၏။

အချိန်အတော်ကြာသည်အထိ အိပ်ရာပေါ်မှ မထနိုင်သေးဘဲ ညကဆုံဖြစ်ခဲ့သည့် မိန်းမပျိုလေးအကြောင်းကိုတွေးကာ တောင်စဉ်ရေမကျ စဉ်းစားနေမိခဲ့သည်။

ကျွန်ုပ်၏အတွေးများသည် ဘဲဥအစရှာသလို ရှာနေရသည့်အတွေးများနှင့် အဆုံးအစမရှိနိုင် ဖြစ်နေသည်။

ထိုသီချင်းသံနှင့်မိန်းမပျိုလေးသည် ဘာကြောင့်များ ဒီသချိုင်းကြီးထဲမှာ လာပြီးကြားနေရပါလိမ့်။ ပတ်သက်နေပါလိမ့်။





ကျွန်ုပ်သည် ထိုအဖြေကိုသိနိုင်မည့် အစတစ်စကို ဆွဲထုတ်ချင်သည့်စိတ်များသည် ရင်ထဲ၌ တားမရနိုင်လောက်အောင် တဖွားဖွားပေါ်ပေါက်နေသော်လည်း တစ်ဖက်မှ ကိုဘသိုက်ကို ရှာဖွေရမည့်တာဝန်ကြီး ရှိနေသေးသည်ကို သွားပြီးသတိရမိလိုက်သည်။

ချစ်လှစွာသော မလှသီကိုလည်း ရှာရဦးမည်လေ။

သို့သော် ကျွန်ုပ်တွေ့လိုသူများသည် ဘယ်မြို့၊ ဘယ်ရွာ၌ ရှာရမည်ကို မစဉ်းစားတတ်နိုင်အောင် ရှိနေသည်။

မလှသီကိုတွေ့ချင်လှသည့်စိတ်ကလည်း ရင်ကိုမွန်းကျပ်စေသလို ကိုဘသိုက်ကိုရှာရမည်ကလည်း လတ်တလောအရေးကြီးကိစ္စလို ဖြစ်နေသည်။

နောက်ဆုံး ကိုဘထိုက်မှာကြားလိုက်သလို သချိုင်းပေါင်းစုံ၌ လှည့်ပတ်ရှာဖွေရန်သာ ဆုံးဖြတ်လိုက်ရသည်။

ကျွန်ုပ်၏စိတ်ကူးအတွေးထဲတွင် ကိုဘသိုက်ကိုရှာရင်း သချိုင်းထဲမှ သီချင်းရှင်၏ ဖုံးကွယ်နေသော လျှို့ဝှက်ချက်များကိုလည်း ဖော်ထုတ်နိုင်ရန်အတွက် စဉ်းစားနေမိခဲ့သည်။

ဘာပဲဖြစ်ဖြစ် ရှေ့ဆက်ခရီးဆက်ရန် လမ်းစမရသေးခင် ဒီတစ်ညအတွက် ဒီသချိုင်းမှာပဲ ဆက်လက်နေရန် ဆုံးဖြတ်လိုက်သည်။

သို့မှသာ ညကဆုံတွေ့ခဲ့ရသည့် သီချင်းရှင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ထပ်မံဆုံစည်းခွင့်ရခဲ့လျှင် ကျွန်ုပ်သိလိုသည်များကို မေးမြန်းစုံစမ်းဖို့အတွက် အကွက်ချစဉ်းစားနေလိုက်သည်။

ကျွန်ုပ်သည် အိပ်ရာထက်မှ ထလိုက်သည်။ ဇရပ်အပေါ်မှ သင်္ချိုင်းအတွင်း ဝေ့ဝိုက်ကြည့်လိုက်သည်။

သင်္ချိုင်းအတွင်း သစ်ပင်ကြီးငယ်တို့သည် အုပ်အုပ်ဆိုင်းဆိုင်းရှိနေသဖြင့် သင်္ချိုင်းကြီးသည် ဆိတ်ငြိမ်အေးချမ်းစွာရှိနေပြီး တရားရှာသိုသူတွေအတွက် အလွန်ကောင်းမည့်နေရာတစ်ခုအဖြစ် တည်ရှိနေသည်။

ကျွန်ုပ်သည် ဇရပ်ပေါ်မှ ဆင်းလာကာ လူစည်ကားရာအရပ်များဆီ၌ ကိုဘသိုက်နှင့်ရုပ်ချင်းဆင်တူမည့်လူကို ရှာကြည့်နိုင်ရန်အတွက် ထွက်လာခဲ့သည်။

သင်္ချိုင်းအတွင်းရှိ သစ်ပင်ကြီးငယ်တို့သည် တောအုပ်ကြီးပမာ ရှိနေသည်။ ကျွန်ုပ်သည် ဟိုအတွေးဒီအတွေးများနှင့် သင်္ချိုင်းကြီးအတွင်းမှ ထွက်ရန် ဟန်ပြင်နေစဉ်မှာ ညောင်သုံးပင်ရှိသည့်သင်္ချိုင်းကို သတိရမိသည်နှင့် ကျွန်ုပ်ရောက်နေသောသင်္ချိုင်းအတွင်း လှည့်ပတ်ရှာကြည့်ရန် သတိရလိုက်သည်။

ကျွန်ုပ်သည် သင်္ချိုင်းကြီးအတွင်းရှိ သစ်ပင်များကို လှည့်ပတ်ကြည့်လိုက်သည်။

ခပ်သွက်သွက်ခြေလှမ်းများနှင့် သင်္ချိုင်း၏မြောက်ဘက်အရပ်မှ အရှေ့ဘက်ဆီသို့ အုတ်ဂူများ၊ မြေပုံမို့မို့များကို ကွေ့ပတ်





ရှောင်ကွင်းကာ သွားရောက်လိုက်သည်။

သင်္ချိုင်းအတွင်း၌ နွားတစ်ကောင်စနှစ်ကောင်စ ဝင်ရောက်လာသည်မှအပ လူရိပ်လူယောင်ကင်းရှင်းနေသည်။

ကျွန်ုပ်ရှေ့တူရူသွားနေသည့်လမ်း၏ရှေ့၌ ဝါးပင်အစုစုတို့၏ရှေ့၌ ညောင်ပင်ကြီးများကို လှမ်းတွေ့နေရသည်။ ကျွန်ုပ်ထိုနေရာသို့ ခပ်သွက်သွက်လေး လျှောက်သွားလိုက်၏။

ထိုအရပ်၌ ညောင်ပင်များ ထူထပ်စွာပေါက်ရောက်နေသဖြင့် ကျွန်ုပ်ရှာလိုသည့် ညောင်သုံးပင်ပေါက်ရာအရပ်ကို ရှာတွေ့လိုက်သည်။

ညောင်သုံးပင်မှာ ကိုဘထိုက်ပြောသလို ဖိုခနောက်ဆိုင်ပမာ ပေါက်ရောက်နေသည်ကို တွေ့လိုက်ရသဖြင့် ကျွန်ုပ်သည် အတိုင်းမသိဝမ်းသာသွားသည်။

ကျွန်ုပ်သည် ထိုညောင်ပင်ကြီးများအနီးသို့ရောက်လျှင် သင်္ချိုင်းပတ်ဝန်းကျင်၏ လူအဝင်အထွက်အသွားအလာကို မသိမသာအကဲခတ်ကြည့်လိုက်သည်။

ထိုညောင်ပင်တို့၏ အရှေ့ဘက်၌ရှိနေသော ညောင်ပင်တစ်ပင်ကို သတိထား၍ ရှာကြည့်လိုက်သည်။ ဓားထစ်ရာသုံးချက်ကို တွေ့လိုက်ရ၏။ ထင်ထင်ရှားရှားမဟုတ်။ ရေးရေးမျှသာရှိနေတော့သည်။ အရေးအကြောင်းများအဖြစ်သာ တွေ့လိုက်ရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ထိုနေရာဝန်းကျင်ကို အသင့်ပါလာသော ဓားငယ်တစ်ချောင်းနှင့် ခက်ခက်ခဲခဲတူးဆွကာ မြေများကို ဖယ်ထုတ်လိုက်ရသည်။

တစ်တောင်ခန့်အနက် မြေကိုတူးဆွမိလျှင် အဝတ်စများနှင့် ရစ်ပတ်ထုပ်ထားသော အထုပ်တစ်ထုပ်ကို ရလိုက်သည်။ ကျွန်ုပ်သည် ထိုအထုပ်လေးကို ကပျာကသီ လုံချည်ခါးပုံစအတွင်း ထည့်သွင်းလိုက်သည်။ ပြီးတော့မှ ကျွန်ုပ် ဇရပ်ရှိနေရာသို့ ဟန်မပျက် ပြန်ထွက်လာခဲ့သည်။

ကျွန်ုပ် ဇရပ်ပေါ် ရောက်မှ ထိုအထုပ်ကို ဖြေကြည့်လိုက်သည်။ ရှေးနှင်းဆီပွင့်ကြီးများလက်ရာနှင့် ထုဆစ်ထားသော ရွှေလက်ကောက်ကြီးသုံးကွင်းကို မြင်လိုက်ရတော့၏။

ဘာပဲဖြစ်ဖြစ် ကျွန်ုပ်အတွက် ထိုလက်ကောက်များရလိုက်သဖြင့် စားစရာအတွက် မပူပင်ရတော့သလို သွားလာစရိတ်အတွက်လည်း မပူမပင်ရှိရမည်ဖြစ်ချေ၏။

ကျွန်ုပ်သည် ဇရပ်အတွင်း အချိန်ဖြုန်းမနေတော့ဘဲ မြို့ထဲဘက်သို့ ဦးတည်ထွက်လာခဲ့သည်။

လူစည်ကားရာ ကာကာလက်ဖက်ရည်ဆိုင်တစ်ခု၏ ထောင့်ကျကျနေရာတစ်ခုမှာ ဝင်ထိုင်လိုက်သည်။

လက်ဖက်ရည်တစ်ခွက်နှင့် နံပြားတစ်ချပ်ကို မှာယူစားသောက်ရင်း လူသွားလူလာများထဲမှ ကိုဘသိုက်နှင့်ဆင်ဆင်တူသောလူကို မျက်စိစားပွဲထိုင်ကာ ရှာကြည့်နေမိ၏။





အချိန်အတော်ကြာသည်အထိ ထိုကာကာဆိုင်လေး၌ ထိုင်နေပြီးနောက် လူစည်ကားရာ ကားဂိတ်၊ ဈေးနေရာတို့ဘက်တွင် ကိုဘသိုက်နှင့်တူသူကို သွားရောက်ရှာကြည့်လိုက်သေး၏။

မလှသီ၏အရိပ်အယောင်ကို ရှာဖွေကြည့်ရသည်မှာလည်း အမောပင်။

အချိန်အတော်ကြာ လှည့်ပတ်ရှာဖွေကြည့်ပြီးမှ ဗိုက်ဆာဆာရှိလာသဖြင့် ထမင်းဆိုင်တစ်ဆိုင်မှာ နံနက်စာကို စားသောက်လိုက်သည်။

ထို့နောက် ကျွန်ုပ်သည် တစ်နေ့လုံးအချိန်ကို အရိပ်ကောင်းကောင်းသစ်ပင်ကြီးတစ်ပင်အောက်တွင် သွားရောက်၍ တစ်ရေးအိပ်နေလိုက်တော့၏။

ထိုသို့ဖြင့် ကျွန်ုပ်သည် မြို့ထဲ၌ တစ်နေကုန်အချိန်ဖြုန်းနေခဲ့ပြီး ညနေနေညိုချိန်လောက်မှ ယမန်နေ့ညက တည်းခိုခဲ့သည့် သချိုင်းကုန်းရှိရာဇရပ်သို့ ညစာထမင်းတစ်ထုပ်နှင့် မီးခြစ်၊ ဆေးလိပ်တို့ကို ဝယ်ယူကာ ပြန်လာခဲ့သည်။

ကျွန်ုပ် ဇရပ်ပေါ် သို့ရောက်ပြီးချိန်တွင် နေရောင်များသည် ကွယ်ပျောက်သွားခဲ့သည်။ ပါလာသည့်ထမင်းထုပ်လေးကို ဖွင့်ကာ စားသောက်လိုက်သည်။

ထမင်းစားသောက်ပြီး ပုဆိုးတစ်ထည်ခင်းကာ အိပ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်၌ ပက်လက်လှန်ကာ စဉ်းစားခန်းဝင်နေလိုက်သည်။

သင်္ချိုင်းတစ်ခုလုံးသည် ညဝတ်ရုံအမည်းကြီး လွှမ်းခြုံထားသလို မှောင်နှင့်မည်းမည်းရှိနေသည်။

ညအမှောင်နှင့်အတူ ည၏ပိုးကောင်များအသံ၊ ပုစဉ်းရင်ကွဲတို့၏အသံများသည် စီစီညံလာသည်။

ကျွန်ုပ် ထိုအသံများကို အိပ်ရာထက်မှ မျက်စိမှိတ်ကာ နားထောင်နေစဉ် ဇရပ်အနီးအုတ်ဂူတစ်ခုပေါ်မှ ဆူးဆူးဝါးဝါးထိုးဟောင်လိုက်သော ခွေးဟောင်သံကြောင့် အိပ်ရာထက် မှ ငုတ်တုတ်ထထိုင်လိုက်မိလေ၏။

သင်္ချိုင်းဝန်းကျင်တစ်ခုလုံးသည် မှောင်နှင့်မည်းမည်း မသဲမကွဲဖြစ်နေသည်။ ကျွန်ုပ်သည် ထိုအမှောင်ထုထဲသို့ သဲကြီးမဲကြီးထိုးဟောင်နေသော ခွေးသံကြောင့် ထိုအမှောင်ထဲကို စူးစူးစိုက်စိုက် မမှိတ်မသုန်ကြည့်နေမိသည်။

ဝန်းကျင်တစ်ခုလုံးသည် မှောင်နှင့်မည်းမည်း ဘာမှ သဲသဲကွဲကွဲမမြင်ရ ဖြစ်နေသည့်အချိန်တွင် ကျွန်ုပ်စူးစိုက်ကြည့်နေသည့် အမှောင်ထဲတွင် အရာဝတ္ထုတစ်ခုသည် တရွေ့ရွေ့နှင့် လှုပ်ရှားနေဟန်ကို တွေ့လိုက်ရသည်။

ထိုအရာကို မျက်စိမမှိတ် စူးစိုက်ကြည့်နေရာမှ ထိုအရာသည် ကျွန်ုပ်ရှိနေရာဇရပ်ဆီသို့ တရွေ့ရွေ့လာနေသည်ကို သိလိုက်ရသည်။





ဆူးဆူးဝါးဝါးထိုးဟောင်နေသည့် ခွေးသံသည် ရုတ်တရက်ကြီး ထိုးရပ်သွား၏။

ထိုသဏ္ဌာန်သည် အမည်းထဲမှ အဖြူရောင်တစ်ခု ရွေ့လျားနေခြင်းဖြစ်သည်။ ထိုအဖြူရောင်သည် ကျွန်ုပ်ရှိနေသည့် ဇရပ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်ချလာခဲ့သည်။

ကျွန်ုပ်၏ခေါင်းများသည် တဖျဉ်းဖျဉ်းနှင့် ကြီးသွားသလို၊ သေးသွားသလို ရှိနေစဉ်မှာ ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း ကြက်သီးများတဖြန်းဖြန်းထနေတော့၏။

ကျွန်ုပ်သည် ထိုင်နေရာမှ ထပြေးရမလို၊ ထိုင်ရမလို စိတ်၌ ဝေခွဲမရရှိနေစဉ် ထိုအဖြူရောင်ကြီးသည် ကျွန်ုပ်ရှိရာဇရပ်ပေါ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး တက်ချလာတော့၏။ ကျွန်ုပ်စိတ်ထဲ တွင်လည်း. .

'ဟိုက်. . ဒီတစ်ခါတော့ဖြင့် ငါ တကယ်ပဲ တစ္ဆေ သရဲနဲ့ တွေ့ရပြီနဲ့တူတယ်'

ဟု ရေရွတ်မိလိုက်သည်။ ဇရပ်ပေါ် တက်လာသည့် ခြေသံကြီးများသည် ခြေသံပြင်းပြင်းနင်းချလာသဖြင့် ဇရပ်ကြီးတစ်ခုလုံးပင် လှုပ်ခါသွားသယောင် ထင်လိုက်ရသည်။

ကျွန်ုပ်၏ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း ချွေးများတဒီးဒီးကျလာသလို အာခေါင်တစ်ဝိုက်မှာလည်း ရေငတ်မွတ်သလို ခြောက်သွေ့လာသည်။ လည်ပင်းတစ်ခုလုံးမှာလည်း အစ်တစ်



www.burmeseclassic.com

www.burmeseclassic.com



တစ်နှင့် ခံစားနေရသလို ရှိနေသည်။

ထိုအဖြူရောင်ကြီးသည် ကျွန်ုပ်နှင့်မနီးမဝေးနေရာ အရောက်၌ ရပ်တန့်သွားသည်။

ကျွန်ုပ်၏စိတ်ထဲတွင် ထိုအဖြူရောင်ကြီးသည် ကျွန်ုပ် အား စူးစူးဝါးဝါးစိုက်ကြည့်နေသည်ဟု ခံစားလိုက်ရသည်။ ထို အဖြူရောင်၏ မျက်နှာပြင်တစ်ခုလုံးသည် ပြားချပ်ချပ်အသွင် သဏ္ဌာန် ရှိနေသည်။

ကျွန်ုပ်၏ဘဝတွင် တစ္ဆေ သရဲဆိုသည်ကို တစ်ကြိမ် တစ်ခါမှ မမြင်မတွေ့ခဲ့ရဖူးပါ။ ထိုသို့မမြင်မတွေ့ဖူးသဖြင့်လည်း ကျွန်ုပ်သည် တစ္ဆေ သရဲဆိုသည်ကို ကြောက် စိတ်မရှိဘဲ သွားရဲ လာရဲ နေရဲသည့်စိတ်များ ရှိနေခဲ့သော်လည်း ယခုလို တစ္ဆေလို လို၊ သရဲလိုလိုနှင့် နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်တွေ့လိုက်သည့်အခါ ကြောက်စိတ်များပေါက်လာသလို ထွက်ပြေးချင်စိတ်များလည်း တားဆီးမရနိုင်လောက်အောင် စိတ်ထဲမှာ ဖြစ်ပေါ်နေတော့၏။

ကျွန်ုပ်၏စိတ်ထဲတွင် တုန်လှုပ်စွာရှိနေချိန်တွင် ထိုဖြူ သဏ္ဌာန်ကြီးသည် သူ၏ကြီးမားသောခြေထောက်ကြီးနှင့် ဇရပ် ၏ကြမ်းပြင်ကို ဆောင့်နင်းချလိုက်လေ၏။

"ဒုန်း"

ထိုအသံကြီးသည် ရုတ်တရက် အနီး၌ မိုးကြိုးပစ် လိုက်သလို ခံစားလိုက်ရသဖြင့် ကျွန်ုပ်သည် ထခုန်မိမတတ





န့်အော်လိုက်စဉ် ထိုဖြူဖြူသဏ္ဌာန်ကြီးသည် ကျွန်ုပ်အား. .

"ဟေ့. . ဘယ်သူလဲကွ။ ငါနေတဲ့ဇရပ်ပေါ် ရောက် တာ။ လူလား၊ နာနာဘာဝလားဟေ့။ နာနာဘာဝဆိုရင်လည်း ယ့်နေရာကိုယ်ပြန်ဟေ့"

"ဟုတ်. . ဟုတ်ကဲ့။ ကျွန်တော်. . ကျွန်တော် သရဲ. . ရဲမဟုတ်ပါဘူး။ လူပါဗျာ"

"ဘာလူလဲ။ လူဆိုရင် လူလိုအသံပေးလေကွာ"

"ဗျာ. . ဟုတ်ကဲ့။ နေပါဦးဗျ။ လူလို ဘယ်လိုအသံပေး လဲ"

"ဟေ. . မင်းက လူလိုအသံမပြုတတ်ဘူးလားကွ။ နေ ပါဦး။ မင်းက ဒီဇရပ်မှောင်ကြီးထဲမှာ တစ်ယောက်တည်း ဟုတ်ထိုင်ပြီး ဘာလုပ်နေတာလဲ။ ငါတစ်ယောက်လုံး တက် တာတောင် အသံမပေးဘာမပေးနဲ့။ မင်း ဘာအကြံ ကြံနေ လဲ"

ကျွန်ုပ်လည်း ရုတ်တရက် ထိုပုဂ္ဂိုလ်ကြီးကို ဘာပြန်ပြော မသိ၍ စဉ်းစားနေစဉ်မှာ. .

"ဟေ့. . ငါပြောတာ ကြားတယ်မဟုတ်လား။ ဘာအကြံ နေတာလဲလို့"

"ဟာ. . ကျုပ်မှာ ဘာအကြံအစည်မှ မရှိပါဘူးဗျာ။ ကျုပ် ထဲ သရဲတက်လာတာအောက်မေ့လို့ ကြောက်ကြောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်နေလိုက်တာ"

"ဟော . . မင်းက ငါ့ကို သရဲအောက်မေ့လို့။ ကော ရောကွာ။ ကဲ . . ကဲ . . မီးလေးဘာလေးထွန်းစမ်း။ ဟော့ . . တယ်မဟုတ်လား။ မီးခြစ်နဲ့ ဖယောင်းတိုင်"

"ဟုတ် . . ဟုတ် . . ရှိပါတယ်"

"ရှိရင် ထွန်း"

အမိန့်သံ၊ ဩဇာပေးသံများနှင့် အသံဩဩကြီးသ ကျွန်ုပ်အား လွှမ်းမိုးနေသည်။ ကျွန်ုပ်သည် လူလူချင်းဖြစ်နေမှ သိရပြီဖြစ်၍ မကြောက်တော့သော်လည်း ကြောက်ချင်ယော ဆောင်နေလိုက်တော့၏။

ကျွန်ုပ်နှင့်မလှမ်းမကမ်းနေရာလေး၌ ဖယောင်းတိုင်ဝ တိုင်ကို ထွန်းညှိလိုက်သည်။ ဇရပ်တစ်ခုလုံး လင်းထိန်သွား

ထိုအဖြူရောင်ဝတ်စုံနှင့် ပုဂ္ဂိုလ်ကြီးသည် ဝဝဖိုင့်ဖို ဗိုက်ပူပူနှင့် မျက်နှာကြောခပ်တင်းတင်းနှင့် ရှိနေသည်။ ထိုမျ နှာပေါက်နှင့် လိုက်ဖက်စွာ နှုတ်ခမ်းမွေးကားကားကြီးမှာ ထိုပုဂ္ဂို ကြီး၏ ဥပဓိရုပ်ကို ပိုမိုခန့်ညားစေ၏။

ထိုပုဂ္ဂိုလ်ကြီးသည် လွယ်ထားသော ဘေးလွယ်အိ ကြီးကို ရှေ့သို့ပစ်ချလိုက်ပြီး တင်ပျဉ်ခွေဟန်ပါပါထိုင်ကာ ကျွ အား စေ့စေ့ကြည့်ရင်း . .

"ကဲ . . ပြော"





"ဗျာ . . ကျုပ်က။ နေပါဦး . . ကျုပ်က ဘာပြောရမှာလဲ"

"မသိဘူး။ ပြောစရာရှိရင် ပြော။ ပြောစရာမရှိရင် တိတ် တိတ်နေ"

ကျွန်ုပ်၏ဘဝတွင် ထိုကဲ့သို့ အမိန့်ပေးသံ၊ ဩဇာပေးသံ ဖြင့် ပေးလာနိုင်သူသည် ဘကြီးဘုန်းကြီးတစ်ပါးနှင့် ပွဲယကြီးဦးဖြူသီးတို့သာလျှင် ရှိ၏။ ယခု ထိုပုဂ္ဂိုလ်နှင့် လာဆုံ တွေ့နေရခြင်းမှာ ကျွန်ုပ်၏စိတ်ထဲတွင် တင်းတင်းကျပ်ကျပ်နှင့် ပ်ချဉ်ချဉ်အမြင်ပေါက်လာသဖြင့် . .

"နေပါဦး သူတော်ကြီးရယ် . . ။ ကျုပ်ကိုမြင်တာနဲ့ ဟောက်သဟန်နဲ့။ အမိန့်ဩဇာတွေနဲ့။ သူတော်ကြီးစိတ်ထဲ ကျုပ်ကို ဘယ်လိုများမြင်နေလို့လဲ"

ကျွန်ုပ်အမေးကြောင့် သူတော်အဝတ်အစားနှင့် ပုဂ္ဂိုလ် ကြီးသည် ကျွန်ုပ်အား မျက်လုံးကြီးများပြူးကြည့်ကာ . .

"ဟော . . ဟုတ်ပေသားပဲ။ ဒါဆိုလည်း ဆောရီးပေါ့ကွာ။ တ်ဘူးလား။ ဟုတ်တယ်နော်။ ဟား . . ဟား . . ဟား"

သူတော်ကြီး၏ရယ်သံသည် တိတ်ဆိတ်နေသော ဇရပ် စ်ခုလုံး လွှမ်းမိုးသွားသည်။

"နေစမ်းပါဦး။ မင်းက ဒီမှာ တစ်ယောက်တည်း ဘာ လုပ်နေတာလဲ။ ငါတောင် မင်းကို စိတ်ဝင်စားချင်သလို ရှိ ပြီ။ ပြောစမ်းပါဦးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အကြောင်းလား. . ။ ထွေထွေထူးထူး ဘာမှမရှိ ပါဘူး။ သွားစရာ၊ နေစရာမရှိတော့ ကြုံရာအရပ်မှာ အိပ်၊ စား နေရတဲ့ သဘောပါပဲ"

"အေး. . အဲဒါ ကောင်းတယ်။ လွတ်လပ်ခြင်းဆိုတာ အဲဒါပဲ"

"ဗျာ. . ဘယ်လို. . သူတော်ကြီးရဲ့"

"ဟုတ်တယ်လေကွာ။ လောကမှာ ဘာမှမရှိမှ ဟိုအစွဲ အစွဲတွေ မရှိမှာ။ ဒါမှ လွတ်လပ်တာကွ။ မဟုတ်ရင်တော့ ဉစ္စာရှိ တဲ့လူက ဉစ္စာစွဲ။ အိမ်ခြေရာခြေရှိတဲ့လူက အိမ်ခြေရာခြေအစွဲ ဒါတွေရှိနေတဲ့လူက ဘယ်လာပြီးလွတ်လပ်တော့မှာလဲကွ"

ကျွန်ုပ်သည် ရှတ်တရက်ငြိမ်းသွားသော ဖယောင်းတိုင် မီးကို ထွန်းညှိနေစဉ် သူတော်ကြီး၏စကားစများလည်း ရပ် သွားသည်။

"ဆက်စမ်းပါဦးဗျ။ သူတော်ကြီးရဲ့ စကားက. . "

"အေးလေ။ လောကမှာ ရှိတာလည်းကောင်းတယ်။ မရှိ တာလည်း ကောင်းတယ်။ ရှိလို့ ပူရတယ်။ မရှိလို့ ပူရတယ်။ ကောင်းခြင်း၊ မကောင်းခြင်းဆိုတာ လူတွေက ဆုံးဖြတ်ပေးနေ တာ။ တကယ်က လောကကြီးမှာ ဘာမှမရှိလေ၊ အပူနည်းလေပဲ အခု မင်းမှာ ဘာမှမရှိလို့ အပူနည်းတယ်။ များများရှိလာရင် အပူများလာတယ်"





ကျွန်ုပ်သည် သူတော်ကြီး၏စကားများကို ခေါင်းတညိတ် ညိတ်နားထောင်နေစဉ်. .

"နေပါဦး. . မင်းက ဘာတွေတွေးမိလို့ ခေါင်းညိတ်နေရ တာလဲ"

"သူတော်ကြီးပြောနေတာ သဘာဝကျလို့ပေါ့ဗျာ"

"အေး. . ဒါပေမဲ့ ဒါတွေက နိယာမတရားသဘောတွေ ပြောနေရတာ။ တကယ်က နည်းနည်းရှိတဲ့လူက များများရှိအောင် လိုချင်တယ်။ များများရှိတဲ့လူက များများပိုလိုချင်တယ်"

"နေပါဦး သူတော်ကြီးရဲ့. . ။ ဒါဆို ကျုပ်က ဘာလုပ်ရ မှာလဲ"

"အင်း. . ဒီလိုရှိတယ်လေ။ ကမ္ဘာကြီးဟာ သူ့ဝင်ရိုးပေါ် မှာ သူရပ်တည်ပြီး သူ့သဘောသူဆောင်ပြီး လည်နေတယ်လို့ ပြောတာပဲ။ မင်းလည်း မင်းသဘောမင်းဆောင်ပြီး လည်နေပေါ့ ကွာ။ ဟား. . ဟား. . ဟား. . "

သူတော်ကြီး၏ သူ့စကားသူ သဘောကျစွာ ရယ်လိုက် သည့်အသံကြီးသည် တိတ်ဆိတ်နေသည့်ဇရပ်ကြီးအတွင်း လွှမ်း မိုးသွား၏။

သူတော်ကြီး၏ရယ်သံကြီး ဆုံးသွားသည်နှင့် စွဲစွဲငင်ငင် ထအူလိုက်သည့် ခွေးအူသံကြီးကြောင့် ကျွန်ုပ်တို့နှစ်ဦး သချိုင်း ၏အပြင်ဘက်ဆီသို့ ပြိုင်တူလှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





"သူတော်ကြီး . . ဒီခွေးကလည်း သူ့သဘောသူဆောင်
ပြီး အူနေတာပေါ့"

"အေး . . ဟုတ်တယ်ကွ။ သူ့သဘောသူဆောင်တယ်ဆို
ပေမယ့် တစ်ခုနဲ့တစ်ခုက ကြောင်းကျိုးဆက်စပ်မှုတွေတော့ ရှိနေ
တာပေါ့ကွာ။ လောကကြီးဟာ အလွတ်မဲ့သဘော၊ အထီးတည်
ရှိနေလို့တော့ မရဘူး"

"အင်း . . ဟုတ်မယ်နော်"

"မင်းကြားဖူးမှာပေါ့ကွာ။ ပေါက်ပင်ဘာကြောင့်ကိုင်း
တယ်။ ဖျိုင်းနားလို့ ကိုင်းရတယ်။ ဖျိုင်း . . ဖျိုင်း ဘာလို့နားရတယ်
ငါးပေါ် လို့ နားရတယ်။ ငါး . . ငါး ဘာလို့ပေါ် ရတယ်။ ကျွဲလူးလို့
ပေါ် ရတယ်။ ကျွဲ . . ကျွဲ . . ဘာလို့လူးရတယ်။ ဖြုတ်ကိုက်လို့ လူး
ရတယ်။ ဖြုတ် . . ဖြုတ် . . ဘာလို့ကိုက်ရတယ်။ မိုးရွာလို့ကိုက်
တယ်။ မိုး . . မိုး . . ဘာကြောင့်ရွာရတယ်။ ဖားအော်လို့ရွာ
တယ်။ ဖား . . ဖား . . ဘာကြောင့်အော်ရတယ်။ မြွေကိုက်လို့
အော်ရတယ်။ မြွေ . . မြွေ . . ဘာကြောင့်ကိုက်ရတယ်။ ဂါဝမ်း
ဆာမနေသာလို့ ကိုက်ရတယ်။ ကြားဖူးတယ်မဟုတ်လား ကလေး
တွေ ဆိုဆိုနေကြတာ။ အဲဒါတွေအားလုံး ကြောင်းကျိုးဆက်စပ်
နေကြတယ်ဆိုတာ မင်းသဘောပေါက်ကြည့်ပေါ့။ နောက်ဆုံး
တော့ ငါ့ဝမ်းပူဆာမနေသာလို့ဆိုတာနဲ့ လောကကြီးက အဆုံး
သတ်သွားတယ်။ တကယ်လည်း လူရယ်၊ သတ္တဝါရယ်လို့ ဖြစ်လာ







ရင် ဝမ်းရေးဟာ အရေးအကြီးဆုံးပဲလေ"

"ဒါဆို နတ်တွေ၊ ပြဟ္မာတွေကရောဗျာ . . ။ ဝမ်းရေး
ပူရသေးလား"

ကျွန်ုပ်၏ ခပ်ကတ်ကတ်မေးခွန်းကြောင့် ဖိုးသူတော်ကြီး
မှာ ဟက်ခနဲရယ်လိုက်၏။ ပြီးမှ ဆက်ပြော၏။

"ဟင်း . . ဟင်း . . နတ်တွေ၊ ပြဟ္မာတွေကလည်း နတ်
ဖြစ်ရာ၊ နတ်သုဒ္ဓါတွေနဲ့ ကင်းလို့မှ မရကြဘဲ။ သူတို့ကလည်း
တံရဲ့အထောက်အပံ့ကြောင့် ဓာတ်လေးပါးနဲ့ ဩဇာအဆီအနှစ်
တွေကို သိမ်မွေ့စွာရကြရတာ။ လူလိုပြောရင်တော့ ဝမ်းရေးပဲ
ပေါ့ကွာ"

ကျွန်ုပ်သည် သူတော်ကြီး၏ ပြောနေသည့်စကားသံ
တွေကြားထဲမှ သီချင်းသံသဲ့သဲ့တစ်ခုကို မလှမ်းမကမ်းနေရာ
အရပ်ဆီမှ ကြားနေရသဖြင့် စကားဖြတ်၍ မေးလိုက်မိသည်။

"သူတော်ကြီး . . ကြားရလားဗျ သီချင်းဆိုသံတစ်ခု"

"အေး . . ကြားပါတယ်ကွ။ ငါနားမလေးပါဘူး။ ဒါက
မဟာရာတနီမင်းသမီးလေးတစ်ပါးရဲ့ သီချင်းသံပဲ။ ဒီလို ခွေး
ဟောင်သံတွေ ကြားလာရပြီးရင် သူ့အသံကို ဆက်ကြားလာရ
တတ်တယ်"

ဟု သူတော်ကြီးက ပြောလေရာ ကျွန်ုပ်လည်း အသံလာ
ရာဆီသို့ နားစွင့်နေမိလေသည်။ ကျွန်ုပ်အားကြည့်၍ သူတော်



www.burmeseclassic.com

www.burmeseclassic.com



ကြီးက ဆက်ပြောလေ၏။

"ဒါတွေဟာ ကိုယ့်သဘောကိုယ်ဆောင်နေကြတယ်။ ပေမယ့် ဆက်စပ်မှုတော့ ရှိနေကြမယ်။ တစ်ခုနဲ့တစ်ခုဟ ကြောင်းကျိုးဆက်စပ်မှုတွေ ဘယ်လိုရှိနေတယ်ဆိုတာတော ငါလည်းမသိဘူး။ ဒါဟာ အဖြေတစ်ခုလို့ ငါထင်နေတယ်။ ဒါ သိရင် ချမ်းသာဖို့ နီးစပ်တယ်ကွ"

ကျွန်ုပ်သည် သူတော်ကြီးပြောနေသည့်စကားများ နားလည်သယောင်နှင့် တကယ်တမ်းတော့ ဘာမှနားမလည် ပေ။

စောစောကကြားနေရသည့် သီချင်းသံလေးသည် ကျွန် တို့၏ ဇရပ်အနီးသို့ပင် ရောက်လာလေ၏။

ထိုအသံလေးကို ကျွန်ုပ်နှင့် သူတော်ကြီးတို့ နားစိုက် ထောင်နေစဉ်မှာ စူးစူးဝါးဝါးထိုးဟောင်လိုက်သည့် ခွေးဟောင် သံကြောင့် ကြားနေရသည့်သီချင်းသံသည် ဘယ်ပျောက်သွားမှန် မသိတော့ချေ။

ကျွန်ုပ်သည် ဇရပ်ရှေ့သို့လှမ်းထွက်လာပြီး ပျောက်ဆုံ သွားသောအသံလေးကို အမှောင်ထဲမှာ ရှာဖွေကြည့်နေမိသည်

"ဟော့. . ဟော့. . ဒါဘယ်လဲကွ"

"ဟိုလေ. . စောစောကကြားလိုက်ရတဲ့သီချင်းသံ ဘယ် ပျောက်သွားလဲလို့"





"အောင်မယ်. . အောင်မယ်. . မင်းက ဒီနေရာ ဘာများအောက်မေ့လို့လဲ။ ဒါ. . သချိုင်းဆိုတာလည်း ခေါင်းထဲမမေ့နဲ့ဦး။ တော်ကြာ မင်းအသက်ကို နုတ်သွားလို့ စောစောစီးစီး လူပြည်ကနေ ထွက်သွားနေရဦးမယ်။ ဘာတွေစိတ်ဝင်စားစရာရှိနေလို့လဲကွ"

ကျွန်ုပ်သည် သူတော်ကြီး၏စကားသံကြောင့် မှောင်နှင့်မည်းမည်းထဲမှာ ဘာမှမသဲမကွဲဘဲရှိနေသည့်အတွက် ကိုယ့်နေရာလေးသို့ ကိုယ်ပြန်ထိုင်နေလိုက်သည်။

"အဲဒါ မဟာရာတနီမင်းသမီးလေးတစ်ပါးရဲ့ သီချင်းသံပဲကွ။ သူ့အကြောင်းသိရရင် သနားဖို့ သိပ်ကောင်းတယ်။ မသေဘဲနဲ့ အရှင်လတ်လတ် မြေမြှုပ်ခံလိုက်ရတာ။ ဒါကြောင့် သူ့ဝိညာဉ်ကလည်း မကျွတ်မလွတ်ဘဲနဲ့ ခုချိန်အထိ သချိုင်းတကောမှာ တွေ့တွေ့နေရတယ်"

"ဪ. ."

"အဲဒီမင်းသမီးလေးရဲ့ ဘဝအကြောင်း တစ်စိတ်တစ်ဒေသကိုသိတဲ့ တို့လိုဖိုးသူတော်ကြီးတစ်ယောက်နဲ့ ဆုံခဲ့ဖူးတယ်။ ဒါပေမဲ့ အဲဒီသူတော်ကြီးက ဘယ်အရပ်မှာနေတယ်ဆိုတာတော့ အတိအကျမသိခဲ့ရဘူး"

ကျွန်ုပ်သည် ထိုဇာတ်လမ်းကို စိတ်ဝင်စားနေခဲ့သည်မှာ ကြာပြီ။ ယခု သူတော်ကြီးနှင့်တွေ့မှ ကျွန်ုပ်သိလိုသည့် မင်းသမီး



www.burmeseclassic.com

www.burmeseclassic.com



လေးရဲ့ ဇာတ်လမ်းအဆက်ကို မေးကြည့်လိုက်ရသည်။

"ဆက်ပြောစမ်းပါဦး သူတော်ကြီးရဲ့။ ဒီမင်းသမီးလေး အကြောင်းက တော်တော်စိတ်ဝင်စားဖို့ကောင်းတယ်နော်"

"အေး. . ဒါပေမဲ့ကွာ. . ငါလည်း ဒီလောက်ကြီး အစ အဆုံးတော့ မသိခဲ့ရပါဘူး။ တစ်ပိုင်းတစ်စလောက် သိရတာ လောက်ပဲ။ အဲဒီမင်းသမီးလေးရဲ့ အုတ်ဂူထဲမှာ ရတနာတွေရှိ တယ်ဆိုတာတော့ ပြောကြတာပဲကွ။ ခက်တာက ဒီမင်းသမီး လေးရဲ့အုတ်ဂူဟာ ဘယ်သင်္ချိုင်းမှာ ရှိမှန်းမသိဘူး။ ပြီးတော့ သူ့သီချင်းသံကြားရတဲ့ သင်္ချိုင်းတွေကလည်း ကိုးသင်္ချိုင်းတောင် ရှိနေတယ်"

"ဗျာ. . ကိုးသင်္ချိုင်း"

"အေးလေ. . ။ ကိုးသင်္ချိုင်းမှာ ရှိနေတာ"

"ဟာ. . ဒါဆိုရင် ကိုးသင်္ချိုင်းက သီချင်းသံပေါ့"

"အေးပေါ့. . အေးပေါ့ကွာ. . ။ ဒါပေမဲ့ သူ့ရဲ့အုတ်ဂူ လေးဟာ ဘယ်သင်္ချိုင်းမှာရှိနေတယ်ဆိုတာတော့ ဘယ်သူမှမသိ နိုင်ကြသေးဘူး"

"သြော်. . ဒါဆိုရင် မင်းသမီးလေးရဲ့အုတ်ဂူဟာ ကိုး သင်္ချိုင်းရဲ့ တစ်နေရာရာမှာ ရှိနေရမှာပေါ့"

"မှန်တာပေါ့ကွာ"

ထိုညက ကျွန်ုပ်နှင့် ဖိုးသူတော်ကြီးတို့သည် ရှေ့ဆက်





ပြောရန် စကားများမရှိကြတော့သဖြင့် အိပ်ရာထက်ပေါ်၌ အတွေးကိုယ်စီဖြင့် ငြိမ်နေလိုက်တော့သည်။

ကျွန်ုပ်၏အတွေးများသည် ပျောက်ဆုံးနေသော မဟာ ရာတနီမင်းသမီးလေး၏အုတ်ဂူကို မတွေ့တွေ့အောင်ရှာမည်ဆို သည့် ဆုံးဖြတ်ချက်ကို ချလိုက်လေပြီ။

အိပ်ရာထက်မှာ မပျော်တစ်ချက် ပျော်တစ်ချက်နှင့် ရှိ နေသော ကျွန်ုပ်သည် ကိုးသင်္ချိုင်းမှ ပျံ့လွင့်နေဆဲရှိမည့် မဟာ ရာတနီမင်းသမီးလေး၏ သီချင်းသံများကို ကြားနေရသယောင် စိတ်၌ ခံစားနေမိလေတော့၏။

မဟာရာတနီမင်းသမီးလေးကို ကျွန်ုပ်မသိခဲ့သော်လည်း သိသလိုလို ခံစားနေရ၏။

ဆွတ်ပျံ့ဖွယ်သီချင်းသံလေးကို နားမလည်သော်လည်း နားလည်ဘိသကဲ့သို့ ခံစားနေရ၏။

မဟာရာတနီမင်းသမီးလေးနှင့်ပတ်သက်သည့် ကျွန်ုပ် ၏စိတ်အစဉ်သည်. . ။

❖



www.burmeseclassic.com

www.burmeseclassic.com

## ᐸအခန်း - ၅ᐳ

## ပီယော်ဆော်ပီတွေနဲ့ ဖိုးသူတော်

နောက်တစ်နေ့နံနက်တွင် ဖိုးသူတော်ကြီးနှင့် သချိုင်းမြေကို ကျောခိုင်းကာ ထွက်လာခဲ့သည်။

ကျွန်ုပ်စီးလာသောရထားကြီးသည် ရိုးပြတ်များ၊ လယ်ကွင်းများ၊ မြို့ပြ၏အိမ်ရာများကို နောက်၌ချန်ထားရစ်ခဲ့သည်။ ကျွန်ုပ်သည် သချိုင်းနှစ်ခုမှ သူတော်နှစ်ယောက်နှင့် မဟာရာတနီမင်းသမီးလေး၏ သီချင်းသံတို့ကို ဆက်စပ်တွေးကြည့်မိသော်လည်း ရှုပ်ထွေးနေသောအဖြေများနှင့်သာ အဆုံးသတ်သွား၏။

ကျွန်ုပ်လည်း ယမန်နေ့က တွေ့ကြုံခဲ့ရသည့်အကြောင်းအရာများနှင့် ကိုသူတော်ကြီးနှင့် မဟာရာတနီမင်းသမီးလေး၏





သီချင်းသံမှအပ အကြောင်းအရာအားလုံးကို နောက်၌ချန်ထားခဲ့ရသည်။

ကျွန်ုပ်၏ မပြီးဆုံးသေးသော ခရီးတာဝန်များသည် ရှေ့၌ ဆီးကြိုငံ့လင့်နေကြ၏။

ဘူတာရုံကို ရထားဆိုက်လိုက်သည်နှင့် ခရီးသွားတွေ သူထက်ငါဦးအောင် တိုးဝှေ့ဆင်းနေကြသည်။ ထိုအထဲ၌ ကျွန်ုပ်လည်း ရောယောင်ကာ ဆင်းလိုက်သွားသည်။

သူတို့အားလုံး ဘူတာအတွင်းမှ ထွက်ခွာသွားကြတော့ ဘူတာအတွင်းမှာ ခရီးသွားအချို့နှင့် ကျွန်ုပ်သာ ကျန်နေခဲ့တော့၏။

ကျွန်ုပ် ထိုမြို့ကို ရောက်မယ့်သာရောက်ခဲ့ရသည်။ ဘယ်ကိုသွားရမည်ဆိုသည်ကို ယခုတိုင်စဉ်းစားဆုံးဖြတ်လို့မရနိုင်သေးဖြစ်နေသည်။

ကျွန်ုပ်သည် ဘူတာဝန်းကျင်တစ်ဝိုက်ကို လေ့လာအကဲခတ်လိုက်သည်။

ဘူတာနှင့်မနီးမဝေးအရပ်မှာရှိသည့် အရိပ်ကောင်းကောင်းရနိုင်သည့် ဟဒ်ပင်ကြီးတစ်ပင်ကို လှမ်းတွေ့လိုက်ရ၏။ ကျွန်ုပ်သည် လူသူနှင့်အနည်းငယ်အလှမ်းဝေးသည့် ဟဒ်ပင်ကြီးဆီသို့ လျှောက်သွားလိုက်သည်။

ကျွန်ုပ် ထိုအပင်ကြီးကိုမှီပြီး ခေတ္တအပန်းဖြေရန် ဆုံးဖြတ်လိုက်သည်။ လွယ်အိတ်အတွင်းမှ ရတနာထုပ်လေးကို ကျစ်



www.burmeseclassic.com

www.burmeseclassic.com



ကျစ်ပါအောင် စမ်းကြည့်လိုက်၏။

ထိုအထုပ်လေးကိုလည်း ကိုဘသိုက်နှင့်တွေ့မှသာ ထုတ်ပြရောင်းချရန် ဆုံးဖြတ်ထားလိုက်သည်။ အတတ်နိုင်ဆုံး မြီးမြေချောတာ ဒုက္ခခံရန် စဉ်းစားထားသည်။

ကျွန်ုပ်သည် လွယ်အိတ်အား ရင်ခွင်အတွင်းထွေးပိုက်ကာ တဒံပင်ကြီးကိုမှီပြီး ခေတ္တငိုက်မျဉ်းသွားသည်။

"နောင်ဝေ. . ဝေ. . နောင်. . ဝေဝေ"

နားထဲ၌ ကြေးစည်သံတနောင်နောင်ရိုက်ခတ်သံကို ကြားလိုက်ရသဖြင့် မျက်လုံးကိုဖွင့်ကြည့်မိလိုက်၏။

"အလို. . ဖိုးသူတော်ကြီး"

ကျွန်ုပ်၏အနီးမှ ဖြတ်သွားသော ဖိုးသူတော်ကြီးတစ်ယောက်ကို တွေ့လိုက်ရသဖြင့် အံ့အားသင့်သွားမိသည်။

ကျွန်ုပ်လည်း အိပ်ချင်မူန်ဝါးဖြစ်နေသည့် မျက်လုံးများကို ပွတ်သပ်ကာ ထိုဖိုးသူတော်ကြီးနောက်သို့ လိုက်သွားရန် ဆုံးဖြတ်လိုက်တော့၏။

ရှေ့မှသွားနေသော ဖိုးသူတော်ကြီးသည် ကြေးစည်လေး တနောင်နောင်ထုရိုက်ကာ ရပ်ကွက်ကြိုရပ်ကွက်ကြားမှ အလျှုခံရင်း မြို့ပြင်သို့ ထွက်သွားသည်။

ဖိုးသူတော်ကြီးကား နောက်ကိုလှည့်မကြည့်၍ တော်တော့သည်။ ကျွန်ုပ်က သူ့နောက်မှ ကောက်ကောက်ပါအောင်





လိုက်နေမိသည်မဟုတ်လား။

ဖိုးသူတော်ကြီးသည် မြို့နှင့်တော်တော်အလှမ်းဝေးသည့် တောအုပ်ယောင်ယောင်အရပ်ဆီသို့ ဦးတည်၍သွားနေ၏။

ထိုနေရာလေးသည် သချိုင်းတစ်ခုဖြစ်သည်ကို ထိုနေရာနှင့် မနီးမဝေးရောက်မှ သိလိုက်ရတော့၏။

ဖိုးသူတော်ကြီးသည် ထိုသချိုင်းအတွင်းသို့ ကြေးစည်လေးကို တနောင်နောင်အသံပေးပြီး ဝင်သွား၏။ သချိုင်းအတွင်းသို့ရောက်လျှင် မနီးမဝေးအရပ်၌ ဇရပ်အိုလေးတစ်ခုကို လှမ်းတွေ့နေရသည်။

ဖိုးသူတော်ကြီးသည် ထိုဇရပ်ပေါ်သို့ တက်သွားကာ ဇရပ်၏ထောင့်တစ်ထောင့်တွင် ထိုင်လေ၏။ ကျွန်ုပ်လည်း မယောင်မလည်နှင့် ထိုဇရပ်ပေါ်သို့ တက်လိုက်သွားသည်။

ကျွန်ုပ်သည် ဇရပ်၏ထောင့်တစ်နေရာ ဖိုးသူတော်ကြီးနှင့်မလှမ်းမကမ်းနေရာ၌ နေရာယူကာ ထိုင်ချလိုက်သည်။

ကျွန်ုပ်၏လှုပ်ရှားဟန်ကို လှမ်းကြည့်နေသော ဖိုးသူတော်ကြီးကို မသိမသာအကဲခတ်ရင်း. .

"ဘယ်နဲ့လဲဗျ ဖိုးသူတော်ကြီးရဲ့. . ။ အလှူခံရတာ အဆင်မှပြေရဲ့လား"

ဟု ကျွန်ုပ်လှမ်းပြောလိုက်စဉ်မှာ ဖိုးသူတော်ကြီးသည် ကျွန်ုပ်အား စူးစူးစိုက်စိုက်ကြည့်နေရာမှ. .



www.burmeseclassic.com

www.burmeseclassic.com



"ပြည့်စုံတယ်ဆိုတာ ဘယ်ရှိပါမလဲ။ လူတွေမှာ လောဘဆိုတာ ရှိနေသမျှ ပြည့်စုံခြင်းတို့၊ အဆင်ပြေခြင်းတို့ ဆိုတာတွေဟာ ဘယ်မှာလာပြီး ရှိနေနိုင်ပါ့မလဲ။ ဒါနဲ့ နေစမ်းပါဦး။ မောင်ရင်က ခရီးသွားဧည့်သည်ပဲလား"

ဟု ပြန်မေးလေ၏။ ကျွန်ုပ်က အသာအယာခေါင်းညိတ်ပြ၍ အဖြေပေးလိုက်သည်။ တစ်ဆက်တည်းပင် ဖိုးသူတော်ကြီးကို အကဲခတ်ကြည့်နေမိတော့သည်။

အသက် (၅၀) ဝန်းကျင်ခန့်ရှိပြီး အသားညိုညို၊ မုတ်ဆိတ်ကျင်စွယ်များနှင့် ဖိုးသူတော်ကြီးကို မသိမသာအကဲခတ်နေသော ကျွန်ုပ်အား ဖိုးသူတော်ကြီးက တစ်ချက်မျှကြည့်ပြီး ပြောလေ၏။

"အေးလေ. . လူတိုင်းဟာ ခရီးသွားနေတဲ့ ဧည့်သည်တွေပါပဲ။ ကျုပ်လည်း ခရီးသွားဧည့်သည်ပဲလေ"

ဖိုးသူတော်ကြီးပြောသည့် ခရီးသွားဧည့်သည်ဆိုသည့် စကားလေးကို ကိုယ့်ဘဝနှင့် နှိုင်းယှဉ်ပြီး တောင်စဉ်ရေမရ အတွေးနယ်ချဲ့နေစဉ် ဖိုးသူတော်ကြီးထံမှ အသံကျယ်ကျယ်ကြီးကို ကြားရပြန်၏။

"ဟော့ . . မောင်ရင်။ ဘာတွေများ ဒီလောက်စဉ်းစားနေရတာလဲ။ ကျုပ်ပြောနေတာတောင် မကြားနိုင်တော့ဘူးထင်ပါရဲ့"





"သြော်. . ဖိုးသူတော်ကြီးရယ်။ ကျုပ်ဘဝက ခြေသလုံးအိမ်တိုင်ဆိုတော့ ဘယ်သွားရမယ်၊ ဘယ်လာရမယ်၊ ဘာစားရမယ်ဆိုတဲ့ မေးခွန်းတွေနဲ့ နေ့တစ်ခွဝ အမေးအဖြေလုပ်နေရတော့ တစ်ခါတစ်ရံ လောကကြီးကိုတောင် မေ့မေ့သွားခဲ့ရတယ်"

"ဒါတွေကို နေ့စဉ်စဉ်းစားနေရင်တော့ လောကမှာ ဘာလုပ်ရတော့မှာမဟုတ်ဘူး။ ဒါအတွက် သောကဖြစ်နေရတယ်ဆိုရင် ဒီလူဟာ ပျော့ညံ့တဲ့လူတစ်ယောက်ပဲ။ ပညာရှိဆိုသူတွေပြောသွားတဲ့ စကားတစ်ခွန်းရှိတယ်"

"ဘာစကားများလဲဗျာ"

"မနေ့ကဆိုတာ သေဆုံးသွားပြီ။ မနက်ဖြန်ဆိုတာလည်း မမွေးဖွားသေးဘူးတဲ့။ ပစ္စုပ္ပန်ဆိုတဲ့ အခုကြုံတွေ့နေရတဲ့အချိန်ဟာ အသုံးချဖို့တန်ဖိုးအရှိဆုံးအချိန်ပဲဆိုတဲ့စကားဟာ မှတ်သားလိုက်နာဖို့ ကောင်းတယ်ကွ"

"အင်း. . ဟုတ်သားပဲနော်"

ကျွန်ုပ်က ခေါင်းညိတ်ကာ အင်းလိုက်မိလိုက်၏။ ဖိုးသူတော်ကြီးက ကျွန်ုပ်ကို စူးစမ်းသလိုကြည့်ကာ မေးမြန်းစပ်စုလေ၏။

"ဒါနဲ့ နေပါဦး။ မင်းနာမည်က. ."

"မောင်ဘဂျမ်း"

"ဒီမှာ မောင်ဘဂျမ်း. . ။ ပစ္စုပ္ပန်ဆိုတဲ့အချိန်လေးဟာ



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းလေးပဲရှိတာ။ အင်မတန်တိုတောင်းတယ်။ ဒီအချိန်လေးကို တန်ဖိုးရှိရှိအသုံးချတတ်ဖို့တော့ လိုတယ်ကွ။ တန်ဖိုးရှိ အချိန်လေးမှာ ချမ်းသာဖို့အတွက် အရေးကြီးတယ်။ ငွေကြေး နေရှိထားမှ ကိုယ်သွားချင်တဲ့ခရီး အရောက်သွားလို့ရမယ်။ ဟုတ် တယ်မဟုတ်လား မောင်ဘဂျမ်း"

ကျွန်ုပ်သည် ရောယောင်ကာ ခေါင်းညိတ်ပြလိုက်သည်။ ဘိုးသူတော်ကြီးက ဆက်ပြောပြန်သည်။

"ဒီမှာ မောင်ဘဂျမ်း . . ။ မင်းမှာ ချမ်းသာဖို့ အိပ်မက် တောင်မရှိရင် အဲဒီအိပ်မက်ကို အကောင်အထည်ဘယ်လိုလု ဖော်လို့ရပါ့မလဲ။

ချမ်းသာဖို့ဆိုတာ စွန့်စားရဲဖို့တော့လိုတယ် မောင်ဘဂျမ်း စွန့်စားတယ်ဆိုတာကတော့ အမျိုးမျိုးရှိကြတာပေါ့။ ဘယ်နေရာ မှာပဲဖြစ်ဖြစ် လုပ်ရဲကိုင်ရဲဖို့တော့လိုတယ်။ ဒါဟာ စွန့်စားတာပဲ

အရောင်းအဝယ်အလုပ်ပဲဖြစ်ဖြစ်၊ အလုပ်အကိုင်လုပ် ကိုင်တဲ့နေရာမှာပဲဖြစ်ဖြစ် စွန့်စွန့်စားစားလုပ်ကိုင်ရဲဖို့တော့ လို တယ်။ ဒီအတွက် လုပ်သင့်လုပ်ထိုက်သလား၊ အလွန်အကျွံဖြစ် သွားနိုင်သလား ဆိုတာကိုတော့ ကိုယ်ပိုင်အသိ၊ အတွေးအခေါ် နဲ့ ဆုံးဖြတ်ဖို့တော့ လိုတယ်ကွ"

ဖိုးသူတော်ကြီးက သူ၏ဖိလော်ဆော်ဖီများကို မနား တမ်းပြောနေလေရာ ကျွန်ုပ်လည်း ငြိမ်၍နားထောင်နေမိ





ဖိုးသူတော်ကြီးကတော့ ဆက်ပြောဆဲ။

"အတွေးအခေါ်ဆိုတာမရှိရင်လည်း ဘဝဟာ အသက် ရှူနေတဲ့မသာပဲ ဖြစ်မယ်။ လောကကြီးမှာ အဲဒီလူဟာ ခပ်တုံး တုံး၊ နလပိန်းတုံးသတ္တဝါပဲ ဖြစ်နေလိမ့်မယ်"

ကျွန်ုပ်၏စိတ်ထဲတွင် ဖိုးသူတော်ကြီး၏ အတွေးအခေါ် များကို အချို့ကို နားလည်သလို၊ အချို့ကို ဝိုးတိုးဝါးတားအသိ များနှင့်သာ ရှိနေတော့သည်။ ငြိမ်သက်နားစွင့်နေသော ကျွန်ုပ် အား ဖိုးသူတော်ကြီးက ခပ်ပြင်းပြင်းလေးခေါ်လိုက်သည်။

"မောင်ဘဂျမ်း"

"ဗျာ. ."

"လူဆိုတာ ထမင်းစားနိုင်ဖို့အတွက်တော့ တစ်ခုမဟုတ် တစ်ခု အလုပ်တော့ ရှိနေရမယ်"

"ဟုတ် . . ဟုတ်တယ်နော်"

"ဒါပေမဲ့ ထမင်းစားဖို့အတွက် လူတွေအသက်ရှင်နေကြ တာမဟုတ်ဘူး မောင်ဘဂျမ်း။ အသက်ရှင်ဖို့အတွက် ထမင်းစား ရတာဆိုတော့ အလုပ်တစ်ခုတော့ ရှိဖို့လိုတယ်။ ဒါကြောင့် ထမင်းစားဖို့အတွက် တစ်ခုခုတော့ လုပ်ရမှာပဲ။ ဘုန်းကြီးလည်း ဘုန်းကြီးအလုပ်၊ သူတော်လည်း သူတော်အလုပ်၊ လူလည်း လူ အလုပ်၊ တစ်ခုခုတော့ အမှန်ပဲလိုအပ်တယ်။ အလုပ်ဆိုတာ ရှိ နေရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဖိုးသူတော်ကြီးရယ်. . ။ ကျုပ်အတွက် အလုပ်လုပ်နိုင်ဖို့ အလုပ်တစ်ခုတော့ ပေးပါ"

"ဟေ. . ဖိုးသူတော်က အလုပ်ပေးရမယ်။ ဖိုးသူတော်ဆီမှာ အလုပ်တောင်းရင် အလှူခံတဲ့အလုပ်ပဲ ရမှာပေါ့ကွ။ မင်းတကယ်အလုပ်လုပ်ချင်တယ်ဆိုရင်တော့. . "

ဖိုးသူတော်ကြီးသည် စဉ်းစားဟန်လုပ်နေရာမှ. .

"နေဦး မောင်ဘဂျမ်း. . ။ အလုပ်မပေးခင် အလုပ်ရဲ့သဘောတရား ပြောပြဦးမယ်။ လောကမှာ လူတွေက ကိုယ်လုပ်ချင်တာတွေ စိတ်ကူးယဉ်စဉ်းစားကြတာပဲ။

ဒါပေမဲ့ ဒီစိတ်ကူးကို အကောင်အထည်ဖော်ဖို့ကျတော့ နည်းနည်းလေးမှ မကြိုးစားချင်ကြဘူး။ အလုပ်ကို ရွေးချယ်ရင် အလုပ်က ကိုယ့်ကိုပြန်ရွေးသွားလိမ့်မယ်။

အဲဒီအခါမှာ အဲဒီလူဟာ ဘာအလုပ်မှ မလုပ်ဖြစ်ဘဲ လောကကြီးမှာ အချာချာဖြစ်သွားလိမ့်မယ်။

ဒါကြောင့် အလုပ်ဆိုတာ လုပ်နေဖို့ပဲ။ အခုစလုပ်ရင် အခုအလုပ်ရတာပဲ"

"ဟုတ်ပါပြီ ဖိုးသူတော်ကြီးရယ်။ ကျုပ် အခု ဘာအလုပ် စလုပ်ရမလဲ။ လမ်းညွှန်စမ်းပါ။ ကျုပ်လုပ်ပါမယ်"

"အိုကေ. . ငါ့လူ ဒုန်းမဝေးတော့ဘူး။ ငါ့လူအတွက် ဒီသချိုင်းမှာ အလုပ်ရှိတယ်။ ခုလုပ်ရင် ခုအလုပ်ရမယ်"





"နေပါဦး ဖိုးသူတော်ရယ်. . ။ ကျုပ်က ဒီမှာဘာအလုပ်လုပ်ရမှာလဲ"

"စဏ္ဍာလအလုပ်လေ. . ။ အဲဒီအတွက် ဒီမှာ အလုပ်တစ်နေရာစာ လစ်လပ်နေတယ်"

"ဗျာ. . စဏ္ဍာလအလုပ်. . ။ ဟုတ်လားဖိုးသူတော်ကြီး"

"အေးလေကွာ. . ။ ဒီအလုပ်ရတယ်ဆိုတာတောင် မောင်ရင်ကံကောင်းလို့ရတယ်မှတ်။ ဒီသချိုင်းမှာ အလုပ်လုပ်နေတဲ့ စဏ္ဍာလဦးကျောက်ဖားကြီး ဆုံးသွားတာ ဘာမှမကြာသေးဘူး။ သူ့နေရာမှာ မောင်ရင်ဝင်လုပ်ပေါ့ကွာ"

ဟု ပြောလေရာ ကျွန်ုပ်သည် မသိမသာနှာခေါင်းရှုံ့မိလေ၏။ ဒါကိုမြင်သော ဖိုးသူတော်ကြီးက ပြုံးရင်း ဆက်ပြောပြန်လေ၏။

"ဘာလဲ. . မောင်ရင်က စဏ္ဍာလအလုပ်ဆိုလို့ နှာခေါင်းရှုံ့သွားတာလား။ လူတွေပြောပြောနေတဲ့ အလုပ်ဟူသမျှဂုဏ်ရှိစွဆိုတဲ့စကား ရှိတယ်မဟုတ်လား။ ဒါလည်း အလုပ်ပေါ့ကွာ"

ကျွန်ုပ်ပါးစပ်မှ တစ်စုံတစ်ရာပြန်ပြောမည်ဟု ကြံကာ ရှိသေး။ ဖိုးသူတော်ကြီးက လက်ဝါးကာပြပြီး. .

"ဘာလဲ. . မောင်ရင်က ဂုဏ်ဒြပ်ဆိုတဲ့ ပေတံကြီးနဲ့ တိုင်းထွာပြီး နိမ့်ဝာယ်၊ မြင့်တယ် ပြောမလို့မဟုတ်လား။ ဂုဏ်ပုဒ်ဆိုတာ အယောင်ဆောင်ဖို့အတွက် ခြုံလွှာတစ်ခုပဲ။ ဒါကို ဖယ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင် လူဟာ လူပါပဲကွာ”

ကျွန်ုပ် ဘာမှဆက်မပြောနိုင်ခင်မှာပင် ဖိုးသူတော်ကြီး

က ဆက်ပြောနေ၏။

“လောကမှာ တကယ်တော့ ဘယ်အရာမှ မြဲတယ်မ

ကြပါဘူး။ တို့ဗုဒ္ဓဘုရားကလည်း ဟောထားတာပဲ။ အားလုံးဟာ

အနိစ္စ-မမြဲတဲ့တရားတွေချည်းပဲလို့။ တကယ်ကတော့ အဆ

အတန်းတို့၊ ဂုဏ်ဒြပ်တို့ဆိုတာ လူတွေသတ်မှတ်ထားကြတဲ့

အဆောင်အယောင်တွေပဲကွ။ ဟိုမှာကြည့်လေ”

ဖိုးသူတော်ကြီးသည် ကျွန်ုပ်အား သင်္ချိုင်းမြေမှ အုတ်

များ၊ မြေပုံများကို လက်ညှိုးထိုးပြရင်း. .

“တွေ့တယ်မဟုတ်လား။ အဲဒီထဲက လူတွေမှာ ဘယ်သ

က ဘာ၊ ဘယ်သူက ညာ ဆိုတာတွေ မရှိကြတော့ဘူး။ အားလုံ

ဟာ အတူတူပဲရှိနေကြတယ်။

ဒါကြောင့် စဏ္ဍာလအလုပ်ဆိုတာလည်း အလုပ်ပါပဲ

ကွ။ အလုပ်ထဲက အလုပ်တစ်ခုပါပဲ။ ဟဲ. . ဟဲ. . ”

ဖိုးသူတော်ကြီးစကားအဆုံးတွင် ကျွန်ုပ်က ထေ့ပြုံးလေး

ပြုံးကာ မေးလိုက်လေ၏။

“ကောင်းပြီလေ။ ကျုပ်လုပ်အားခကျတော့ ဘယ်သူက

ရှင်းပေးမှာလဲ”

“အေး. . ဒါ့အတွက် မပူပါနဲ့ကွာ။ ရိုးသားကြိုးစားကြတဲ့





အလုပ်သမားတွေအတွက် အလုပ်ရှင်ကောင်းတွေ စောင့်ကြိုနေ

ကြပါတယ်။ ခု မောင်ရင်ရဲ့ လုပ်အားတန်ဖိုးအတွက် မသာရှင်

တွေက သတ်မှတ်ပေးမှာပေါ့ကွာ။ မြေတူးရင် မြေတူးခ၊ မီးသင်္ဂြိုဟ်

ရင် မီးသင်္ဂြိုဟ်ခရမယ်။ ဒါတွေဟာ မောင်ရင့်အတွက် လုပ်အားခ

တွေပဲပေါ့”

ကျွန်ုပ်နှင့် ဖိုးသူတော်ကြီးတို့ စကားပြောကောင်းနေစဉ်

မှာ သင်္ချိုင်းအတွင်းသို့ ယောကျ်ားကြီးနှစ်ယောက် သုတ်သုတ်နှင့်

ဝင်ချလာ၏။

၎င်းတို့နှစ်ယောက်သည် ကျွန်ုပ်တို့ရှိနေသည့် သုသာန်

ဇရပ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ချလာပြီး. .

“ဗျို့. . ဖိုးသူတော်ကြီး။ မသာတစ်ခု မြေမြှုပ်ချင်လို့ဗျို့”

“အေး. . အေး. . လုပ်ပေးရမှာပေါ့။ ကဲ. . ပြောစမ်း။

မြေဘယ်လောက်နက်နက်လိုချင်သလဲ။ ရင်ခေါင်းလောက်လား။

မြုပ်ရုံလောက်လား။ ပြောကြ။ တစ်တောင်တူးရင် တစ်တောင်

ဈေး၊ နှစ်တောင်တူးရင် နှစ်တောင်ဈေးပေါ့။ မင်းတို့မသာက

လူကြီးလား၊ ကလေးလား”

“လူကြီးပါ”

“ဟော. . လူကြီးအလောင်းလား။ ငါးကျပ်ကျမယ်”

“မများဘူးလားဗျာ”

“နည်းတယ်၊ များတယ် ဈေးလာမဆစ်နဲ့။ ကျုပ်က မသာ



www.burmeseclassic.com

www.burmeseclassic.com



ပွဲစား မဟုတ်ဘူး။ ဒါက ဈေးဆစ်ကောင်းတဲ့အလုပ် မဟုတ်ဘူး
သေသူအတွက် နောက်ဆုံးဘဝကူးကောင်းအောင် စိတ်ချမ်းချမ်း
သာသာလေး အသေဖြောင့်ကြပါစေ။ စိတ်အနှောင့်အယှက်ဖြ
အောင် မလုပ်နဲ့။ လူတိုင်းဟာ အသေဖြောင့်ချင်တယ်ကွ"

"ဟုတ်. . ဟုတ်. . ကျွသလောက်ပေးမှာပါ"

"ကဲ. . ကဲ. . အလုပ်သဘောအရ အလုပ်စရင် ငွေ
အကြေချေပါ။ စရံတစ်ဝက်ပေးမယ်တို့၊ အလုပ်ပြီးမှ ငွေအကြေ
ယူပါတို့ ဆိုတာတွေကို မလုပ်ကြနဲ့။ ဒီအလုပ်က တခြားအလုပ်
တွေနဲ့ မတူဘူး"

မသာရှင်လူကြီးနှစ်ယောက်နှင့် ဖိုးသူတော်ကြီးတို့ အချီ
အချပြောနေကြသည်ကို ကျွန်ုပ်သည် ဘေးမှသာ နားထောင်နေ
လိုက်သည်။

အလုပ်အပ်ပြီး ငွေပါတစ်ခါတည်းပေးချေသွားသော
မသာရှင်လူကြီးနှစ်ယောက် ပြန်ထွက်သွားချိန်ထွင်. .

"ကဲဟေ့. . မောင်ဘဂျမ်း။ ဒါ. . မင်းအတွက် အလုပ်
လာပေးတဲ့ အလုပ်ရှင်တွေပဲ။ ကဲ. . မောင်ရင်အလုပ်စမယ်ဆို
ရင် စလို့ရပြီ။ ဒါပေမဲ့ အလုပ်မစခင် ဗိုက်ကလေးပြည့်သွားအောင်
ဈေးထိပ်နားက ကာကာဆိုင်မှာ လက်ဖက်ရည်နှစ်ခွက်၊ နံပြားနှစ်
ချပ် သွား ယ်ကွာ။ ရော့. . ငွေတစ်ကျပ်နဲ့ ချိုင့်"

ကျွန်ုပ်သည် ဖိုးသူတော်ကြီးကမ်းပေးနေသော သတ္တ





ချိုင့်ပိန်လေးကို လက်မှဆွဲကာ ဈေးထိပ်ဆီသို့ အပြေးတစ်ပိုင်းနှင့်
ထွက်လာခဲ့လေတော့၏။

ကျွန်ုပ်သည် ဈေးထိပ်ကာကာဆိုင်မှ လက်ဖက်ရည်ကျ
ကျနှစ်ခွက်နှင့် နံပြားနှစ်ချပ်ဝယ်ယူကာ ဇရပ်သို့ သုတ်သုတ်ပင်
ပြန်လာခဲ့၏။

ဇရပ်ပေါ်သို့ ကျွန်ုပ်ရောက်လျှင် ကျွန်ုပ်အားစောင့်ကြို
လျက်ရှိနေသော ဖိုးသူတော်ကြီးသည် ကျွန်ုပ်ကမ်းပေးနေသော
လက်ဖက်ရည်ချိုင့်ကို ဆွဲယူကာ ရှေ့တွင်အသင့်ရှိနေသော
ပန်းကန်လုံးထဲသို့ လက်ဖက်ရည်များကို ငှဲ့ထည့်လိုက်၏။

"ရော့. . ဒီချိုင့်ထဲ ကျန်နေတဲ့လက်ဖက်ရည် မင်းတစ်
ယောက်တည်းသောက်လိုက်တော့။ မင်းက တကယ်အလုပ်လုပ်
ရမယ့်လူဆိုတော့ များများသောက်ပေါ့ကွာ"

ကျွန်ုပ်သည် ဖိုးသူတော်ကြီးလှမ်းပေးနေသော လက်
ဖက်ရည်ချိုင့်ကို လက်တစ်ဖက်မှ လှမ်းယူကာ ကျွန်ုပ်လက်မှ
နံပြားတစ်ချပ်ကို လှမ်းပေးလိုက်သည်။

ကျွန်ုပ်နှင့် ဖိုးသူတော်ကြီးတို့သည် နှစ်ယောက်သား
လက်ဖက်ရည်သောက်လိုက်၊ နံပြားကိုတို့စားလိုက်ဖြင့် အတော်
ကိုဇိမ်ကျသွားကြ၏။

ကျွန်ုပ်သည် ပါလာသည့်စီးကရက်ကလေးကို မီးညှိပြီး
ဟန်ပါပါ လက်ကြားညှပ်ကာ ဇရပ်ကြီးပေါ်၌ ပက်လက်လှန်၍



www.burmeseclassic.com

www.burmeseclassic.com



ခြေနှစ်ချောင်းချိတ်ပြီး ဇိမ်ယစ်နေလိုက်သည်။

ကျွန်ုပ်၏အပြုအမူတွေကို တစေ့တစောင်းအကဲခတ်ကြည့်နေသော ဖိုးသူတော်ကြီးက. .

"ဘယ့်နဲ့လဲဟေ့ မောင်ဘဂျမ်း။ အတော့်ကို ဇိမ်တွေ့နေပုံရတယ်။ ဒါပဲကွ. . လောကစည်းစိမ်ဆိုတာ။ မရှိတဲ့အချိန်မှာရလိုက်တဲ့အရသာဟာ တန်ဖိုးအရှိဆုံးပဲ။ ကဲ. . ကဲ. . သူပိုက်ဆံယူထားမှ သူတာဝန်ကျေပွန်အောင် တူးလိုက်ဦးဟေ့"

ဖိုးသူတော်ကြီးသည် ကျွန်ုပ်အား ပြောပြောဆိုဆိုနှင့် ကြေးစည်လေးကို တနှောင်နှောင်ထုရင်း သင်္ချိုင်း၏အပြင်ဘက်သို့ ထွက်ခွာသွားလေသည်။

ကျွန်ုပ်သည် ဖိုးသူတော်ကြီးထွက်သွားရာသို့ လှမ်းကြည့်နေရင်း ဦးကျောက်ဖား၏အမွေအဖြစ် ကျန်ရစ်နေခဲ့သည့် ပေါက်တူး၊ ဂေါ်ပြားနှင့် မြေသယ်ခြင်းများကို ယူဆောင်ကာ မြေကျင်းတစ်ကျင်းကို စတင်တူးလိုက်လေတော့၏။

ကျွန်ုပ်ကျင်းတူးပြီးနောက် အချိန်တော်တော်အကြာတွင် သင်္ချိုင်းအတွင်းသို့ အသုဘချလာသည့် လူတစ်စုကို လှမ်းတွေ့လိုက်ရ၏။

ထိုလူစုသည် ရှေ့မှ မသာခေါင်းတစ်ခုကို ထမ်းယူလာပြီး ကျွန်ုပ်တူးထားသည့် မြေကျင်းအနီးသို့အရောက်တွင် အောက်သို့ချလိုက်ကြ၏။





ကျွန်ုပ်လည်း တူးထားသည့်မြေကျင်းဆီသို့သွားကာ မသာခေါင်းကြီးကို မြေကျင်းထဲချနိုင်ရန် ကူညီပြင်ဆင်လိုက်လေ၏။

ငိုကြွေးသံ၊ ပူဆွေးသံတို့ဖြင့် တိတ်ဆိတ်နေသောသင်္ချိုင်းလေးအတွင်း တဒင်္ဂဆူညံသွားလေတော့၏။

သူတို့သည် မသာခေါင်းကြီးကို မြေကျင်းထဲသို့ချကာ မြေဖို့လိုက်သည်။ ကျွန်ုပ်လည်း ဝိုင်းကူမြေဖို့ပေးပြီး လုပ်ငန်းလက်စသိမ်းချိန်တွင် နေသည် အတော်မြင့်တက်နေပြီမို့ ကျွန်ုပ်၏ဇရပ်ရှိရာသို့ ပြန်လာခဲ့သည်။

ဇရပ်ပေါ်တွင် တစ်ယောက်ထီးတည်း ဖိုးသူတော်ကြီးကိုစောင့်ရင်း ဗိုက်ဆာလာသဖြင့် စောစောက မသာအခေါင်းပေါ်မှ ယူလာခဲ့သည့် စားမြိန်စာထုပ်ကို ဖြေစားလိုက်သည်။ ကျွန်ုပ်သည် စားသောက်ပြီး လက်ကျန်ပိုလိုစီးကရက်ကလေးကို မီးညှိဖွာရှိုက်လိုက်ကာ ဇရပ်ကြီးပေါ်၌ ပက်လက်လှန်လှဲချလိုက်လေတော့၏။

ဇရပ်အမိုးပေါ်သို့ တငွေ့ငွေ့တွန့်လိမ်တက်သွားသော ဆေးလိပ်မီးခိုးငွေ့များကို အဓိပ္ပာယ်မဲ့စွာ ငေးမောကြည့်နေမိ၏။

ကျွန်ုပ်၏သောကအပူ လောဘအပူတို့သည် ထိုစီးကရက်မီးခိုးငွေ့များနှင့်အတူ ရောထွေးလိုက်ပါသွားကြလေပြီ။

ကျွန်ုပ်မှာ မောမောနှင့် အိပ်ပျော်သွားခဲ့၏။ မည်မျှအချိန်



www.burmeseclassic.com

www.burmeseclassic.com



ကြာ အိပ်ပျော်သွားသည်မသိ။ ကျွန်ုပ်နိုး၍ ပတ်ဝန်းကျင်ကိုကြည့်မိသောအခါ ပတ်ဝန်းကျင်တစ်ခုလုံးသည် မှောင်ပိန်းချထားသလို မှောင်နှင့်မည်းမည်းသာ ရှိနေတော့၏။

ဇရပ်ဝန်းကျင်တစ်ခုလုံးသည် အမှောင်များနှင့်အတူ တိတ်ဆိတ်ခြင်းတို့ပါ လွှမ်းမိုးမင်းမူနေသဖြင့် ကျွန်ုပ်တစ်ယောက်ထီးတည်းရှိနေရသည့်အဖြစ်ကို သတိပြုမိလိုက်သည်။

ကျွန်ုပ်သည် ဇရပ်ကြမ်းပြင်အပေါ်၌ လှဲနေရာမှ ငုတ်တုတ်ထထိုင်လိုက်၏။

ဇရပ်ဝန်းကျင်၏ အမှောင်ထဲသို့ မြင်မြင်ရသမျှ အရာအားလုံးကို စူးစိုက်ကြည့်နေမိ၏။

ထိုအမှောင်ထဲမှ ဖိုးသူတော်ကြီးပြန်လာမည့်လမ်းကို လှမ်းမျှော်ကြည့်နေမိသည်။

စိတ်ထဲမှလည်း ဒီည ဖိုးသူတော်ကြီးပြန်ရောက်လာပါ့မလားဆိုသည့် အတွေးတွေနှင့် အတွေးကောင်းနေတုန်း နားထဲမှာ ကြေးစည်သံတနောင်နောင်အသံကို ကြားလိုက်ရသည်။

ဒါဟာ ဖိုးသူတော်ကြီးရဲ့ကြေးစည်သံပဲဟု တွေးနေစဉ်ပင် သချိုင်းထဲသို့ ကြေးစည်လေးတနောင်နောင်ထုပြီး ဝင်လာသည့် ဖိုးသူတော်ကြီး၏အသံကို ကြားလိုက်ရသည်။

"ဘယ့်နှဲ့လဲကွ မောင်ဘဂျမ်းရေ။ တိတ်ဆိတ်ငြိမ်သက်နေပုံထောက်တော့ ဇိမ်တွေ့ပြီး လောကကြီးကိုပါ မေ့သွားပြီ





လားကွ"

ပြောပြောဆိုဆို ဇရပ်ပေါ်သို့ ဖိုးသူတော်ကြီးတက်လာခဲ့သည်။

"မီးထွန်းကွ. . မီးထွန်းဦးဟေ့။ ရော့. . ဒီမှာ မီးတိုင်၊ မီးခြစ်"

မှောင်ထဲမှာ လှမ်းပေးနေသည့် မီးတိုင်နှင့် မီးခြစ်ကို ယူပြီးမီးညှိထွန်းလိုက်သည်။ ဇရပ်အိုလေးတစ်ခုလုံး လင်းထိန်သွား၏။

"အေး. . ဒါပဲ။ အခုတော့ လင်းသွားပြီ။ လောကမှာ အလင်းနဲ့ အမှောင်ဆိုတာ နှစ်ခုပဲရှိတယ်။ လင်းတာမကြိုက်ရင် မှောင်။ မှောင်တာမကြိုက်ရင် လင်းလိုက်ပေါ့ကွာ"

ဖိုးသူတော်ကြီးက သူ၏လွယ်အိတ်ကို သူ့ရှေ့မှာ ပစ်ချလိုက်သည်။

ထိုလွယ်အိတ်ကြီးထဲက အထုပ်ကြီး၊ အထုပ်လေးတွေကို တစ်ခုချင်းနှိုက်ထုတ်ယူနေရာမှ. .

"ရော့ဟေ့. . မောင်ဘဂျမ်း။ ဒါက မင်းအတွက် ညစာထမင်းထုပ်။ ရော့. . ဒါလေးက ထမင်းစားပြီး အာသာပြေ အဖျင်းပြေဆိုသလို စားဖို့ ပလာတာထုပ်။ ဒါက ဗိုလ်လိုစီးကရက်။ ကဲ. . ဒါဆိုရင် ဒီတစ်ညအတွက်တော့ ဘယ်မှလွှမ်းစရာမလိုတော့ဘူးပေါ့ကွာ။ ဘာတဲ့. . ။ မနက်ဖြန်ဆိုတာ မမွေးဖွားသေးဘူးဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန်အတွက်လည်း လွမ်းစရာမလိုတော့ဘူးပေါ့။ ဟုတ်လား။ ဟား. . ဟား. . ဟား. . ”

ကျွန်ုပ်လည်း ဖိုးသူတော်ကြီးပေးလာသည့် ထမင်းထုပ်နှင့် ဆာလောင်နေသောဝမ်းဗိုက်ကို အားပါးတရဖြည့်ထားလိုက်လေတော့၏။

ထမင်းစားသောက်ပြီး ဖိုးသူတော်ကြီးပြောသလို ပလာတာချပ်လေးကို အသာဝါးရင်း အလွမ်းဖြေနေလိုက်တော့သည်။

ကျွန်ုပ်စားနေသည်ကို အနားကနေ ပြုံးမြိုးကြည့်နေသည့် ဖိုးသူတော်ကြီးက ခေါင်းလေးတညိတ်ညိတ်လုပ်နေသဖြင့် မေးမိ၏။

“နေပါဦး ဖိုးသူတော်ကြီးရဲ့။ ကျုပ်ကိုကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်နေတာ ဘာအဘိဓမ္မာများ ထုတ်ဦးမလို့လဲ”

“ပီတိလေ. . . ပီတိ”

“ဘာလဲဗျ. . ဖိုးသူတော်ကြီးရဲ့။ ဘာပီတိလဲ။ ရှင်းစမ်းပါဦး ဖိုးသူတော်ကြီးရဲ့ အဘိဓမ္မာပီတိ”

“သြော်. . ကျွေးမွေးလှူဒါန်းရခြင်းရဲ့ ပီတိဆိုတာကို ခံစားကြည့်နေတာလေ။ တကယ်တော့ ပီတိဆိုတာ အရသာတစ်မျိုးပဲ မောင်ဘဂျမ်းရဲ့”

ကျွန်ုပ်သည် လက်ကြားတွင်အသင့်ညှပ်ထားသော စီးကရက်ကို မီးညှိဖွာရှိုက်လိုက်သည်။ မီးခိုးငွေ့များသည် ကျွန်ုပ်





တို့နှစ်ယောက်ကြားမှ ဝေ့ဝိုက်တက်သွားသည်။

“ဒီမှာ မောင်ဘဂျမ်း. . ခုလို ဆာလောင်မွတ်သိပ်နေတဲ့ လူတစ်ယောက်ကို ကျွေးမွေးလှူဒါန်းလိုက်ရတဲ့ ကုသိုလ်ဟာ ပျော်သံစည်သံတွေနဲ့လှူလို့ ရလိုက်တဲ့ကုသိုလ်ထက် မနိမ့်ကျဘူး မောင်ရေ။ အဲဒီကုသိုလ်ကရတဲ့ ပီတိနဲ့ ဝိတ်ချင်းအတူတူပဲကွ”

ကျွန်ုပ်နှင့်စကားပြောနေရာမှ ဖိုးသူတော်ကြီးသည် မိုးကောင်းကင်ကို မော့ကြည့်ကာ. .

“အင်း. . ဒီညက လကွယ်နေ့ညပဲ။ ကိစ္စဝိစ္စတွေပြီးရင် မီးသာမှုတ်ထားလိုက်တော့ မောင်ဘဂျမ်းရေ”

“နေပါဦး ဖိုးသူတော်ကြီးရဲ့။ လကွယ်ညနဲ့ မီးမှုတ်ခိုင်းတာနဲ့ ဆိုင်နေလို့လား”

“ဆိုင်တော့ မဆိုင်ပါဘူး။ မီးလင်းနေတော့ မကောင်းဆိုးဝါးကောင်တွေ ကျုပ်တို့ဆီ အလည်လာနေဦးမယ်”

“အဲဒါ တကယ်ပဲလား ဖိုးသူတော်ကြီးရယ်”

“တကယ်ပေါ့ကွာ. . ။ မင်းမယုံရင်တော့ ငါလက်တွေ့လိုက်ပြရမှာပေါ့။ လာ. . လိုက်ခဲ့”

ပြောပြောဆိုဆို ဖိုးသူတော်ကြီးက ဇရပ်ပေါ်မှဆင်းသွားရာ ကျွန်ုပ်လည်း ဖိုးသူတော်ကြီးခေါ်ရာနောက်သို့ လိုက်ပါသွားရလေတော့၏။

သင်္ချိုင်းအတွင်းမှ အုတ်ဂူများ၊ ကုန်းမို့မို့များကို တစ်ခုပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ကွေ့ကာပတ်ကာနှင့် တရုတ်ဂူကြီးတစ်ခုအနီးသို့ ရောက်သွားသည်။

ကျွန်ုပ်နှင့် ဖိုးသူတော်ကြီးသည် ထိုတရုတ်ဂူကြီးအနီးတွင် ရပ်တန့်လိုက်ပြီး. .

"ကဲဟေ့. . မောင်ဘဂျမ်း။ ဒီဂူပေါ် တက်ကွ။ တို့နှစ်ယောက် ဒီဂူပေါ်ကနေ တက်အိပ်ပြီး စောင့်ကြည့်ကြတာပေါ့"

တရုတ်ဂူကြီးမှာ သာမန်ဂူများထက် ပိုမိုကြီးမားသည့် ဂူကြီးတစ်ခုဖြစ်သည်။ ထိုဂူကြီးမှာ ကျွန်ုပ်တို့နှစ်ယောက်အတွက် ကျယ်ဝန်းနေသည်။

ကျွန်ုပ်တို့နှစ်ယောက် ထိုဂူပေါ်သို့ တက်ရောက်ပြီး ပက်လက်လှန်အိပ်နေလိုက်ကြသည်။ မိုးကောင်းကင်၌ အချို့ကြယ်များသည် လင်းလက်လျက်ရှိနေပြီး အချို့ကြယ်များသည် ပိုးစုန်းကြူး၏အရောင်မျှသာ ရှိနေတော့သည်။

ဖိုးသူတော်ကြီးသည် ကောင်းကင်ပေါ်မှ ကြယ်များကို လက်ညှိုးထိုးပြရင်း ဟိုးမြောက်ဘက် အရောင်တောက်နေတဲ့ ကြယ်က ဘာကြယ်၊ ဟောဒီတောင်ဘက်မှာရှိနေတဲ့ ကြယ်ကြီးက ဘာဆိုသည့် ကြယ်အမျိုးအစားတွေကို တစ်ခုချင်းခွဲခြားပြောဆိုနေစဉ် လရောင်မှိန်ပျပျအရောင်သည် တိမ်ညိုတိမ်မည်းတွေကြားမှာ ပြေးလွှားနေသည်ကို တွေ့နေရသည်။

လရောင်မှိန်ပျပျသည် တိမ်ညစ်ပုပ်ပုပ်ကြီးထဲသို့ ဝင်





ရောက်သွားသောအခါ သချိုင်းမြေတစ်ခုလုံးသည် မှောင်အတိပိတ်ဖုံးသွားတော့၏။

မှောင်နှင့်မည်းမည်း တိတ်ဆိတ်ငြိမ်သက်နေသော သချိုင်းကြီးကို ရုတ်တရက်ထိုးဟောင်လိုက်သည့် ခွေးဟောင်သံကြောင့် ကျွန်ုပ်သည် ကြက်သီးများတဖျန်းဖျန်းထသွား၏။

တဝုတ်ဝုတ်ဟောင်နေသည့် ခွေးဟောင်သံကို ကျွန်ုပ်နှင့် ဖိုးသူတော်ကြီးသည် တရုတ်ဂူကြီးပေါ်မှ ဝမ်းလျားမှောက်ကာ လှမ်းကြည့်နေကြသည်။

ဘာမှမတွေ့ရ။

နားထဲမှာကြားနေရသည့် ခွေးဟောင်သံကိုသာ အမှောင်ထဲမှာ နားစွင့်နေလိုက်သည်။

နားစွင့်နေကာမှ ခွေးဟောင်သံက ရပ်သွားသောကြောင့် မကြားရတော့ပေ။

"ဖိုးသူတော်ကြီး. . ဒီခွေးက ဘာတွေ့လို့ ဒီလောက်သဲကြီးမဲကြီး ထိုးဟောင်နေတာလဲ"

"ဘာတွေ့လို့မှ မဟုတ်ဘူးဟေ့။ ဟိုကွာ. . သချိုင်းထဲက မင်းသမီးလေးတစ်ပါးက ခုလို လမိုက်ညတွေမှာ ထွက်ထွက်လာတတ်တယ်။ အဲဒါ တွေ့လို့ ထိုးဟောင်နေတာ နေမှာပေါ့ကွာ"

"ဘယ်မင်းသမီးလေးလဲ ဖိုးသူတော်ကြီးရဲ့။ ဟို. . ယာရာတနီမင်းသမီးလေး ဆိုတာလား"

www.burmeseclassic.com



"အေး. . ဟုတ်တယ်။ နေပါဦး. . မင်းက သူ့အကြောင်း
သိလို့လား"

"ကျယ်ကျယ်ပြန့်ပြန့်ကြီးသိလို့တော့ မဟုတ်ပါဘူး။ ခုလို
ပဲ ဖိုးသူတော်ကြီးတွေ ပြောပြသလောက်ပဲ သိရတာပါ။ အဲဒီ
မင်းသမီးလေးက အရှင်လတ်လတ် မြေမြှုပ်ခံလိုက်ရတော့ သူ့
ဝိညာဉ်က မကျွတ်မလွတ်ဘဲ ခုလို သင်္ချိုင်းတွေမှာ လှည့်လည်
သွားလာနေတယ်ဆိုတာလောက်ပါပဲ"

"အေး. . ဟုတ်တယ်။ ဒီမင်းသမီးလေးရဲ့ သီချင်းသံကို
သင်္ချိုင်းတိုင်းမှာတော့ မကြားရဘူးကွ။ သင်္ချိုင်းကိုးခုမှာပဲ ကြား
ရတာ။ အဲဒီကြားရတဲ့ သင်္ချိုင်းကိုးခုထဲမှာ အဲဒီမင်းသမီးလေးရဲ့
အုတ်ဂူ ရှိနေတယ်။ ဘယ်သင်္ချိုင်းမှာဆိုတာတော့ ဘယ်သူမှ
အတိအကျမသိကြရဘူး"

"နို့. . နေစမ်းပါဦး ဖိုးသူတော်ကြီးရဲ့။ အဲဒီဂူကို တွေ့
တော့လည်း ဘာဖြစ်မှာလဲ"

"အေး. . ဟုတ်တယ်။ မင်းမေးတဲ့မေးခွန်းကို လူတိုင်းက
မေးပြီး လူတိုင်းက သိချင်နေကြတယ်။ ဒါပေမဲ့ အဲဒီဂူရှိတဲ့နေရာ
ကို သိတဲ့လူနှစ်ယောက်တော့ ရှိနေတယ်"

"ဒါဆိုလည်း ဖိုးသူတော်ကြီးရယ်။ အဲဒီလူနှစ်ယောက်
ကိုမေးပြီး အဲဒီဂူကို ရှာကြည့်လိုက်ပေါ့"

"ဟေ. . မင်းအပြောက လွယ်ပေမယ့် လက်တွေ့က



ခက်နေတယ်ကွ။ အဲဒီလူနှစ်ယောက်က တစ်ယောက်က အိန္ဒိယ
ဘက်မှာ။ တစ်ယောက်က တိဘက်မှာ။ သူတို့နှစ်ယောက်ဆီမှ
လည်း အဲဒီဂူရှိတဲ့အရပ်ကို တွေ့နိုင်မှာ"

"ဟာ . ဒါဆိုရင် ဖိုးသူတော်တို့ရှာနေတဲ့ဂူက လွယ်
လွယ်နဲ့ တွေ့နိုင်ဖို့ ဘယ်လွယ်ပါ့မလဲ"

"အေးကွ. . ဒါတော့ ဟုတ်တယ်။ ဒါပေမဲ့ ဒီလူတွေနဲ့
မဆုံနိုင်ပေမယ့် မင်းသမီးလေးသီချင်းသံကြားရတဲ့ သင်္ချိုင်းတစ်
ခုမှာ မင်းသမီးလေးရဲ့ဂူဟာ ရှိနေမှာပဲ။ ဒီလိုစိတ်ကူးနဲ့ ငါ့လို
လိုက်ရှာနေတဲ့သူတွေ ဘယ်နှယောက်ရှိနေပြီလဲဆိုတာ မပြော
တတ်နိုင်ဘူး"

"ဒါဆို ဖိုးသူတော်ကြီးတို့က စိတ်ကူးယဉ်ဆန်ဆန်ဇာတ်
လမ်းတစ်ခုကို အကောင်အထည်ဖော်နေတာနဲ့ မတူဘူးလား"

"အေး. . မင်းတွေးသလို တွေးရင်တော့ ဟုတ်တာပေါ့
ကွာ။ ဒါပေမဲ့ လူ့ရဲ့ကံတရားဆိုတာ ဆန်းကြယ်တယ်လေကွာ။
ဘယ်ပြောလို့ရနိုင်ပါ့မလဲ။ လူဆိုတာ မျှော်လင့်ချက်တွေနဲ့ အသက်
ရှင်နေကြတာ။ အဲဒီအထဲမှာ တို့ဖိုးသူတော်တွေလည်းပါတယ်ကွ"

ဖိုးသူတော်ကြီးသည် အတန်ကြာသည်ထိ တိတ်ဆိတ်
နေပြီးမှ ဆက်ပြောလေ၏။

"အေး. . စိတ်ကူးယဉ်ဆန်တယ်လို့ ပြောရင်လည်း ရ
ပါတယ်။ ဒါပေမဲ့ မျှော်လင့်ချက်တွေ ရှိနေတယ်လေ။ အခု. .



www.burmeseclassic.com

www.burmeseclassic.com



တို့စောင့်ကြည့်နေတဲ့သင်္ချိုင်းမှာ မဟာရာဇာနီရဲ့ဝိညာဉ်ဟာ ရှိ
တယ်။ ဒါဆိုရင် ကိုးသင်္ချိုင်းထဲမှာ ဒါဟာ တစ်ခုအပါအဝင်ပဲကွ
နောက်ပြီးတော့ အဲဒီမြေပုံညွှန်းရဲ့အဆို အရ သူတို့အချင်းချ
ပြန်ဆုံတွေ့ကြရင် တစ်ယောက်နဲ့ တစ်ယောက် မှတ်မိကြအော
ခု တို့လို ဝတ်ဖြူစင်ကြယ်နဲ့ လာကြရမယ်ဆိုတာ ပါတယ်"

ကျွန်ုပ်နှင့် ဖိုးသူတော်ကြီးတို့ စကားပြောကောင်းနေစဉ်
အုတ်ဂူတစ်ခုအပေါ်မှ စွဲစွဲငင်ငင်ထိုးအူလိုက်သည့် ခွေးအူသံ
ကြားလိုက်ရသည်။

ကျွန်ုပ်သည် ထိုခွေးအူသံရှိမည့်နေရာသို့ မှန်း၍ မှော
ထဲသို့ လှမ်းကြည့်လိုက်သည်။

ကျွန်ုပ်၏စိတ်ထဲတွင် အမှောင်ထဲ၌ တရွေ့ရွေ့သွား
သော အရိပ်တစ်ခုကို မသဲမကွဲတွေ့လိုက်ရသည်။

"ဖိုးသူတော်ကြီး . . ဟိုမှာ . . ဟိုမှာ . . ကြည့်စမ်းပါဦ
ဟုတ်တယ်မဟုတ်လား"

"အေးကွ . . ဟုတ်တယ်ဟ။ သေသေချာချာ ကြည့်စ
ပါဦး။ တို့ဘက်ကိုများ လာနေတာလားမသိဘူး"

ကျွန်ုပ်သေသေချာချာကြည့်နေသော်လည်း ထိုဖြူ
လွှအရောင်သည် ကျွန်ုပ်တို့ရှိရာအရပ်ကို လာနေသလိုလို၊
တန့်နေသလိုလိုဖြင့်သာ မြင်တွေ့နေရသည်။

စောစောက ဟောင်နေသော ခွေးအူသံသည် တစ်





တစ်စနှင့် သင်္ချိုင်းကြီးတစ်ခုလုံး ပို၍ကျယ်လာသလို သင်္ချိုင်းကြီး
တစ်ခုလုံးရှိ ခွေးလေခွေးလွင့်အားလုံး၏ ဝိုင်းဖွဲ့အူသံကြောင့်
သင်္ချိုင်းကြီးတစ်ခုလုံးသည် ကမ္ဘာပျက်နေသည့်အလား ဆူညံ
နေသည်။

ထိုသို့ သင်္ချိုင်းတစ်ခုလုံး ထိုးဟောင်အူနေသည့် ခွေးအူ
သံများသည် ရုတ်တရက်ကြီး ထိုးရပ်သွားသည်။

"ဖိုးသူတော်ကြီးရေ . . ဒါက ဘာတွေဖြစ်နေတာလဲဗျ"

"အေးကွ . . ငါလည်း ဘာပြောရမှန်းတောင် မသိတော့
ပါဘူးကွာ"

ကျွန်ုပ်သည် တိတ်ဆိတ်သွားသော သင်္ချိုင်းကြီးကို လှည့်
ပတ်ကြည့်လိုက်သည်။

ဘာမှထူးထူးခြားခြားမတွေ့ရသော်လည်း စောစောက
တွေ့နေရသည့် အုတ်ဂူများအထက်မှ ဖြူလွှလွှအရောင်သည်
ပြန်လည်မြင်တွေ့လာရပြန်သည်။

ထိုဖြူလွှလွှသဏ္ဌာန်မှ တေးဆိုညည်းသံသဲ့သဲ့တို့ကို
မကြားတကြားဖြင့် ကြားလိုက်ရသည်။

စူးစိုက်နားထောင်ကြည့်လိုက်သောအခါ တေးဆိုညည်း
သံလေးကို သဲသဲကွဲကွဲကြားလာရပြန်၏။

ထိုသီချင်းသံလေးသည် အလွမ်းဘွဲ့သီချင်းတစ်ပုဒ်ကို
ဆွေးဆွေးမြည့်မြည့်သီကျူးနေဟန် ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



သီချင်း၏အဓိပ္ပာယ် ဘာဆိုတာကိုတော့ နားလည်ရန် ခက်ခဲနေသည်။ ထိုအသံသည် ကျွန်ုပ် တစ်ခါက သင်္ချိုင်းများတွင် ကြားနေခဲ့ရသည့်အသံပင် ဖြစ်လေ၏။

ဘာကြောင့် ထိုသီချင်းသံများသည် သင်္ချိုင်းများ၌ ကြား ကြားနေရသည့်အဖြစ်မှာ ကျွန်ုပ်အတွက် ထူးဆန်းနေသည်။

ဖြစ်နိုင်လျှင် ကျွန်ုပ်ကိုယ်တိုင် ထိုနေရာသို့ပြေးသွားက မေး၍ရလျှင် မေးကြည့်ချင်စိတ်များ တဖွားဖွားပေါ်ပေါက်နေ တော့၏။

"ဖိုးသူတော်ကြီး. . ကျုပ် အဲဒီအနီးအနားအထိ သွား ကြည့်ချင်တယ်ဗျာ။ ဒါမှ ဘာဆိုတာကို ပိုသိလာရမှာပေါ့"

"မကြိုးစားနဲ့ မောင်ရင်။ ဒါ. . အချည်းနှီးကြိုးပမ်းမှုပဲ ဖြစ်မှာပဲကွ။ ဒီအသံရဲ့နောက်ကွယ်မှာ လျှို့ဝှက်ချက်တွေ အများ ကြီးရှိနေတယ်။ ဒါကို ငါလည်း သိချင်နေတာပဲ။ အဲဒါကိုသိရရင် အဲဒီမင်းသမီးလေးရဲ့အုတ်ဂူကို သိလာရမှာပဲ"

"တော်တော်စိတ်ဝင်စားဖို့တော့ ကောင်းတယ်နော်"

"အေး. . ဒါကို တို့အားလုံး စိတ်ဝင်စားနေကြတာပဲ"

"တို့ဆိုတာဘယ်သူတွေရှိသေးလို့လဲ ဖိုးသူတော်ကြီးရဲ့"

"ဒီလိုလေကွာ. . ။ ဒီမင်းသမီးလေးရဲ့ဂူဆိုတာ ငါ့လိုပဲ တစ်စွန်းတစ်စအသိတွေနဲ့ သိထားကြတဲ့လူတွေ ရှိနေကြမှာပဲ။ အခု အဲဒီလူတွေနဲ့ မောင်ရင်ကြုံတွေ့ခဲ့ရပြီးပြီမဟုတ်လား။ ဘယ်





သင်္ချိုင်းမှာ ရှိနေတယ်ဆိုတာကိုသာ မသိနိုင်ကြသေးတာ။ ဒီ မင်းသမီးလေးရဲ့အသံ ကြားနေရတဲ့ သင်္ချိုင်းကိုးခုလုံးမှာတော့ ငါ့လို သူတော်တွေ ရှိနေကြမယ်ဆိုတာ ငါတွေးကြည့်ထားပြီးပြီ"

"ဆက်ပြောစမ်းပါဦး ဖိုးသူတော်ကြီးရဲ့။ ဘာဖြစ်လို့ အဲဒီ အသံတွေဟာ သင်္ချိုင်းကိုးခုမှာ ကြားနေရတာလဲ"

"အေး. . ဒါဟာ အဓိကလျှို့ဝှက်ချက်ပဲ။ ဒါကို သိရရင် အဖြေတစ်ဝက်သိရသလိုပဲ"

ကျွန်ုပ်နှင့် ဖိုးသူတော်ကြီးတို့ စကားပြောကောင်းနေစဉ် မှာ သီချင်းသံလေးသည် ပိုမိုကြားလာရသလို ဖြူလွလွသဏ္ဌာန် လေးသည်လည်း အုတ်ဂူတစ်ခုထက်ပေါ်မှ ထင်ထင်ရှားရှား ပို၍ မြင်တွေ့လာရသည်။

"ဟော. . ဟော. . ဟိုမှာ. . ဟိုမှာ. . ဖိုးသူတော်ကြီး"

"အေးပါဟ။ ငါတွေ့ပါတယ်။ ငါမကန်းပါဘူး။ ဒီသီချင်း နဲ့ ဒီသဏ္ဌာန်ကို ငါအကြိမ်ပေါင်းမနည်းတော့ပါဘူး။ မကြာမကြာ တွေ့နေ၊ ကြားနေရတာ။ ဒါပေမဲ့ ဒီအသံကို နေ့တိုင်းကြား၊ နေ့တိုင်းမြင်နေရတာတော့ မဟုတ်ဘူးကွ။ ခုလို လကွယ်နေ့တွေ လောက်ပဲ တွေ့ရတတ်တာ။ နေစမ်းပါဦး. . ။ မောင်ရင်က ဘာ လို့ ဒီလောက်စိတ်ဝင်စားနေရတာလဲ"

"အင်း. . ကျုပ်လည်း ဘယ်လိုပြောပြရမှန်းတောင် မသိတော့ပါဘူး ဖိုးသူတော်ကြီးရယ်။ ဒီသီချင်းသံကြားရတာ ဝမ်း



www.burmeseclassic.com

www.burmeseclassic.com



နည်းသလိုလို၊ လွမ်းဆွေးချင်သလိုလို။ ဘာဆိုတာတော့ အမည်
တပ်လို့မရဘူး။ တစ်မျိုးတော့ တစ်မျိုးပဲ ဖိုးသူတော်ကြီးရယ်"

"ဟုတ်မှာပေါ့ကွာ. . ။ ဒီအသံကြားရတဲ့လူတိုင်း ဒီလိုပဲ
ရှိနေကြမှာပါ။ သူ့အကြောင်းကလည်း စိတ်မချမ်းမြေ့ဖွယ်ရာ
ဇာတ်ကြောင်းဆိုတော့ လွမ်းစရာလေးပေါ့ကွာ"

"ဒါဆို ဖိုးသူတော်ကြီးသိသလောက် ကျုပ်ကိုပြောပြစမ်း
ပါ။ ဟော. . ဟိုမှာ. . ဟိုအုတ်ဂူပေါ်မှာ ဖိုးသူတော်ကြီး။ ကျုပ်
တို့ အဲဒီကိုလိုက်သွားလိုက်ရင် မကောင်းဘူးလား"

"ဒါဟာ အလကားကြိုးစားမှုပဲနေမှာပေါ့ကွာ။ တို့ အနား
ရောက်တာနဲ့ သူက တခြားကို ထွက်သွားမှာပဲ"

"လာစမ်းပါ ဖိုးသူတော်ကြီးရာ"

ကျွန်ုပ်သည် တရုတ်အုတ်ဂူကြီးအပေါ်မှ မြေပြင်သို့
ခုန်ဆင်းလိုက်သည်။ ကျွန်ုပ်နောက်မှ ဖိုးသူတော်ကြီးသည်
မလိုက်ချင်လိုက်ချင်နှင့် လိုက်ပါလာလေ၏။

ထိုဖြူလွလွသဏ္ဍာန်သည် ကျွန်ုပ်တို့နှင့် ဝါးနှစ်ပြန်ခန့်
သာဝေးသဖြင့် အနီးသို့တိုးသွားလိုက်သည်။ ကျွန်ုပ်တို့ အနီးသို့
ရောက်လျှင် ထိုသဏ္ဍာန်လေးသည် အဝေးသို့ တရွေ့ရွေ့ထွက်
ခွာသွားလေတော့သည်။

"မောင်ရင့်ကို ကျုပ်ပြောပါတယ်။ တွေ့တယ်မဟုတ်
လား။ ဟိုအဝေးကို ယွက်သွားပြီ"



"ဒီမှာ ဖိုးသူတော်ကြီး။ ဒါဟာ စောစောက မင်းသမီး
လေးရပ်နေခဲ့တဲ့ အုတ်ဂူပဲ။ ဒီဂူကိုဖွင့်ကြည့်ရင် မဖြစ်နိုင်ဘူးလား"

ဖိုးသူတော်ကြီးသည် ကျွန်ုပ်အား လက်ကလေးကာပြ
တာ. .

"မောင်ရင်. . အဲဒီဂူကို မင်းသမီးလေးရဲ့အုတ်ဂူဆိုပြီး
သွားမဖွင့်နဲ့။ မဟုတ်ဘူးကွ။ ငါ အဲဒီလိုအတွေးနဲ့ ဖွင့်ကြည့်တာ
ဂူသုံးလုံးလောက်ရှိပြီ။ အထဲမှာ ဘာမှမရှိဘူး။ အရိုးတွေပဲ ရှိ
တယ်။ ဘယ်လာပြီး လွယ်လွယ်နဲ့ ရှာတွေ့နိုင်မှာလဲကွာ။ ဒါဟာ
ဒွဲရှိတဲ့ယောကျ်ားတွေအတွက်ပဲ"

"ဘာဖြစ်လို့ ဒီရတနာတွေကို ဒီဂူထဲမှာထည့်ထားရတာ
လဲဆိုတာ ဖိုးသူတော်ကြီးမသိဘူးလား။ သိရင် ပြောပြစမ်းပါ"

"အေး. . တို့ ကိုယ့်ဇရပ် ကိုယ်ပြန်ကြမယ်။ ကိုယ့်ဗိမာန်
ရောက်မှ ဒီအကြောင်းဆက်ပြောကြတာပေါ့"

ကျွန်ုပ်နှင့် ဖိုးသူတော်ကြီးသည် လရောင်မှုန်ဝါးဝါး
ဓာလင်းရောင်အောက်တွင် အုတ်ဂူများကို ကွေ့ကာပတ်ကာ၊
ကျော်ကာဖြတ်ကာနှင့် ဇရပ်ပေါ်သို့ ပြန်ရောက်လာခဲ့ကြသည်။

နှစ်ယောက်သား အသင့်ရှိနေသည့် အိပ်ရာထက်ပေါ်
မှာ ကျောဆန့်နေရာယူလိုက်ကြသည်။

"ကဲ. . ဆက်စမ်းပါဦး ဖိုးသူတော်ကြီးရယ်"

ဖိုးသူတော်ကြီးက ချောင်းတစ်ချက်ရှင်းထုတ်လိုက်ပြီး. .



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို မောင်ရင်ခရေ. . ။ အဲဒီမင်းသမီးလေးဟာ မဟာရာဇာစော်ဘွားကြီးရဲ့ဇနီး မိဖုရားခေါင်ကြီးပေါ့ကွာ"

"နေပါဦး ဖိုးသူတော်ကြီးရဲ့။ မိဖုရားခေါင်ကြီးဆိုတော့ အသက်လေးဆယ်ကျော်၊ ငါးဆယ်အရွယ်တွေပေါ့"

"အိုကွာ. . မောင်ရင်ကလည်း။ ဘယ်ကလာ လေးဆယ်ကျော်ငါးဆယ်တွေ လုပ်နေတာလဲ။ မင်းသမီးလေးက ဆယ့်ရှစ်နှစ်တောင် မပြည့်သေးဘူး။ မဟာရာဇာဆိုတာကလည်း အသက်သုံးဆယ်မကျော်သေးတဲ့အရွယ်တွေ။ လက်ဆက်ကြတာတောင် ဘာမှမကြာသေးခင် တို့မြန်မာပြည်ဘက်ကို ပြေးလာကြတာ"

"ဘာဖြစ်လို့ပြေးလာရတာလဲ ဖိုးသူတော်ကြီး"

"ဟ. . ဘာဖြစ်လို့ ဒီလောက်လောနေရတာလဲ။ ပြောပြမှာပေါ့။ ငါသိသလောက် ပြောပြမှာပေါ့။ မောင်ရင် တိတ်တိတ်ကလေးသာ နားထောင်နေ"

"ဟုတ်. ."

"မောင်ရင်လုပ်တာနဲ့ ဇာတ်လမ်းက ဘယ်ကပြန်စရမှန်းတောင် မသိတော့ဘူး"

"ဘယ်ကစရမှန်းမသိ လုပ်မနေနဲ့။ ဇာတ်လမ်းက အခုမှ စမယ်လို့ ကြံရွယ်တုန်းပဲ ရှိသေးတာ"

"အေး. . အေး. . ဟုတ်ပြီ။ မောင်ရင် ငြိမ်ငြိမ်တိတ်တိတ်လေးသာ နားထောင်နေ။ ဇာတ်လမ်းက ဒီလိုဟော့"

❖



## ≺အခန်း - ၆≻

## ကိုးသချိုင်းမှ မဟာရာဇာတနီ

"အိန္ဒိယနိုင်ငံမှာ ဗီရောက်ရှားဆိုတဲ့ဘုရင်ကြီး နတ်ရွာစံပြီးတဲ့နောက်ပိုင်းမှာ အိန္ဒိယနိုင်ငံမှာရှိနေတဲ့ မဟာရာဇာငယ်လေးတွေဟာ သူတစ်လူငါတစ်မင်းနဲ့ စိုးစံအုပ်ချုပ်လာခဲ့တယ်။

အဲဒီအချိန်မှာ ကမ္ဘာမြေပြင်ကြီးကို မွန်ဂိုဘုရင်ဂျင်ဂျစ်ခန်တို့၊ တာတာလူမျိုးမြင်းစီးသူရဲကောင်း ကာမလိန်းတို့က အာရှ၊ အာဖရိက၊ ဥရောပဆိုတဲ့ ကမ္ဘာ့မြေပြင်ကြီးကို အပိုင်းပိုင်းခွဲဝေယူနေကြတဲ့အချိန်မှာ တာတာစစ်သူရဲတွေဟာ အိန္ဒိယနိုင်ငံကြီးကိုလည်း ဝင်တိုက်လာကြတယ်။

ဒါပေမဲ့ သူတို့တွေဟာ အိန္ဒိယနိုင်ငံကြီးကို လုယူဖို့ထက်



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယနိုင်ငံမှာရှိနေတဲ့ဆင်တွေကို အဓိကလိုချင်လို့ အိန္ဒိယနိုင်ငံကို ဝင်တိုက်ခဲ့ကြတာပါပဲ။

အဲဒီမှာ မဟာရာဇာတော်ဘွားငယ်တစ်ဦးက စစ်ရှုံးဖို့အရေးတွေ မြင်လာတော့ သူ့ရဲ့နောက်လိုက်နောက်ပါငယ်ကျွန်အနည်းငယ်နဲ့ ဆင်သုံးစီးပေါ်မှာ ရတနာတွေတင်ပြီး မြန်မာပြည်ဘက်ကို ဖြတ်ကျော်ဝင်ရောက်လာခဲ့တယ်။

မြန်မာပြည်ထဲကို ရောက်ဖို့ဆိုတာ လွယ်လွယ်နဲ့တော့ မရောက်နိုင်ဘူး။ တောအထပ်ထပ်၊ တောင်အထပ်ထပ်၊ မြစ်ချောင်းအသွယ်သွယ်ကို ကျော်ဖြတ်လာခဲ့ကြရတယ်။

အဲဒီဆင်သုံးစီးမှာ ရတနာတွေနဲ့အတူ သူ့ရဲ့အမြတ်နိုးဆုံးဖြစ်တဲ့ မိဖုရားကြီးမဟာရာတနီမင်းသမီးလေးကိုပါ ခေါ်ဆောင်လာခဲ့တယ်။

သူတို့ရည်ရွယ်ချက်ကလည်း မြန်မာပြည်ထဲမှာ အခြေချနေထိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရွှေ့ပြောင်းလာခဲ့ကြတာပဲ။

ဒါပေမဲ့ အဲဒီလို နယ်ပယ်သစ်မှာ နန်းသစ်တည်ဖို့ အထိုင်ချတည်ဆောက်ဆဲကာလမှာပဲ မြန်မာပြည်အရှေ့ဘက်တစ်လွှားမှာ မွန်ဂိုမြင်းစီးသူရဲတွေဝင်လာကြပြီဆိုတဲ့ သကင်းတွေကို ကြားလာရပြန်တယ်။

ဒါကြောင့် သူတို့ရဲ့အနောက်ဘက်မှာ တာတာစစ်သူရဲတွေ၊ အရှေ့ဘက်မှာ မွန်ဂိုမြင်းစီးသူရဲတွေနဲ့ရှိနေတော့ သူတို့





ဟာ မြန်မာပြည်ထဲကနေ ပြန်လည်ဆုတ်ခွာသွားကြဖို့ ပြင်ဆင်ကြရပြန်တယ်။

အဲဒီအချိန်မှာပဲ မဟာရာဇာတော်ဘွားလေး အင်မတန်ချစ်မြတ်နိုးလှရှာတဲ့ မဟာရာတနီမင်းသမီးလေးဟာ ကောက်ကာငင်ကာ အပြင်းဖျားတော့တာပဲ။

မင်းသမီးလေးရဲ့ အဖျားရောဂါကို ပါလာတဲ့ သမားတော်တွေနဲ့ ကုစားကြပေမယ့် ဘယ်လိုမှမသက်သာဘဲ တစ်နေ့တခြား ပိုပိုဆိုးရွားလာတယ်။ နောက်ဆုံးတော့ မင်းသမီးလေးဟာ ကံတော်ကုန်ရှာသွားရတယ်။

မဟာရာဇာတော်ဘွားလေးဟာ သူအင်မတန်ချစ်မြတ်နိုးတဲ့ မိဖုရားကြီး ကံတော်ကုန်ရှာတယ်ဆိုတော့ ယူကျုံးမရဖြစ်နေရတာပေါ့ကွာ။

အရှေ့ဘက်တစ်လွှားမှာ ဂျင်ဂျစ်ခန်ရဲ့မြေးတော် ကူဗလိုင်ခန်ရဲ့ မွန်ဂိုမြင်းစီးသူရဲတွေကလည်း မြန်မာပြည်ထဲကို ဝင်လာကြပြီဆိုတဲ့ စစ်သတင်းတွေကို အထောက်တော်တွေကနေ ကြားလာရတယ်။

ဒါကြောင့် ဒီအရပ်ကိုလည်း ဒီမြင်းစီးသူရဲတွေ မကြာခင်မှာပဲ ရောက်လာနိုင်တယ်ဆိုပြီး အပူတပြင်းပြန်ဆုတ်ကြဖို့ ပြင်ဆင်လိုက်ကြတာ မင်းသမီးလေးရဲ့ရုပ်အလောင်းကိုလည်း ကောင်းမွန်စွာသင်္ဂြိုဟ်ဖို့ အချိန်က မရတော့ဘူး။ ပြီးတော့ မင်းသမီးလေး

www.burmeseclassic.com



ရဲ့ ပုံတူရုပ်တုတော်ကို ရွှေစင်သွန်းလောင်းဖို့ဆိုတဲ့ အကြံတွေဟာ ပျက်ပြားကုန်တယ်။

ဒါကြောင့် မဟာရာဇာစော်ဘွားလေးဟာ သူ့ရဲ့ပညာရှိအမတ်တစ်ယောက်၊ ရွှေစင်သွန်းလောင်းတဲ့နေရာမှာ အကြံပေးနိုင်တဲ့ အမတ်တစ်ယောက်၊ ရွှေစင်သွန်းလောင်းတဲ့ပညာကို တတ်ကျွမ်းတဲ့ ပန်းတည်းပညာရှင်နှစ်ယောက်နဲ့ နောက်တစ်ယောက်၊ အားလုံးပေါင်း ရွှေစင်သွန်းလောင်းဖို့ လူငါးယောက်ကိုသာ ထားခဲ့ပြီး သူတို့က အနောက်မြောက်လမ်းကြောင်းအတိုင်း ပြန်လည်ဆုတ်ခွာသွားကြတယ်။

အဲဒီမင်းချင်းငါးယောက်ကလည်း ဒီမင်းသမီးလေးရဲ့ ပုံတော်ကို ရွှေစင်သွန်းလောင်းဖို့ ပြင်ကြဆင်ကြပေမယ့် အရှေ့ဘက်တစ်လွှားက မွန်ဂိုတွေရဲ့ရန်က အတော့်ကိုနီးကပ်လာကြပြီ။ ဒါကြောင့် သူတို့ဟာ အချိန်မမီနိုင်တော့တဲ့ ဒီအလုပ်ကို ဆက်လုပ်ဖို့ လက်လျှော့လိုက်ရတယ်။ ဒီရွှေတွေနဲ့ ဒီမင်းသမီးလေးရဲ့ အလောင်းကို သင့်တော်တဲ့နေရာတစ်ခုမှာ မြှုပ်နှံဖို့ စီမံခဲ့ရတယ်။

အဲဒီလို မင်းသမီးလေးရဲ့ဂူကို ဆင်တူယိုးမှားပြုလုပ်ကြပြီး ကိုးနေရာမှာ မြှုပ်နှံထားခဲ့ကြတယ်။ ဒါက ဒီရွှေတွေရှိတဲ့ဂူကို မသမာသူတွေရဲ့လက်ထဲကို အလွယ်တကူမရောက်နိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ မြှုပ်ခဲ့ကြတာပဲ။

အဲဒီဂူတွေရဲ့အကွာအဝေးဟာ ကိုးမိုင်ရှိတယ်။ ဂူကိုးလုံးရဲ့ အကွာအဝေးဟာ မိုင်ပေါင်း ၈၁ မိုင် အကျယ်အဝန်းရှိတယ်။ အဲဒီမိုင်ပေါင်း ၈၁ မိုင်ကို ပေါင်းလိုက်ရင် ၉ ဂဏန်းပဲ အဖြေရတယ်။ ဒါဟာ ပညာရှိကြီးတွေရဲ့ လျှို့ဝှက်ချက်ထားခဲ့တဲ့ လုပ်ရပ်တွေပဲ။

အဲဒီ ၈၁ မိုင်အကျယ်အဝန်းမှာ ရွှေတွေနဲ့အတူ မြှုပ်နှံထားတဲ့ မင်းသမီးလေးရဲ့ဂူတစ်ခု ရှိနေတယ်။

အဲဒီလျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်ရင်တော့ ရတနာတွေရှိတဲ့ဂူကို တွေ့ရမှာပဲ။ မင်းသမီးလေးရှိနေတဲ့ဂူကို လျှို့ဝှက်တအမှတ်အသားတွေနဲ့ ရေးထားတယ်။ အဲဒါကို ဖော်နိုင်မှ အဲဒီဂူကို ဖွင့်လို့ရမှာ။

ပြီးတော့ မင်းသမီးလေးရဲ့ဂူ ဘယ်မှာရှိတယ်ဆိုတာကို ဆိတ်သားရေချပ်ပေါ်မှာ ရေးဆွဲထားပြီး အဲဒီနှစ်ပိုင်းကို ပညာရှိအမတ်ကြီးကတစ်ပိုင်း၊ အကြံပေးတဲ့အမတ်ကြီးကတစ်ပိုင်း နှစ်ပိုင်းပိုင်းပြီး ခွဲယူထားကြတယ်။

နောင်. . အခြေအနေကောင်းလို့ ဒီဂူဆီကို ပြန်လာကြမယ်ဆိုရင် တစ်ယောက်နဲ့တစ်ယောက် အလွယ်တကူသိနိုင်ကြအောင် အပေါ်ဖြူ အောက်အဖြူနဲ့ ဝတ်ဆင်ပြီးလာကြရမယ်ဆိုတဲ့ သဘောတူညီချက်တွေလည်း ပါတယ်။

သူတို့ငါးယောက်ဟာ အဲဒီလို မင်းသမီးလေးရဲ့အလောင်းကို မြှုပ်နှံပြီးတဲ့ညမှာ သူတို့ငါးယောက်လုံးကို မင်းသမီးလေးက




ပိသုကာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ပေးသလို သူဟာမသေသေးတဲ့အကြောင်းတွေကို လာ
ပြောပြသွားတယ်။

ဒါပေမဲ့ သူတို့ဟာ ဒီဂူကို ပြန်ဖွင့်ဖို့ ဘယ်လိုမှ အချိန်မရ
တော့ဘဲ မွန်ဂိုတွေရဲ့လက်ကလွတ်အောင် အသက်လုပြီး ထွက်
ပြေးသွားခဲ့ကြရတယ်။

သူတို့ဟာ သူတို့ဘုရင်ထွက်ခွာသွားတဲ့နောက်ကို လိုက်
သွားခဲ့ကြတယ်။ လမ်းမှာ နှစ်ယောက်က ကျားဆွဲလို့ သေခဲ့
တယ်။ ကျန်သုံးယောက်ကလည်း တစ်ယောက်က တောထဲမှာ
ဖျားပြီး ကျန်ရစ်ခဲ့တယ်။

နောက်ဆုံးတော့ ကျန်တဲ့နှစ်ယောက်ကလည်း တောထဲ
မှာ မျက်စိလည်ပြီး လူစုကွဲသွားကြပြန်တယ်။ အဲဒီနှစ်ယောက်ထဲ
က တစ်ယောက်က အိန္ဒိယပြည်ဘက် ပြန်ရောက်သွားပြီး တစ်
ယောက်ကတော့ တိဘက်ပြည်ဘက်ကို ရောက်သွားတယ်။

ဒီအဖြစ်အပျက်တွေက နှစ်ပေါင်းများစွာကြာခဲ့ပါပြီ၊
ဒါပေမဲ့ အဲဒီအကြောင်းတွေကိုသိတဲ့ မျိုးဆက်သစ်တွေက ဒီရွှေ
တွေရှိနေတဲ့ဂူကို ပြန်ရှာနေကြတယ်ဆိုတာလောက်တော့ သိ
တယ်။ တချို့ကလည်းတစ်ဆင့်စကား တစ်ဆင့်နားနဲ့ ရှာဖွေနေ
ကြတဲ့လူတွေလည်း ရှိနေကြတယ်။ တစ်နည်းမဟုတ် တစ်နည်း
နည်းအမျိုးမျိုးနဲ့ပေါ့ကွာ။

ရှင်းရှင်းပြောရရင် ဒီအထဲမှာ တို့လည်းပါတယ်လို့ ပြော





ရမှာပဲ"

"ဖိုးသူတော်ကြီး. . ဒါဆိုရင် ဒီကိစ္စက လွယ်မယောင်နဲ့
ခက်တယ်နော်"

"အေး. . ဟုတ်တယ်။ လွယ်မယောင်နဲ့ ခက်တယ်။
တကယ်တော့ ရတနာဆိုတာ ဘယ်မှာလာပြီး လွယ်လွယ်လေးနဲ့
ရနိုင်ပါ့မလဲကွာ။ ခက်ခဲနက်နဲတဲ့နေရာမှာသာ ရတနာဆိုတာ
ရှိနေတတ်လို့ ရတနာဆိုတာ တန်ဖိုးကြီးမြင့်နေရတာပေါ့။
ကျောက်ခဲလို လွယ်လွယ်ရနိုင်တဲ့အရာဆိုရင် ဘယ်မှာတန်ဖိုးရှိ
တော့မှာလဲ"

"အင်း. . ဒါလည်း ဟုတ်တာပဲနော်။ ဒါဆိုရင် ကျုပ်
တို့က ဒီရတနာဂူကိုရဖို့ဆိုတာ ဒီမြေပုံညွှန်းပါတဲ့ ဆိတ်သားရေ
ချပ်ကို ရဖို့တော့ လိုအပ်တယ်"

"မှန်တာပေါ့ကွာ"

ကျွန်ုပ်နှင့် ဖိုးသူတော်ကြီးသည်မည်သည့်စကားမှ ဆက်
လက်မပြောကြတော့ဘဲ တိတ်ဆိတ်ငြိမ်သက်စွာနှင့် အတွေး
ယဉ်ချဲ့နေမိတော့သည်။

ကျွန်ုပ်၏ဘဝသည် တကယ်ပင် ရွှေများနှင့်ဆက်နွယ်
နေခဲ့သည်။ ဦးကျင်ဝှက်တို့ကလည်း ကျွန်ုပ်ထံမှ ရွှေဖြစ်အင်္ဂါရတ်
အတတ်ကို ရမည်ဟု ထင်ခဲ့ကြသည်။ တကယ်လည်း ရွှေဖြစ်
အင်္ဂါရတ်အတတ်များကို လေ့လာဆည်းပူးခဲ့ရ၏။ ယခုလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီးရှေ့နောက် လိုက်ရဦးမည်လား။

"မောင်ဘဂျမ်း"

"ဗျာ"

"သြော်. . ငြိမ်နေလို့ မင်းအိပ်ပျော်သွားပြီလို့ အောက်

မေ့နေတာ"

"ဟုတ်တယ် ဖိုးသူတော်ကြီးရယ်။ အိပ်ဖို့ စဉ်းစားနေတ

ပဲ။ ဒါဖြင့် ဖိုးသူတော်ပြောတဲ့မင်းသမီးလေးဟာ တကယ်မသေ

ပေါ့နော်။ ဒါဆိုရင် သူ့ဘဝလေးက အတော့်ကို သနားဖို့ကော

တာပေါ့"

"အေး. . အေး. . ဟုတ်တယ်။ ခုတော့လည်း

တကယ်သေသွားရပါပြီ"

"သြော်. ."

"ဒါပေမဲ့ သူ့ဝိညာဉ်တွေက ရှင်သန်ထမြောက်နေသေ

တယ်ဆိုတာ သချိုင်းကိုးခု၊ ကိုးသချိုင်းမှာ သီချင်းဆိုသံတွေ

အတူ တွေ့နေရတယ်"

ထိုညက ကျွန်ုပ်သည် မဟာရာတနီမင်းသမီးလေး

အိပ်မက်ထဲမှာ အကြိမ်ပေါင်းများစွာ ဆုံစည်းခွင့်ရခဲ့လေတော့

အိမ်မက်ထဲတွင် မဟာရာတနီမင်းသမီးလေးနှင့်

စည်းရသော်လည်း နီးနီးကပ်ကပ်၊ ပြတ်ပြတ်သားသားတော့

ခဲ့ပါချေ။

မင်းသမီးလေးက ရှေ့မှသွား၍ ကျွန်ုပ်က နောက်မှ

းမောလိုက်ကြည့်ရသည်သာဖြစ်၏။

မင်းသမီးလေးသည် အဖြူရောင်ဝတ်ရုံကို လွှမ်းခြုံလျက်

လထဲမှာလွင့်မျောသွားရင်း သချိုင်းဂူများစွာကို ဖြတ်ကျော်သွား

လေ၏။

ကျွန်ုပ်သည်လည်း လေထဲမှာလွင့်မျောရင်း သူ့မနောက်

ို့ လိုက်ကြည့်နေမိ၏။ မင်းသမီးလေးသည် ကျွန်ုပ်အားလှည့်

ကြည့်လှည့်ကြည့်ဖြင့် လွင့်မျောသွားရင်း တောအုပ်များကိုလည်း

တ်ကျော်၍ သချိုင်းဂူများစွာကိုလည်း ဖြတ်ကျော်ခဲ့လေ၏။

တစ်ခုသောတောအုပ်အလယ်တွင်တော့ မင်းသမီးလေး

ည် အရောင်များတလက်လက်ထွက်နေသည့် ဂူလိုလို ကမူမို့မို့

လးထက် ဆင်းသက်ကာ ဝင်ရောက်ပျောက်ကွယ်သွားလေ၏။

မှုန်ဝါးပျောက်ကွယ်လုနီးပါးအခြေအနေတွင် ကျွန်ုပ်

ား သမင်လည်ပြန်ကြည့်သွားသော မင်းသမီးလေး၏ မျက်ဝန်း

က်မှ မျက်လုံးအစုံသည် လင်းလက်နေဘိသကဲ့သို့ရှိ၏။

ထိုမင်းသမီးလေး၏ မျက်လုံးနှင့်မျက်နှာမျိုးကို ကျွန်ုပ်

ကောင်းစွာကျွမ်းဝင်သလို ခံစားရလေ၏။

ထိုအိပ်မက်မှ နိုးထလေသော်. . ။

❖



www.burmeseclassic.com

www.burmeseclassic.com

## <အခန်း - ၇>

## မျက်လှည့်ဆရာကိုသူတော်

ကျွန်ုပ်သည် ဖိုးသူတော်ကြီးထံ၌ တစ်ပတ်ကျော်အ
အတူနေထိုင်ခဲ့ကြပြီးနောက် ထိုအရပ်မှ နံနက်စောစောထွ
လာခဲ့လေ၏။

ထိုအရပ်သည် ကျွန်ုပ်အတွက် ရေရှည်နေထိုင်ခြင်းဖြ
အကျိုးမများနိုင်သည်ကို တွက်ဆမိလိုက်သည်။

မပြီးဆုံးသေးသော ကျွန်ုပ်၏တာဝန်များသည် ကျွန်ုပ်
ပခုံးထက်၌ ကျန်ရှိနေသေးသည်။ ရှာ၍မတွေ့နိုင်သေးသ
ကိုဘသိုက်၏သတင်းအစအနကို ရနိုင်မည့်နေရာအသီးသီးတို့
သင်္ဘောတစ်တန်၊ ကားတစ်တန်၊ ရထားတစ်တန်ဖြင့် လှည့်လ





စမ်းရှာဖွေ နေခဲ့သည်မှာ ရက်ပေါင်းများစွာ ကြာခဲ့ပြီ။

ယနေ့တိုင် ကိုဘသိုက်၏ သတင်းအစအနတို့ကို မရနိုင်
သေးသော်လည်း ကိုးသချိုင်းမှ မဟာရာတနီမင်းသမီးလေး၏
သတင်းကိုတော့ ဟိုတစ်စဒီတစ်စဆိုသလို ရလာခဲ့သည်။

ကျွန်ုပ်၏စိတ်ကူးထဲတွင်လည်း ကျွန်ုပ်ရှာနေသည့် ကို
ဘသိုက်နှင့် ထိုမဟာရာတနီမင်းသမီးလေး၏ ရတနာအုတ်ဂူ
သည် ဆက်စပ်၍များရှိနေသလားဆိုသည့် အတွေးများသည်
တစ်ခါတစ်ရံ ခေါင်းထဲသို့ ရောက်ရောက်လာသည်။

ကိုဘထိုက် တစ်ခါက ထောင်ထဲတွင်ပြောပြခဲ့သည့် သူ
ညီအစ်ကိုနှစ်ယောက် သွားရောက်တူးဖော်ခဲ့သည့် သချိုင်း
စ်ခုထဲမှဂူသည် မဟာရာတနီမင်းသမီးလေး၏ဂူများ ဖြစ်နေ
ရာသလားဆိုသည်ကို ကျွန်ုပ်တွေးနေမိသည်။

ထိုအတွေးများနှင့်အတူ ကျွန်ုပ်သည် စီးလာသည့်ကား
ပေါ်၌ပင် အိပ်ပျော်သွားလေတော့၏။

ထိုကား ခရီးဆုံးသွားသည့်တိုင် ကျွန်ုပ်သည် ကားပေါ်၌
အိပ်၍ကောင်းနေတုန်းဖြစ်သည်။ ကားပေါ်ပါခရီးသည်အားလုံး
ကားပေါ်မှ ဆင်းသွားကြသည်။ ကျွန်ုပ်တစ်ယောက်တည်း ကား
ပေါ်၌ကျန်နေခဲ့သည်ကို ဘယ်သူမှမသိကြ။

ခရီးသည်များ ကားပေါ်မှကုန်သွားသည့်အခါကျမှသာ
ကားဒရိုင်ဘာနှင့် စပယ်ရာလုပ်သူတို့သည် တစ်နေရာမှ ကားဆီ



www.burmeseclassic.com

www.burmeseclassic.com



သို့ ပြန်ရောက်လာကြသည်။

ထိုအခါကျမှ ကျွန်ုပ်တစ်ယောက်တည်း ကားပေါ်မှ အိပ်ပျော်နေသည်ကို လှမ်းတွေ့သွားကြ၏။

ကားပေါ်သို့ စပယ်ယာလူငယ်သည် တက်လာပြီး . .

"ဟာ. . ဒီပုဂ္ဂိုလ်တော်တော်အိပ်ရေးပျက်လာတယ် တူတယ်။ စိတ်ချလက်ချအိပ်နေတာများ သူ့စိတ်ထဲ သူ့ယောက္ခ အိမ်မှာ အိပ်နေတယ်လို့ ထင်နေသလားမသိဘူး"

ဟုရေရွတ်ကာ လှုပ်နှိုးလေ၏။

"ဗျို့. . ဆရာ. . ဘယ်လိုလဲဗျ။ ထတော့လေ. . ။ ကား ပေါ် ဘယ်သူမှမရှိကြတော့ဘူး။ ခင်ဗျားတစ်ယောက်တည်း ကျ နေပြီလေ"

ကျွန်ုပ်သည် စပယ်ယာ၏အသံကြားမှ အိပ်ပျော်နေရာ နိုးသွားသည်။ မှုန်ဝါးဝါးဖြစ်နေသည့် မျက်လုံးနှစ်စုံကို ပွတ်သ ကြည့်လိုက်သည်။

ကားပေါ်၌ ခရီးသည်တစ်ယောက်မှ မကျန်တော့ ကျွန်ုပ်တစ်ယောက်တည်းရှိနေသည်ကို သတိပြုမိလိုက်၏။

"ထတော့လေဗျာ"

စပယ်ယာ၏ ဒုတိယမြောက်အသံကို ထပ်ကြားလိုက် ကျွန်ုပ်သည် ကားပေါ်မှဆင်းရန် ဟန်ပြင်လိုက်သည်။

"ဆောရီးပဲဂါ့ညီရာ. . ။ အစ်ကိုအရမ်းအိပ်ပျော်သွ တယ်။ ကျေးဇူးပဲကွာ။ မင်းတို့ကားပေါ်မှာ ခုလိုနှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခွင့်ရတာ ကျေးဇူးတင်ပါတယ်"

ကျွန်ုပ်သည် ကားစပယ်ယာလေးကို လက်ပြနှုတ်ဆက်ပြီး ကျောခိုင်းထွက်လာခဲ့သည်။

"အစ်ကိုရေ. . နောက်တစ်ခေါက် ကောင်းကောင်းအိပ် ချင်တယ်ဆိုရင် ကျွန်တော်တို့ကားကို လာအားပေးဦး"

ကားစပယ်ယာလေး၏ အော်ဟစ်ပြောနေသည့် အသံ လေးသည် ကျွန်ုပ်၏နောက်ကျောဌ် ကျန်ရစ်နေခဲ့သည်။

ကျွန်ုပ်သည် ထိုမြို့ရှိ ဈေးရှိရာအရပ်သို့ ဦးတည်သွား လိုက်သည်။ ထိုဈေး၌ ရွှေဝယ်သည့်ဆိုင်တစ်ဆိုင်ရှာကာ ကျွန်ုပ် ၏လွယ်အိတ်အတွင်းရှိ လက်ကောက်သုံးကွင်းမှ တစ်ကွင်းကို ထုတ်ရောင်းလိုက်သည်။ နဂိုက မရောင်းဘဲနေရန် စိတ်ကူးထား သော်လည်း အခြေအနေအရ ရောင်းရလေတော့သည်။

ပိန်ရှုံ့နေသော ကျွန်ုပ်၏အိတ်ကပ်သည် တစ်ခဏချင်း ဖိန်၍ဖောင်းလာ၏။ ထိုငွေနှင့် ကျွန်ုပ်၏ရှေ့ခရီးအတွက် စား ရိတ်၊ သွားစရိတ်များသည် ပြန်၍အသက်ဝင်လာသည်။

ကျွန်ုပ်သည် ရောင်းရငွေများကို သေသေချာချာပင် ရေ တွက်မနေတော့ဘဲ ထိုနေရာမှ ခပ်သွက်သွက်ကလေး ပြန်ထွက် လာခဲ့သည်။

ကျွန်ုပ် ထိုဈေးသို့လာခဲ့စဉ်က လမ်းတွင်တွေ့ခဲ့ရသော



www.burmeseclassic.com

www.burmeseclassic.com



ထမင်းဆိုင်လေးရှိရာသို့ နောက်ကြောင်းပြန်လျှောက်ခဲ့ပြီး ထို
ထမင်းဆိုင်၌ပင် ဆာလောင်မွတ်သိပ်နေသည့်ဝမ်းဗိုက်ကို ဖြည့်
တင်းရန် ဝင်လိုက်၏။

ထမင်းဆိုင်လေးသည် အဝေးပြေးကားလမ်းမကြီးတစ်
၏ နံဘေး၌ ရောင်းချနေသော ဆိုင်ကလေးဖြစ်သည်။

ထိုဆိုင်၌ ကျွန်ုပ်တို့အရပ်ဒေသ ထမင်းဆိုင်များ၌ မ
တတ်သော တောကောင်သားဟင်းလျာများနှင့် ချက်ပြုတ်ရောင်း
ချသောဆိုင်ဖြစ်သည်။

ဟင်းလျာများမှာလည်း တကယ့်တောထွက်တောကော
သားများဖြစ်သည့် ငှက်သား၊ ယုန်သား၊ ချေသား၊ တောဝက်
တောကြောင်ဟင်းများအပြင် ပုတတ်သားဟင်းချိုနှင့် ရှားရှားပါ
ပါးရောင်းချသောဆိုင်ဖြစ်သည်။

ကျွန်ုပ်သည် ယုန်သားနှင့် တောကြောင်သားဟင်းများ
ကို မှာယူကာ မြိန်ရေရှက်ရေနှင့် ငတ်မွတ်နေသော ဝမ်းဗိုက်ကို
ဖြည့်တင်းလိုက်သည်။ စားသောက်ပြီး ရှေ့ဆက်သွားရမည့် ကျွန်ုပ်
၏ ခရီးစဉ်ကို စဉ်းစားရန် ရှေ့မှပြေးလွှားသွားလာနေသော ယာဉ်
များ၊ လူအသွားအလာများကို ငေးမောကြည့်နေသည်။

ကျွန်ုပ်သည် လမ်းမပေါ်မှ ယာဉ်များ၊ လူသွားလူလာများ
ကို ကြည့်နေစဉ် ထမင်းဆိုင်နှင့်မလှမ်းမကမ်းနေရာရှိ ကြီးမား
သောကုက္ကိုပင်ကြီးတစ်ပင်အောက်တွင် လူအုပ်စုတစ်စု ဝိုင်းအုံ





ကြည့်နေသည်ကို လှမ်းမြင်တွေ့နေရသည်။

ကျွန်ုပ်သည် ထိုလူအုပ်စု စုဝေးရာနေရာသို့ သွားရောက်
ရန် ထမင်းဆိုင်အတွင်းမှ ထွက်လာခဲ့မိလေ၏။

ကျွန်ုပ်သည် ထိုလူအုပ်စုအနီးသို့ရောက်သွားလျှင် ဝိုင်း
အုံကြည့်နေသောနေရာကို လူအုပ်စုနောက်မှ တိုးဝှေ့၍ ကြည့်
လိုက်လေ၏။

အလယ်ကောင်တွင် စည်းဝိုင်းကြီးတစ်ခုကို မြေပြင်ပေါ်
၌ ရေးခြစ်တားဆီးထားပြီး ထိုအလယ်၌ ကုလားလူမျိုးမျက်လှည့်
ဆရာတစ်ယောက်သည် လင်းကွင်းမပါ၊ ဗာင်မပါဘဲ မျက်လှည့်
ပြလျက်ရှိလေ၏။

ထိုကုလားမျက်လှည့်ဆရာသည် ကျွန်ုပ်တွေ့ဖူးခဲ့သော
မျက်လှည့်ဆရာများနှင့် မတူ။ လည်ပင်း၌ ကြီးမားသောပုတီးကြီး
တစ်ကုံးကို ချိတ်ဆွဲထားပေသည်။

အခြားမျက်လှည့်ဆရာများကဲ့သို့ ဗာင်သံ၊ လင်းကွင်းသံ
တို့ကို တီးခတ်အသံမပေးဘဲ သူ့လက်ထဲမှာကိုင်ထားသည့် ကြေး
စည်လေးကို တနောင်နောင်ထုကာ ဆန်းကြယ်သောမျက်လှည့်
ပြကွက်များကို တစ်ခုပြီးတစ်ခု စိတ်ဝင်စားအောင် ပြနေ၏။

ပရိသတ်များမှာလည်း ထိုင်သူ၊ ထသူများနှင့် မျက်လှည့်
ဝိုင်းကို ဝိုင်းပြုံအားပေးနေကြသည်။

စည်းဝိုင်းအတွင်းမှ ကုလားမျက်လှည့်ဆရာကြီးသည်



www.burmeseclassic.com

www.burmeseclassic.com



အပေါ်အကျီအဖြူ၊ အောက်ပိုင်း၌ နံ့ငယ်ပိုင်းခေါ် ဒိုတီအဖြူကို ဝတ်ဆင်ထားပြီး နှုတ်မှလည်း တစ်ခါတစ်ရံ ကုလားလို၊ တစ်ခါတစ်ရံ မြန်မာစကားမပီမသနှင့် စိတ်ဝင်စားဖွယ်ရာ ထူးဆန်းသော ပြကွက်များကို တစ်ခုပြီးတစ်ခု မငြီးငွေ့အောင် ပြသသွားလေ၏။

၎င်း၏ပြကွက်များမှာ အလွန်ထူးဆန်းသောပြကွက်များကို ပြသနေသည်ဖြစ်ရကား တစ်ခါတစ်ရံ တိတ်ဆိတ်နေသော ပရိသတ်သည် 'ဟာ' ခနဲ 'ဟင်' ခနဲဆိုသည့်အသံများကို ပရိသတ်အတွင်းမှ ကြားနေရသည်။

ကျွန်ုပ်ရောက်သွားစဉ် ကျွန်ုပ်မြင်တွေ့လိုက်ရသော ပြကွက်မှာ မျက်လှည့်ဆရာကြီး၏ လက်ဝါးကြီးကို ပရိသတ်အား မှောက်ချည်လှန်ချည်ဖြင့် မြင်သာအောင်ပြနေပြီး လက်ဝါးအတွင်း ဘာမှမရှိကြောင်း လက်ကိုခါပြနေသည်။

ပရိသတ်အတွင်းမှ တစ်ယောက်ချင်းကို ၎င်းတို့လိုချင်သည့်အရာများကို လေထဲမှာ ၎င်း၏လက်ကို ဝှေ့ယမ်းဆွဲယူကာဖြင့် ပရိသတ်ရှေ့ကို ဖွင့်ပြလိုက်သည်။

ထိုအရာသည် ပရိသတ်အတွင်းမှ လိုချင်နေသည့်အရာ တစ်ခုခု ဖြစ်နေလေတော့၏။

ကျွန်ုပ်သည် ထိုပြကွက်ကို အကြိုက်ဆုံးဖြစ်သလို မျက်လှည့်ဆရာကြီးကလည်း ထိုပြကွက်မျိုး ဆယ်မျိုးလောက်ကို ပရိသတ် အကြိုက်ရှင်းရှင်းလင်းလင်းပြသသွားနိုင်ခဲ့သည်။





ထိုနည်းတူ စည်းဝိုင်းအတွင်း မှောက်ထားသော ဖာတောင်းလေးအတွင်းသို့ ပရိသတ်များတောင်းဆိုသည့်အရာများကို တစ်ခုပြီးတစ်ခု နှိုက်ယူကာ ပရိသတ်ဘက်သို့ ပစ်ပေးလျက်ရှိလေ၏။

ထိုသို့ ပရိသတ်စိတ်ကြိုက် တောင်းဆိုသည့်ပစ္စည်းများကို ငါးကြိမ်ခန့် ထိုဖာတောင်းအတွင်းမှနှိုက်ယူကာ ထုတ်ပေးလိုက်၏။

ပရိတ်သတ်သည် မျက်လှည့်ဆရာကြီး၏ ပြကွက်များကို နှစ်ခြိုက်သဘောကျကြသဖြင့် စည်းဝိုင်းအတွင်း ဖြန့်ခင်းထားသော တစ်တောင်ခန့်ရှိပိတ်ဖြူစလေးပေါ်သို့ ငွေအကြွေစေ့များကို ပစ်ပေးနေကြသည်။

ထိုပြကွက်သည် မျက်လှည့်ဆရာကြီး၏ နောက်ဆုံးပြကွက်ဖြစ်သဖြင့် သူ၏အတိုအထွာပစ္စည်းများနှင့် ငွေအကြွေစေ့များကို ကောက်ယူသိမ်းနေသည်။

ပြကွက်များပြီးဆုံးနေပြီဖြစ်သော်လည်း ပရိသတ်မှာ မပြန်နိုင်ဖြစ်နေကြသေးသည်။

ထိုအချိန်တွင် ပရိသတ်အတွင်းမှ လူငယ်တစ်ယောက်သည် မျက်လှည့်ဆရာကြီးအား ရွှတ်နောက်လိုသည့်ဟန်နှင့် . .

"ဆရာကြီးရဲ့ဖာတောင်းထဲက မြွေအရှင်ရော ထုတ်ပြရင် ရနိုင်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



ကုလားမျက်လှည့်ဆရာကြီးသည် ထိုလူငယ်အား စေ့စေ့ကြည့်ကာ သူ၏ခေါင်းကို တဆတ်ဆတ်ညိတ်ပြလိုက်၏။

ကုလားမျက်လှည့်ဆရာကြီးသည် သူ့လွယ်အိတ်အတွင်းမှ ကြေးစည်လေးကို တနောင်နောင်ဖြင့် ထုလိုက်သည်။

တချို့ ပြန်ရန်ဟန်ပြင်နေသောပရိသတ်သည် မျက်လှည့်ဆရာကြီး၏ ကြေးစည်သံကြောင့် မျက်လှည့်ဝိုင်းကို ပြန်လည်ငဲ့စောင်းကြည့်နေကြသလို ဟချို့က ထိုင်ရာမှ မထနိုင်ကြသေးချေ။

ကုလားမျက်လှည့်ဆရာကြီးသည် ကြေးစည်ကလေးကို တနောင်နောင်ထုပြီးနောက် လွယ်အိတ်အတွင်း ပြန်ထည့်ထားလိုက်သည်။

စောစောကလူငယ်လေးသည် မျက်လှည့်ဆရာကြီး၏ လုပ်ဆောင်ချက်များကို မမှိတ်မသုန် စိုက်ကြည့်လျက်ရှိလေ၏။

ကုလားမျက်လှည့်ဆရာကြီးသည် ကောင်းကင်ကိုမော့ကြည့်နေပြီး ဘာသာခြားအသံဖြင့် တစ်စုံတစ်ရာကို ရွတ်ဖတ်နေလေ၏။

မကြာခင် သူ၏လက်တစ်ဖက်ကို လေထဲ၌ ဝှေ့ယမ်းလိုက်ပြီး လေထဲမှ တစ်စုံတစ်ခုကို လှမ်းဆွဲယူလိုက်သည်။

မျက်လှည့်ဆရာကြီး၏ညာဘက်လက်ထဲတွင် လက်သန်းလုံးခန့် မြွေတစ်ကောင်သည် လက်တစ်ဖက်ကို ရစ်ပတ်ကာ ပါလာလေ၏။





မျက်လှည့်ဆရာကြီးသည် မပြန်နိုင်သေးသော ပရိသတ်ဘက်ကို သူ့လက်၌ရစ်ပတ်နေသောမြွေကို ထောင်ပြလိုက်၏။ ပရိသတ်အားလုံး တအံ့တသြငေးကြည့်နေကြစဉ် စောစောကတောင်းဆိုသော လူငယ်လေးထံသို့ ထိုမြွေကို ပစ်ပေးလိုက်၏။

မြွေလေးသည် လေထဲ၌ တလန်းလန်းတွန့်လိမ်ကာ လူငယ်လေး၏ရင်ခွင်အတွင်းသို့ ကျသွားလေ၏။

လူငယ်လေးသည် ထိုမြွေကို ကြောင်၍ကြည့်နေပြီး ရုတ်တရက် ပုတ်ချကာ ငယ်သံပါအောင်အော်၍ ထွက်ပြေးသွားလေတော့သည်။

ထိုအခါမှ မပြန်နိုင်သေးသော ပရိသတ်အချို့သည်လည်း အလဲလဲအပြိုပြိုနှင့် ကြောက်လန့်တကြား အလုအယက်ထွက်ပြေးကုန်ကြတော့၏။

ကျွန်ုပ်သည် ထိုအဖြစ်အပျက်ကို ရပ်ကြည့်နေစဉ် စောစောကလူငယ်လေးပုတ်ချခဲ့သည့်မြွေမှာ သစ်ကိုင်းခြောက်တစ်ခုဖြစ်နေသည်ကို ထူးဆန်းစွာတွေ့လိုက်ရသဖြင့် မျက်လှည့်ဆရာကြီး၏ ပညာများကို တလေးတစားဖြစ်ကာ ဆက်၍ရပ်ကြည့်နေမိ၏။ စက္ကူချပ်လေးမှ ကြက်တူရွေးရုပ်ဖြစ်စေခဲ့သော တရုတ်ကြီးဦးချာလီ၏ ပဉ္စလက်အတတ်ကိုလည်း ပြန်၍သတိရမိလေ၏။

ကျွန်ုပ်ကြည့်နေစဉ်ခဏမှာ မျက်လှည့်ဆရာကြီးသည် ကြေးစည်ကလေးကို တနောင်နောင်ဖြင့် အသံပေးကာ ထွက်ခွာ

www.burmeseclassic.com



သွားလေတော့သည်။

ကျွန်ုပ်လည်း ရှေ့ဆက်သွားရန် မည်သည့်အရပ်သို့ ဦး တည်ရမှန်းမသိ၊ စဉ်းစား၍မရဖြစ်နေစဉ် ထိုမျက်လှည့်ဆရာ သူတော်ကြီး၏ မလှမ်းမကမ်း နောက်မှ လိုက်ပါသွားခဲ့သည်။

မျက်လှည့်ဆရာ သူတော်ကြီးသည် ရှေ့မှ ကြေးစည် လေးကို တနောင်နောင်အသံပေးကာ တစ်လမ်းဝင်တစ်လမ်း ထွက်ဖြင့် သွားနေသည်။

လမ်း၌ အချို့လူများသည် ငွေအကြွေစေ့များကို လှူဒါန်း သွားကြသည်ကိုလည်း တွေ့ရသည်။ ကျွန်ုပ်လည်း မျက်လှည့် ဆရာကြီး၏နောက် မလှမ်းမကမ်းမှ လိုက်ပါသွားနေစဉ် မျက် လှည့်ဆရာကြီးသည် မြို့၏အစွန် ရိုးပြတ်ကွင်းများဘက်သို့ ထွက် သွားလေ၏။

ထိုမှ မလှမ်းမကမ်း အဝေးတွင်ရှိနေသော သင်္ချိုင်းတစ်ခု အတွင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ဝင်သွားတော့၏။

ကျွန်ုပ်လည်း အသာအယာ နောက်မှလိုက်ပါသွားခဲ့ပြီး မျက်လှည့်ဆရာသူတော်ကြီး တက်ရောက်သွားသည့် ဇရပ်တစ်ခု ပေါ်သို့ တက်လိုက်သွားခဲ့၏။

မျက်လှည့်ဆရာသူတော်ကြီးသည် ကျွန်ုပ်အား နောက် သို့ တစ်ချက်မှလှည့်မကြည့်ဘဲ အန္ဒိယသံဝဲဝဲနှင့်. .

“သြော်. . ချွတ်ကရားရောက်လာပြီကိုး”





ဟု ဆိုသည့် အသံကြောင့် မျက်လှည့်ဆရာသူတော်ကြီး ၏ မနီးမဝေးနေရာမှ ထိုင်ရမလို၊ ထရမလိုရှိနေစဉ် ကျွန်ုပ်ဘက် သို့ မျက်နှာမူလိုက်ပြီး. .

“ချွတ်ကရား. . ဘိုက်ထိုး. . ဘိုက်ထိုး”

ဟု ကျွန်ုပ်အား ဇရပ်ပေါ်တွင် ထိုင်ရန်ပြောနေတော့၏။

ကျွန်ုပ်လည်း ခေါင်းညိတ်ပြလိုက်ပြီး မျက်လှည့်ဆရာ သူတော်ကြီး၏ မနီးမဝေးနားတွင် သွားရောက်ထိုင်လိုက်သည်။

မျက်လှည့်ဆရာသူတော်ကြီးသည် ကျွန်ုပ်အား စေ့စေ့ ကြည့်ကာ. .

“ချွတ်ကရား. . ကျုပ်လုပ်ပြခဲ့တဲ့ ပညာတွေကို အံ့သြ နေတယ်မဟုတ်လား”

ဟု မေးလေရာ ကျွန်ုပ်ခေါင်းညိတ်ပြလိုက်၏။

“ဒါတွေဟာ မျက်စိကိုလှည့်စားတဲ့ ပညာရပ်တွေပါ။ ဒီပညာတွေဟာ ဟိုးရှေးအခါကတည်းက အိန္ဒိယနိုင်ငံမှာရှိခဲ့တဲ့ ရှေးဟောင်းပညာရပ်တွေထဲမှာ ပါတယ်”

ကျွန်ုပ်သည် အိန္ဒိယသူတော်ကြီးပြောနေသည့်စကား များကို စိတ်ဝင်စားစွာနားထောင်နေရာမှ. .

“အဲဒါ. . သင်ယူရင် ရသလား”

ဟု ကျွန်ုပ်က ဘာမှမသိသလို၊ မတတ်သလိုမေးရာ အိန္ဒိယသူတော်ကြီးက ခေါင်းညိတ်ပြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခုက သင်လို့မရဘူး။ လေ့ကျင့်ယူရတဲ့ပညာ
အဲဒါ ချွတ်ကရားတို့ မြန်မာတွေမှာ ရက္ခစိုးမှော်ပညာဆိုတာမျိုး
ဆင်ဆင်တူမယ်။ ဒီပညာကို လူနဲ့ဝေးလေ အတတ်မြန်တယ်
အရမြန်တယ်။ ဒါကို တောတောင်တွေထဲမှာ ကျင့်ယူရတယ်
ခုလို သချိုင်းတွေထဲမှာ ကျင့်ယူရတယ်။ ဒါက ခက်တယ်။ လေ့ကျင့်
ယူရတယ်ဆိုပေမယ့် စိတ်ကိုနိုင်အောင် ကျင့်ယူရတယ်။ စိတ်ကို
နိုင်ရင် စိတ်ကိုခိုင်းလို့ရတယ်။ စိတ်ကို မနိုင်ရင် ရူးတတ်တယ်
ဒါကို အဆင့်မြင့်ပညာလို့ပြောရင်လည်း ရတယ်"

အိန္ဒိယသူတော်ကြီးသည် သူ၏ဘေးမှ လွယ်အိတ်ကြီး
နှစ်လုံးကို ရှေ့သို့ဆွဲယူလိုက်သည်။ အိတ်တစ်အိတ်ထဲမှ သတင်း
စာစက္ကူဖြင့်ပတ်ထားသော အထုပ်တစ်ထုပ်ကို ရှေ့သို့ချပြီး ဖြေ
လိုက်သည်။

သူ့ရှေ့တွင် တစ်တောင်ပတ်လည်ခန့်ရှိ အဝတ်ဖြူလေး
တစ်ထည်ကိုလည်း ခင်းလိုက်သည်။ ထိုအဝတ်ဖြူပေါ်သို့ စော
စောက ဖြေထားသော အထုပ်ကလေးကို လှမ်းတင်လိုက်သည်။
ထိုအထုပ်လေးထဲတွင် မုန့်ချပ်များ။ နောက်ထပ်အထုပ်သေးလေး
တစ်ခုကိုလည်း ရှေးနည်းအတိုင်း ဖြေလိုက်သည်။ သကြားများ
ထုပ်ထားသည်ကို တွေ့လိုက်ရ၏။

"ရော့. . စား။ ဒါ. . ချာပါတီမုန့်။ သကြားနဲ့တို့စားရင်
ချိုတဲ့အရသာရှိတယ်၊ ပဲဟင်းနဲ့စားရင် စိမ့်တဲ့အရသာရှိတယ်၊





...အိန္ဒိယမှာ ဒီမုန့်ကိုအဆာပြေလည်းစားတယ်။ ဗိုက်ဆာလည်း
...စားတယ်"

အိန္ဒိယသူတော်ကြီးသည် သူ့ရှေ့မှလွယ်အိတ်ကြီးကို
...တ်ပြပြီး. .

"စား. . ဒီအထဲမှာ အများကြီးပါတယ်"

သူတော်ကြီးသည် မုန့်များကို အားပါးတရစားနေသဖြင့်
ကျွန်ုပ်လည်း လှမ်းယူစားလိုက်သည်။

"ချွတ်ကရား. . ဒီကို အကြံတစ်ခုနဲ့ရောက်လာတယ်။
...ါကို စုံစမ်းပြီးရင် တစ်နေရာကိုထွက်သွားဖို့ ကြံစည်နေတယ်"

သူတော်ကြီး၏စကားကြောင့် ကျွန်ုပ်၏စားနေသော မုန့်
...တစ်ဖတ်လည်း အောက်သို့ပြုတ်ကျသွား၏။

ကျွန်ုပ်သည် စားနေသောမုန့်ကို ဆက်စားရန် မေ့သွား
...း အိန္ဒိယသူတော်ကြီးကို ပါးစပ်ဟပြီး ငေးကြည့်နေမိသည်။

သူတော်ကြီးသည် ကျွန်ုပ်အား လှမ်းကြည့်ပြီး. .

"ဘာလဲ ချွတ်ကရား. . ။ သိပ်ပြီးအံ့သြနေပြီလား။ မအံ့
...သြနဲ့ဦးပြောဦးမယ်။ တို့နှစ်ယောက်ကို လူငါးစုက လာဖမ်းလိမ့်
...မယ်"

"ဗျာ"

"ဟုတ်တယ်။ တို့ကို လူတစ်စုလာဖမ်းလိမ့်မယ်။ ဒါပေမဲ့
...ကြောပါဘူး။ တို့ကို သူတို့ပြန်လွှတ်ပေးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး သူတော်ကြီး. . ။ ဒါ. . တကယ်ပဲလား"

အိန္ဒိယသူတော်ကြီးသည် ခေါင်းတစ်ချက်ညိတ်ပြလို
ပြီး ဘာမှမဖြစ်သလို ချာပါတီမုန့်များကို ဆက်စားနေသည်။

ကျွန်ုပ်သည် သူတော်ကြီး၏စကားကြောင့် မုန့်ကိုဆ
စားဖို့ရန် စိတ်မပါတော့ပေ။

"ချတ်ကရား. . ဒီအတွက် စိတ်သောကဖြစ်မနေပါ
ဒီလူတွေထဲမှာ ချတ်ကရားမိတ်ဆွေတစ်ယောက်နဲ့ တွေ့ရ
ပြန်လွှတ်ပေးပါလိမ့်မယ်"

ထိုအခါကျမှ ကျွန်ုပ်သည် မုန့်ကို ဆက်စားနိုင်၏။

မုန့်ကိုစားနေရင်း သူတော်ကြီး၏ပညာရပ်များကို နှိုးမွ
ခန်းဖွင့်ကာ ကျွန်ုပ်အားသင်ပေးနိုင်ပါက သင်ပေးရန် တောင်း
လိုက်သည်။ ထိုပညာရပ်များ၏ဆန်းကြယ်ပုံကိုလည်း အံ့ဩ
သည့်အကြောင်းကိုပါ တစ်လက်စတည်း ပြောပြလိုက်သည်

သူတော်ကြီးသည် ချာပါတီမုန့်များကို တစ်ခုပြီးတစ်
အားပါးတရစားနေရာမှ ကျွန်ုပ်အား ပြုံးစေ့စေ့ဖြင့်ကြည့်ကာ

"အင်း. . ဒီပညာရပ်တွေဟာ ရှေးဟောင်းနည်းပ
ရပ်တွေပဲ။ တချို့ တိမ်မြုပ်ပျောက်ကွယ်နေတယ်။ တချို့ပညာ
တွေဟာ ပျောက်ကွယ်လုဆဲဆဲတောင်ဖြစ်နေပြီ။ တချို့ကတေ
ကျင့်စဉ်စရဏအားတွေနဲ့ ကျင့်ယူမှ ရတဲ့ပညာရပ်တွေလည်
ရှိတယ်"

"ဒါဆိုရင် လွယ်တော့မလွယ်ဘူးနော်"

"အေးလေ. . ဘယ်ပညာမဆို လွယ်လွယ်နဲ့တတ်မြောက်
င်တဲ့ နည်းပညာဆိုတာ ဘယ်ရှိပါ့မလဲ။ ပညာရပ်တိုင်းဟာ သူ
တိုင်းအတာနဲ့သူ ခက်ခဲနက်နဲကြတာပဲ ချတ်ကရား"

"အင်း. . အင်း. . ဟုတ်မှာပါ။ ပညာရပ်တိုင်းဟာ ခက်
ကြမှာပါ။ ငါးပိဖုတ်တာတောင် ဆရာရှိမှ နည်းလမ်းကျတယ်ဆို
တဲ့စကား ရှိနေတာပဲ။ ဒါပေမဲ့ သူတော်ကြီးရယ်. . ။ ကျွန်တော့်
ကို ပြောလိုက်တဲ့စကားထဲမှာ ဘယ်ကလာတယ်၊ ဘယ်ကိုသွား
ယ်ဆိုတဲ့ ပညာရပ်လောက် သိရရင် တော်ပါပြီ"

"ဒီပညာရပ်တွေက ချတ်ကရားတို့ ရှေးမြန်မာလူမျိုး
တွေ၊ မြန်မာပညာရှိကြီးတွေ တတ်ထားကြတဲ့ပညာပဲ။ ဟိုတုန်း
ကတည်းက မြန်မာလူမျိုးတွေမှာ ရှိထားပြီးသားဖြစ်တဲ့ ရှေးဟောင်း
ညာရပ်တွေပဲ"

ထိုပညာရပ်များအကြောင်း သူတော်ကြီးအရိပ်အမြွက်
ပြောပြလေရာ ကျွန်ုပ်လည်း စိတ်ဝင်စားစွာနားထောင်နေမိ၏။

သူတော်ကြီးသည် ထိုပညာရပ်ဟို့နှင့်ပတ်သက်သည့်
အကြောင်းတို့ကို ဆက်၍ရှင်းပြနေ၏။

"ဒီပညာကို လူတွေထက် ဘုန်းကြီးတွေက ပိုပြီးလိုက်စား
လာကြတယ်။ ရှင်မုန်ယိုတို့၊ ဘားမဲ့ဆရာတော်တို့၊ ခင်ကြီးဖျော်
ဆရာတော်တို့ဟာ ဒီပညာရပ်တွေကို ထုံးလိုမွှေ၊ ရေလိုနှောက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တဲ့ ပညာရှင်တွေပဲ"

"ဟုတ်လား. . ။ အခု သူတော်ကြီးပြောပြမှသာ ဒီပ
တွေ ဒီလောက်အစွမ်းရှိမှန်း သိလာရတယ်။ သူတော်ကြီး အ
ရွတ်ပြတဲ့ နာမည်တွေကို ကြားတော့ကြားဖူးခဲ့ပါတယ်။ ဒီပ
တွေက ဒီလောက်စွမ်းဆောင်နိုင်တယ်ဆိုတာ အခုမှပဲ ထို
ထိုက်တန်တန်သိခွင့်ရတော့တယ်"

ကျွန်ုပ်၏ဘဝတစ်လျှောက်တွင် ပညာရပ်မျိုးစုံ
သင်ကြားလေ့လာခဲ့ဖူးသော်လည်း ကျွန်ုပ်၌ ပညာသင်ယူရမ
အချိန်သည် ထိုက်ထိုက်တန်တန်အချိန်ပေးပြီး ပြည့်စုံအော
သင်ယူခဲ့ရသည့်အချိန် မရှိခဲ့ပေ။

ပညာရပ်ဟူသည် သင်ယူ၍ ကုန်နိုင်ဖွယ်မရှိဟု ကျွ
သုံးသပ်နေမိသေး၏။

သူတော်ကြီး ကျွန်ုပ်၏အနီးမှ ထသွားချိန်တွင် နေသ
အနောက်ဘက်၌ ဝင်လုဝင်ဆဲအချိန်သို့ပင် ရောက်နေလေ

ကျွန်ုပ်တစ်ယောက်တည်းရှိနေချိန်တွင် မျက်တောင်
လေးလံလာသဖြင့် ငိုက်မျဉ်းစပြုလာ၏။

ဇရပ်ကြမ်းပြင်ပေါ်သို့ ခေတ္တတုံးလုံးလှဲချလိုက်သ
အချိန်တွင် ကျွန်ုပ်နှင့် လောကကြီးသည် တဒင်္ဂအဆက်အသ
ပြတ်သွားခဲ့ရလေတော့၏။ ကျွန်ုပ်အိပ်ပျော်သွားလေ၏။

ကျွန်ုပ်အိပ်ရာမှနိုးလာချိန်တွင် သချိုင်းတစ်ခုလုံးသ





မှောင်များနှင့် ပိတ်ဖုံးလျက်ရှိချေ၏။

ကျွန်ုပ်အိပ်ပျော်နေချိန်တွင် မျက်လှည့်ဆရာသူတော်ကြီး
သည် ဇရပ်အောက်၌ ရေနွေးတစ်အိုးကို ဘယ်အချိန်က တည်
းမှန်းမသိရသလို ပဲဟင်းပျစ်ပျစ်တစ်အိုးကိုလည်း ဇရပ်ပေါ်
သယ်ယူလာလေ၏။

အလယ်တွင် မီးတိုင်တစ်တိုင်ကို ထွန်းညှိလိုက်ကာ. .

"ဟေ့. . ချွတ်ကရား။ နိုးပြီလားကွ။ ထဟေ့. . ညစာ
တွက် အာဟာရဖြည့်ကြဦး"

ဟု ခေါ်လေ၏။

ကျွန်ုပ်လည်း အိပ်နေရာမှ ထလိုက်သည်။ မျက်လှည့်
ရာသူတော်ကြီး အသင့်ပြင်ဆင်ထားသော ချာပါတီနှင့် ပဲဟင်း
ပျစ်ကို အားပါးတရတို့ကာတို့ကာ စားသောက်လိုက်သည်။

ဆာလောင်နေသည့်အချိန်တွင် စားသောက်လိုက်ရ
ခြင်း နတ်သုဒ္ဓါတမျှ ခံစားလိုက်ရသည်မှာ အကြောပေါင်းတစ်
ထောင်စိမ့်သွားဘိသို့ပင်။

ထိုတစ်ညအတွက် သူတော်ကြီးနှင့် ကျွန်ုပ်သည် ချာပါတီ
တ်သုဒ္ဓါကို စားသောက်ကြပြီး လောကစည်းစိမ်ကို ဆိတ်ငြိမ်စွာ
နေလိုက်ကြလေ၏။

ကျွန်ုပ်သည် **ဗိုလ်ချုပ်**စီးကရက်တစ်လိပ်ကို လက်ကြားညှပ်
မီးခိုးငွေ့များကိုမှုတ်ထုတ်ကာ ကောင်းကင်ပြင်ကြီးကို ငေး



www.burmeseclassic.com

www.burmeseclassic.com



မောကြည့်နေမိသည်။

ကောင်းကင်၌ လရောင်ရေးရေးသည် တိမ်ညိုတိမ်ပ
တို့ကြား၌ ပြေးဝင်လိုက်၊ ပြန်ထွက်လိုက်နှင့် ရှိနေ၏။

ကျွန်ုပ်၏အတွေးများသည်လည်း ထိုလနှင့်အတူ ပြေး
လွှားနေစဉ် သူတော်ကြီး၏. .

"ဆာဒု. . ဆာဒု. . ဆာဒု"

"နောင်. . ဝေ. . ဝေ"

ဆိုသည့် ဆုတောင်းသံ၊ ကြေးစည်ရိုက်သံများကြော
ပြေးလွှားနေသည့်အတွေးများကို ပြန်၍စုစည်းလိုက်ရသည်

ဇရပ်တစ်ခုလုံး ပြန်လည်ဆိတ်ငြိမ်သွားသလို သချိုင်း
တစ်ခုလုံးလည်း တိတ်ဆိတ်နေသည်။

ရုတ်တရက်ထဟောင်လိုက်သော ခွေးဟောင်သံကြော
ကျွန်ုပ်လန့်သွားမိသည်။ ကျွန်ုပ်အနီးမှ သူတော်ကြီးသည်. .

"အင်း. . သူလာတော့မယ်"

"ဘယ်သူလာမှာလဲ သူတော်ကြီးရဲ့"

"ဩော်. . မင်းသမီးလေးတစ်ပါးပေါ့ကွာ။ သူက ခု
လမိုက်ညတွေမှာပဲ လာတတ်တယ်။ သူလာရင် ခုလို ခွေးဟော
သံ၊ ခွေးအူသံတွေ ကြားရတတ်တယ်"

ကျွန်ုပ်တို့နှစ်ဦး စကားပြောနေစဉ်မှာ သီချင်းဆိုသံလို
လေတိုးသံလိုလို ကြားလာရသည်။





ထိုအသံသည် ကျွန်ုပ်တို့နားစွင့်နေရာမှ ကျွန်ုပ်တို့အနီး
သို့ ရောက်လာခဲ့သည်။

"ချစ်ကရား. . အဲဒီအသံကို သေသေချာချာနားထောင်
မ်း။ သူ့အကြောင်းကိုသိရင် သိပ်ပြီးသနားဖို့ကောင်းတယ်"

ကျွန်ုပ် ထိုသီချင်းသံကို အကြိမ်ပေါင်းများစွာ နားထောင်
ရှုလေသည်။ သို့သော် ထိုသီချင်း၏အဓိပ္ပာယ်ကို မဖော်ကျူး
တတ်ပေ။

"သူမဘာဆိုနေတယ်ဆိုတာ ကျွန်တော်နားမလည်ဘူး"

"အေး. . ချစ်ကရားပြောတာ မှန်တယ်။ ဘာဖြစ်လို့လဲ
ဆိုတော့ သူဆိုနေတဲ့သီချင်းရဲ့ စာသားအဓိပ္ပာယ်တွေရဲ့ စကား
ဟာ အခုအချိန်မှာ မရှိတော့ဘူး။ ပျောက်ကွယ်သွားပြီ။ ဒါဟာ
ရှေးဟောင်းမွန်ဂိုဘာသာရဲ့ စာသားတွေပဲ"

"ဒီမင်းသမီးလေးက မေ့မျော့နေတဲ့အခိုက်မှာ မြေမြှုပ်
ခံလိုက်ရတယ်။ ဒါကြောင့် သူ့ဘဝဟာ ခုအချိန်အထိ ဂူတစ်ခု
ထဲမှာ ပိတ်လှောင်ခံနေရတယ်။ သူ့ ဒီဘဝက လွတ်မြောက်လို
ပြီဆိုတာကို ဖွဲ့နွဲ့ထားတဲ့သီချင်းပဲ"

"ဟာ. . ဒါဆို သူတော်ကြီးက ဒီစာစကားတွေ နား
လည်တာပေါ့"

"အင်း. . ဆိုပါတော့"

"သူတော်ကြီးက ဒီမင်းသမီးလေးရဲ့ နောက်ကြောင်းအဖြ



www.burmeseclassic.com

www.burmeseclassic.com



သိနေသလိုပဲ"

"ပြောပါတော့ ချွတ်ကရားရာ။ အဲဒီမင်းသမီးလေးကို ရွှေစင်ရုပ်တုသွန်းလောင်းပြီး မြေမြှုပ်ဖို့တာဝန်ပေးခဲ့တဲ့ မင်းချင်း ငါးယောက်ထဲမှာ တို့ရဲ့အဘိုးဖြစ်သူလည်း တစ်ယောက်အပါ အဝင်ပေါ့။

ဒီအကြောင်းတွေကို ငါတို့အဘိုးအဘွား၊ အဖေအမေ တွေအထိ လက်ဆင့်ကမ်းပြောလာကြတော့ ငါလည်းသိလာရ တာပေါ့။ ချွတ်ကရားကို ကုန်ကုန်ပြောပြရရင် အဲဒီငါတို့ရဲ့အဘိုး လက်ထဲမှာ အဲဒီမင်းသမီးလေးရဲ့အုတ်ဂူ ဘယ်မှာဆိုတာ သိနိုင် မယ့်မြေပုံ ပါလာတယ်။ ဒါပေမဲ့ ဒါဟာ မြေပုံအပြည့်အစုံမဟုတ် ဘူး။ တစ်ဝက်ပဲ ရလာတယ်။ ကျန်တဲ့တစ်ဝက်ကတော့ တရုတ် ပြည်ဘက် ရောက်သွားသလိုလို၊ တိဘက်မှာပဲရှိသလိုလို ဘာမှ မရေရာဘူး"

"ဟာ. . ဒါဆိုရင် ဒီမြေပုံအညွှန်းက သူတော်ကြီးဆီမှာ ရှိနေတာပေါ့"

"ဟင့်အင်း. . မရှိဘူး ချွတ်ကရား"

"ဒါဖြင့်. . ဒီ. . "

"ဟုတ်တယ် ချွတ်ကရား။ ဒီမြေပုံအညွှန်းက ငါတို့ဆီ မှာ မရှိဘူး။ ငါတို့ရဲ့ဦးလေးတော်သူက အင်္ဂလိပ်စစ်တပ်ထဲ ဝင် သွားတော့ သူနောက်ပါသွားတယ်။

ဒါပေမဲ့ ဒီဦးလေးတော်သူက ဘယ်မှာရှိနေတယ်ဆိုတာ သိဘူး။ သူလိုက်ပါသွားတဲ့ အင်္ဂလိပ်စစ်တပ်က မြန်မာပြည် ထဲကို ရောက်လာတယ်။ ပြီးတော့ ဂျပန်တွေလိုက်တိုက်တော့ အင်္ဂလိပ်တွေဟာ စစ်ရှုံးပြီး တပ်တွေတကွဲတပြားနဲ့ ဆုတ်ပြေး ပြေးလာကြရတယ်။ အဲဒီမှာ ငါတို့ဦးလေးတစ်ယောက်လည်း ပါတယ်။ ဒါပေမဲ့ သူက ခုအချိန်ထိ ပြန်ရောက်မလာဘူး။

ဒီအတွက် ငါ သူ့ကိုရှာဖို့ မြန်မာပြည်ကို ရောက်လာရ တာပဲ။ ဒါပေမဲ့ သူ့ကိုဘယ်မှာရှာရမယ်ဆိုတာ မသိဘူး။ လမ်းစ ပျောက်နေတယ်။ နောက်. . ငါတစ်ခုသွားစဉ်းစားကြည့်မိတာက ကယ်လို့ ငါတို့ဦးလေး အသက်ရှင်နေမယ်ဆိုရင် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဒီမဟာရာတနီရဲ့အုတ်ဂူကို လာဖော်ကောင်းလာ ဖော်နိုင်တယ်ဆိုတဲ့ စိတ်ကူးနဲ့ သချိုင်းတကာမှာ မဟာရာတနီရဲ့ သဲလွန်စကို လိုက်ရှာခဲ့တာ။ ခု. . ချွတ်ကရားကြားရသလို သဲလွန်စ တော့ တွေ့နေရတာပေါ့။ ဒါပေမဲ့ သူ့အုတ်ဂူဟာ ဘယ်မှာဆိုတာ မှာမြေပုံအညွှန်းမပါတော့ ငါလည်းမတတ်နိုင်ဘူးဖြစ်နေတယ်"

ဒီမဟာရာတနီမင်းသမီးလေးရဲ့ အုတ်ဂူနေရာဟာ ကိုး နေရာမှာ ရှိနေတယ်။ ငါ အဲဒီကိုးခုရဲ့ တစ်ဝက်နီးပါးကို သွားရှာ ကြည့်ခဲ့ပြီးပြီ။ ဘယ်သချိုင်း၊ ဘယ်အုတ်ဂူဆိုတာ မှန်းရခက်နေ တယ်။"

"သူတော်ကြီးပြောပုံအရဆိုရင် ဟုတ်တာပေါ့။ ဘယ်နေ



www.burmeseclassic.com

www.burmeseclassic.com



ရာဆိုတာ တိတိကျကျမသိရတော့ သချိုင်းကိုးခုက အုတ်ဂူတွေ အကုန်လုံး လိုက်တူးဖော်ရမလိုဖြစ်နေပြီ"

"အေး. . ချွတ်ကရားပြောတာ မှန်တယ်ကွ။ နောက်ထပ် ဒီမြေပုံအညွှန်းတစ်ဝက်ကိုရမှ ဖြစ်မယ်။ အဲဒီမြေပုံညွှန်းနှစ်ခု ရရင်လည်း ဒီမြေပုံမှာ ရှေးဟောင်းမွန်ဂိုဘာသာနဲ့ရေးပြီး လျှို့ဝှက်တဲ့စာတွေကို ဖော်နိုင်ဖို့လည်း ရှေးဟောင်းမွန်ဂိုစာပေတတ်တဲ့လူကိုလည်း ရှာရမယ်။ ဒီကိစ္စကတော့ သိပ်မခဲယဉ်းပါဘူး။ အရေးကြီးတာက ဒီမြေပုံညွှန်းတွေကို ရဖို့ပဲ အရေးကြီးတယ်"

ကျွန်ုပ်နှင့်သူတော်ကြီးတို့ စကားပြောကောင်းနေစဉ်မှာ မဟာရာတနီ၏ လွမ်းမောဖွယ်ရာသီချင်းသံလေးကို ကြားလာရပြန်သည်။

ထိုသီချင်းသံလေးကြောင့် ကျွန်ုပ်တို့နှစ်ယောက်သည် အသံကြားရာအရပ်ဆီသို့ နားစွင့်နေမိကြလေ၏။

ထိုသီချင်းသံနှင့်အတူ သချိုင်းအတွင်းတစ်နေရာမှ ဆူးဝါးဝါးခွေးဟောင်သံကိုပါ ကြားလိုက်ရသည်။

ခွေးဟောင်သံမှာ မရပ်မနားလိုက်ထိုးဟောင်နေသဖြင့် ကျွန်ုပ်နှင့် သူတော်ကြီးသည် အမှောင်ထဲသို့ စူးစိုက်ကြည့်နေကြသည်။ ခွေးဟောင်သံကြောင့် မဟာရာတနီ၏တေးသံလည်း ပျောက်ကွယ်သွားတော့၏။

ထိုအမှောင်ထဲမှ မည်းမည်းသဏ္ဌာန်သုံးခုသည် ကျွန်ုပ်





တို့ရှိနေသည့်ဇရပ်ဘက်သို့ ဦးတည်လာနေကြဟန်ကို တွေ့လိုက်ရသည်။

"သူတော်ကြီး. . ဘာတွေလဲမသိဘူးဗျ။ သရဲ တစ္ဆေတွေလား မသိဘူး"

"ဟုတ်ဘူး။ တို့ကိုဖမ်းဖို့ လာတဲ့လူတွေပဲ ဖြစ်မယ်"

"ဟင်. . ဒါဆို ပြေးမှဖြစ်မှာပေါ့"

"မပြေးနဲ့. . ပြေးလည်း မလွတ်ဘူး။ အဖမ်းခံလိုက်"

"ဟာ"

ကျွန်ုပ်၏အသံမဆုံးခင် လူသုံးယောက် ဝှက်ကြီးတောင်ဓားရှည်များကိုင်ဆောင်ကာ ဇရပ်ပေါ်သို့ခုန်တက်လာကြလေ၏။

လူသုံးယောက်သည် ကျွန်ုပ်နှင့် သူတော်ကြီးကို ဝိုင်းထားကြပြီး. .

"ကဲဟေ့. . မင်းတို့ပစ္စည်းတွေ သိမ်းစရာရှိတာ အကုန်သိမ်း။ လာ. . တို့နောက်လိုက်ခဲ့။ ထွက်ပြေးဖို့ကြံတဲ့အကောင်. . ။ ခေါင်းနဲ့ခန္ဓာ အိုးစားကွဲမယ်မှတ်။ ဆင်းကြ. . ။ ရှေ့ကသွားစမ်း"

ကျွန်ုပ်တို့၏ ဦးခေါင်းထက်မှ ဓားများရွက်မိုးကာ လိုက်ပါလာသဖြင့် ကျွန်ုပ်တို့နှစ်ဦး ခပ်သွက်သွက်လေး ရှေ့မှသွားနေရ၏။

မှောင်ထဲတွင် စမ်းတဝါးဝါးသွားနေရသဖြင့် အတန်ကြာမှ သချိုင်း၏ပြင်ပသို့ ရောက်သွားသည်။

မှောင်ထဲတွင်ရပ်ထားသော ကားတစ်စီးကို ပြန်းခနဲ



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တွင် လှမ်းတွေ့လိုက်ရ၏။

ကားပေါ်မတက်ခင် ကျွန်ုပ်တို့နှစ်ဦး၏ လက်ကောက်ဝတ်များကို နှစ်ယောက်တွဲ၍ ကြိုးဖြင့်ချည်လိုက်သည်။

"တက်ကြ. . ကားပေါ်တက်"

ကျွန်ုပ်တို့ကားပေါ်မတက်ခင် ကားပေါ်၌ အသင့်စောင့်ဆိုင်းနေသော ဒရိုင်ဘာသည် ကားစက်ကို နှိုးထားလေ၏။

ကျွန်ုပ်တို့အားလုံး ကားပေါ်ရောက်သည်နှင့် ကားလေးသည် အရှိန်နှင့်ဆောင့်ထွက်သွားလေတော့၏။

ကားလေးသည် မြေနီလမ်း၊ ဖုန်လမ်းတို့ကို လူးကာလိမ့်ကာဖြင့် အဝေးပြေးသွားကားလမ်းမကြီးပေါ်သို့ တက်ရောက်သွားသည်။

ထို့မှ ကားလေးသည် အဝေးပြေးလမ်းပေါ်၌ အရှိန်ပြင်းစွာ မောင်းနှင်ပြေးသွားနေသည်။

ကားလမ်း၏ဝဲယာတို့သည် မှောင်မည်းမည်းရှိသဖြင့် ဘာမှမမြင်ရ။ တစ်ခါတစ်ရံမှသာ ဟိုအဝေးနေရာတို့မှ မီးရောင်လဲ့လဲ့များကိုသာ မြင်လိုက်ရသည်။

ကားရှေ့မီးအလင်းရောင်ကြောင့် ကားရှေ့ကိုဖြတ်ပြေးသွားတတ်သည့် တောကောင်ငယ်လေးများကိုလည်း တစ်ခါတစ်ရံ တွေ့ရတတ်သည်။

ဘယ်ညာလူးလိမ့်ကာ အရှိန်ပြင်းစွာမောင်းနှင်နေသော





ကားပေါ်တွင် ကျွန်ုပ်သည် မကြာခင်မှာပင် ငိုက်မျဉ်းနေရာမှ အိပ်ပျော်သွားတော့၏။

ကားလေးသည် နှစ်နာရီကျော်ခန့် အဝေးပြေးလမ်းမကြီးပေါ်၌ ပြေးလွှားနေရာမှ စက်ရှိန်ကို လျှော့လိုက်လေသည်။

လမ်းမကြီး၏ညာဘက်သို့ ချိုးကွေ့ဝင်ချလိုက်သည်။ ကားလေးသည် လှည်းလမ်းမပေါ်၌ သွားနေရသဖြင့် လူးကာလိမ့်ကာ၊ ခုန်ပေါက်ကာ သွားနေရသဖြင့် ကျွန်ုပ်သည် အိပ်ပျော်နေရာမှ လန့်နိုးသွားသည်။

မျက်စိနှစ်လုံးဖြင့် ပတ်ဝန်းကျင်ကို ပြူးကြည့်လိုက်၏။ ဝန်းကျင်သည် မှောင်နှင့်မည်းမည်းသာရှိသည်။

နာရီဝက်ခန့် လှည်းလမ်းကြောင်းအတိုင်း မောင်းနှင်နေရာမှ ကားကိုဆောင့်နင်းရပ်လိုက်သည်။

"ကားပျက်သွားပြီ"

"ဟာ. . ဘယ်လိုလုပ်မလဲ"

"ဘယ်လိုမှ မလုပ်နဲ့ဟေ့။ ခြေလျင်သာ ခေါ်သွားကြတော့"

"မောင်နက်. . မင်းနေခဲ့။ တို့သွားမယ်။ ဘသိုက်. . တရားခံတွေ ရှေ့ကဆွဲခေါ်သွားကွာ"

ကျွန်ုပ်နားထဲ၌ ဘသိုက်ဆိုသည့်နာမည်ကို ကြားလိုက်ရသဖြင့် ထခုန်မိမတတ် ဝမ်းသာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သွားနေသည့်လမ်းသည် လှည်းလမ်းကြောင်း
မှ သွေဖည်ကာ လယ်ကွင်းရိုးပြတ်များကို တစ်ဖန်ဖြတ်ကျော်ကြ
ရပြန်သည်။

ထိုမှတစ်ဖန် ရေခန်းနေသော ရိုးချောင်းလေးဘေးမှ
မြှောင်ကာ တော်တော်ဝေးရာသို့ ရောက်သည်အထိ လျှောက်
သွားနေကြရသည်။

စင်စစ် ကျွန်ုပ်သည် မြန်မာ့ရိုးရာသိုင်းပညာ၌ ကောင်း
စွာတတ်ကျွမ်းသူဖြစ်၍ ၎င်းတို့အား ခုခံမည်ဆိုက ခုခံနိုင်ပေ၏။

သို့သော် ကျွန်ုပ်၏ရည်မှန်းချက်များ ပျက်သွားမည်စိုး၍
အသာမှေးလိုက်ဖို့ရန်သာ ဆုံးဖြတ်ထားလိုက်ချေ၏။

ကျွန်ုပ်တို့ ထိုရိုးချောင်းလေးအတိုင်း ဆန်တက်ကာ ခရီး
နှင်ခဲ့ရာ နာရီဝက်ခန့်ကြာလျှင် သစ်လုံးများကာရံထားသော ခြံ
ဝိုင်းကြီးတစ်ခုကို အမှောင်ရိပ်ထဲတွင် ဝိုးတိုးဝါးတားလှမ်းတွေ့
လိုက်ရလေ၏။

ကျွန်ုပ်တို့ ထိုခြံဝိုင်းကြီး၏ ဝင်ပေါက်ရှေ့သို့ရောက်လျှင်
ရပ်တန့်လိုက်ပြီး ခြံဝင်းကြီးထဲသို့ လှမ်းအော်လိုက်သည်။

"တံခါးဖွင့်စမ်းဟေ့"

တစ်အောင့်မျှကြာလျှင် လူထွားကြီးတစ်ယောက်က
ကြီးမားသော ဝင်းတံခါးကြီးကို လာရောက်ဖွင့်လိုက်သည်ကို
တွေ့လိုက်ရလေ၏။





ကျွန်ုပ်တို့နှစ်ဦးအား ထိုဝင်းကြီးအတွင်းသို့ ခေါ်ဆောင်
သွားကြ၏။

ထိုဝင်းကြီးအတွင်းတွင် ကြီးမားကျယ်ပြန့်သော သစ်လုံး
အိမ်ကြီးတစ်လုံးကို တွေ့လိုက်ရသည်။

ကျွန်ုပ်တို့နှစ်ဦးအား ထိုအိမ်ကြီးအတွင်းရှိ အခန်းတစ်
ခန်းအတွင်းသို့ ထည့်သွင်းပိတ်လှောင်ထားလိုက်သည်။

"သူတော်ကြီး"

ကျွန်ုပ်သည် တစ်လမ်းလုံး ဆိတ်ငြိမ်စွာလိုက်ပါလာခဲ့
သော သူတော်ကြီးကို အသံတိုးတိုးဖြင့် ခေါ်လိုက်သည်။

"ဟေ"

"သူတော်ကြီးပြောတဲ့စကားတွေက ကွက်တိမှန်တယ်
နော်"

"အေး"

"နောက်ပြီး ကျွန်တော်ရှာနေတဲ့ ကိုဘသိုက်ဆိုတာ တွေ့
ပြီဗျ။ ရှာနေတုန်းက မတွေ့ဘူး။ မရှာမှ လာတွေ့နေတယ်"

ကျွန်ုပ်သည် တစ်အောင့်မျှစဉ်းစားနေပြီးမှ သူတော်ကြီး
ပြောသည့် စကားတစ်ခွန်းကို သွားသတိရလိုက်သည်။

"ဒီမှာ . . နေဦး . . နေဦး . ။ သူတော်ကြီးပြောတဲ့စကား
က ကျန်သေးတယ်လေ။ ဟိုဗျာ . . ကျွန်တော့်မိတ်ဆွေနဲ့တွေ့ပြီး
ပြန်လွတ်ကြမယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"အေး"

"ဟာ . . သူတော်ကြီးကလည်း။ ပြန်လွတ်မယ်ဆိုတ[…] သိနေတာပဲ။ ခပ်ပျော်ပျော်ပေါ့။ ပြောစမ်းပါဦး . . ။ သူတော်ကြ[…] ဘာတွေစဉ်းစားနေတာလဲ။ ကျွန်တော့်လည်း ပြောပြဦးလေ"

"ဒီလို ချွတ်ကရားရဲ့ . . ။ ဒီအုပ်စုတွေဟာ မဟာရာဇ[…] ရဲ့ဂူကို လိုက်ရှာနေကြတဲ့အုပ်စုပဲ"

"ဟာ . . ဒါဆိုရင် ကျွန်တော်တို့အတွက် အဖော်ရတ[…] ပေါ့ဗျာ"

"မရဘူးကွ။ သူတို့ကို သူတို့တစ်အုပ်စုတည်း ဒီဂူက[…] ဖောက်ယူမယ့် လူတွေပဲ။ ဘယ်သူမှ ဝေစုခွဲမှာမဟုတ်ဘူး။ အကြ[…] တူရင် ရန်သူလို့သတ်မှတ်မယ့်လူတွေ"

"နေပါဦး သူတော်ကြီးရဲ့။ ဒီရတနာတွေဆိုတာ ဘယ[…] လောက်များလို့လဲ"

"တို့အဘိုးပြောပြခဲ့တာတော့ ဒီမင်းသမီးလေးရဲ့ ခန္[…] ကိုယ်အလေးနဲ့ တူမျှတဲ့အလေးရှိတဲ့ ရွှေချိန်တဲ့"

"ဟာ . . ဒါဆိုရင် ဘယ်နည်းမတုး"

"အင်း . . ဟုတ်တယ်"

ကျွန်ုပ်တို့၏အခန်းရှေ့မှ ခြေသံကြားရသဖြင့် စကားဝ[…] ကို ရပ်ထားလိုက်သည်။

ကျွန်ုပ်တို့၏အခန်းတံခါးကို ဆွဲဖွင့်လိုက်သဖြင့် အပြင်မှ[…]



[…]လင်းများဝင်ရောက်လာသည်။ ထိုလူသည် ပန်းကန်ပြားနှစ်[…]ဖြင့် ထမင်းကြော်များကို ထည့်ယူလာပြီး ကျွန်ုပ်တို့နှစ်ဦးရှေ့[…] ထိုးပေးလိုက်သည်။

ကျွန်ုပ်သည် ထိုသူ၏မျက်နှာကို သေသေချာချာကြည့်[…]စဉ်မှာ အခန်းတံခါးပိတ်၍ ပြန်ထွက်သွားသည်။

ကျွန်ုပ်သည် အငွေ့တထောင်းထောင်းထွက်နေသော[…]မင်းကြော်ကို အားပါးတရစားပစ်လိုက်သည်။

သူတော်ကြီးသည် သူ၏အိတ်အတွင်း ပါလာသည့် ချ[…]တီချပ်များကိုသာ စားနေပြီး ထမင်းကြော်ပန်းကန်ကို ကျွန်ုပ်[…]က်သို့ ထိုးပေးလိုက်သည်။

ကျွန်ုပ်လည်း ငြင်းမနေတော့ဘဲ သူတော်ကြီးအတွက်[…]မင်းကြော်ကိုပါ စားပစ်လိုက်တော့သည်။

ဗိုက်လေးသွားပြီ၍ အခန်းလေးထဲတွင် ပက်လက်လှန်[…]လိုက်ပြီး ကိုဘသိုက်နှင့်တွေ့နိုင်မည့်လမ်းကြောင်းကို စဉ်းစား[…]နေလိုက်သည်။

ကျွန်ုပ်စဉ်းစားခန်းဝင်နေစဉ် ဒုတိယအကြိမ်မြောက်[…]ခန်းတံခါးကို လာ၍ဖွင့်ပြန်သည်။

ကျွန်ုပ်သည် ပက်လက်လှန်နေရာမှ ကုန်းထလိုက်၏။[…]တံခါးလာဖွင့်သူသည် ကျွန်ုပ်အားကြည့်ကာ လက်ညှိုးထိုး၍ . .

"ဟော့ . . မင်းထွက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု လှမ်းခေါ်နေသဖြင့် ထကာ ထိုသူ၏နောက်မှ လို ပါသွားရသည်။ အခန်းနှစ်ခုကို ဖြတ်ကျော်သွားပြီးလျှင် အခန် ကျယ်ကြီးတစ်ခုအတွင်းသို့ ရောက်သွားလေ၏။

ထိုအခန်းကျယ်ကြီးထဲတွင် စားပွဲတစ်လုံး၏ဘေး ကုလားထိုင်ပေါ်၌ ဆေးပြင်းလိပ်ကိုဟန်ပါပါခဲထားသော အသ ၆၀ ဝန်းကျင်ခန့်ရှိ ပုဂ္ဂိုလ်တစ်ယောက်ကို တွေ့လိုက်ရ၏။

အသက်၆၀ ဟု ခန့်မှန်းရသော်လည်း သန်မာဖျတ်လ မည့်အနေအထားမျိုးကို မတွေ့နေရသည်။ အသက်အရွယ်ကြီး ဟန်ရှိသော်လည်း အသက်အိုပုတ်၌ ကျွမ်းကျင်မည့်အနေအထ မျိုး ရှိနေသည်။

၎င်း၏ဘေးတွင် လက်ပိုက်ကာ မတ်တတ်ရပ်နေ သည် ကျွန်ုပ်ရှာနေသော ကိုဘသိုက်ဆိုသူဟု ထင်လိုက်ရသည် ၎င်း၏ရုပ်ရည်မှာ ကိုဘထိုက်နှင့်ဆင်ဆင်တူသည့်အသွင်သဏ္ဌာ များ တွေ့နေရသည်။

ကျွန်ုပ်သည် ထိုသူအား အကြည့်ချင်းဆုံလျှင် ပြုံးပြလိုက်၏

ထိုသူသည် ကျွန်ုပ်ပြုံးပြလိုက်ကာမှ ကျွန်ုပ်အား ခပ်တ တင်းအမူအရာနှင့် ပြန်ကြည့်လေ၏။

ကျွန်ုပ်သည် ထိုစားပွဲအနီးသို့ရောက်သွားလျှင် ဆေးပြ လိပ်သောက်နေသော ပုဂ္ဂိုလ်ကြီးသည် သူ့ရှေ့မှ ကုလားထိုင်တ လုံးအား ထိုင်ရန် လက်ညှိုးထိုး၍ ခေါင်းညိတ်ပြလိုက်သည်။





ကျွန်ုပ် ထိုကုလားထိုင်၌ ဝင်ထိုင်လိုက်လျှင်. .

"ကဲ. . ပြော။ ဘယ်မှာလဲ ရတနာဂူမြေပုံအညွှန်းသား ရေချပ်"

"ဗျာ. . "

"ဘာဗျာလဲ. . ။ မသိချင်ယောင် မဆောင်နဲ့။ နက်ဖြန် အသက်နဲ့ခန္ဓာ တွဲနေချင်ရင် အမှန်အတိုင်းပြော"

ကျွန်ုပ်သည် အဖြေထုတ်နိုင်ရန် ရုတ်တရက်စဉ်းစား လိုက်သည်။ ဘဝ၏အဖြစ်မှန်များထဲမှ မလိုအပ်သည့်အကြောင်း အရာများကို ထိန်ချန်ထားလိုက်သည်။

အချို့ကို လိုတိုး၊ ပိုလျှော့ဖြင့် ထိုပုဂ္ဂိုလ်ကြီး စိတ်ဝင်စား အောင် စီကာပတ်ကုံး သိုင်းဝိုင်းပြောပြလိုက်သည်။

ကျွန်ုပ်၏လွယ်အိတ်အတွင်း ၎င်းတို့ရှာဖွေလျှင်လည်း င်းတို့လိုချင်သည့် ရတနာဂူမြေပုံညွှန်းသည် ကျွန်ုပ်၏လွယ်အိတ် အတွင်း၌ တကယ်မရှိသည်ကို မိမိကိုယ်မိမိ ယုံကြည်နေ၏။

အကယ်၍ ၎င်းတို့ရှာ၍တွေ့လျှင်လည်း လက်ကောက် စ်ကွင်းနှင့် ငွေများသာ တွေ့ရမည်။ ထို့အပြင် လိမ်ညာနိုင်ရန် တ်လမ်းတစ်ခု အကွက်ကျကျစဉ်းစားထားပြီးဖြစ်သည်။

ထိုနေ့တစ်နေ့လုံး ၎င်းတို့စိတ်တိုင်းကျ တစ်ယောက်ပြီး စ်ယောက် ဝင်လိုက်၊ မေးလိုက်၊ ထွက်သွားလိုက်ဖြင့် မေးနေ သည်ကို ကျွန်ုပ်တစ်ယောက်တည်း ဒိုင်ခံဖြေရှင်း ပြောပြနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



တင်ချိန်တွင် ကျွန်ုပ်အား တစ်ယောက်တစ်လှည့်မေး... သူများထဲ၌ ကျွန်ုပ်တွေ့လိုသူ ကိုဘသိုက်ဆိုသူသည် ပါလာ...

ကိုဘသိုက်ဆိုသူသည် စောစောက ဆေးပြင်းလိပ်သော... နေသူ အဘိုးကြီးနံဘေးမှ လက်ပိုက်မတ်တတ်ရပ်နေသူဖြစ်...

ကျွန်ုပ်နှင့် နှစ်ယောက်ချင်းတွေ့ဆုံလျှင် ကိုဘသိုက်သ... ကျွန်ုပ်အား မေးရန်ဟန်ပြင်နေစဉ် ကျွန်ုပ်က ခပ်အုပ်အုပ်မေ... လိုက်လေ၏။

"ဒီမှာ . . ခင်ဗျား ကိုဘသိုက်မဟုတ်လား"

ကိုဘသိုက်သည် ကျွန်ုပ်အား မေးရန်ဟန်ပြင်နေ... မမေးနိုင်တော့ဘဲ ပါးစပ်အဟောင်းသားဖြစ်သွားသည်။

"မင်းဘယ်သူလဲ"

"အဲဒါက အရေးမကြီးဘူး။ ခင်ဗျားအစ်ကို ကိုဘထိုက်... လွှတ်လိုက်လို့ ခင်ဗျားကို ကျုပ်ရှာနေတာ ကြာပြီ"

"အစ်ကိုဘာမှာလိုက်လဲ"

"ခင်ဗျားနဲ့ပူးပေါင်းပြီး တစ်ခါက ခင်ဗျားတို့သွားခဲ့တဲ့... ကို ပြန်ရှာဖို့"

"အဲဒါ ခက်တယ်။ ငါလည်း ဘယ်မှတ်မိပါ့မလဲ။ မ... ဒီကိစ္စတွေ ဘယ်သူ့မှမပြောနဲ့။ ခြေသံကြားတယ်။ တိတ်တိတ်... နေတော့"

ကိုဘသိုက်ထွက်သွားလျှင် လူတစ်ယောက်ဝင်လာပြီ...





...နုပ်၏အခန်းရှိရာသို့ ပြန်လိုက်ပို့သဖြင့် ပြန်လာရသည်။

ကျွန်ုပ် အခန်းတွင်းသို့ရောက်လျှင် သူတော်ကြီးကို ရှင်း... ...ကာရှိနေစဉ် ကျွန်ုပ်တို့၏အခန်းတံခါးကို လာဖွင့်ပြီး စားစရာ ...မင်းပန်းကန်များ လာချသွားသည်။

ယမန်နေ့ကလို သူတော်ကြီးသည် လာချပေးသော ...မင်းကို မစားဘဲ ၎င်း၌ပါလာသော ချပါတီမုန့်ချပ်များကိုသာ ...းသောက်နေသဖြင့် ကျွန်ုပ်တစ်ယောက်တည်း ထိုထမင်းအား ...းကို စားသောက်လိုက်ပြီးလျှင် အပူအပင်မရှိ ထိုအခန်းထဲ၌ ...ပ်ပစ်လိုက်လေတော့၏။

နောက်တစ်နေ့တွင် အခန်းတံခါးကိုလာဖွင့်ကာ သူတော် ...ကြီးကို လာရောက်ခေါ်ဆောင်သွားကြသည်။

ကျွန်ုပ်တစ်ယောက်တည်း အခန်းထဲ၌ရှိနေစဉ် တံခါးကို ...လာရောက်ခေါက်သံ ကြားရပြီး ဒုတိယအကြိမ်မြောက် အခန်း ...ခါးကိုဆွဲဖွင့်ကာ လူတစ်ယောက် အခန်းတွင်းသို့ဝင်လာ၏။

ကျွန်ုပ် ထိုသူအား သေချာစွာကြည့်နေစဉ် ထိုလူက ...ကျွန်ုပ်အနီးသို့ တိုးကပ်ထိုင်လိုက်ပြီး . .

"ကဲဟေ့ . . ပြောစမ်းပါဦး။ မင်းနာမည် ဘယ်သူလဲ။ ...အစ်ကိုဘထိုက်နဲ့ ဘယ်လိုတွေ့ကြတယ်၊ ပြီးတော့ ဘာတွေမှာ ...လိုက်တယ်ဆိုတာတွေကို ငါ့ကို လိုတိုရှင်းပြောစမ်းကွာ"

"ခင်ဗျား . . ကိုဘသိုက်နော်"



www.burmeseclassic.com

www.burmeseclassic.com





"အေး. . ဟုတ်တယ်"

ထိုသူသည် ကျွန်ုပ်ရှာနေခဲ့သော ကိုဘသိုက်အမှန်ဖြ
သည်ကို သိလိုက်ရသည်နှင့် ကိုဘထိုက်မှာကြားလိုက်သည
အကြောင်းများကို ပြောပြလိုက်ပြီး ကျွန်ုပ်ရရှိထားသည့် လက်
ကောက်နှစ်ကွင်းနှင့် ငွေများကိုပါ ကိုဘသိုက်ထံပေးရန် ကြံ့ရွယ်
စဉ် ကိုဘသိုက်သည် ထိုပစ္စည်းများကို ကျွန်ုပ်အား ပြန်လည်ပေ
အပ်ထားလေ၏။

တစ်နေ့နေ့တစ်ချိန်ချိန်တွင် ကိုဘသိုက်နှင့် ကျွန်ုပ်သည
ကိုးသင်္ချိုင်း၏ သင်္ချိုင်းတစ်ခုခုတွင် ပြန်လည်ဆုံတွေ့ကြရန်လည်း
ချိန်းဆိုထားလိုက်ကြသည်။

ကျွန်ုပ်တို့ ထိုနေရာမှ ထွက်ပြေးလွတ်မြောက်နိုင်ရန်
အတွက် သန်ဘက်ခါနံနက်စောစောတွင် မြေပုံလမ်းကြောင်းတစ်
ခုကိုပါ လာရောက်ပေးမည်ဆိုသည့်အကြောင်းတို့ကို ပြောဆိုပြီး
ကျွန်ုပ်၏အခန်းတွင်းမှ ထွက်ခွာသွားလေ၏။

ကျွန်ုပ်သည် သူတော်ကြီးပြန်ရောက်လာသည့်အခါ ထို
အကြောင်းတို့ကို ပြောပြလိုက်သည်။

ထိုအုပ်စုသည် ကျွန်ုပ်ကဲ့သို့ပင် သူတော်ကြီးကို မဟာ
ရာတနီမင်းသမီးလေး၏ မြေပုံညွှန်းကိုသာလျှင် အကြိမ်ကြိမ်
အထပ်ထပ်မေးမြန်းပြီးမှ အခန်းသို့ ပြန်ပို့ပေးလိုက်ခြင်းပင်။

ထိုနေ့မှစ၍ ကျွန်ုပ်နှင့်သူတော်ကြီးတို့သည် သန်ဘက်ခါ





ရောက်လာမည့်နံနက်ကို စောင့်မျှော်နေမိကြလေတော့၏။

ထိုသန်ဘက်ခါနံနက်သည် ရောက်ရှိလာခဲ့ချေပြီ။

ကျွန်ုပ်တို့၏အခန်းကို ကိုဘသိုက်ကိုယ်တိုင် လာရောက်
င့်ပေးပြီး ကျွန်ုပ်တို့ထွက်ပြေးရမည့် မြေပုံလမ်းကြောင်းရေးဆွဲ
ထားသည့် စာရွက်ကြမ်းတစ်ခုကိုလည်း ပေးအပ်လေ၏။ ဓား
ကောင်းကောင်းတစ်လက်ကိုလည်း ထည့်ပေးလိုက်လေ၏။

ကျွန်ုပ်သည် သူတော်ကြီးနှင့်အတူ နံနက်စောစောအချိန်
ကိုဘသိုက်တို့စခန်းမှ ထွက်လာခဲ့ကြသည်။

ကျွန်ုပ်သည် ကိုဘသိုက်ပေးထားသည့် မြေပုံကြမ်းကို
ထုတ်ကြည့်လိုက်သည်။ ထိုလမ်းကြောင်းအတိုင်း မှန်းဆ၍ ပြန်
လာခဲ့ကြသည်။

လမ်းတစ်လျှောက်တွင် တောအထပ်ထပ်တို့ကို ဖြတ်
သန်းခဲ့ကြရသလို ကျွန်ုပ်တို့လာခဲ့စဉ်က ဖြတ်သန်းခဲ့ရသည့် ရိုး
ချောင်းလမ်းကို လာလမ်းအတိုင်းမဟုတ်တော့ဘဲ ဖြတ်၍ တော
တွင်းတစ်နေရာသို့ ဖြတ်ဖော်ခဲ့ရလေသည်။

ကျွန်ုပ်တို့သည် ထိုသို့ တောလမ်းခရီးအသွယ်သွယ်ကို
သုံးရက်သုံးညတိုင်တိုင် ဖြတ်သန်းခဲ့ရလေ၏။

လမ်းတစ်လျှောက်လုံး သူတော်ကြီး၏အိတ်အတွင်းမှ
ဆေးပါတီချပ်များနှင့် ဝမ်းဗိုက်ကိုဖြည့်တင်းကာ ခရီးကို ဆက်ခဲ့ကြ
ရသည်မှာ လေးရက်တိတိအချိန်တွင် အဝေးပြေးကားလမ်းနေရာ



www.burmeseclassic.com

www.burmeseclassic.com



သို့ လှမ်းမြင်တွေ့လိုက်ကြရသည်။

ကျွန်ုပ်တို့သည် အဝေးပြေးကားလမ်းမကြီးကို လှမ်းမြင်တွေ့ရတော့မှသာ စိတ်ချလက်ချအနားယူနိုင်ပေတော့သည်။

ကျွန်ုပ်နှင့် သူတော်ကြီးတို့သည် ထိုနေရာမှ လမ်းခွဲထွက်ကြရန် ဆုံးဖြတ်လိုက်ကြသည်။

❖



## ≺အခန်း - ၈≻

## မဟာရာဇာတနီမင်းသမီးလေးနှင့် ပြန်လည်ဆုံတွေ့ခြင်း

"ချုတ်ကရား . . မင်းနဲ့ငါ ဒီနေရာကနေ လမ်းခွဲကြမယ်"

ကျွန်ုပ်သည် မည်သည့်စကားမှမဆို။ တုံဏှိဘာဝေဆိတ်ဆိတ်နေခြင်းဖြင့် ငြိမ်နေလိုက်သည်။

"ချုတ်ကရား . .။ ရော့ . . ဒီချာပါတီတွေယူသွား"

ကျွန်ုပ်သည် မတုန်မလှုပ်နေလိုက်သည်။

"ရော့ . . ယူသွား။ မင်းသွားမယ့်လမ်းမှာ ထမင်းဆိုင်မရှိဘူး။ မင်းဒုက္ခတွေ့နေလိမ့်မယ်"

ကျွန်ုပ်အား သူတော်ကြီးသည် ချာပါတီမုန့်များကို အတင်းထိုးပေးနေသဖြင့် လှမ်းယူပြီး လွယ်အိတ်အတွင်းထည့်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လည်း လွယ်အိတ်တွင်းမှ ငွေအချို့ကို သူတော်ကြီးလက်သို့ လှမ်းပေးလိုက်သည်။

သူတော်ကြီးသည် ဦးခေါင်းကိုတွင်တွင်ခါယမ်းရင်း..

"ငါ့အတွက် ဒီငွေတွေမလိုပါဘူး။ မင်းနဲ့ငါ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ပြန်တွေ့ကြဖို့ ငါဆုတောင်းပါတယ်"

သူတော်ကြီးသည် ကျွန်ုပ်၏မျက်နှာကို စေ့စေ့ကြည့်ကာ ကျောခိုင်းထွက်ခွာသွားလေတော့သည်။

ကျွန်ုပ်သည် သူတော်ကြီးထွက်ခွာသွားရာကို မျက်စိတစ်ဆုံးလှမ်းမျှော်ကြည့်နေရင်းဖြင့် ထိုနေရာလေး၌ တစ်ယောက်ထီးတည်း ကျန်နေခဲ့သည်။ ကျွန်ုပ်၏မျက်စိအောက်မှ သူတော်ကြီး၏ရုပ်ပုံလွှာ ကွယ်ပျောက်သွားမှသာ ထိုနေရာလေးမှ တောင်ဘက်အရပ်ဆီသို့ ဦးတည်ကာ ထွက်လာခဲ့သည်။

ကျွန်ုပ်သည် မြင်နေရသည့် အဝေးပြေးလမ်းမကြီးဘက်သို့ ဦးတည်မသွားဘဲ တောင်ဘက်အရပ်သို့သာ ဦးတည်ထွက်လာခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်သွားနေသည့်လမ်းတစ်လျှောက်တွင် လျှိုမြောင်များ၊ တောအုပ်တောတန်းများကို ဖြတ်ကာ၊ ကျော်ကာ၊ ကွေ့ကာ၊ ပတ်ကာဖြင့် နာရီအတော်များများကို ဖြတ်သန်းလာခဲ့ရသည်။

ကျွန်ုပ်သည် တစ်လမ်းလုံး မောလျှင်နား၊ ဆာလျှင်စားဖြင့် ခရီးအတော်များများကို ပေါက်ရောက်လာခဲ့သည်။

ကျွန်ုပ် သွားရင်းသွားရင်းဖြင့် အဝေးပြေးလမ်းမကြီးသည် ဘယ်အရပ်၌ ကျန်နေခဲ့သည်ကို မမှန်းဆနိုင်လောက်အောင် ဖြစ်သွားသည်။

တောသည် ပို၍ နက်သထက်နက်လာ၏။

ကျွန်ုပ်သည် နေဝင်ချိန်ကိုမှန်းဆရင်း တစ်ညတာတည်းခိုရန်အတွက် အကိုင်းအခက်ကောင်းကောင်းသစ်ပင်ကြီးတစ်ပင်ပေါ်သို့ တက်ရောက်ကာ နားနေလိုက်သည်။

ပါလာသောဓားဖြင့် သစ်ကိုင်းတို့ကိုဖြတ်ကာ လင့်စင်သဖွယ်ထိုး၍ အိပ်ရလေ၏။

နံနက်အလင်းရောင်တန်းများသည် သစ်ရွက်တို့အကြိုအကြားမှ ထွက်လာချိန်တွင် တစ်နေ့တာခရီးအတွက် ထွက်လာခဲ့ရပြန်သည်။

ထိုသို့ဖြင့် ကျွန်ုပ်သည် သွားလိုက်၊ နားလိုက်ဖြင့် လျှောက်လာခဲ့ရာ သုံးရက်မြောက်သည်အထိ တောအုပ်အတွင်းမှမထွက်နိုင် ဖြစ်နေသည်။

နေဝင်ရာအရပ်ကိုမှန်း၍ တောင်ဘက်အရပ်ဆီသို့ ဦးတည်လျှောက်လှမ်းနေရသော်လည်း ကျွန်ုပ်သည် တောအုပ်တို့အလယ်၌သာ တဝဲလည်လည်ဖြစ်နေရသည်။

ကျွန်ုပ် ထိုသို့သွားနေရာမှ ရှေ့တွင် ချောင်းရိုးလေးတစ်ခု လာရောက်တားဆီးသလို ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ထိုချောင်းရိုးကို ကွေ့ပတ်မနေတော့ဘဲ ထိုချောင်းရိုးထဲသို့ အဝတ်အစားများ လက်တစ်ဖက်မှကိုင်ကာ တစ်ဖက်သို့ ကူးသွားခဲ့သည်။

တစ်ဖက်ကမ်းသို့အရောက်တွင် ကျွန်ုပ်သည် ခြေကုန်လက်ပန်းကျကာ ထိုကမ်းပါး၌ တစ်ရေးတစ်မောအိပ်ပျော်သွားသည်။ ကျွန်ုပ်အိပ်ရာမှနိုးလာသောအခါ နေသည် အနောက်ဘက်သို့ ဝင်ရောက်ရန် အားယူနေပြီဖြစ်၏။

ကျွန်ုပ်သည် ထိုတောင်ကုန်းမို့မို့နေရာ၌ တစ်ညတာအိပ်စက်ရန် ဆုံးဖြတ်လိုက်သည်။ သစ်ကိုင်းသစ်ခက်တို့ဖြင့် ယာယီတဲလေးဖန်တီးလိုက်သည်။

ထိုညက လသည် ဖောဖောဝိုင်းသာ မြင်တွေ့လိုက်ရပြီးနောက် လုံးဝပျောက်ကွယ်သွား၏။ ထိုညက ကျွန်ုပ်တစ်ယောက်ထီးတည်း ဟိုဟိုဒီဒီစဉ်းစား နေချိန်တွင် လေသည် ရုတ်တရက်တိုက်ချသွားသည်။

ဝါးရုံများ၊ သစ်ပင်၏ အကိုင်း၊ အခက်၊ အရွက်များ၏ ရိုက်ခတ်သံ၊ ပွတ်တိုက်သံတို့သည် တစ်တောလုံး ဆူညံစွာဖြင့် ကျန်ခဲ့လေသည်။

ကျွန်ုပ်၏ခန္ဓာကိုယ်တစ်ခုလုံးလည်း အေးစိမ့်ကာ ကြက်သီးများတဖြန်းဖြန်းထသွားသည်။

တဒင်္ဂအတွင်း တစ်တောလုံးပြန်လည်ငြိမ်သက်သွား၏။





ဝန်းကျင်တစ်ခုလုံး၏ တိတ်ဆိတ်မှုသည် ကျွန်ုပ်စိတ်ထဲတွင် သံသယစိတ်များနှင့် အားငယ်စိတ်များ ဖြစ်ပေါ်၍ပင်နေတော့၏။

ထိုတိတ်ဆိတ်ငြိမ်သက်နေသည့် ပတ်ဝန်းကျင်တွင် သစ်ရွက်လေတိုးသံလိုလို၊ ဝါးပင်များပွတ်တိုက်သံလိုလို ကြားလာရပြန်သည်။

ထိုအသံများကို နားထောင်နေစဉ် နားထဲ၌ သီချင်းဆိုညည်းသံလိုလို ကြားလာရပြန်သည်။

ကျွန်ုပ်သည် ပတ်ဝန်းကျင်ကို သံသယစိတ်များနှင့် လှည့်ပတ်ကြည့်လိုက်သည်။ မည်သည့်အရာမှ မတွေ့ရသဖြင့် မြေပြင်ပေါ်၌ ငုတ်တုတ်ထိုင်နေရာမှ စိတ်မောလူမောဖြစ်သွားသည်။

အိတ်ကပ်ထဲမှ နောက်ဆုံးလက်ကျန်အဖြစ် ကျန်နေသည့် ဝိုလ်းစီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်သည်။

ကျွန်ုပ်၏စီးကရက်မီးခိုးငွေ့များသည် ထိုတောအုပ်တွင်းသို့ ပြေးဝင်သွားသလို တွေ့လိုက်ရသည်။

ဒုတိယ၊ တတိယ ဖွာထုတ်လိုက်သည့် မီးခိုးငွေ့အားလုံးသည် ထိုတောအုပ်အတွင်းသို့သာ ပြေးဝင်သွားကုန်ကြသည်။

ကျွန်ုပ် မျက်လုံးများကိုပွတ်သပ်ကာ ထိုတောအုပ်အတွင်းသို့ ငေးကြည့်နေမိသည်။

ကျွန်ုပ် ထိုတောအုပ်အတွင်းသို့ ကြည့်နေစဉ် တေးတိုးသံလိုလို မသဲမကွဲအသံများသည် ထိုတောအုပ်အတွင်းမှ ထွက်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာ၏။

တောတိုးသံနှင့်အတူ တောအုပ်အတွင်းမှ အဖြူတန်း များသည် တရွေ့ရွေ့ထွက်ပေါ်လာနေသည်။ ကျွန်ုပ်၏ခန္ဓာကိုယ် မှ ချွေးသီးချွေးပေါက်ကြီးများသည် မြေပြင်သို့ တပေါက်ပေါက် ကျနေသည့်အသံများကို ကြားနေရသည်။

ထိုအဖြူငွေ့တန်းကြီးသည် ကျွန်ုပ်ရှိရာသို့ တန်းတန်း မတ်မတ်ရွေ့လာနေသည်။ ထိုအရာသည် ဘာခဲ့တာ ဝေခွဲမရ နိုင်ဖြစ်နေ၏။ ရုတ်တရက်ဆိုသလို ကျွန်ုပ်၏ခန္ဓာကိုယ်တစ်ခုလုံး ပေါ်မှာ ကြက်သီးများတဖြန်းဖြန်းထနေသည်ကို သတိပြုမိလိုက် သည်။ ကျွန်ုပ်၏ဦးခေါင်းနှင့် ကျွန်ုပ်၏ပါးပြင်တို့ပေါ်၌လည်း ပိုး ကောင်များတရွရွပြေးလွှားနေသယောင် ခံစားနေရသည်။

ကျွန်ုပ်သည် ထိုင်နေရင်းမှ အသင့်ရှိနေသည့်ဓားကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားမိ၏။

ကျွန်ုပ်၏ခန္ဓာကိုယ်ပေါ် ဖြစ်ပေါ်နေသော စောစောက ကြောက်စိတ်၊ အားငယ်စိတ်တို့သည် ချက်ချင်းဆိုသလို ပျောက် သွားပြီး စိတ်ထဲ၌လည်း လာချင်သည့်အကောင်လာပါစေဆိုသည့် စိတ်သည် ခွန်အားသစ်များအဖြစ် ခန္ဓာကိုယ်အတွင်း ပြန်ရောက် လာသည်။

ထိုဖြူဖြူအရောင်ကြီးသည် ကျွန်ုပ်နှင့် ဝါးတစ်ပြန်ကျော် လောက်တွင် ရပ်တန့်သွားပြီး ကျွန်ုပ်အား စူးစိုက်ကြည့်နေ သယောင် ခံစားလိုက်ရသည်။

ကျွန်ုပ်သည် ထိုင်နေရာမှ ရုတ်တရက်ဆိုသလို မတ် တတ်ထရပ်လိုက်သည်။ ကျွန်ုပ်၌ အရာအားလုံးကို ရင်ဆိုင်ရန် အသင့်ရှိနေခဲ့သည်။ ကျွန်ုပ်၏ခန္ဓာကိုယ်ပေါ်မှ ကြောက်စိတ်တို့ သည်လည်း လွင့်ပါးပျောက်ကွယ်ကုန်ကြပြီ။

ကျွန်ုပ်သည် လက်တွင်မိမိရရဆုပ်ကိုင်ထားသည့်ဓားကို လေထဲ၌ ဝှေ့ယမ်းလိုက်သည်။

'ဖျောက်' ဆိုသည့် အသံနှင့်အတူ ကျွန်ုပ်တက်နင်းမိ၍ သစ်ကိုင်းခြောက်လေးတစ်ခုသည် နှစ်ပိုင်းကျိုးသွားသည်။

ထိုသစ်ကိုင်းခြောက်ကလေး ကျိုးသွားသလို ကျွန်ုပ်၏ တင်းထားသောစိတ်တို့သည်လည်း ကြက်ပျောက်ငှက်ပျောက်ဆို သလို ပျောက်ဆုံးသွားကုန်ကြ၏။

ကျွန်ုပ်သည် ဓားကိုတဆဆလုပ်ကာ စိတ်ကိုပြန်တင်းထား ရ၏။ ဖြူဖြူအငွေ့တန်းကြီးကိုလည်း မမှိတ်မသုန်ကြည့်နေမိ၏။

ဒါ. . အခြားသောဝိညာဉ်၏ ပုံရိပ်လား။

မဟာရာတနီ မင်းသမီးလေး၏ ဝိညာဉ်ပုံရိပ်လေလား။

ကျွန်ုပ်စဉ်းစားတွေးတောနေစဉ်မှာပင် ဖြူဖြူအငွေ့တန်း ကြီးသည် တဖြည်းဖြည်းပြန်လည်ထွက်ခွာသွားလေတော့သည်။

ကျွန်ုပ်သည် ထိုအခါကျမှ သက်ပြင်းရှည်ကြီးတစ်ချက်ကို မှုတ်ထုတ်ကာ တစ်ညတာအိပ်စက်ဖို့ ပြင်ဆင်ရလေတော့သတည်း။

❖



www.burmeseclassic.com

www.burmeseclassic.com

## ❮အခန်း - ၉❯

## အိပ်မက်ထဲမှကျွန်ုပ်

ကျွန်ုပ်အိပ်ပျော်နေဆိုက် အိပ်မက်မက်ရပြန်၏။

ထိုညက အိပ်မက်သည် ကျွန်ုပ်၏ဘဝတစ်သက်တာ တွင် လွမ်းမောစရာများအဖြစ် ကျန်ရစ်နေခဲ့သည်။

ထိုညက ကျွန်ုပ်၏အိပ်မက်ထဲတွင် ဆင်တွေ၊ မြင်းတွေ ခြေလျင်စစ်သည်တော်တွေနှင့် တပ်ဖွဲ့ကြီးတစ်ခုလုံးသည် တော တောင်အသွယ်သွယ်၊ လျှိုမြောင်အထပ်ထပ်တို့ကို ကျော်လွှား ဖြတ်သန်းနေကြစဉ် မဟာရာဇာစော်ဘွားလေးသည် ရာဇပလ္လင် ဆင်တော်ထက်မှ နောက်ဘက်တောအရပ်သို့ မကြာမကြာ စောင့်စားကာ ကြည့်နေတော်မူခဲ့လေသည်။





မဟာရာဇာစော်ဘွားလေးသည် သူ့အင်မတန်မြတ်နိုး တော်မူခဲ့သည့် မဟာရာတနီမင်းသမီးလေးကို ယခုလိုစွန့်ခွာထား ခဲ့ရသည်ကို စိတ်၌တွေးမိလေတိုင်း ရင်နင့်အောင် နှေ့စဉ်နှင့်အမျှ ခံစားနေခဲ့ရလေသည်။

ဟိုယခင်ကာလများဆီက မဟာရာဂျာစော်ဘွားလေး သည် မဟာရာတနီမင်းသမီးလေးနှင့် ရွှေလက်တွဲကာ ဒွါး အတူ၊ လာအတူ၊ ဘဝအခြေတူ နေလာခဲ့ကြရာမှ မမျှော်လင့် သာ နန်းရေးအခြေအနေကြောင့် ယခုလို တောတောင်အတွင်း သို့လည်း မဟာရာတနီမင်းသမီးလေးသည် ဖဝါးထပ်မျှ ဆင်းရဲ ဒုက္ခမျိုးစုံကို ခံစားရင်း လိုက်ပါတော်မူခဲ့လေသည်။

၎င်းတို့နှစ်ဦးသည် ဘဝ၏ခရီးဖော်များအဖြစ် လက်တွဲ ဖြတ်နေလာခဲ့ကြရာမှ ယခုတော့ ထိုမဟာရာတနီမင်းသမီး လေးတစ်ပါးတည်းသာ အထီးကျန်စွာနှင့် တောတောင်တို့၏အလယ် ၌ စွန့်ပစ်ထားခဲ့ရလေသည်ကို တွေးမိတိုင်း ရင်၌တနင့်နင့်နှင့် သူကျူးမရစွာ ခံစားနေခဲ့ရသည်။

တကယ်သော် စွန့်ပစ်ထားခဲ့ရသည်ကို ရင်၌ဖြေနိုင် သည်ဖြစ်သော်လည်း ယခုတော့ မဟာရာတနီမင်းသမီးလေးကို မသေဘဲ စွန့်ပစ်ထားမိခဲ့ရသည့်အဖြစ်မို့ ရင်၌ ဘယ်လိုမှ ဖြေ ဆည်နိုင်တော့ပေ။

တစ်ညသ၌ မဟာရာတနီမင်းသမီးလေးသည် သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



အသက်မသေဘဲ စွန့်ပစ်ထားခဲ့လေခြင်းဆိုသည့်စိတ်နှင့် မဟ
ရာဇာစော်ဘွားလေး၏နောက်သို့ လိုက်ပါလာကာ မီးဟုန်းဟု
တောက်နေသည့်မျက်လုံးများနှင့် ရန်စွယ်ငေါငေါ ရန်တွေ့မြေ
ဆိုနေရုံတင်မက မျက်ရည်အသွယ်သွယ်တို့ ယိုစီးကျရင်းဖြင့်
နင့်ဖွယ်ရာပြောပြနေသည့် မဟာရာတနီမင်းသမီးလေး
စကားသံတို့ကို ယခုတိုင် မဟာရာဇာစော်ဘွားလေး၏နားထ
မထွက်နိုင်အောင် ရှိနေတော့သည်။

"ရက်စက်လှချည့်လားမောင်ဘုရားရယ်။ အသက်
ဝိညာဉ် မကွဲကွာသေးတဲ့ နှမတော်လေးကို အရှင်လတ်လ
ဂူသွင်းရက်တယ်နော်။

ဒီဂူထဲမှာ ကံတော်ကုန်၊ သက်ပျောက်ခဲ့ရလို့ ဒီဂူနား
မှာပဲ တဝဲလည်လည် လည်နေခဲ့ရပြီပေါ့။ ဒီဂူကိုဖွင့်ပါမှ နှမတေ
ကျွတ်ရ၊ လွတ်ရမှာပါ မောင်ဘုရားရယ်"

စော်ဘွားလေးသည် ဆင်တော်ကိုရပ်တန့်စေလိုက်
မဟာရာဇာစော်ဘွားလေးသည် ရင်၌ မဟာရာတနီမင်းသ
လေး၏ ရန်တွေ့သံ၊ ပူဆွေးသံကို မခံစားနိုင်တော့အောင် နှ
တရစပ် ကြိမ်ဖန်များစွာကြားနေရသည်မို့ ဆင်တော်ထက်မှဆ
ကာ မဟာရာတနီမင်းသမီးလေးရှိနေရာသို့ အဟုန်ပြင်းစွာ
သွားခဲ့လေတော့သည်။ ထိုအဖြစ်အပျက်သည် လျှပ်တစ်ပြ
အဖြစ်ကြောင့် နောက်ပါခြွေရံရဲမက်တို့ တအံ့တသြကြည့်နေ





မှာ မဟာရာဇာစော်ဘွားလေးသည် လှိုဏ်မြောင်တစ်ခုအတွင်းသို့
ဦးစိုက်ပြောင်းပြန်ထိုးကျသွားခဲ့လေတော့၏။

နောက်ပါခြွေရံရဲမက်တို့သည် ထိုအရပ်သို့ အပြေးအလွှား
သွားရောက်ကာ စော်ဘွားလေးကိုကယ်တင်ခဲ့သော်လည်း မဟာ
ရာဇာစော်ဘွားလေးသည် မင်းချင်းတစ်ယောက်၏ လက်ပေါ်၌
ကံတော်ကုန်ရှာခဲ့လေပြီတကား။

ကျွန်ုပ်၏အိပ်မက်သည် ထိုမျှနှင့် အဆုံးသတ်သွားခဲ့
သော်လည်း ထိုမဟာရာဇာစော်ဘွားလေး၏ မျက်နှာတော်ကို
ကျွန်ုပ် အနီးကပ်မြင်ဖူးနိုင်ရန် တိုးကပ်သွားကြည့်လိုက်သောအခါ
မဟာရာဇာစော်ဘွားလေး၏ မျက်နှာသည် ကျွန်ုပ်၏မျက်နှာနှင့်
ချွတ်စွပ်တူနေခဲ့သည်ကို မြင်လိုက်ရသဖြင့် အထိတ်တလန့်ဖြင့်
အိပ်မက်မှ လန့်နိုးသွားခဲ့ရလေတော့သည်။

ထိုအိပ်မက်၌ မဟာရာဇာစော်ဘွားလေးသည် တကယ်
ပင် ကျွန်ုပ်သာဖြစ်နေသည်ဟု ဆိုရသော်. . ။

ကျွန်ုပ်သည် ထိုအိပ်မက်ကို ဆက်၍မတွေးဝံ့တော့ဘဲ
ငုတ်တုတ်ထထိုင်ကာ နေမိတော့၏။

ထိုအိပ်မက်ကြောင့် ကျွန်ုပ်၏ရင်ထဲ၌လည်း တလှပ်လှပ်
ဖြင့် ခံစားကျန်ရစ်ခဲ့ရတော့သည်။

❖



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ရောက်ရှိနေသည့် ကုန်းမို့မို့မြေပြင်လေးပေါ်သ... နံနက်ခင်း၏နေရောင်များ ထိုးဖောက်ကျရောက်လာသည်။

ကျွန်ုပ်သည် ထိုနေရာလေးမှ ထွက်ခွာရန် ပြင်ဆ... လိုက်သည်။ ထိုကုန်းပြင်မြင့်လေးသည် သစ်ပင်ကြီးများ၊ ဝါး... ပင်များ၊ ချုံနွယ်ပိတ်ပေါင်းများနှင့် ပြည့်သိပ်နေသည့် တောအု... ကြီးပမာဖြစ်နေသည်။

ကျွန်ုပ်သည် ထိုတောအုပ်မှ ဖြတ်ထွက်နိုင်ရန် နေထွ... နေဝင်အရပ်တို့ကိုကြည့်၍ မိမိသွားရမည့်အရပ်ကို ခန့်မှန်းလိုက်...

ကျွန်ုပ်သည် ထိုတောအုပ်ကို ကျော်ဖြတ်နိုင်ရန် တစ်... ဝင်၊ တစ်ချုံထွက်ဖြင့် ဝါးပင်များ၊ သစ်ပင်ကြီးများကို ကျော်ဖြ... ကာ ထွက်လာခဲ့သည်။

သွားနေသည့်လမ်းကြောင်းသည် သွားရင်းသွားရင်းမြ... လမ်းပျောက်သွားသည်။ ဘယ်အရပ်၊ ဘယ်ဘက်သို့ ဦးတ... သွားရမည်ကို မခန့်မှန်းတတ်အောင် ဖြစ်သွားသည်။

ကျွန်ုပ်သည် ကြုံရာလမ်းကြောင်းတစ်ခုသို့ ဦးတ... ထွက်လိုက်သည်။

ရှေ့တွင် ချုံနွယ်များ၊ ဝါးရုံပင်များနှင့် ပိတ်ဆို့နေသ... လမ်းကြောင်းသည် ရှေ့ဆက်ရန် လမ်းကြောင်းပျောက်သွားပြ... လေ၏။

ကျွန်ုပ်သည် စိတ်ပျက်လက်ပျက်နှင့် သစ်တစ်ပင်၏...





...ရင်း၌ အမောဖြေထိုင်ချလိုက်သည်။ နံနက်စာကို သူတော်ကြီး ...ပေးထားခဲ့သည့် ချာပါတီမုန့်နှင့် ဗိုက်ဖြည့်တင်းလိုက်၏။ ကျွန်ုပ် ...သည် မုန့်များကိုစားရင်း သူတော်ကြီး၏အမြော်အမြင်ကြီးမားခဲ့မှု ...ကို သတိတရ ကျေးဇူးတင်နေမိတော့၏။

ကျွန်ုပ်၏ထိုင်နေရာနှင့် ဝါးတစ်ပြန်လောက်တွင် ဝါးပင် ...များ၊ ချုံနွယ်ပိတ်ပေါင်းများ ရှိနေသည်။ ထိုတောချုံဖုတ်တစ်ခု ...အတွင်းမှ ရောင်ပြန်အလင်းတန်းတစ်ခုသည် ဝါးပင်များ၊ သစ် ...က်အကြိုအကြားတို့မှ ထိုးဖောက်ကာ ကောင်းကင်သို့တိုင်အောင် ...ထွက်နေသည်။

ကျွန်ုပ်သည် ထိုအလင်းတန်းရှိနေရာသို့ လှမ်းကြည့်ရင်း ...တ်ဝင်စားသွားသည်။

ကျွန်ုပ်သည် စိတ်မြန်လက်မြန်ပင် ထိုနေရာသို့ ထသွား ...ကြည့်လိုက်သည်။ ချုံများ၊ နွယ်များကို ခက်ခက်ခဲခဲခုတ်ထွင်ဖယ် ...ရှားပစ်ပြီးမှ ထိုအလင်းတန်းရှိနေသည့်နေရာသို့ ရောက်သွား၏။

မြေကြီးမို့မို့ ကုန်းမို့မို့သဏ္ဍာန်ရှိနေသော တောင်ပို့တစ်ခု ...ကို ချုံနွယ်များကြား၌ တွေ့နေရသည်။ ရောင်ပြန်အလင်းတန်း ...များသည် ထိုနေရာကွက်ကွက်ကလေးမှ ပေါ်ထွက်နေခြင်းပင်။

ကျွန်ုပ်သည် ထိုကမူကုန်းသဏ္ဍာန်မို့မို့လေးဆီသို့ ချုံနွယ် ...များ၊ ဘီစပ်တောများ၊ ကိုင်းပင်များကို ခက်ခက်ခဲခဲကျော်လွှားပြီး ...ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကမူကုန်း၏ပတ်လည်တွင် ဝါးပင်များလည်း အစီအရီ ပေါက်၍ရောက်နေသဖြင့် နေရောင်သည် ထိုနေရာသို့ တည့်မတ် စွာရှိနေသောအချိန်မှသာ ရောက်ရှိနိုင်ကြပေမည်။

ကျွန်ုပ်သည် အရောင်ထွက်သည့်နေရာလေးကို သေချာ စွာကြည့်လိုက်သည်။

ထိုကမူကုန်းထိပ်တွင် ရှိနေသော ပန်းကန်လုံးတစ်လုံး ခန့်ရှိ ကျောက်တုံးလေးသည် နေရောင်နှင့်ထိတွေ့ပြီး အလင်း တန်းများ အပေါ်သို့ကန်ထွက်နေသည်။

ကျွန်ုပ်သည် ထိုကျောက်ဖြူတုံးလေးကို လက်ဖြင့် ခက်ခဲ စွာကော်ထုတ်နိုင်ဖို့ ကြိုးစားကြည့်ရာ အချည်းနှီးသာဖြစ်ခဲ့သဖြင့် လက်လျှော့လိုက်ရသည်။

ကျွန်ုပ်၏စိတ်ထဲတွင်လည်း ထိုကျောက်ဖြူတုံးလေး ရရှိ ရေးထက် မိမိ၏ မျက်စိလည်လမ်းမှားကာ ထိုတောအုပ်အတွင်းမှ လွတ်မြောက်နိုင်ရေးအတွက်သာ ပူပင်သောကရောက်နေမိ၏။

ထို့ကြောင့် ထိုကျောက်ဖြူတုံးလေးရယူရေးကို စွန့်လွှတ် ကာ ထိုနေရာမှ ပြန်ထွက်လာခဲ့၏။

ကျွန်ုပ်သည် စောစောကထိုင်နေခဲ့သည့်နေရာသို့ သွား ရောက်၍ ပြန်ထိုင်နေလိုက်၏။ သူတော်ကြီးပေးခဲ့သည့် ချာပါတီ မုန့်များမှာလည်း ယနေ့တစ်ရက်စာမျှသာ ရတော့မည့်အတွက် စိတ်ထဲတွင် ပူပန်မိသွားသည်။





ထိုချာပါတီမုန့်များကို နှစ်ရက်စာရအောင် ခွဲခြမ်းလိုက် ၍ ညစာစားရန်အတွက်လည်း ဆုံးဖြတ်လိုက်သည်။

ကျွန်ုပ် သည်တောအုပ်အတွင်းမှ တစ်ယောက်ထီးတည်း အတွေးများစွာဖြင့်ရှိတော့၏။

ကျွန်ုပ်စိတ်ထဲ၌ ဟိုအတွေး၊ ဒီအတွေးတို့ တွေးကောင်း နေစဉ် ညနေ၏ ရောင်ခြည်များသည် ပျောက်ကွယ်လုအချိန်သို့ ဆိုက်ရောက်လာသည်။ ကျွန်ုပ်၌ အခြားလုပ်ကိုင်စရာလည်း မရှိ သည့်အတွက် ထင်းခြောက်၊ ဝါးခြောက်များ လိုက်လံကောက်ယူ ကာ ညအတွက် မီးဖိုနိုင်ရန် စုပုံထားလိုက်၏။

ထိုည၌ ကျွန်ုပ်၏ပတ်ဝန်းကျင်တစ်ခုလုံးသည် လေတိုး သံ၊ သစ်ရွက်ကြွေသံမျှပင် မကြားရဘဲ ပကတိတိတ်ဆိတ်ငြိမ် သက်နေ၏။

ည၏သဘာဝအတိုင်း ပုစဉ်းရင်ကွဲသံ၊ ညပိုးကောင်တို့၏ အော်ဟစ်သံတို့ပင် စောစောပိုင်းလောက်သာ ကြားရပြီးနောက် ပျောက်ကွယ်သွားသည်။

ကျွန်ုပ်သည် ဝါးခြောက်၊ ထင်းခြောက်တို့ဖြင့် မီးဖိုကြီး တစ်ခုကို ဖိုထားလိုက်သည်။

ညသည် အေးချမ်းငြိမ်သက်စွာရှိနေသဖြင့် ထိုညလောက် သာယာတင့်မောဖွယ်ရာရှိသောညသည် ရှိမည်တောင်မထင် တော့ဟု တွေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုညက ကျွန်ုပ်သည် မီးဖိုကြီး၏နံဘေး၌ စိတ်အေးချမ်း[...] သာစွာ အနားယူအိပ်စက်ခဲ့ရလေတော့သည်။

ထိုညကလည်း ကျွန်ုပ်၏အိပ်မက်ထဲတွင် မဟာရာတနီ[...] မင်းသမီးလေးနှင့် ဆုံတွေ့ခဲ့ကြရသေး၏။

ကျွန်ုပ်သည် သူမခေါ်ရာနောက်သို့ လိုက်ပါသွားခဲ့ရ[...] သည်။ တောအုပ်၊ တောတန်း၊ လျှိုမြောင်တို့ကိုလည်း ကျော်ဖြတ်[...] သွားလာရသည်။

ကျွန်ုပ်သွားလာရာလမ်းတစ်လျှောက်၌ ထူးခြားသော[...] သစ်ပင်များ၊ ထူးခြားသောအကွေ့အကောက်များကို မဟာရာ[...] တနီမင်းသမီးလေးသည် ပြသကာ ခေါ်ဆောင်သွားနေသည်ကို[...] သတိပြုမိလိုက်သည်။

အချို့သောနေရာဒေသတို့သည် ကျွန်ုပ် ယမန်နေ့က[...] အကြိမ်ကြိမ်ရောက်ခဲ့ဖူးသည့်နေရာများဖြစ်နေ၏။

သို့သော် ကျွန်ုပ်သည် မင်းသမီးလေးသွားနေသည့်လမ်း[...] ကြောင်းများနှင့် မတူ။ သွေဖည်သွားခဲ့သောလမ်းများ ဖြစ်နေ၏။ ယခု မင်းသမီးလေးသွားနေသည့်လမ်းသည် ကျွန်ုပ်ရှောင်ဖယ်[...] သောလမ်းများ ဖြစ်နေသည်။

မင်းသမီးလေးခေါ်ဆောင်သွားရာလမ်းသည် မကြာခ[...] မှာပင် ရိုးပြတ်လယ်ကွင်းများဆီသို့ ဆိုက်ရောက်သွားသည်။ ယခု[...] မှ ကျွန်ုပ်၏ ပျောက်ဆုံးနေသောလမ်းစကို ပြန်လည်တွေ့ဆုံ[...]



[...]ဉ်းစားလာမိသည်။

ကျွန်ုပ်သည် မင်းသမီးလေးကို ဝမ်းသာလွန်းသဖြင့် [...]တ်ဆက်စကားဆိုရန် ကြည့်လိုက်၏။ ဘယ်မှာမှ မတွေ့ရ၊ ကျွန်ုပ် [...]သည် ပတ်ဝန်းကျင်တစ်ခုလုံးကို လှည့်ပတ်ရှာဖွေသော်လည်း [...]င်းသမီးလေး၏အရိပ်အယောင်ကို ဘယ်မှာမှ ရှာမတွေ့တော့ပေ။

ကျွန်ုပ်သည် အိပ်ပျော်နေရာမှ လန့်နိုးသွား၏။ ကျွန်ုပ် [...]ိပ်မက်ထဲတွင် လျှောက်သွားခဲ့ရသောလမ်းများသည် တကယ် [...]င် ကျွန်ုပ်၏လွတ်မြောက်ရာလမ်းကြောင်းများ ဖြစ်နေသလားဆို [...]သည့် အတွေးတို့သည် ကျွန်ုပ်၏ခေါင်းထဲမှမထွက်နိုင်သလို မင်း [...]မီးလေးခေါ်ဆောင်သွားရာလမ်းတို့ကို မမေ့ပျောက်မသွားအောင် [...]တ်ကူး၌ အကြိမ်ကြိမ်မှတ်သားနေရသည်။

ငြိမ်းနေသော မီးဖိုကြီးကို မီးပြန်မွှေးလိုက်သည်။ ကျွန်ုပ် [...]သည် မီးပုံကြီးနံဘေး၌ထိုင်ရင်း နံနက်ခင်း၏ရောင်ခြည်များ [...]ရောက်လာမည့်အချိန်ကို စောင့်မျှော်နေလိုက်သည်။

❖

ကျွန်ုပ်သည် နေရောင်ခြည်များ တောအုပ်အတွင်း ကျ [...]ရောက်လာသည်နှင့် ထိုတောအုပ်ကို ကျော်ခိုင်း၍ထွက်လာခဲ့၏။

[...]ညက မင်းသမီးလေးခေါ်ဆောင်သွားခဲ့သည့်လမ်းများ [...]ကို စိတ်ကူး၌ အလွတ်ရနေအောင် ပြန်၍ပြန်၍ ကြိမ်ဖန်များစွာ



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားရင်း တောအုပ်တောတန်းများကို ဖြတ်သန်းခဲ့ရသည်။

အချို့လမ်းများသည် ကျွန်ုပ်အကြိမ်ကြိမ်ရောက်ခဲ့ဖူး၍ အကြိမ်ကြိမ်မှားခဲ့ရသည့်လမ်းများကို မင်းသမီးလေး ဦးဆောင် လမ်းပြ၍သာ ယခုတစ်ကြိမ်၌ ဖြောင့်ဖြောင့်ဖြူးဖြူးလျှောက်လာ ခဲ့ရပေတော့သည်။

ကျွန်ုပ်၏စိတ်ထဲမှ မင်းသမီးလေးကို အကြိမ်ကြိမ်အခါခါ ကျေးဇူးတင်နေမိတော့၏။

ညက မင်းသမီးလေးပြခဲ့သည့် လမ်းကြောင်းများသည် ထိုတောအုပ်အတွင်းမှ အမှန်တကယ်လွတ်မြောက်ရာလမ်းကြောင်းတစ်ခုဖြစ်နေပေသည်။

မကြာမီ ကျွန်ုပ်သည် ထိုတောအုပ်အတွင်းမှ အောင်မြင်စွာ ထွက်လာနိုင်ခဲ့တော့၏။

တောစပ်ကိုလွန်သည်နှင့် ရိုးပြတ်လယ်ကွင်းများကို တစ်မျှော်တစ်ခေါ် လှမ်းမျှော်မြင်တွေ့နေရသည်။

ကျွန်ုပ်သည် ယခုမှ ထောင်ချောက်ကလွတ်မြောက်လာသည့် သားကောင်ပမာ စိတ်လက်ပေါ့ပါးသွားပေတော့သည်။

ကျွန်ုပ်သည် တောအုပ်ကြီးကို နောက်ပြန်လှည့်ကြည့်လိုက်သည်။ ကျွန်ုပ်၏နှုတ်မှလည်း တိုးတိုးလေးရေရွတ်လိုက်မိ၏။

"ကျေးဇူးကြီးမားလှပါတယ် မဟာရာတနီရယ်"

❖



## ＜အခန်း - ၁၀＞

## သူတော်မတုတ်သည့်သူတော်နှင့် ဆုံတွေ့ခြင်း

ကျွန်ုပ်၏ခြေလှမ်းများသည် သွက်လက်နေ၏။

ပျောက်ဆုံးသွားသော ကျွန်ုပ်၏ဘဝကို ယခုမှ ပြန်တွေ့ရသလို စိတ်၌ခံစားလိုက်ရသည်။

ရိုးပြတ်ကွင်း၊ လယ်ကွင်းများ မျက်စိတစ်ဆုံးလျှောက်လာခဲ့ပြီးနောက် ရှေ့၌ လူသွားလမ်း၊ ကားလမ်းများကိုပါ တွေ့လာရသည်။

ကျွန်ုပ်သည် ကားလမ်းပေါ်သို့ရောက်လျှင် ရည်ရွယ်ချက်မဲ့ စိတ်ကူးတည့်ရာအရပ်ဆီသို့သွားရန် အဝေးမှလာနေသော ကားတစ်စီးကို လှမ်းတားစီးလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကားနှင့် တစ်နာရီခန့်စီးလာခဲ့ပြီး လှစည်ကားရာမြို့လေးတစ်မြို့ကို တွေ့လိုက်ရသဖြင့် ထိုမြို့၌ ဆင်းနေလိုက်၏။

ထိုမြို့လေးသည် ဈေး၊ ကားဂိတ်တို့ ဆုံစည်းရာနေရာဖြစ်သဖြင့် လှုစည်ကားနေသည်။

ကျွန်ုပ်သည် အနီးဆုံးကာကာဆိုင်၌ လက်ဖက်ရည်သောက်ရင်း အပန်းဖြေလိုက်သည်။

ကျွန်ုပ်သည် လက်ဖက်ရည်၏ ချိုသက်သက်အရသာလေးကို လျှာပေါ်တင်ပြီး အရသာကို လိုမ့်ချလိုက်သည်။ နှစ်ကျိုက်လောက် ငုံသောက်လိုက်ပြီး ပိုလိုစီးကရက်လေးနှင့် မှိန်းနေလိုက်သည်။

ကာကာဆိုင်လေး၏ရှေ့တွင် ဈေးသွားဈေးလာ၊ ခရီးသွားခရီးလာများနှင့် မျက်စိနောက်လောက်အောင် လူများသွားလာနေကြသည်ကို ကျွန်ုပ်သည် ကြည့်ရင်းကြည့်ရင်းနှင့် ခေါင်းများမူးနောက်သလိုပင် ဖြစ်လာ၏။

သို့နှင့် ကျွန်ုပ်သည် လူသွားလူလာများနှင့် ကင်းဝေးမည့်နေရာလေးတစ်ခုဆီသို့သွားရန် စိတ်ကူးနှင့် ကာကာဆိုင်လေးမှ ထွက်လာခဲ့သည်။

ထိုခဏ၌ ကျွန်ုပ်၏နားထဲ၌ ကြေးစည်သံတနောင်နောင်ကို ကြားလိုက်ရသည်။

ကျွန်ုပ်၏နားသည် ကြေးစည်သံကြားရလျှင် လှည့်မကြည့်





ဘဲ မနေနိုင်သောအကျင့် ဖြစ်နေလေပြီ။

ထိုကြေးစည်သံသည် ကျွန်ုပ်နှင့်မနီးမဝေးအရပ်ဆီမှ ကြားနေရသည့်အသံဖြစ်သည်။ ကျွန်ုပ်လှမ်းကြည့်လိုက်လျှင် ဖိုးသူတော်တစ်ယောက်ကို လှမ်းတွေ့လိုက်ရသည်။

ကျွန်ုပ်သည် ထိုဖိုးသူတော်လာနေသည့်လမ်းသို့ လျှောက်သွားရန် စိတ်ကူးလိုက်သည်။

ထိုဖိုးသူတော်သည် ဦးပြည်းကတုံးကို ပြောင်နေအောင်ရိတ်သင်ထားသည်။ လက်မှလည်း ကြေးစည်လေးကို တနောင်နောင်ထုရိုက်ကာ အလှူခံထွက်လာခြင်းဖြစ်မည်။

ကျွန်ုပ်နှင့် ဖိုးသူတော်တို့ မျက်နှာချင်းဆိုင်သို့ရောက်လျှင် ကျွန်ုပ်သည် အလွန်အံ့ဩသွားသည်။

ကျွန်ုပ်သည် သွားနေသောခြေလှမ်းကို ရပ်တန့်ပြီး ဖိုးသူတော်ကျွန်ုပ်အနီးသို့ရောက်လာမည့်အချိန်ကို စောင့်နေလိုက်၏။

ဖိုးသူတော်သည် ယခုမှ ကျွန်ုပ်အားလှမ်းမြင်သွားသည်။ ကျွန်ုပ်သည် ဖိုးသူတော်၏အမည်ကို တိုးတိုးလေးခေါ်လိုက်၏။

"ကိုဘသိုက်"

ကျွန်ုပ်၏ခေါ်လိုက်သည့်အသံကြောင့် ဖိုးသူတော်သည် ရုတ်တရက် ကြောင်ပြီး ရပ်ကြည့်နေသည်။

"မောင်ဘဂျမ်းမဟုတ်လား"

"ဟုတ်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ မင်းကိုရှာနေတာ သုံးရက်လောက်ရှိပြီ။ ကဲ. . ကဲ. . လာ။ လူရှင်းတဲ့ လက်ဖက်ရည်ဆိုင် သွားရအောင်။ ဒါမှမဟုတ် လည်း ထမင်းဆိုင်တစ်ခုခု သွားရအောင်။ ထမင်းစားချိန်လည်း ရောက်နေမှကိုး"

ကျွန်ုပ်လည်း ဖိုးသူတော်တစ်ဖြစ်လဲ ကိုဘသိုက်ခေါ်ရာ နောက်သို့ လိုက်ချသွားသည်။

ကျွန်ုပ်တို့နှစ်ဦး ထမင်းဆိုင်တစ်ဆိုင်၏ ထောင့်ကျ နေရာတစ်ခု၌ ရွေး၍ထိုင်လိုက်ကြသည်။ စားပွဲဝိုင်း၌ ထိုင်လိုက် ကြပြီးလျှင် ဖိုးသူတော်ကိုဘသိုက်သည် ကျွန်ုပ်ကို စေ့စေ့ကြည့် ကာ ပြောလေ၏။

"ဘယ်လိုဖြစ်ကြတာတုံး မောင်ဘဂျမ်းရဲ့။ ဒီလမ်းနဲ့ ခရီးက တစ်ရက်တစ်မွန်းတည့်ဆိုရင် ရောက်တဲ့ခရီးပဲ။ အ မောင်ဘဂျမ်းတို့က တစ်ပတ်နီးပါးရှိပြီထင်တယ်။ ငါလည်း မင်း စိတ်ပူပြီး နီးရာမြို့ရွာတွေရော၊ သချိုင်းဇရပ်တွေပါမကျန် လိုက် ရှာနေခဲ့တာ"

"ဟုတ်တယ် ကိုဘသိုက်ရေ. . ။ ကျုပ်နဲ့ သူတော်ကြီး လမ်းခွဲပြီး ထွက်လာကတည်းက ကျုပ်ကလမ်းပျောက်တော့တ ပဲဗျို့။ အဲဒီတောထဲမှာ လေးရက်တောင်ကြာသွားတာ။ က ကောင်းတယ်ပဲ ပြောပါတော့ဗျာ။ မဟုတ်ရင် ကျုပ်ကိုယ်ကျ မတွေ့ဝံ့စရာပဲ။ အဲဒီမှာ မျက်စိလည်၊ လမ်းမှားနေတာလေ"





ဖိုးသူတော်ကိုဘသိုက်သည် ခေါင်းလေးညိတ်ကာ ညိတ် ကာဖြင့်. .

"ဩော်. . "

"မဩော်နဲ့ ကိုဘသိုက်။ အခု ကျုပ်က အဲဒီတောထဲက ဒီမနက်မှ ထွက်လာပြီး ကားကြုံစီးပြီး ဒီမြို့ကို ထွက်လာခဲ့တာ"

"အင်း. . တော်သေးတာပေါ့"

ထိုအချိန်တွင် ထမင်းဟင်းများလာချပေးနေသဖြင့် ကျွန်ုပ် နှင့် ဖိုးသူတော်ကိုဘသိုက်တို့သည် အားပါးတရစားသောက်လိုက် ပြီး ကျွန်ုပ်အား စက္ကူကြမ်းတစ်ခုပေါ်မှာ ရေးခြစ်ထားသော မြေပုံ ကြမ်းတစ်ခုကို ထည့်ပေးလိုက်သည်။

"ဒီမှာမောင်ဘဂျမ်း. . ။ ဒါ. . မြို့စွန်မှာရှိတဲ့ သချိုင်း ဇရပ်တစ်ခုပဲ။ မင်း အဲဒီမှာ သွားစောင့်နေပေါ့။ ဘာပြောပြော သချိုင်းဆိုတာ လူသူအသွားအလာကင်းဝေးတဲ့အရပ်ပဲ။ ကျုပ် လာခဲ့မယ်။ အဲဒီကျမှ ဆက်စကားပြောကြတာပေါ့"

ကျွန်ုပ်သည် ထမင်းဖိုးကျသင့်ငွေများကို ရှင်းပေးလိုက် ပြီး သူတော်ဘသိုက်နှင့် လမ်းခွဲထွက်လာခဲ့ကြသည်။ ကျွန်ုပ်သည် ကားဂိတ်၊ ရထားဘူတာရုံတို့၌ တစ်နေ့လုံးအချိန်ဖြုန်းနေရင်း မလှသီကိုတွေ့လိုတွေ့ငြား ကြည့်နေမိလေ၏။ နေကုန်မှ ကိုဘ သိုက်လမ်းညွှန်လိုက်သည့် သုသာန်ဇရပ်တစ်ခုဆီသို့ လမ်းညွှန် အတိုင်း ထွက်လာခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မြို့ဖွန်တစ်နေရာ၌ရှိနေသော သချိုင်းကုန်းကို သိပ်ပြီး
ရန်မလိုဘဲနှင့် တွေ့လိုက်ရသည်။

ကျွန်ုပ်တစ်ယောက်တည်း နေဝင်ချိန်လောက်တွင် မှ
ပြီးထွက်လာခဲ့ခြင်းဖြစ်ရာ နွားရိုင်းသွင်းချိန်မို့ သချိုင်းကုန်းဘက်
လူသွားလူလာပြတ်နေသည်။

ကျွန်ုပ် သချိုင်းအတွင်း ဝင်လိုက်လျှင် သက်ကယ်မှ
ကျိုးတိုးကျဲတဲနှင့် ဇရပ်တစ်ခုကို တွေ့လိုက်ရ၏။ ကျွန်ုပ် ထိုဇရပ်
သို့ရောက်လျှင် ပတ်ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်မှော
ပိန်းလျက်ရှိ၏။

ကျွန်ုပ်သည် ထိုဇရပ်၌ ညနေစာအတွက် အသင့်ပါလာ
သောထမင်းထုပ်ကို ဖြေ၍ စားသောက်လိုက်သည်။

ကျွန်ုပ်၏နားထဲတွင် သစ်ရွက်များ၊ မြက်တောများကို
တိုးလာသည့်ခြေသံကို ကြားလိုက်ရသဖြင့် သချိုင်းဝန်းကျင်၏
မှောင်အတွင်းသို့ စူးစိုက်ကြည့်လိုက်သည်။

"ဘုန်း"

"အမလေးဗျာ"

ကျွန်ုပ်၏ရင်ထဲတွင် စိမ့်ခနဲဖြစ်သွားသည်။ 'ဘာသံ
လိမ့်'ဟုတွေးရင်း အတွေးတို့နှင့်အတူ ဇရပ်၏ထောင့်တစ်နေရာ
၌ သွားရောက်ငြိမ်ကုပ်နေလိုက်သည်။

မည်းမည်းသဏ္ဌာန်နှစ်ခုသည် ကျွန်ုပ်၏ဇရပ်ပေါ်သို





က်လာကြကာ ဆေးလိပ်မီးတရဲရဲနှင့် စကားကောင်းနေကြ၏။
ထမတွင် ကျွန်ုပ်လည်း ကိုဘသိုက်တို့လူစုဟု စိတ်မှာထင်မှတ်
ကိုဘသိုက်ကိုမေးရန် ဇရပ်ထောင့်ပုန်းနေရာမှ ထွက်လာပြီး. .

"ကို. . ကိုဘသိုက်"

ကျွန်ုပ်၏စကားသံမဆုံးခင်မှာ ထိုလူနှစ်ယောက်သည်
ရပ်ပေါ်မှ ခုန်ချကာ. .

"သရဲ. . သရဲ. ."

ဟု အော်ပြေးကုန်ကြသည်။ ကျွန်ုပ်လည်း ၎င်းတို့နှစ်
ယာက်၏ သူရဲဘောကြောင်ပုံကို တွေးကြည့်ရင်း တဟားဟား
ယ်မောကာ ကျန်နေခဲ့တော့၏။

ကျွန်ုပ်၏ရယ်သံနှင့်အတူ ကျွန်ုပ်၏အမည် လှမ်းအော်
ါသံကို ကြားလိုက်ရသလိုရှိသည်နှင့် သချိုင်း၏ မှောင်အတွင်း
ို့ လှမ်းကြည့်လိုက်သည်။

လူသုံးယောက်သည် ကျွန်ုပ်၏ဇရပ်ပေါ်သို့ တက်လာ
ကာ. .

"ကိုဘဂျမ်း"

"ဗျို. . ဒီမှာလေ"

"စောစောက ဘာသံတွေလဲ။ ဒီဇရပ်နား အော်သံလိုလို
ကြားလိုက်ရတယ်"

"ဟုတ်ပါ့ဗျာ. . ။ ငမူးနှစ်ကောင်နေမှာပါ။ သချိုင်းထဲ



www.burmeseclassic.com

www.burmeseclassic.com



တဘုန်းဘုန်းလဲရင်းနဲ့ ဒီဇရပ်ကိုရောက်လာတာလေ။ အဲ. . ကျုပ် ကို သရဲထင်ပြီး ထွက်ပြေးကုန်ကြတာပေါ့"

"သြော်. . ဒီလိုလား။ မင်း ညစာရော စားပြီးပြီလား"

"ပြီးပါပြီဗျာ"

"ကဲ. . ပြီးရင်လည်း ကျုပ်တို့ တစ်နေရာကို သွားကြရ မယ်။ မင်းကို တိုတိုပဲပြောပြတော့မယ်။ တို့ ဒီည မြေပုံညွှန်းရှိတဲ့ နေရာကိုသွားမယ်။ အဲဒီကို မင်းလည်းလိုက်ခဲ့"

ကျွန်ုပ်ဘာမှမပြောနိုင်သေးဘဲရှိစဉ် ကိုဘသိုက်က အမိန့် သံဖြင့် ပြော၏။

"မင်း ဘာပြောစရာရှိလဲ။ မရှိရင် ထွက်မယ်"

ကျွန်ုပ်တို့လေးယောက်သည် သချိုင်းမြေမှ ညအမှောင် ထဲတွင် ပြန်ထွက်လာခဲ့ကြ၏။ လမ်းတစ်လျှောက်တွင် ကန်သင်းရိုး လမ်းကြောင်းအတိုင်း အတော်ဝေးဝေးသို့ လျှောက်လှမ်းလာခဲ့ ကြပြီး ရိုးပြတ်လယ်ကွင်းတစ်ကွင်းကို ဖြတ်ကျော်ခဲ့ရပြန်သည်။

ကျွန်ုပ်တို့၏ခရီးလမ်းသည် ရိုးပြတ်လယ်ကွင်းများ တစ် ကွင်းပြီးတစ်ကွင်း ကျော်ဖြတ်လာခဲ့ကြပြီးနောက် ရိုးချောင်းလေး တစ်ခုသို့ ရောက်သွားကြလေ၏။

ထိုရိုးချောင်းလေးအရောက်တွင် လှေတစ်စင်း အသင့် ဆိုက်ကပ်ထားသည်ကို တွေ့လိုက်ရသည်။

ကျွန်ုပ်တို့လေးယောက် ထိုလှေပေါ်သို့ ရောက်သည်နှင့်





ချောင်းလေးအတိုင်း လှော်ခတ်သွားခဲ့ကြသည်။

တစ်နာရီကျော်ခန့်လှော်ခတ်ခဲ့ကြပြီးနောက် ကမ်းစပ် ခုသို့ ဆိုက်ကပ်လိုက်သည်။

"ကဲ. . မောင်ဘဂျမ်းပါ လိုက်ခဲ့။ သံချောင်း. . မင်းလှေ င့်ကျန်ခဲ့"

ကျွန်ုပ်တို့ဟစ်ဖွဲ့လုံး မှောင်ထဲတွင် စမ်းတဝါးဝါးနှင့် လျှောက်ခဲ့ကြရသည်။ ကျွန်ုပ်လည်း ကိုဘသိုက်နောက်သို့ လိုက် သာလိုက်ခဲ့ရသည်။ ဘယ်အရပ်၊ ဘယ်ဒေသသို့ သွားမှန်း၊ ာက်မှန်းမသိရပါချေ။

ကျွန်ုပ်တို့ လှေဆိပ်မှ နာရီဝက်ကျော်ခန့် လျှောက်ခဲ့ကြ နောက် ဝါးပင်များအုံ့ဆိုင်းနေသော ခြံဝင်းကျယ်ကြီးတစ်ခုကို ့လိုက်ရသည်။

ကျွန်ုပ်တို့ ထိုခြံဝိုင်းကြီးကို လှည့်ပတ်၍ ဝင်းပေါက်ကိုရှာ ယည်မှာ အချိန်အတော်ကြာသွားသည်အထိ မတွေ့နိုင်ဖြစ် ကြသည်။

"တောက်. . ဒီခြံဝိုင်းက တော်တော်ဘာဝကျတယ် ခုချိန်ထိ ဝင်ပေါက်ဆိုတာ ဘယ်ဟာမှန်းမသိရဘူး"

ကိုဘသိုက်သည် တစ်ကိုယ်တည်း ညည်းတွားသလိုနှင့် နုပ်တို့အား တိုးတိုးလှမ်းပြောလိုက်သည်။

"နေကွ်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. ."

"ငါနဲ့ မောင်ဘဂျမ်း အိမ်ထဲကိုဝင်မယ်။ မင်းက အိမ်အောက်က စောင့်ကျန်ခဲ့။ အောက်မှာ အခြေအနေမကောင်းရင် အချက်ပေး"

"ကိုဘသိုက်. . ဒါဝင်ပေါက်မဟုတ်လားဗျ"

"အေးကွ. . ။ ဟုတ်ပါ့။ မျက်လုံးက ကန်းကိုကန်းတယ်။ ဒီနေရာကို တို့ဘယ်နှခေါက်ရှိနေပြီလဲ။ မျက်စိမှောက်နေကြတာ"

ငနက်ဆိုသူက. .

"ဟာ. . ကိုဘသိုက်ကလည်း။ ဒါ. . ကျွန်တော်တို့ မတွေ့နိုင်လို့ မတွေ့ကြတာမဟုတ်ဘူး။ မတွေ့အောင် လုပ်ထားတာ"

"ဘာလဲ. . မင်းစကားကြီးက"

"ဟုတ်တယ်ဗျ။ ဒါ. . အစီအရင်ပညာရပ်နဲ့ လုပ်ထား၍ မတွေ့ရတာ နေမှာပေါ့။ တချို့ဆိုရင် ပြန်လမ်းမရှိ ထွက်ပေါက်မရှိအောင် လုပ်ထားတတ်ကြတယ်"

"ဟေ့ကောင် ငနက်. . ။ တော်. . ငါ့ဘဝမှာ မလုပ်နိုင်ဘူးဆိုတာ ဘာမှမရှိစေရဘူး။ လာ. . ဝင်မယ်"

ကျွန်ုပ်တို့နှစ်ယောက် ကိုဘသိုက်နောက်မှ မှောင်ရိပ်ကာ လိုက်ပါလာခဲ့ကြသည်။

"ကိုဘသိုက်. . ခင်ဗျားအိမ်ကြီးကို ကြည့်ရတာ လူနေ ပုံမလား"

"လူမရှိရင် ပိုကောင်းတာပေါ့"

"အို. . လူမရှိမှ ကိုယ်လိုချင်တဲ့ပစ္စည်းလည်း ဘယ်ရှိပါ့မလဲ"

"အေးကွ. . ဟုတ်တော့ဟုတ်တယ်။ ဒါပေမဲ့ ကြိုးစားဖို့ တာဝန်က ကိုယ့်တာဝန်ပဲ။ ရှိတာမရှိတာ၊ ဖြစ်တာမဖြစ်တာ ကိုယ်နဲ့မဆိုင်ဘူး"

ကျွန်ုပ်တို့အားလုံး စကားကို ဆက်မပြောတော့ဘဲ အိမ်ကြီးအနီးသို့ တိုးကပ်သွားလိုက်ကြသည်။

ငနက်ကို အိမ်နှင့်မလှမ်းမကမ်း သစ်ပင်ကြီးတစ်ပင် အနီးတွင်ထားခဲ့ကြပြီး ကိုဘသိုက်နှင့် ကျွန်ုပ်တို့နှစ်ဦးသား အိမ်၏ အနောက်ဘက်သို့ ချဉ်းကပ်လိုက်ကြသည်။

ကိုဘသိုက်သည် အိမ်၏အနောက်ဘက်မှ တံခါးနှင့် ပြတင်းတံခါးတို့ကို တစ်ခုချင်းလိုက်လံစမ်းသပ်နေသည်။ အားလုံးသည် လုံခြုံစွာပိတ်ထားသည်ဖြစ်၏။

ကိုဘသိုက်သည် အပေါ်သို့မော့ကြည့်လိုက်၏။ ဟနေသော ပြတင်းတစ်ချပ်ကို လှမ်းတွေ့လိုက်ရသဖြင့် ထိုဟနေသော ပြတင်းမှ ဝင်ရောက်ရန် လက်ဟန်နှင့်ပြပြီး နံရံကို တွယ်ကပ်တက်သွားသည်။

ကျွန်ုပ်လည်း ကိုဘသိုက်နည်းတူ အပေါ်သို့ ကပ်တက်ကပ်







www.burmeseclassic.com

www.burmeseclassic.com



တက်ရာ ချောမောစွာ အိမ်၏အတွင်းပိုင်းသို့ ရောက်သွားသည်။

ကျွန်ုပ်တို့နှစ်ယောက်သည် အချိန်အတော်ကြာသည် အထိ အိမ်၏အပေါ်ထပ်တွင် စေ့စေ့စပ်စပ်ရှာဖွေသော်လည်း ကျွန်ုပ်တို့လိုချင်သည့်အရာကို မတွေ့ရဘဲရှိလေ၏။

ကိုဘသိုက်သည် လက်ဟန်နှင့် အောက်ထပ်သို့ဆင်း... ပြလိုက်သည်။

ကျွန်ုပ်တို့နှစ်ယောက် လှေကားမှတစ်ဆင့် အောက်ထ... သို့ ဆင်းလိုက်ကြသည်။

အောက်ထပ်သို့ဆင်းရန် လှေကားတစ်ဝက်သို့အရော... တွင် အောက်ထပ်အခန်းအတွင်းမှ ဟောက်သံတစ်သံ... ကြားနေရ၏။

ကိုဘသိုက်သည် ကျွန်ုပ်၏လက်ကို ဖျစ်ညှစ်ကိုင်လို... ကာ သတိထားဆိုသည့်သဘောဖြင့် အောက်ထပ်သို့ ဆင်းလို... ကြသည်။

ပထမတစ်ခန်း။ ဘာမှမတွေ့။ ဒုတိယတစ်ခန်းသို့ ဝ... လိုက်သည်။ စာအုပ်စာတန်းများကို တွေ့လိုက်ရသည်။ ကိုဘ... သိုက်သည် ထိုစာအုပ်စာတန်းများကို သဲကြီးမဲကြီးရှာဖွေနေ၏။

ကျွန်ုပ်သည် နံရံနှင့် အခြားနေရာများကို လက်နှိပ်ဓာတ်... မီးအငယ်လေးနှင့်ထိုးကာ ရှာဖွေကြည့်နေစဉ် နံရံ၌ချိတ်ဆွဲထာ... သော ဓာတ်ပုံကြီးတစ်ပုံကို တွေ့လိုက်ရသည်။

ထိုဓာတ်ပုံရှင်သည် မုတ်ဆိတ်အနည်းငယ်နှင့် ရှည်လျား... သောမျက်နှာမွေးများကြောင့် ယောကျ်ားပီသသည့် ယောကျ်ား... ကြီးတစ်ယောက်၏ပုံ ဖြစ်သည်ကို ခန့်မှန်း၍ရနေသည်။

ကိုဘသိုက်နှင့် ကျွန်ုပ်သည် အချိန်အတော်ကြာသည် အထိ ရှာဖွေသော်လည်း မည်သည့်သဲလွန်စမှ မရမှန်းသိ၍ ထို နေရာမှ ထွက်ခွာရန် ပြင်ဆင်လိုက်ကြသည်။

ရုတ်တရက် ကျွန်ုပ်၏ခြေထောက်သည် ထွေးခံတစ်လုံး ကို ဝင်တိုက်လိုက်သည်။

"ဂလွမ်း"

တိတ်ဆိတ်ငြိမ်သက်နေသောညတွင် ထိုအသံသည် ကျယ်လောင်စွာထွက်ပေါ်သွားသည်။

"အဟမ်း. . အဟမ်း. . "

"လူလား မသိဘူး"

"ကြောင်တိုးတာလား၊ ကြွက်တိုးသံလားမှ မသိတာ"

အောက်ထပ်မှ တစ်ယောက်တစ်ခွန်းပြောနေသံများကို ကြားနေရသည်။

ကျွန်ုပ်သည် ကိုဘသိုက်၏လက်ကို မှောင်ထဲတွင် ဖျစ် ညှစ်လိုက်သည်။ ကိုဘသိုက်ကလည်း ကျွန်ုပ်၏လက်ကို ဖျစ်ညှစ် လိုက်သည်။

အောက်မှ လူသံများ၊ လှုပ်လှုပ်ရှားရှားလုပ်နေကြသည့်



www.burmeseclassic.com

www.burmeseclassic.com



အသံများကို ကြားနေရသည်။ မကြာခင် လှေကားမှ တက်လ...
သည့်ခြေသံကို ကြားနေရသည်။

ထိုလူသည် မီးအိမ်တစ်ခုကို လက်မှဆွဲကိုင်၍ တက်လ...
နေခြင်းဖြစ်သည်။

ကိုဘသိုက်သည် အခန်းအတွင်းမှ စောင်တစ်ထည်နှ...
ခြုံပတ်လိုက်သည်။ လက်မှလည်း ကျွန်ုပ်တိုက်မိသောထွေးခံ...
လက်တစ်ဖက်မှကိုင်ကာ လှေကားထိပ်မှထိုင်၍ တက်လာသူ...
စောင့်နေလိုက်သည်။

ကျွန်ုပ်သည် ကိုဘသိုက်ဘာလုပ်မည်ကို တံခါးတစ်...
အနီးမှ ကွယ်ကာ စောင့်ကြည့်နေသည်။

တက်လာသူသည် လှေကားလေးငါးထစ်အရောက်တွ...
ထိုသူ၏မီးအိမ်ကို ထွေးခံဖြင့် ပစ်ပေါက်လိုက်သည်။

ရုတ်တရက်ပစ်လိုက်သဖြင့် လက်မှဆွဲလာသော မီးအိ...
သည် လွတ်ကျသွားသည်။

ကိုဘသိုက်သည် ထိုလူအပေါ်သို့ ခုန်ချရန် ဟန်ပြင်နေ...
စဉ် ထိုလူသည် ရုတ်တရက် ကြောင်နေပြီး စောင်တွေနှင့်လုံး...
ထွေးနေသော ကိုဘသိုက်ကို သရဲထင်ပြီး ထွက်ပြေးသွားသည်။

ကျွန်ုပ်နှင့် ကိုဘသိုက်သည် တက်လာသည့်ပြတင်း...
ပေါက်မှ ပြန်ဆင်းရန် ကြိုးစားလိုက်သည်။

အောက်ထပ်မှလူများ အပေါ်ထပ်သို့တက်ရန် ဟန်ပြင်...

...နေစဉ်မှာ ကျွန်ုပ်တို့သည် မြေပြင်သို့ ရောက်သွားသည်။ ကျွန်ုပ်တို့
...နှစ်ဦး ပြေးထွက်လာသည်ကို မြင်တွေ့လိုက်ရသော ငနက်သည်
ကျွန်ုပ်တို့နှင့်အတူ လိုက်ပါပြေးထွက်ခဲ့ကြလေ၏။

ကျွန်ုပ်တို့သုံးယောက်သည် ခြံစည်းရိုးအနီးရောက်မှ
...ဒုတိယအကြိမ်မြောက် ခြံဝသည် ရှာ၍မတွေ့နိုင် ဖြစ်နေသည့်
အချိန်၌ အိမ်ပေါ်မှလူများသည် ခြံဝသို့ ပြေးထွက်လာနေကြ
...သည်။

"ဟော့. . ပြေးချိန်မရရင် ဟိုရှေ့ကဝါးရုံပင်မှာ သွားပြီး
...ဝပ်နေကြရအောင်"

ကျွန်ုပ်တို့သုံးယောက်သည် ဝါးရုံပင်ရှိရာသို့ ပြေးသွား
...ကာ ဝပ်နေလိုက်ကြသည်။

အိမ်ပေါ်မှ လူသုံးယောက်သည် ကျွန်ုပ်တို့အား ခြံပြင်
...ထိ လိုက်ကြည့်သော်လည်း မတွေ့သဖြင့် လက်လျှော့ကာ ပြန်
...သွားကြသည်။

အိမ်ရှင်များ အိမ်ပေါ်ပြန်တက်သွားကြမှ ကျွန်ုပ်တို့သုံးဦး
...ဝါးရုံပင်နောက်ကွယ်မှ ထွက်လာခဲ့ကြ၏။ လမ်းတွင် ငနက်က. .

"ကိုဘသိုက်. . အဲဒါ ဘယ်လိုဖြစ်တာလဲဗျ။ ခြံဝင်း
...ပေါက်က ဝင်လာတုန်းကလည်း ပျောက်နေတယ်။ ထွက်တော့
...လည်း ပျောက်နေတယ်။ ဒါ. . တော်တော်ထူးဆန်းတာပဲ။ အဲဒါ
...ဘာသဘောလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



ကိုဘသိုက်သည် တစ်အောင့်ခန့်ကြာမှ. .

"အေးကွ. . ဆန်းတော့ အတော့်ကိုဆန်းတာပဲ။ ကြ
တော့ မကြုံဖူးဘူး။ ကြားဖူးတာကတော့ နွားမသားဝှက်တဲ့ အစီ
အရင်တို့၊ ဂါထာမန္တန်တို့တော့ ရှိတယ်ကွ။ အခုဟာကလည်း
ဒီလိုမျိုး အစီအရင်တစ်ခုခု ရှိနေမှာပေါ့ကွာ"

ကျွန်ုပ်တို့အားလုံး ရှေ့ဆက်စကားမဆိုကြတော့ဘဲ လှေ
ဆိပ်သို့သာ ခြေလှမ်းကျဲကြီးများနှင့် အရောက်လှမ်းလာခဲ့ကြလေ
တော့သတည်း။

❖



## ⋞အခန်း - ၁၁⋟

## ဆိတ်သားရေနှင့် ရတနာသိုက်

ကျွန်ုပ်တို့အားလုံး လှေငယ်တစ်စင်းနှင့် လာလမ်း
အတိုင်း ပြန်လာခဲ့ကြသည်။

လှေဆိပ်အရောက်တွင် ကိုဘသိုက်သည် သူ့လူအားလုံး
ကို ပြန်လွှတ်လိုက်သည်။

ကျွန်ုပ်နှင့် ကိုဘသိုက် နှစ်ယောက်သာ ဈေးဘက်သို့
လျှောက်သွားကြပြီး ကာကာလက်ဖက်ရည်ဆိုင်၌ ပဲနံ့ပြားနှင့်
လက်ဖက်ရည်တို့ကို မှာယူကာ စားသောက်နေလိုက်ကြသည်။

"ဒီမှာ ကိုဘကျွမ်း. . ။ ကျုပ်တို့ဒီကိစ္စက လွယ်မ[illegible]နဲ့
နက်တယ်ဗျ။ ဒီမင်းသမီးလေးရဲ့ ရတနာဂူဆိုတာ ဘယ်မှာဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



အတိအကျမသိကြရပေမယ့် ဒီမင်းသမီးလေးရဲ့အသံကတော့ သချိုင်းတစ်ခုလုံးမှာ ကြားနေရတယ်"

"ဟုတ်တယ်။ ကိုဘသိုက်ပြောတာ ကျွန်တော်လက်ခံတယ်။ ကျွန်တော်လည်း သချိုင်းလေးငါးခုလောက် ရောက်ခဲ့တယ်။ ဒီသချိုင်းတွေမှာ ဒီမင်းသမီးလေးရဲ့အသံတွေကို ကြားနေရတယ်"

"အေး. . မင်းပြောတာ ဟုတ်တယ်။ ငါတစ်ကိုယ်တည်း လိုက်ရှာခဲ့တာတောင် လေးငါးခုရှိပြီ။ ပြီးတော့ ဟိုကွာ. . မင်းကို ဖမ်းသွားတဲ့အဖွဲ့နဲ့လည်း အဲဒီသချိုင်းတွေ ရောက်ခဲ့ပြီးပြီ။ ငါရေတွက်ကြည့်တာ သချိုင်းရှစ်ခု။ ငါမှတ်ထားတာနော်။ အဲဒီရှစ်ခုလုံးမှာ ဒီမင်းသမီးလေးရဲ့သီချင်းသံကို ကြားနေရတယ်"

"ဟင်. . ကိုဘသိုက်ရောက်ခဲ့တဲ့သချိုင်း ရှစ်ခုတောင်ရှိသွားပြီလား"

"အေးကွ. . ။ သချိုင်းရှစ်ခုမှာ ဖိုးသူတော်ရှစ်ယောက်ကို တွေ့နေရတာလည်း ထူးခြားမှုတစ်ခုပဲ"

"နေစမ်းပါဦး ကိုဘသိုက်ရဲ့။ ကျွန်တော်ကြားတာက သချိုင်းကိုးခု။ ကိုးသချိုင်းဆို. . ။ ဒါဆိုရင် ကိုးသချိုင်းပြည့်ဖို့ တစ်ခုပဲလိုနေတာပေါ့"

"အေး. . တို့လည်း နည်းစုံ၊ နယ်စုံဆိုသလိုပဲ နှံ့ပြန့်နေပြီ။ မတွေ့ဘူး။ တခြားမြို့ရွာတွေမှာရှိတဲ့ သချိုင်းတွေကိုလည်း ငါ





ရောက်ခဲ့တယ်။ ဒါပေမဲ့ အဲဒီသချိုင်းတွေမှာကျတော့ မင်းသမီးလေးရဲ့သီချင်းသံနဲ့ မနွယ်ဘူး။ မကြားရဘူး"

"ဟော့. . ဘာဘူလေး။ နံပြားနှစ်ချပ် ထပ်လုပ်ဦးဟော့"

"ကိုဘသိုက်. . ဒါဆိုရင် ဒီဇာတ်လမ်းက ကိုဘသိုက်ပြောသလို လွယ်မယောင်နဲ့ နက်နေပြီပေါ့"

"အေးကွ. . နက်တာမှ တူးမရနိုင်လောက်အောင် နက်နေတာ"

ကျွန်ုပ်တို့နှစ်ဦးသည် ဘာဘူကုလားလေးလာချပေးသော နံပြားကို ဆက်စားနေလိုက်သည်။

"ကိုဘသိုက်ရေ. . ဇာတ်လမ်းက စိတ်ဝင်စားဖို့လည်း ကောင်းနေပြီ။ ဒီရတနာဂူနောက်ကို လိုက်နေကြတဲ့အဖွဲ့တွေလည်း ရှိနေတယ်။ ပြီးတော့ သချိုင်းတွေမှာ ရှိနေတဲ့ ဖိုးသူတော်တွေကရောဗျ"

"အေး. . ဟုတ်တယ်။ ဒီနောက်ကို လိုက်ရှာနေတဲ့ အဖွဲ့တွေလည်း ရှိတယ်။ ညက တို့သွားရှာတဲ့ပုဂ္ဂိုလ်ကြီးက အိန္ဒိယက ပြန်လာတာ။ တို့ကြားထားတာက အဲဒီပုဂ္ဂိုလ်ကြီးရဲ့လက်ထဲမှာ မြေပုံတစ်ခြမ်းရှိနေတယ်လို့ ကြားထားတယ်။ ခက်တာက ဒီပုဂ္ဂိုလ်ကြီးက အနေပိရိတဲ့အပြင် သူနေတဲ့နေရာတွေကလည်း များတယ်။ တပည့်လက်သားတွေလည်း အသင့်အတင့်ရှိတယ်။ ပြီးတော့ အဲဒီသချိုင်းတွေမှာ သူလွှတ်ထားတဲ့ ဖိုးသူတော်တွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှိတယ်"

"နေပါဦး ကိုဘသိုက်ရဲ့။ အဲဒီသင်္ချိုင်းတွေနဲ့ ဖိုးသူတော်တွေက ဘယ်လိုပတ်သက်နေသလဲဗျ"

"ဒါက ဒီလိုလေကွာ။ အဲဒီရတနာဂူတွေကို လာရှာရင် တစ်ယောက်နဲ့တစ်ယောက် အချိန်းအချက်သဘောနဲ့ ဝတ်ဖြူတွေကို ဝတ်လာခဲ့ကြရမယ်လို့ ပါတယ်။ ဒါကြောင့် သင်္ချိုင်းတွေမှာ ဖိုးသူတော်ကို တွေ့တွေ့နေရတာနေမှာပေါ့"

ကျွန်ုပ်သည် စားစရာ၊ သောက်စရာ လက်ကျန်အကုန်ရှင်းလိုက်ပြီး စီးကရက်တစီလိပ်ကို မီးညှိဖွာရှိုက်လိုက်သည်။

ကျွန်ုပ်သည် ဆေးလိပ်မီးခိုးငွေ့များနောက်သို့ လိုက်ပါငေးမောနေစဉ်. .

"မောင်ဘဂျမ်း. . မင်း အခု ဘယ်မှာတည်းနေသလဲ"

"ဇရပ်မှာပေါ့ဗျာ။ အဲဒီမှာက ဘာမှအားနာစရာမလိုဘူး"

"အေး. . ကောင်းတယ်။ ဖြစ်နိုင်ရင်တော့ မင်းသမီးလေးရဲ့ သီချင်းသံရှိတဲ့အရပ်ဆိုရင်တော့ ပိုကောင်းတာပေါ့"

"ဟုတ်တယ်. . ။ ကျွန်တော်လည်း ဒီလိုပဲတွေးတာပဲ။ တစ်ချက်ခုတ်ရင် နှစ်ချက်ပြတ်တယ်ဆိုတဲ့ စကားလိုပေါ့။ တည်းခိုစရာလည်းရ၊ ပြီးတော့ ကံကောင်းရင် မင်းသမီးလေးရဲ့ ရတနာဂူကိုလည်း ရှာရင်းပေါ့ဗျာ"

"မင်းအကြံ ကောင်းတယ်။ ဒီမြို့က သင်္ချိုင်းမှာတော့





မင်းသမီးလေးရဲ့သီချင်းဆိုသံ မကြားရဘူး။ သီချင်းသံကြားရတဲ့ သင်္ချိုင်းတစ်ခုခုမှာ စောင့်ပေါ့ကွာ။ ငါ လိုအပ်လို့ရှိရင် မင်းဆီကို အရောက်လာခဲ့မယ်။ မင်းနဲ့ငါ ဒီနေရာကနေ လမ်းခွဲကြမယ်။ ငါလည်း သူတော်အဖြစ်နဲ့ လှည့်နေရဦးမှာပဲ"

"ကောင်းတယ်. . ကောင်းတယ်. . ။ သူတော်မဟုတ်တဲ့ မသူတော်တစ်ဖြစ်လဲပေါ့ဗျာ"

"ထပ်သနိုး. . မင်းလုပ်မှ မရှိတဲ့ငါ့ဂုဏ်သိက္ခာတွေ ပြုတ်ကျကုန်ပြီ"

❖



www.burmeseclassic.com

www.burmeseclassic.com

## <အခန်း - ၁၂>

## ကျွန်ုပ်၏စိတ်ကူးဂိုညာဉ်လေးထဲမှ မဟာရာထနီ

ကျွန်ုပ်တို့နှစ်ယောက် ထိုကာကာဆိုင်လေးမှ လမ်းခွဲ၍ ထွက်လာလိုက်ကြသည်။

ကျွန်ုပ်၏ခြေလှမ်းများသည် လေးလံထိုင်းမှိုင်းနေ၏။ ဘယ်အရပ်သို့ ဦးတည်လျှောက်လှမ်းရမည်ကို စိတ်၌ တွေဝေနေသည်။ ကျွန်ုပ်သည် အဓိပ္ပာယ်မဲ့ နောက်သို့လှည့်၍ မျှော်ကြည့်လိုက်သည်။ ခြေလှမ်းကျဲကြီးများနှင့် ထွက်ခွာသွားသော ကိုဘသိုက်ကို လှမ်းမြင်နေရသေးသည်။

တဖြည်းဖြည်းနှင့် ကိုဘသိုက်၏ ရုပ်ပုံလွှာသည် ကျွန်ုပ်၏မျက်စိအောက်မှ ပျောက်ကွယ်သွားလေတော့၏။





ထိုအချိန်ကျမှ ကျွန်ုပ်၏ခြေလှမ်းများကို ရှေ့သို့လျှောက်လှမ်းလာခဲ့သည်။ ဘယ်အရပ်ဘယ်ဆီသို့ သွားရမည်ကို ယခုတိုင် ကျွန်ုပ်၏စိတ်၌ ဝေခွဲမရနိုင်ရှိနေသေးသည်။

တကယ်တော့ ကျွန်ုပ်သည် လမ်းပေါ်၌ လမ်းပျောက်နေသူတစ်ဦးပမာ ရှိနေတော့၏။ ကျွန်ုပ်သည် ရည်ရွယ်ချက်မဲ့ လွယ်အိတ်အတွင်းမှ ကျစ်ကျစ်ပါအောင်သိမ်းဆည်းထားသော ရွှေနှင့်ငွေအထုပ်ကလေးကို စမ်းကြည့်လိုက်သည်။

လွယ်အိတ်၏ထောင့်တစ်နေရာ၌ ယခုတိုင်ရှိနေသေးသည်။ ကိုဘသိုက်က ထိုပစ္စည်းများကို မက်မောပုံမရ။ သတိပင်ရပုံမရှိ။ ကျွန်ုပ်ကို အပိုင်ပေးထားပုံပင်။

ဘတ်စ်ကားကြီးတစ်စီးသည် ကျွန်ုပ်၏နံဘေးသို့ ရုတ်တရက်ထိုးရပ်လိုက်သဖြင့် ထိုကားကြီးကို လှမ်းကြည့်လိုက်၏။

အဝေးပြေးခရီးသည်ကားတစ်စီး ကျွန်ုပ်အနီးသို့ရပ်လိုက်စဉ် ခရီးသွားများ တက်သူ၊ ဆင်းသူ၊ အော်သံဟစ်သံတို့နှင့်အတူ ထိုနေရာတစ်ဝိုက် ဆူဆူညံညံနှင့် တဒင်္ဂအသက်ဝင်လှုပ်ရှားသွားသည်။

ကျွန်ုပ် ထိုကားပေါ်သို့ တက်လိုက်၏။ ကျွန်ုပ်တက်ပြီးမကြာခင် ဘတ်စ်ကားကြီးသည် တလိမ့်လိမ့်ဖြင့် ထိုနေရာလေးမှ ထွက်ခွာလာခဲ့သည်။ ကား၏နောက်ဆုံး လွတ်နေသည့် ထိုင်ခုံတစ်ခုတွင် ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်ရောက်မှ ကျွန်ုပ်၏စိတ်များသည် တားမရနိုင်[illegible]အောင် အိပ်ချင်စိတ်များ ဖြစ်ပေါ်နေသည်။ ညက တစ်ညလုံး[illegible]မိုးစင်စင်လင်းခဲ့ရသည့်အဖြစ်ကို သွားသတိရလိုက်သည်။

ကျွန်ုပ်သည် ကားပေါ်၌ တလူးလူးတလိမ့်လိမ့်ဖြင့် ကား[illegible]ကြီးခေါ်ဆောင်ရာနောက်သို့ ပါလာခဲ့သည်။

တစ်မြို့ဝင်တစ်မြို့ထွက်၊ တစ်ရွာဝင်တစ်ရွာထွက်နှင့်[illegible]ဘယ်မြို့ဘယ်ရွာတို့ကို ဖြတ်သန်းခဲ့ပြီးဆိုသည်ကိုလည်း အမှတ်[illegible]မထားနိုင်တော့။

ကျွန်ုပ်၏စိတ်ကူးအိပ်မက်အတွေးထဲတွင် မဟာရာတနီ[illegible]မင်းသမီးလေးကို လိုက်လံရှာဖွေနေမိသည်။

အုတ်ဂူသင်္ချိုင်းများ၊ ကုန်းမို့မို့မြေပုံအမှတ်အသားများ။ အချို့သောအုတ်ဂူတို့သည် ယိုယွင်းပျက်စီးနေသလို အချို့အုတ်ဂူတို့သည် ရေညှိတို့ကြောင့် အရောင်အဆင်းကင်းမဲ့နေကြသည်။

အချို့သောမြေပုံမို့မို့တို့တွင် လဲပြိုနေသောမှတ်တိုင်များ၊ ဟောင်းနွမ်းယိုယွင်း ယိုင်နဲ့နေသော ဇရပ်အိုကြီးတစ်ခု . . ။

ကျွန်ုပ်၏စိတ်အတွေးဝိညာဉ်တို့ သွားနေရာသို့ ကျွန်ုပ်သည် လိုက်ပါနေရသည်။

ရှေ့၌ တောအုပ်ကြီးတစ်ခုကို လှမ်းမြင်တွေ့နေရသည်။ ထိုတောအုပ်ကြီးအနီး၌ ကွေ့ပတ်စီးဆင်းနေသော ရိုးချောင်းလေးတစ်ခုကိုလည်း မြင်တွေ့ရသည်။

ထိုတောအုပ်ကြီးအတွင်း၌ ဝါးရုံပင်များ၊ သစ်ပင်ကြီး[illegible]ယ်မျိုးစုံတို့သည် အရွက်ချင်းထိစပ်ကာ ပေါက်ရောက်နေကြ[illegible]ည်ကို တွေ့နေရသည်။

ထိုတောအုပ်အတွင်း၌ လမ်းမရှိ၊ သစ်ပင်၊ ချုံနွယ်တို့ဖြင့်[illegible]ပ်ထွေးနေသည်။

ကျွန်ုပ်၏ဝိညာဉ်သည် ထိုတောအုပ်အတွင်းရှိ ဝါးရုံပင်[illegible]း၊ သစ်ပင်ကြီးငယ်တို့၏ အကြိုအကြားမှ ကွေ့ကာပတ်ကာ[illegible]င့် တရွေ့ရွေ့ဝင်ရောက်သွားသည်။

အချို့သောနေရာတို့သည် ကျွန်ုပ်၏စိတ်၌ သိသလိုလို၊ [illegible]ရောက်ဖူးခဲ့သလိုလို။ ထိုနေရာတို့သည် ကျွန်ုပ်နှင့်မစိမ်းလှသော[illegible]နေရာဟောင်းတစ်ခုပမာ စိတ်၌ခံစားမိလိုက်သည်။

ထိုတောအုပ်အတွင်းမှ အလင်းတန်းတစ်ခုသည် ဟိုမှ၊ [illegible]ည်မှ ရွေ့လျားကာ အလင်းများဖြာထွက်နေသည်။

ကျွန်ုပ်၏ဝိညာဉ်သည် ထိုအလင်းတန်းရှိနေသည့်နေရာ[illegible] ဆိုက်ဆိုက်မြိုက်မြိုက်သွားနေသည်ကို တွေ့နေရသည်။

ထိုအလင်းတန်းသည် ချုံနွယ်ပိတ်ပေါင်းများ၊ ဝါးရုံပင်[illegible]းအကြားမှ ထိုးထွက်နေသည်။

ထိုအလင်းတန်းထွက်ပေါ်နေသည့်နေရာ၌ သစ်ပင်၏[illegible]မြစ်မျိုးစုံတို့ တွယ်ကပ်ရှုပ်ထွေးပေါက်ရောက်နေသည့် ခြ[illegible]တောင်ပို့သဏ္ဍာန် ကုန်းမို့မို့တစ်ခုကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကုန်းမို့မို့ပေါ်၌ ခြေထောက်လေးနှစ်ချောင်းချက

ထိုင်နေသော မဟာရာတနီမင်းသမီးလေး။

သူမ၏မျက်နှာသည် အလွမ်းငွေ့များနှင့် ညှိုးရော်နေ

ဖြူလွလွမျက်နှာလေးသည် ဖြောင့်စင်းသောနှာတံလေး
ကြောင့် ပို၍လှပနေသလို နီတျာတျာနှုတ်ခမ်းလေးက အလှ
ကို ဖြည့်စွက်ဖော်ကျူးနေသည်။

ဆယ်စွယ်ရောင်အသားလေးဝင်းဝင်းကို ဖြူလွလွငွေ
ဝတ်ရုံလေး ဖုံးထားသည်မှာ ကြွေရုပ်လေးတစ်ရုပ်နှယ်။

မင်းသမီးလေး၏ ညှိုးရော်နေသော မျက်လုံးအစုံသ
ကျွန်ုပ်အား မျှော်ကြည့်နေဘိသို့ ရှိလေ၏။

မင်းသမီးလေး၏ မျက်နှာပြင်ကို ကြည်လင်ရှင်းပြတ်စွ
မမြင်ရသော်လည်း အထက်နှုတ်ခမ်းစပ်မှ မှဲ့နက်လေးတစ်လုံ
ကိုတော့ မြင်လိုက်မိသည်။

ထိုရုပ်ပုံလွှာလေးကြောင့် ကျွန်ုပ်၏ရင်ထဲတွင် အမည်
မသိဝေဒနာတစ်ခုကို သိမ့်ခနဲခံစားလိုက်ရသည်။

"ဒိုင်း"

ကျယ်လောင်လှသောအသံကြီးကြောင့် ကျွန်ုပ်လန့်ဖျ
သွားသည်။ ကျွန်ုပ်၏စိတ်ကူးအိပ်မက်လေးသည် ကျွန်ုပ်ထံ
ထွက်ပြေးပျောက်ကွယ်သွားလေပြီ။

ရုတ်တရက် လန့်အော်သံနှင့်အတူ ဆူဆူညံညံစကား





ပြာသံများကြောင့် ကျွန်ုပ်၏ဦးခေါင်းတစ်ခုလုံး နောက်ကျိုထို
ထိုင်းသွားသည်။ ကျွန်ုပ်စီးလာသောကားသည် ဘီးပေါက်သွား
း ကားလမ်း၏ ဘေးတစ်ဖက်၌ ထိုးရပ်သွားသည်။ ကျွန်ုပ်
သည် ခရီးသည်တင်ကားကြီးပေါ်မှ ဆင်းလိုက်သည်။

ရှေ့သို့ တစ်ယောက်ထီးတည်း လမ်းလျှောက်ကာ ထွက်
လာခဲ့သည်။

စောစောက စိတ်ကူးဝိညာဉ်လေးကို စိတ်အတွေးဖြင့်
ပြန်လည်ဖော်ထုတ်ခံစားကြည့်နေမိသည်။

"မင်း ငါ့ကိုလှောင်နေတာလား မဟာရာတနီမင်းသမီး
လေးရယ်"

❖

အရှေ့အရပ်မှ နေသည် တဖြည်းဖြည်းမြင့်တက်လာ
နေပြီ။

နေ၏အပူရှိန်များသည် ကျွန်ုပ်၏မျက်နှာ၊ ခန္ဓာကိုယ်
များသို့ ထိုးဖောက်ရန် အားယူနေသည်။

ကျွန်ုပ်၌ နေ၏အပူရှိန်ကို တွန်းလှန်ကာကွယ်ရန်
ကာအရံဝလာနတ္တိဖြစ်နေသည်။

ဦးခေါင်းထက်မှ ဝါးခမောက်စုတ်လေးတစ်လုံးဖြင့်သာ
နေ၏အပူရှိန်ကို ငဲ့စောင်း၍ ကာကွယ်ကာ သွားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



စောစောက ကားပေါ်မှ အတွေးအိပ်မက်၏ပုံရိပ်မျာ
ကို ပြန်လည်တသပုံဖော်ကြည့်မိသည်။

အတွေးပုံရိပ်များသည် နေ၏တံလျှပ်များကဲ့သို့ အဝေး
ပင် တစ်စတစ်စပျောက်ကွယ်သွားသည်။

ခြေလှမ်းများသည် ဝန်လေးနှင့်လှိမ့်နေရသည့် လှည်
ဘီးကြီးပမာ မလှမ်းချင်လှမ်းချင်နှင့် လှမ်းနေရသည်။

ကျွန်ုပ်စီးလာသည့် ဘတ်စ်ကားကြီးသည်ယခုတို
ကျွန်ုပ်၏နောက်၌ ကျန်ရစ်နေဆဲရှိ၏။

ကျွန်ုပ်သည် ခရီးအုတော်ဝေးဝေးသို့ လျှောက်လာပြီ
ချိန်တွင် ရှေ့၌ လူစုစုနှင့် ပွဲထောင်ဆိပ်လေးတစ်ခုသို့ ရောက်
သွားသည်။

ထိုဆိပ်ကမ်းနဖူး၌ ဈေးဆိုင်တန်းများနှင့် စည်ကားနေ
၏။ ကျွန်ုပ်သည် ထိုနေရာ၌ တရုတ်ခေါက်ဆွဲဆိုင်တစ်ခု၌ ဝ
ရောက်ထိုင်လိုက်ပြီး ခေါက်ဆွဲကြော်တစ်ပွဲ မှာယူစားသောက်
လိုက်သည်။

ကျွန်ုပ်စားသောက်ပြီးချိန်တွင် ပွဲထောင်တစ်စီး ထွက်
ခွာရန် အသင့်ဖြစ်နေသည်။ ကျွန်ုပ်သည် ထိုပွဲထောင်ပေါ်သို့
တက်သွားလိုက်သည်။

ကျွန်ုပ်ပွဲထောင်ပေါ်သို့ရောက်လျှင် ပွဲထောင်သည် မိုး
ချောင်းကျယ်လေးတွင် ဘယ်ညာလူးကာဖြင့် ရေပြင်ပေါ်တွင်

ပြေးလွှားနေသည်။

ကျွန်ုပ်သည် ပွဲထောင်ထိပ်မှထိုင်ကာ ဝဲယာကမ်းနဖူးမှ
ရွာများကို လှမ်းမျှော်ကြည့်ကာ လိုက်ပါသွားသည်။

များသောအားဖြင့် ရွာများသည် ကမ်းနိုးတန်းနဖူးများ
ပေါ်၌ တည်ထားကြသည်။

ကျွန်ုပ်စီးလာသော ပွဲထောင်လေးသည် တစ်ရွာဝင်တစ်
ရွာထွက်နှင့်ခုတ်မောင်းလာခဲ့သည်။ ကျွန်ုပ်သည် ဘယ်ရွာအယ်
ဆိပ်ကမ်း၌ ဆင်းရမည်ကို မဆုံးဖြတ်နိုင်သေးဖြစ်နေသည်။

ပွဲထောင်လေးသည် ရေလှိုင်းများပေါ်၌ ပြေးကောင်း
နေဆဲရှိသည်။ ရှေ့၌ ကမ်းနဖူးတွင်တည်ထားသော ရွှေရောင်
တစ်ဝက်နှင့် စေတီလေးကို သပ္ပာယ်ကြည်ညိုဖွယ် ဖူးတွေ့လိုက်ရ
သည်။ ထိုမြို့၏ဆိပ်ကမ်း၌ ရေချိုးဆင်းနေသူများနှင့် စည်ကား
နေသည်။

ကျွန်ုပ်သည် ထိုဆိပ်ကမ်း၌ ဆင်းနေရန် ဆုံးဖြတ်လိုက်
လေ၏။

ပွဲထောင်ဆိပ်သို့ ပွဲထောင်လေးဆိုက်ကပ်လိုက်လျှင်
ကျွန်ုပ်သည် နုံးရွှံ့မြေများပေါ် ခင်းထားသော ကျောက်တုံးများ
ပေါ်မှ ကမ်းပေါ်သို့ လှမ်းတက်သွားသည်။ တောဆိပ်ကမ်းမြို့
လေးသည် လူသွားလူလာများနှင့် စည်ကားနေသည်။

ညနေစောင်းအချိန်သို့ပင် ရောက်လုဆဲဖြစ်နေသည်မို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ထမင်းဆိုင်တစ်ဆိုင်မှ ထမင်းထုပ်တစ်ထုပ် မှာယူ ထုပ်လိုက်သည်။

ထမင်းထုပ်လေးကို လက်တစ်ဖက်မှကိုင်ဆွဲကာ မြို့စွန် တစ်နေရာ၌ ရှိနေမည့် သင်္ချိုင်းဆီသို့ လျှောက်သွားလိုက်သည်။

ကျွန်ုပ်တွေးထင်ထားသလို လယ်ကွက်များနှင့် အဝေး ဆုံးတစ်နေရာ၌ သစ်ပင်အစုစုတို့ကို လှမ်းတွေ့လိုက်ရသည်။ ပိုသေချာအောင် လမ်း၌တွေ့ရသော နွားကျောင်းသားလေးကို မေးလိုက်သည်။

နွားကျောင်းသားလေးသည် ကျွန်ုပ်အမေးကို အထူး အဆန်းတစ်ခုသဖွယ် ကျွန်ုပ်အားကြည့်နေပြီး သင်္ချိုင်းရှိရာအရပ် သို့ လက်ညှိုးညွှန်ထိုးပြလိုက်လေ၏။

ကျွန်ုပ်သည် ထိုနေရာသို့ နေလုံးမပျောက်ခင် ရောက်နိုင် အောင် ခြေကုန်သုတ်လှမ်းသွားလိုက်ရ၏။

ကျွန်ုပ်သည် အကာအရံအဆီးအတားမရှိ၊ တောညို့ညို့ လေးသဏ္ဌာန်ရှိနေသော သင်္ချိုင်းအတွင်းသို့ ရောက်သွားသည်။ ထိုသင်္ချိုင်းအတွင်း၌ တဲအိမ်ကြီးကြီးတစ်ခုပမာ အကာအရံမရှိ သည့် ဇရပ်ပျက်လုံးကို သွားတွေ့လိုက်သည်။

ကျွန်ုပ်သည် ထိုဇရပ်သို့ အရောက်သွားပြီး ဇရပ်ပေါ် ကျမှ အနားယူရန် ဆုံးဖြတ်လိုက်သည်။

ဇရပ်အနီး မလှမ်းမကမ်းသို့ ရောက်လျှင် ဇရပ်ပေါ်၌





ဖြူကြီးတစ်ခုကို အဝေးမှပင် လှမ်းမြင်နေရသည်။ ကျွန်ုပ်သည် သွားနေသည့်ခြေလှမ်းကို ခေတ္တရပ်တန့်လိုက်ပြီး ထိုဖြူဖြူကြီးကို စဉ်းစားလိုက်သည်။

ကျွန်ုပ်၏စိတ်ထဲတွင် ထိုဖြူဖြူသဏ္ဌာန်ကြီးကို အတွေး ပေါင်းစုံနှင့် စဉ်းစားကြည့်နေသည်။

နောက်ဆုံး ဖြစ်ချင်ရာဖြစ်ဆိုသည့်အတွေးနှင့် ဇရပ်ဆီ သို့ လှမ်းသွားလိုက်သည်။

"စမ်းချင်သလို စမ်းကြစမ်းကွာ။ မောင်ဘဂျမ်းတဲ့ကွ"

ဟုလည်း ရေရွတ်အားတင်းလိုက်သေးသည်။

ကျွန်ုပ် ဇရပ်နှင့်မနီးမဝေးအရောက်တွင် ထိုဖြူဖြူအရာ ကြီးသည် ငုတ်တုတ်ထထိုင်လိုက်၏။ ကျွန်ုပ်သည် ခေတ္တမျှရပ်တန့် ကာ စိတ်၌တွေဝေသွားလိုက်သေးသည်။ အတွေးထဲ၌လည်း. .

'ဘာများပါလိမ့်'

ကျွန်ုပ်စဉ်းစားနေစဉ်အခိုက်မှာ. .

"နောင်. . ဝေ. . နောင်. . ဝေ"

ဆိုသည့် ကြေးစည်ရိုက်သံလေးကို ကြားလိုက်ရသည် ထိုအခါမှ ကျွန်ုပ်သည် ဇရပ်ဆီသို့ ရဲရဲဝံ့ဝံ့တိုးသွားလိုက်တော့၏။

"လာပါ. . လာပါ. . ကိုရွှေဧည့်သည်ရေ"

ကျွန်ုပ် ဇရပ်ပေါ်သို့လှမ်းတက်လိုက်လျှင် ကြေးစည် လေးတနောင်နောင်ထုကာ ကျွန်ုပ်အားကြိုဆိုနေသော အသက်



www.burmeseclassic.com

www.burmeseclassic.com



ငါးဆယ်ကျော်အရွယ်ရှိ ဖိုးသူတော်ကြီးကို လှမ်းတွေ့လိုက်ရ၏

"ကိုယ့်လူရောက်လာမယ်ဆိုတာ ကျုပ်အစောကြီး
ကတည်းက ကြိုတွက်ထားပြီးသား"

"ဗျာ. ."

"ဟုတ်တယ်ကွ။ ငါကြိုသိလို့ ဒီနေ့တစ်နေ့လုံး အလျှံ
တောင် မထွက်ဘူး။ စောင့်နေတာ"

"နေပါဦး။ ဖိုးသူတော်ကြီးက ဘယ်လိုလုပ်သိနေတာလဲ"

ဖိုးသူတော်ကြီးသည် ကျွန်ုပ်၏အမေးစကားကို သဘော
ကျစွာ တဟားဟားနှင့် ဟားထိုက်ရယ်နေပြီး ဇရပ်ခေါင်မိုးပေါ်သို့
လက်ညှိုးထိုးကာ. .

"ဟို. . အကောင်လေး ဒီနေ့တစ်နေ့လုံး သာနေလိုက်
တာ နားတောင်ငြီးပါ့ဗျာ။ ဟိုကောင်. . ဟိုကောင်. . ရွှေကျီးလေး

အိမ်ခေါင်မိုးမှာ ကျီးအာရင် ဧည့်လာတယ်ဆို။ အေး. .
ဒါကတော့ အိမ်မဟုတ်ဘူးကွ. . ဇရပ်။ ဒါပေမဲ့ ဖိုးသူတော်နေ
တော့ ဖိုးသူတော်ဇရပ်၊ ဖိုးသူတော်ရဲ့အိမ်ပေါ့ကွာ။ ဟုတ်တယ်
မဟုတ်လားကွ။ ဟား. ဟား. . ဟား. ."

ဖိုးသူတော်ကြီးသည် သူ့အဖြေနှင့်သူ သဘောကျစွာ
တဟားဟားရယ်မောနေသည်မှာ ဇရပ်တစ်ခုလုံး ပဲ့တင်ထပ်နေ
၏။ ကျွန်ုပ်ကိုလည်း ဆက်ပြောသည်။

"ကဲ. . ကဲ. . မင်းလည်း ခရီးပန်းလာရောပေါ့။ ခဏ





တော့ နားလိုက်ဦး။ နေကလည်း ဝင်တော့မယ်။ မင်းခမောက်
စုတ်ကြီး ချွတ်လိုက်စမ်းပါ။ မင်းလွယ်အိတ်ကြီးလည်း သင့်တဲ့နေ
ရာမှာထား။ တို့နှစ်ယောက်အတွက် ဒီဇရပ်ကြီးက အကျယ်ကြီးပါ
ကွာ။ စိတ်ကြိုက် လွတ်လွတ်လပ်လပ်နေပစ်လိုက်စမ်း။ လောက
ကြီးမှာ လူပဲဖြစ်ဖြစ်၊ တိရစ္ဆာန်တွေပဲဖြစ်ဖြစ် လွတ်လပ်မှုက အရေး
ကြီးတယ်ကွ"

ကျွန်ုပ်၏စိတ်ထဲတွင် ဖိုးလော်ဆော်ဖိုးသူတော်တစ်ပါးနှင့်
များ လာဆုံပြန်ပြီလားမသိဟု တွေးကြည့်နေမိ၏။

"ဟ. . ငါ့လည်း စကားပြန်ပြောလေကွာ။ ငါက တစ်
ယောက်တည်းနေရတဲ့အလုပ်ကို တော်တော်စိတ်ပျက်တာ။ ဒါ
ကြောင့် ငါက ဧည့်သည်ကို မျှော်ရတာပေါ့ကွာ"

"ဟုတ်ပါ့. .။ ကျုပ်ကလည်း ဖိုးသူတော်ကြီးကို ဘာပြန်
ပြောရမလဲလို့ စကားရှာနေတာ"

"အိုကွာ. . စကားပဲ။ စကားဖြစ်ရင် ပြီးတာပဲပေါ့။ စကား
ကို ပြောသင့်၊ မပြောသင့် ဆိုတာတွေကို လိုက်ချုပ်တည်းနေရင်
အဲဒီထွက်လာမယ့်စကားတွေဟာ သုံးပုံပုံရင်နှစ်ပုံက မရိုးသားဘူး။
မပွင့်လင်းဘူးကွ။ ဒါကြောင့် မုသားမပါလက်ာမချောဆိုတဲ့စကား
မှာ အဲဒီနှစ်ပုံဟာ မုသားတွေပဲကွ"

ဖိုးသူတော်ကြီးပြောသည့်စကားများသည် ဟုတ်သယောင်
နှင့်မို့ ကျွန်ုပ်သည် ခေါင်းညိတ်ပြလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် လွတ်လပ်မှုဆိုတာ နေရာတိုင်းမှာလိုတယ်။ လွတ်လပ်မှုမရှိရင် လူဟာ ပေါက်ကွဲမယ်။ အဲဒီလွတ်လပ်မှုအတွက် ဉာဏ်နီဉာဏ်နက်တွေသုံးလာမယ်။ ရိုးသားမှု၊ မရိုးသားမှုတွေပါ ရောထွေးပါလာမယ်။

ဒီအတွက် ငါက မင်းကို ဘယ်ကလာတာလဲ၊ ဘယ်ကို သွားမှာလဲဆိုတဲ့ မေးခွန်းတွေ မင်းကို ငါမမေးဘူး။ ဒါဟာ မင်းရဲ့ လွတ်လပ်မှုပဲ။ မင်းဖြေချင်တာ၊ မဖြေချင်တာတွေ မသိဘဲ အတင်း လိုက်မေးနေရင် မင်းငါ့ကိုလိမ်တော့မယ်။ မင်းမှာ ဒီအတွက် စိတ် အနှောင့်အယှက်ဖြစ်ရင် မင်းရဲ့စိတ်တွေ မလွတ်လပ်တော့ဘူး။ ဒါကြောင့် မင်းကို ငါမမေးဘူး။ ငါ့ကိုလည်း မေးစရာမလိုဘူး။ တကယ်တော့ တို့နှစ်ယောက်ဟာ ဧည့်သည်တွေပဲ။ စားစရာရှိရင် စားကြမယ်။ ပြောစရာရှိရင် ပြောကြမယ်။ လွတ်လပ်မှုကို အနှောင့် အယှက်ပေးမယ့်ဟာတွေ အဝေးကြီးမှာ စွန့်ပစ်ထားခဲ့"

"နေစမ်းပါဦး. . ။ ဖိုးသူတော်ကြီးက ဧည့်သည်ကို မျှော် နေရအောင် ဧည့်သည်ကို ဧည့်ဝတ်ကျေဖို့အစီအစဉ်တော့ ရှိနေ မှာပေါ့"

"အေးကွ. . ရှိပါတယ်။ ဒါပေမဲ့ မင်းခေါ်တဲ့ ဖိုးသူတော် ကြီးဆိုတဲ့ အခေါ်အဝေါ် အစား ကိုသူတော်လောက်ဆိုရင် တို့နှစ် ယောက်ကြားမှာ အဆင်ပြေပါပြီကွာ။ မင်းပြောတဲ့ ဧည့်သည် အတွက် အစီအစဉ်ကတော့ ငါ့မှာ အထွေအထူးတော့မရှိပါဘူး။





ဟိုထောင့်မှာ ဖိုးတေလာပေးထားတဲ့ ကြက်ဖကြီးတစ်ကောင်။ ဟိုမှာတွေ့လား"

ကျွန်ုပ်သည် ဖိုးသူတော်ကြီးပြသည့် ဇရပ်ထောင့်ကို လှမ်းကြည့်လိုက်သည်။

"မင်း. . အဲဒါ ကာလသားချက်လေး ချက်ကွာ။ ညစာ အတွက်ပေါ့။ ကစော်ဖိုးတေလည်း ရောက်လာမှာပါ။ ဒီကောင် က ဒီလိုပဲ ကြက်ကလေးငှက်ကလေး ရလာရင် ငါ့ဆီမှာလာပြီး ချက်ပြုတ်စားသောက်တယ်။ ဘယ်သူဘာပြောပြော ဖိုးတေက ငါ့အတွက်တော့ ဧည့်သည်ကောင်းပဲ။ ငါက အဖော်မရှိရင် မနေ တတ်တဲ့လူဆိုတော့ အဖော်နဲ့မှ အဆင်ပြေမှာ။ ဒါပေမဲ့ ဒီလိုသချိုင်း ဇရပ်ထဲမှာ ဘယ်သူက အဖော်အဖြစ်လာကြမှာလဲ။ ဖိုးတေလို ကစော်သမားပဲလာမှာပေါ့ကွာ။ ကဲ. . ကဲ. . နေဝင်နေပြီကွ။ ဟင်းချက်ဖို့လုပ်တော့"

ကျွန်ုပ်လည်း မဆိုင်းမတွပင် လွယ်အိတ်နှင့်ဦးထုပ်ကြီး ကို ဇရပ်ကြမ်းပြင်ပေါ် ပုံချထားလိုက်။ ထို့နောက် ခပ်သွက်သွက် ပင် မီးတစ်ဖိုအမြန်မွှေးထားလိုက်၏။ ရေနွေးတစ်အိုး တည်ထား လိုက်၏။

ရေနွေးတစ်အိုးဆူချိန်လောက်တွင် ကြက်ဖကြီးကို ရေ နွေးဖျော၊ အမွေးနုတ်၊ လေးစိတ်ဖြစ်အောင် အသင့်တွေ့သော ဓားဖြင့် ခွဲဖြိုလိုက်ပြီး အတုံးကြီးကြီးကို ဆီ၊ ဆား၊ ရေတ္တိကြက်



www.burmeseclassic.com

www.burmeseclassic.com



သွန်တို့နှင့် နယ်ဖတ်ပြီး မီးဖိုအပေါ်သို့ တင်ထားလိုက်သည်။

ထမင်းအကျက်၊ ဟင်းအကျက်ဖြစ်စေရန် တစ်ဖက်မှာ လည်း မီးတစ်ဖိုနှင့် ထမင်းတစ်အိုး တည်ထားလိုက်သေး၏။

သိပ်မကြာခင်မှာ ကျွန်ုပ်တို့နှစ်ဦးအတွက် ကာလသား ချက်ကြက်သားဟင်းနှင့် ထမင်းမြိန်၊ ဟင်းမြိန် စားသောက်လိုက် ကြလေ၏။

ကျွန်ုပ်နှင့်သူတော်ကြီးတို့ ထမင်းစားပြီးချိန်တွင် သချိုင်း တစ်ခုလုံး ဒရမှောင်များနှင့် ပိတ်ဖုံးနေပြီ။

ထိုအချိန်တွင် သချိုင်းအတွင်းသို့ သီချင်းတကြော်ကြော် နှင့် ဝင်လာသူတစ်ယောက်၏အသံကို ကြားနေရသည်။

ကျွန်ုပ်တို့၏ဇရပ်အနီးသို့ ရောက်လျှင်. .

"အဖိုးသူတော်. . အဖိုးသူတော်. . "

ဆိုသည့် အသံကြီးသည် သချိုင်းတစ်ခုလုံးကို လွှမ်းသွား လေ၏။'

ဖိုးသူတော်သည် ဇရပ်ရှေ့သို့ ထွက်သွားကာ. .

"ဟေ့ကောင် ဖိုးတေ. .။ ဘာလို့ ဒီလောက်တောင် အသံပြဲကြီးနဲ့ အော်နေရတာတုံး"

"အဖိုးသူတော်မကြားဘူးထင်လို့ အော်ရတာပေါ့ဗျ။ ဒီ သချိုင်းထဲလာရတာ တော်ရုံတန်ရုံသတ္တိနဲ့ ဘယ်သူမှ မလာရဲဘူး။ ဖိုးတေလိုသတ္တိကောင်းတဲ့လူမှ ဒီလိုနေရာမျိုးကို သွားရဲလာရဲမှာ"



ဖိုးတေသည် ပြောပြောဆိုဆို ဒယိမ်းဒယိုင်နှင့် ဇရပ် အပေါ်သို့ တက်ချလာ၏။ သူတော်ကြီးသည် ဖိုးတေကို တစ် ချက်စွေကြည့်ကာ. .

"ဖိုးတေ. . ဟိုထောင့်မှာကွ။ မင်းကြက်ဖကြီးကို ဟိုဧည့် သည်က ဟင်းအဖြစ်ချက်ထားပြီးပြီကွ။ မင်းသွားစားတော့"

ဖိုးတေသည် ဇရပ်၏ထောင့်တစ်ထောင့်၌ ထမင်းသွား စားနေခိုက် ဇရပ်အောက်မှ ခွေးတစ်ကောင်၏ စူးစူးဝါးဝါးထိုး ဟောင်လိုက်သံကို ကြားလိုက်ရသည်။

ဖိုးတေသည် ထမင်းပန်းကန်ပြားနှင့် ကျွန်ုပ်တို့အနီးသို့ ပြေးချလာသည်။ ဖိုးတေ၏အဖြစ်ကို လှမ်းကြည့်နေသော ဖိုးသူ တော်ကြီးသည်. .

"ဖော့. . ဖိုးတေ။ ဒါက ဘယ်လိုဖြစ်နေတာလဲ။ မင်း စောစောကပြောတော့ ဖိုးတေလိုသတ္တိကောင်းမှဆို။ လူဆိုတာ အပြောတခြား၊ အလုပ်တခြား မလုပ်ရဘူးကွ"

"ဟာဗျာ. . ဖိုးသူတော်ကြီးကလည်း။ ဖိုးသူတော်ခွေးကြီး က ဆိုင်းမဆင့်ဗုံမဆင့်နဲ့ လုပ်ချလိုက်တာ။ အမှတ်တမဲ့ဆိုတော့ လန့်သွားတာပေါ့ဗျာ"

"အေးပါ. . ငါပြောထားပါ့မယ်။ ဒီတစ်ခါဟောင်ရင် ဆိုင်းနဲ့ဗုံနဲ့ ဟောင်ကြပါလို့"

"ဟာဗျာ. . ဖိုးသူတော်ကြီးကလည်း။ လာနောက်နေ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြီ။ ကျုပ်က အမှတ်တမဲ့ဆိုတော့ လန့်သွားတာကို ပြောတ
ဟော. . ခွေးသံတွေ ကြားလာရပြန်ပြီ"

"အိုကွာ. . ခွေးက ခွေးအလုပ် ခွေးလုပ်နေတာပဲ။ အလုပ်က ဟောင်စရာရှိရင် ဟောင်မယ်။ ဟောင်စရာမရှိ ကြုံရာမှာအိပ်မယ်။ ဒါ. . ခွေးအလုပ်တွေပဲကွ။ ဒါပေမဲ့ ပြော မယ်။ ခွေးက ကြုံရာမှာအိပ်တယ်ဆိုပေမယ့် သူအိပ်တဲ့နေရာ သုံးကြိမ်သုံးခါလှည့်ပတ်ကြည့်ပြီး အန္တရာယ်ကင်းတယ်ဆိုမှ အ တဲ့သတ္တဝါမျိုး။ မင်းလို မှူးလာတဲ့အရပ် ထိုးအိပ်တဲ့အကျင့် မ ဘူးကွ"

ဖိုးတေသည် စားလက်စထမင်းကို ကသုတ်ကရက်စ လိုက်ပြီး ကျွန်ုပ်တို့၏အနီး၌ လာရောက်ထိုင်နေလိုက်လေ

ခွေးဟောင်သံများသည် ရွာထဲ၌လည်းကောင်း၊ သ ပတ်လည်၌လည်းကောင်း ကြားနေရသည်။ ဖိုးတေသည် ဖိုး တော်ကြီးအား လက်ကုတ်ကာ ပြောလေ၏။

"ဖိုးသူတော်ကြီး. . ကြားတယ်နော်။ ဒီည ခွေးတွေ ပိုဟောင်သလားလို့"

"အေး. . ကြားပါတယ်။ ငါလည်း အဲဒါနားစိုက်နေတ

ကျွန်ုပ်သည် ဖိုးသူတော်ကြီးနှင့် ဖိုးတေတို့နှစ်ယော ပြောနေသည်များကို နားထောင်ရင်း ဝင်မေးလိုက်၏။

"ကိုသူတော်ကြီး. . ဘာတွေလဲဗျ"





"ခွေးဟောင်သံလေ"

"ခွေးဟောင်သံက ကျုပ်လည်းကြားပါတယ်ဗျ။ ကိုသူ
တ်ကြီးပြောသလို ခွေးက ခွေးအလုပ်လုပ်နေတာပဲမဟုတ်လား"

"ဟိုကွာ. . ဒီအရပ်မှာ လမရှိတဲ့ညတွေမှာ ခွေးဟောင်
တွေ ကြားရတတ်တယ်။ အဲဒီခွေးဟောင်သံကြားပြီးရင် မင်း
မီးလေး. . မဂိုမင်းသမီးဆိုလား၊ စော်ဘွားမင်းသမီးဆိုလား
ကဲ့ အတိအကျမပြောတတ်ပါဘူးကွာ။ သီချင်းသံလိုလို၊ ငိုသံ
လို ကြားရတတ်တယ်"

"ဩော်. . "

"အဲဒီမင်းသမီးလေးက မသေဘဲ မြေမြှုပ်ခံရတယ်ဆိုပဲ။
ကြောင့် သူ့ဝိညာဉ်က မကျွတ်မလွတ်ဘဲရှိနေတယ်လို့ ပြောနေ
ကြပဲကွ။ ငါလည်း တစ်ဆင့်စကားပါကွာ။ ဘာမှတော့ သေသေ
ချာမသိရပါဘူး။ အခု ငါနားထောင်နေတာက အရင်ခွေး
ဟောင်သံနဲ့ မတူဘူးထင်တယ်ကွ။ ဒါကြောင့် တစ်ခုခုတော့ ထူး
နေသလားလို့"

ကျွန်ုပ်သည် သူတော်ကြီးပြောနေသည့်စကားသံများကို
စိုက်ထောင်နေပြီး ဖိုးတေဆိုသူကို လှည့်ကြည့်လိုက်သည်။

ဖိုးတေသည် ကျွန်ုပ်တို့နှစ်ယောက်ကြားတွင် ငုတ်တုတ်
လေးထိုင်နေရာမှ သင်္ချိုင်းဘက်သို့ လက်ညှိုးထိုးကာ ဖိုးသူ
တ်အား ပြနေသဖြင့် ဖိုးသူတော်သည် သင်္ချိုင်းဘက်သို့ မျက်



www.burmeseclassic.com

www.burmeseclassic.com



နှာမှ၍ လှည့်ကြည့်လိုက်သည်။

"ဘာလဲဟ. . ဖိုးတေရ"

"ဟိုမှာလေ. . ဖိုးသူတော်ကြီးကလည်း။ လာနေပြီ. . မတွေ့ဘူးလား"

"အေးကွ. . ဟုတ်တယ်"

ကျွန်ုပ်လည်း သူတို့နှစ်ဦးပြနေသည့်နေရာသို့ စူးစိုက် ကြည့်ရာတွင် မည်းမည်းသဏ္ဌာန်တို့သည် တလှုပ်လှုပ်တရွရွ ကျွန်ုပ်တို့ဇရပ်ရှိရာသို့ လာနေကြသည်ကို တွေ့နေရသည်။ တေသည် ထိုမည်းမည်းသဏ္ဌာန်များကို ယခုမှ မြင်တွေ့သွားဟ နှင့်. .

"မဟုတ်ဘူး ဖိုးသူတော်ကြီးရဲ့။ အရင်ဖြူဖြူသဏ္ဌာန် မတူဘူး။ အခုဟာက မည်းမည်းတွေ။ သရဲတွေနဲ့ တူတယ်"

"အေးကွ. . ဟုတ်တယ်"

"ဘာဟုတ်တာလဲ။ သရဲတွေ. ."

ဖိုးတေ၏စကားမဆုံးခင် ထိုမည်းမည်းသဏ္ဌာန်သုံး သည် ကျွန်ုပ်တို့၏ဇရပ်ပေါ်သို့ ခုန်တက်လာပြီး. .

"ကဲဟေ့. .။ သူတော်ရော၊ မသူတော်ရော ထကြ. . မင်းတို့ပစ္စည်းတွေ ယူလို့ရတာတွေယူ"

ကျွန်ုပ်သည်ထိုင်ရာမှ ထိုလူသုံးယောက်အား. .

"နေပါဦးဗျ. .။ ခင်ဗျားတို့က ဘယ်သူတွေလဲ။ ဘာကြ ဒီလောက်အမိန့်တွေပေးနေတာလဲ"

"ဟေ့ကောင်. . မင်းအမေးတွေဖြေဖို့ အချိန်မရှိဘူး။ ဆိုထ. .။ သိပ်စကားရှည်နေရင်တော့ တိုအောင်လုပ်ပေးရမယ်"

ဆိုကာ သူ့လက်ထဲကသေနတ်ကို မြင်သာအောင် ထုတ်ပြလိုက်သည်။

ထိုသူသုံးယောက်၏ ပုံစံများမှာ ပြောသည့်အတိုင်းလုပ် မျက်နှာပေါက်များ ဖြစ်နေ၏။

တစ်ယောက်သောသူသည် ဖိုးသူတော်နှင့်ဖိုးတေအား နောက်ပြန်ကြိုးများနှင့် ချည်နှောင်နေပြီး ကျွန်ုပ်ကိုပါ လက်၍ ကြိုးများနှင့် တုပ်နှောင်နေလေ၏။ ကျွန်ုပ်လည်း ငြိမ်အနေအရ ငြိမ်သက်စွာခံနေလိုက်သည်။

ထိုလူသုံးယောက်သည် ကျွန်ုပ်တို့အား သချိုင်း၏မြောက်ဘ ခေါ်ထုတ်သွားလေ၏။

ကျွန်ုပ်တို့လည်း ရှေ့မှ ကြိုးဖြင့်ဆွဲခေါ်သူနောက်သို့ ထဲတွင် စမ်းတဝါးဝါးနှင့် လိုက်ပါသွားခဲ့ကြရလေတော့၏။

လှည်းလမ်းကြောင်းတစ်လျှောက် ဖုန်တလုံးလုံးဖြင့် သွား သဖြင့် တစ်ခါတစ်ရံ ကျစ်စာခဲများ၊ တစ်ခါတစ်ရံ အနိမ့်အမြင့် သင်းလမ်းများကို ဝင်ရောက်တိုက်ခတ်သွားကြရသဖြင့် ခြေ ကတစ်ခုလုံး နာကျင်ကိုက်ခဲနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ခြေထောက်တစ်ခုလုံး၏ နာကျင်ကိုက်
ဒဏ်ကို မခံမရပ်နိုင်သမို့. .

"ခင်ဗျားတို့ ကျုပ်တို့ကို လူမှားခေါ် လာမိပြီနဲ့တူတ
ကျုပ်တို့မှာ ဘာအပြစ်ရှိလို့ ဖမ်းလာရတာလဲ"

"အဲဒါ တို့မသိဘူး။ တို့သိတာ အဲဒီဇရပ်ပေါ်မှာ တွေ့
လူ ဖမ်းခေါ်လာဖို့ပဲ"

ကျွန်ုပ်တို့သည် ရိုးပြတ်လယ်ကွင်းများ၊ ကန်သင်းရိုးလ
ကြောင်းများ၊ လှည်းလမ်းကြောင်းများကို ဖြတ်လျှောက်လာခဲ့
ပြီးနောက် မြစ်ကမ်းနံဘေးသို့ ရောက်သွားကြသည်။

မြစ်ထဲတွင် လှေတစ်စင်းနှင့် လူတစ်ယောက်သည် ကျွ
တို့အား အသင့်စောင့်ကြိုနေလေ၏။

ကျွန်ုပ်တို့အား ထိုလှေပေါ်သို့တက်စေပြီး ၎င်းတ
တက်လိုက်ကြသည်။ ကျွန်ုပ်တို့အားလုံး လှေပေါ်သို့ရောက်
လှေကို မြစ်၏တစ်ဖက်ကမ်းသို့ လှော်ခတ်သွားကြပြီး ချောင်
လေးတစ်ခုထဲသို့ ဝင်ရောက်သွားသည်။

သူတို့ထဲမှ လူတစ်ယောက်သည် ကျွန်ုပ်တို့သုံးယော
အား မျက်စိများကို အဝတ်များနှင့် ပိတ်စည်းထားလိုက်သ

ပတ်ဝန်းကျင်တစ်ခုလုံးသည် ပို၍မှောင်ပိန်းသွားသ
နားထဲ၌ ရေယက်သံ၊ လှော်တက်နှင့်လှေတို့ပွတ်တိုက်သံမျ
ကြားနေရလေ၏။



နာရီဝက်ကျော်ကျော်ခန့်လှေကို လှော်ခတ်၍သွားကြပြီး
ခြင် ကမ်းနဖူးသို့ လှေကိုထိုးဆိုက်လိုက်သည်။

ကျွန်ုပ်သည် ရေထဲသို့ ထိုးကျမသွားအောင် ဟန်ချက်ကို
ည်းထိန်းထားလိုက်ရသည်။

"ဟော့ကောင်တွေ. . ထ။ ဆင်းကြတော့"

တစ်ယောက်က ပြောလိုက်လျှင် ကျွန်ုပ်သည် ဒေါသကို
ထိန်းနိုင်တော့ဘဲ. .

"မျက်နှာကို အဝတ်တွေ ဖြုတ်ပေးဦးလေဗျာ။ မျက်စိ
တ်ပိတ်ထားပြီး ကျုပ်တို့က ဘယ်လိုဆင်းရမှာလဲ။ ခင်ဗျားတို့
တွေမှ ဟုတ်ရဲ့လား"

ထိုသူတို့ထဲမှ တစ်ယောက်က. .

"ဘာကွ. . ငါရိုက်ချလိုက်ရ"

"ဟော့. . အောင်ဘု။ ဟုတ်တယ်လေကွာ. .။ ဖြုတ်
လိုက်"

ထိုအချိန်ကျမှ တစ်ယောက်က ကျွန်ုပ်တို့၏မျက်နှာ၌
ည်းထားသော အဝတ်များကို လာ၍ဖြုတ်ပေးလေ၏။

ကျွန်ုပ်တို့သုံးယောက်ကို လှေပေါ်မှတစ်ဆင့် ကမ်းပေါ်
ဦးဆောင်ခေါ်သွားကြပြီး မြက်ရိုင်းတောများ၊ ကိုင်းတောများ
ားရှိ လူသွားလမ်းကြောင်းကလေးအတိုင်း လျှောက်သွားကြ
လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလမ်းကြောင်းအတိုင်း နာရီဝက်နီးပါးခန့် လျှော

သွားခဲ့ကြပြီးလျှင် ဝါးကပ်များနှင့်ခြံစည်းရိုးလုပ်ထားသော ဝ

ခြံကြီးတစ်ခုရှေ့သို့ ရောက်သွား၏။

ကျွန်ုပ်တို့အား ခြံဝင်းတံခါးကြီးကို တစ်ယောက်က ဖွ

ပေးပြီး ကျွန်ုပ်တို့အား ဝင်စေခဲ့သည်။

ထိုခြံဝင်းကျယ်ကြီးအတွင်း ကြီးမားသောတဲအိမ်

တစ်လုံးကို တွေ့လိုက်ရသည်။ တဲအိမ်အတွင်း၌ မှိန်ပျပျမှန်အိ

များ ချိတ်ဆွဲထားသည်။

ကျွန်ုပ်တို့၏အသံများကြောင့် တဲအိမ်အတွင်းမှ လူတ

ယောက်ထွက်ပေါ်လာပြီး. .

"ဟေ့. . ပါလာကြပြီလား"

"ဟုတ်ကဲ့. . ။ ပါလာပါပြီ"

"ပါလာရင် ဟိုအခန်းထဲထည့်ထားပြီး ထိပ်တုံးခတ်ထာ

လိုက်"

ထိုပုဂ္ဂိုလ်ကြီး၏ စကားဆုံးသွားလျှင် ကျွန်ုပ်တို့သ

ယောက်အား အခန်းတစ်ခုထဲသွင်းကာ ခြေထောက်များကို တ

တစ်ခုအတွင်း လျှိုသွင်း၍ သော့ခတ်ထားလိုက်လေတော့၏

ထိုလူအခန်းအပြင်သို့ ထွက်သွားလျှင်. .

"ကိုသူတော်. . ဒီလူတွေက ဘယ်သူတွေလဲ"

"မသိဘူးကွ။ ငါလည်း တစ်ယောက်မှမသိဘူး"





ဖိုးတေတစ်ယောက် အရက်ကလေးတထွေထွေနှင့်. .

"ဖိုးသူတော်ကြီး. . ကျွန်တော်တို့ ဒီတစ်ခါတော့ လူပြည်

က အပြီးအပိုင်ထွက်ရတော့မယ်နဲ့တူတယ်"

"ဟေ့ကောင်. . တိတ်တိတ်နေစမ်း"

ကျွန်ုပ်တို့အားလုံး ပြောရန်စကားလည်း မရှိကြတော့

သဖြင့် အခန်းလေးတစ်ခုထဲတွင် အတွေးကိုယ်စီနှင့် တိတ်ဆိတ်

သွားကြတော့သည်။

မကြာခင်မှာ ဖိုးတေ၏ဟောက်သံတစ်ခုသာ အခန်း

တစ်ခုလုံး လွှမ်းမိုးနေတော့သတည်း။

❖



www.burmeseclassic.com

www.burmeseclassic.com

## ≺အခန်း - ၁၃≻

## မျှော်ဘဲတွေ့လိုက်ရသည့်ကြိုးတစ်စ

မိုးဘယ်အချိန်လင်းသွားသည်ကို ကျွန်ုပ်မသိလိုက်ချေ။ ထို

ခြေသံပြင်းပြင်းနှင့် လူတစ်ယောက်သည် ကျွန်ုပ်တို့

အခန်းဝ၌ လာရပ်နေပြီး. .

"ဟေ့ကောင်တွေ. . ထကြစမ်း။ ဒီမှာ မင်းတို့ကို အိပ်ဖို့

ခေါ်လာတာ မဟုတ်ဘူးကွ။ ထ. . ဘဂျမ်းဆိုတဲ့ကောင် ဘယ်

သူလဲ"

ထိုလူ၏စကားသံသည် ကျွန်ုပ်၏နားထဲ၌ ချဉ်တင်တင်

ရှိနေသဖြင့်. .

"ဟေ့. . ဘဂျမ်းဆိုတာ ငါပဲ"



ဟု ခပ်မာမာပြန်ပြောလိုက်မိလေ၏။

"ငါပဲဆိုရင် ထွက်ခဲ့"

"ဟေ့ကောင်. . ဘယ်ထွက်ရမှာလဲ။ မင်းတို့ခတ်ထားတဲ့

တံုး လာဖြုတ်လိုက်"

"ဒီသုံးယောက်ထဲမှာ မင်းက စကားပြောတော်တော်ရင့်

တဲ့ကောင်"

"ဟေ့. . မင်းတို့ရင့်လို့ ငါရင့်တာ။ မင်းတို့ရိုင်းလို့ ငါရိုင်း

တာ။ ငါ့နာမည်လည်း မှတ်ထားဦး။ ဘဂျမ်းတဲ့. . ။ ဒီနေ့ထိ

ကြောက်စိတ်မမွေးရသေးဘူး။ သေမထူး၊ နေမထူးတဲ့ စမ်းချင်ရာ

စမ်း မောင်ဘဂျမ်းဆိုတာ လောကမှာ ငါတစ်ယောက်ပဲရှိတယ်"

ကျွန်ုပ်၏ ခပ်တင်းတင်းပြောလိုက်သည့်လေသံကြောင့်

ထိုလူသည် ကျွန်ုပ်အား တစ်ခွန်းမှပြန်မပြောတော့ဘဲ ခတ်ထား

သော ထိပ်တုံးသော့ကို ဖြုတ်ပေးလေ၏။

ကျွန်ုပ်သည် ထိပ်တုံးမှ လွတ်မြောက်သွားသဖြင့် ခန္ဓာ

ကိုယ်တစ်ခုလုံး အညောင်းဆန့်ထုတ်ကာ. .

"ဟေ့ကောင်. . ပြော။ ဘယ်အထိ လိုက်ခဲ့ရမှာလဲ"

ထိုလူသည် ကျွန်ုပ်အား စကားတစ်လုံးမှမဟတော့ဘဲ

သူ့ကိစ္စကိုသာ ဆောင်ရွက်လေ၏။

"ဟေ့ကောင်. . စကားသိပ်မများနဲ့။ သွား. . ရှေ့ကသွား"

ကျွန်ုပ်တို့အား ချုပ်နှောင်ထားသည့်အခန်းမှ ကျော်ကာ

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်တွင် တစ်လုံးတည်းသာရှိသော တဲတစ်လုံးအတွင်းသို့ ခေါ်ဆောင်သွားသည်။

ထိုတဲထဲတွင် ဝါးပက်လက်ကုလားထိုင်၌ ထိုင်နေသော ပုဂ္ဂိုလ်တစ်ယောက်ကို တွေ့လိုက်ရသည်။

ထိုပုဂ္ဂိုလ်ကြီးသည် ပါးစပ်၌ခဲထားသောဆေးတံကို ဟန် ပါပါ မီးညှိနေ၏။ မျက်ခုံးမွေးရှည်ရှည်ထူထူ၊ ပါးမြိုင်းမွေးများနှင့် တည်ကြည်ခန့်ညားသောဥပဓိရုပ်ပိုင်ရှင် ထိုပုဂ္ဂိုလ်ကို လှမ်းတွေ့ လိုက်ရလျှင် အခန်းတွင်းသို့ဝင်အံ့ဆဲဆဲ ကျွန်ုပ်၏ခြေလှမ်းများ တန့်သွားလေ၏။ ထိုပုဂ္ဂိုလ်ကြီးသည် ကျွန်ုပ်အား. .

"ဟေ့. . ဝင်လာခဲ့။ ဟိုကောင်. . ပြန်ထွက်သွား"

ကျွန်ုပ်သည် ၎င်း၏မနီးမဝေးရှိ လွတ်နေသောခုံပုလေး တွင် ဝင်ရောက်ထိုင်လိုက်သည်။

ကျွန်ုပ်ထိုင်လိုက်စဉ် ထိုပုဂ္ဂိုလ်ကြီးသည် စူးရှသောမျက် လုံးကြီးများနှင့် ကျွန်ုပ်အား စိုက်ကြည့်ကာ. .

"မင်းနာမည် ဘဂျမ်းနော်"

ကျွန်ုပ်သည် ထိုပုဂ္ဂိုလ်၏မျက်နှာကိုကြည့်ရင်း ခေါင်း ညိတ်ပြလိုက်သည်။ ထိုပုဂ္ဂိုလ်ကြီး၏မျက်နှာကို မြင်တွေ့လိုက်ရမှ တစ်ခါက ကိုဘသိုက်နှင့်ကျွန်ုပ်တို့ ထိုလူကြီး၏အိမ်သို့ တက်ရောက် စဉ် နံရံ၌ချိတ်ဆွဲထားသောဓာတ်ပုံတစ်ခုကို အမှတ်တမဲ့တွေ့ခဲ့ သည်ကို သွားသတိရ၏။





ယခု ထိုပုဂ္ဂိုလ်ကြီးကို ကျွန်ုပ်၏ရှေ့၌ တိုက်တိုက်ဆိုင် ဆိုင်လာတွေ့နေရလေပြီကော။

"ဟေ့. . ငါမေးနေတာ ကြားလား"

"ဟုတ်ကဲ့. . ကျွန်တော်မကြားလိုက်ဘူး"

ကျွန်ုပ်အတွေးနှင့် ကျွန်ုပ်အတွေးကောင်းနေသဖြင့် ထို ပုဂ္ဂိုလ်ကြီးဘာမေးလိုက်သည်ကို ရုတ်တရက်မကြားလိုက်ရချေ။

"ဟေ့. . မင်းဘယ်အဆက်အသွယ်နဲ့ မဟာရာတနီရဲ့ဂူ ကို လိုက်ရှာနေတာလဲ"

"ကျွန်တော့်မှာ ဘာအဆက်အသွယ်မှ မရှိဘူး"

"ဘာကွ. . ဘာအဆက်အသွယ်မှ မရှိတဲ့ကောင်က သချိုင်းတကာမှာ တွေ့တွေ့နေရတယ်။ မင်းနာမည် ဘဂျမ်း. . ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်။ ကျွန်တော့်နာမည် ဘဂျမ်းပါ။ ကျွန်တော့် မှာ ဘာအဆက်အသွယ်မှ မရှိတာ အမှန်ပါပဲ"

"ဒါဖြင့် သချိုင်းတကာ လှည့်သွားနေတာက. ."

"ကျွန်တော့်အသိတစ်ယောက်ကို ရှာနေတာ"

"ဘာ. . မင်းအသိက သချိုင်းထဲမှာ နေလို့လား"

"ဒီလိုတော့ မဟုတ်ပါဘူး။ သူ့ကိုတွေ့နိုင်ဖို့က သချိုင်း မှာပဲ တွေ့နိုင်မယ်ဆိုလို့"

"ဒီမှာ မောင်ဘဂျမ်း. . မင်းကို ပဟေဠိလာဝှက်နိုင်းတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးနော်။ မင်း ငါ့ကို လိမ်ညာဖို့ ဘာမှမကြိုးစားနဲ့။ မင်း အကြောင်း တို့သိတန်သလောက် သိထားပြီးပြီ။ မင်းမလိမ်နဲ့။ အမှန်အတိုင်းပြော. . "

"ဒါ. . ကျွန်တော်အမှန်အတိုင်းပြောနေတာပါ"

"ဟေ. . ဒါ မင်းအဖြေပဲလားကွ"

အဘိုးကြီးသည် ဒေါသများပေါက်ကွဲသံနှင့် ဘေးမှစားပွဲခုံလေးကို လက်သီးနှင့်ထုကာ. .

"ဒီမှာ မောင်ဘဂျမ်း. . ဒါ နောက်ဆုံးအဖြေပဲလား"

"အခု ဆရာကြီးမေးနေတဲ့ မဟာရာတနီကိုလည်း ကျွန်တော်မသိဘူး။ မဟာရာဂျာလည်း ကျွန်တော်မသိဘူး"

"ဒါဆိုရင် မင်း သင်္ချိုင်းတကာလှည့်သွားနေတာ ရည်ရွယ်ချက်တစ်ခုတော့ ရှိရမယ်"

"ကျွန်တော့်မှာ ရည်ရွယ်ချက်ရှိပါတယ်"

"အေး. . အဲဒီရည်ရွယ်ချက်ဆိုတာကို ငါသိချင်တယ်။ အဖြေကောင်းရင်တော့ မင်း လူ့ပြည်မှာ ဆက်နေရမယ်။ အဖြေမကောင်းရင်တော့ မဟာရာတနီမင်းသမီးလေးလို သင်္ချိုင်းတကာလှည့်သွားနိုင်အောင် မင်းကို အရှင်လတ်လတ် မြေမြှုပ်ပေးမယ်"

"ရပါတယ်ဆရာကြီး။ ကျွန်တော့်ဘဝက အခု ဆရာကြီးတို့လက်ထဲ ရောက်နေပြီပဲ။ ဆရာကြီးတို့လုပ်ချင်တာ လုပ်လို့ရနေပြီပဲ။ သေဖို့အတွက် ကျွန်တော့်မှာ ကြောက်စိတ်မရှိဘူး"





ကျွန်ုပ်သည် အဘိုးကြီးအား စေ့စေ့ကြည့်ကာ ပြောလိုက်သည်။ အဘိုးကြီးသည် ကျွန်ုပ်အား မျက်လုံးဝိုင်းကြီးဖြင့် ပြူးကြည့်နေသည်။

"ကျွန်တော့်အတွက် သေတာနဲ့ရှင်တာဟာ ဘာမှထူးခြားတာမှ မဟုတ်ဘဲ။ အခုလည်း ရှင်လျက်နဲ့ သေနေရတာပဲ"

"ဆက်စမ်းပါဦး။ မင်းစကားက အဆန်းသား"

"ဟုတ်တယ်ဆရာကြီး။ ကျွန်တော့်ဘဝမှာ အဖေမရှိဘူး။ အမေဆိုတာလည်း မရှိတော့ဘူး။ နေစရာမြေလည်း မရှိဘူး။ အမျိုးအဆွေဆိုတာလည်း ဘယ်ဟာမှန်းမသိဘူး။ ဒီလူတစ်ယောက်အတွက် လောကကြီးမှာ အသက်ရှင်နေရတာဟာ ဘာအဓိပ္ပာယ်မှ မရှိပါဘူး။ သေလည်း ဒါပဲ။ ရှင်နေတာလည်း ဒါပဲ။ ဒါပေမဲ့ တစ်ခုတော့ မျှော်လင့်စရာရှိနေတယ်။ ချမ်းသာကြီးပွားလာရင်တော့ ရွှေရှိမယ်။ အခြွေအရံတွေ ရှိလာမယ်။ နေစရာမြေလည်း ရှိလာမယ်။ ဒီအတွက် ကျွန်တော် ရွှေလိုတယ်"

"ဘာကွ. . မင်းက ရွှေလိုတယ်"

"ဟုတ်တယ်လေ။ ကျွန်တော့်ဘဝမှာ ရွှေလိုတယ်။ ကျွန်တော့်ဘဝဟာ ရွှေနဲ့ကင်းလို့မရဘူး။ အဲဒီအတွက် ရွှေရှိတဲ့နေရာကို ကျွန်တော်ရှာချင်တယ်။ ဒါပေမဲ့ ကျွန်တော် ရွှေရှိတဲ့နေရာကို မသိဘူး"

"ဟ. . မင်းစကားက တစ်မျိုးပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဆရာကြီး . . ။ ကျွန်တော် ရွှေလိုချင်တယ်။ ဒါပေမဲ့ ရွှေရှိတဲ့နေရာကို မသိဘူး။ သိတဲ့လူကို ရှာနေတယ်"

"ကဲ . . ကဲ . . ဆက်ပြောပါဦး"

"ဆရာကြီးက အမှန်အတိုင်းပြောဆိုလို့ ကျွန်တော် အခု ပြောပြခဲ့ပြီးပြီပဲ။ လောလောဆယ် ကျွန်တော်ရှာနေတာ ရွှေ မဟုတ်ဘူး။ ရွှေရှိတဲ့နေရာကို ပြောပြနိုင်မယ့် ကိုဘသိုက်ဆိုတဲ့ လူကို ရှာနေတာ"

"ဟေ . . "

အဘိုးကြီးသည် ကျွန်ုပ်စကားဆုံးသွားသည်နှင့် သူ၏ ပါးစောင်တွင်ခဲထားသော ဆေးတံကြီးသည် မြေသို့ပြုတ်ကျသွား လေတော့၏။

"နေပါဦး . . နေပါဦး . . ။ ဘာ . . မင်းရှာနေတဲ့လူက ဘသိုက် . . ဟုတ်လားကွ"

"ဟုတ်တယ်။ ကျွန်တော်ရှာနေတာ ဘသိုက်ဆိုတဲ့လူပဲ။ သူ့ကိုတွေ့ရရင် ကျွန်တော့်အတွက် ရွှေရှိတဲ့နေရာကို သူပြနိုင် မယ်လို့ ထင်နေတယ်"

"ဟုတ်လားကွ။ ဒီဘသိုက်က ရွှေရှိတဲ့နေရာကို သိလို့ လား"

"ဒါတော့ ကျွန်တော်လည်း အတိအကျမပြောတတ်ဘူး"

"ဩော် . . အင်း . . အင်း . . မင်းပြောနေတဲ့ ဘသိုက်





ဆိုတာ ဘထိုက်ရဲ့ညီပဲ"

"ဟုတ်တယ်။ ကိုဘထိုက်က အခု ထောင်ထဲမှာ"

"ဟုတ်လား . . ။ ဘသိုက်ကရော"

"မသိဘူး။ တစ်နေ့နေ့ သူနဲ့ ကျွန်တော် တွေ့ကြမှာပါ။ ပျောက်သောသူရှာရင်တွေ့ ဆိုတဲ့စကား ရှိသားပဲ"

အဘိုးကြီးသည် စောစောကလွတ်ကျသွားသောဆေးတံ ကို ပြန်ကောက်လိုက်သည်။ ဆုံအတွင်းသို့ ဆေးများကို ဖိသိပ် ထည့်လိုက်၏။ ပြီးတော့ အားပါးတရ မီးညှိဖွာရှိုက်လိုက်၏။

ဆေးတံမှ မီးခိုးငွေ့များသည် အထက်သို့ တလူလူတက် သွားနေကြသည်။

အဘိုးကြီးသည် ထိုမီးခိုးငွေ့များကိုကြည့်ရင်း ဆိတ်ငြိမ် စွာရှိနေလေတော့၏။

❖



www.burmeseclassic.com

www.burmeseclassic.com

## ⮜အခန်း - ၁၄⮞

## ကိုးသချိုင်းသီချင်းသည်၏ ပျောက်ဆုံးနေသောအစတစ်စ

အောက်ပါအဖြစ်အပျက်များသည် အဘိုးကြီး ဦးသိန်းမောင်၏ပြောပြချက်များသာဖြစ်သည်။

ကျွန်ုပ်ရှာဖွေနေခဲ့သော ဘသိုက်ဆိုသည်မှာ တစ်ခါက ဆရာကြီးဦးသိန်းမောင်တို့ ခေါ်ယူကာ အုတ်ဂူတစ်ခုကို တူးခိုင်းခဲ့သည့် ဘထိုက်၊ ဘသိုက်တို့ ညီအစ်ကို ဖြစ်၏။

ထိုပွဲတွင် မအောင်မြင်ဘဲ ထွက်ပြေးခဲ့ရသည်။

ကိုဘထိုက်ထောင်ကျသွားခဲ့ပြီးနောက် ဘထိုက်၊ ဘသိုက် ညီအစ်ကိုနှစ်ယောက်နှင့် အဆက်အသွယ်ပြတ်သွားခဲ့ကြသည်။

အဘိုးကြီးဦးသိန်းမောင်သည် ငွေမလျှော့ဘဲ နောက်ထပ်





သချိုင်းနှစ်ခုမှာ ဂူနှစ်ခုထပ်မံဖောက်ခဲ့သော်လည်း အချည်းနှီးသာဖြစ်ခဲ့ကြရသည်။

နောက်ဆုံး လက်လျှော့ကာ ကိုးသချိုင်းသို့ ဝင်ထွက်သွားလာသူများကို တစေ့တစောင်းအကဲခတ်စောင့်ကြည့်ခဲ့ကြ၏။

ဤသို့ စောင့်ကြည့်နေစဉ် သချိုင်းတကာလှည့်လည်သွားလာနေသော ကျွန်ုပ်အား သံသယတွေနှင့် ခုလိုဖမ်းဆီးခေါ်ဆောင်လာခဲ့ကြခြင်းဖြစ်သည်။ ကျွန်ုပ်လက်ထဲ၌ သူတို့လိုချင်နေသည့် မြေပုံညွှန်းရေးဆွဲထားသည့်ဆိတ်သားရေချပ် ရှိနေလိမ့်မည်ဟု တွေးထင်ခဲ့ကြ၍ဖြစ်၏။

ကျွန်ုပ်၏ဘဝအစိတ်အပိုင်းတို့ကို သိလိုက်ရသည့်အခါ ကျွန်ုပ်သည် သူတို့အတွက် ဘာမှအသုံးမတည့်သည့် လူတစ်ယောက်ဟု တွက်ဆမိသွားကြသည်။ နောက်ဆုံး ကျွန်ုပ်အပေါ်၌ နားလည်မှုရှိသွားပြီး သူ့ဘဝဖြစ်စဉ်တို့ကို အောက်ပါအတိုင်း ပြောပြခဲ့လေတော့၏။

❖

ဒီတုန်းက ကျုပ်က အိန္ဒိယနိုင်ငံမှာ ကလေကချေဘဝနဲ့ အလုပ်အကိုင်မည်မည်ရရမရှိ။ စားစရာသောက်စရာကလည်း မရှိ။ ထမင်းတစ်လုတ်စားရရင်ပြီးရော၊ ရရာအလုပ်ကို လုပ်မယ်ဆိုပြီး အလုပ်ရှာသော်လည်း အလုပ်က မည်မည်ရရ ဘာအလုပ်



www.burmeseclassic.com

www.burmeseclassic.com







မှ မရခဲ့ဘူး။

အဲဒီလိုနဲ့ အင်္ဂလိပ်လေထီးတပ်မှာ လူလိုတော့ ကျ
လည်း ဝင်ရောက်စစ်မှုထမ်းလိုက်တယ်။ ကျုပ်တို့တပ်တွေဟ
အာဖရိကစစ်မြေပြင်လည်း ထွက်ရတယ်။ ဥရောပစစ်မြေပြ
လည်း ထွက်ရတယ်။

ပြောရမယ်ဆိုရင် ကျုပ်တို့တပ်က ဘော်လံတီယာလို့ခေါ
တဲ့ စစ်ကူသဘောဖွဲ့ထားတဲ့ တပ်တစ်တပ်ပဲ။ အင်္ဂလိပ်တွေရဲ
စစ်မျက်နှာဖြန့်ထားတဲ့နေရာတွေမှာ စစ်ကူလိုရင် သွားတိုက်ပေ
ရတယ်။

ကျုပ်တို့တပ်က လူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့တပ်ဆို
တော့ အဲဒီတပ်ထဲဝင်လာတဲ့ လူတော်တော်များများက အဖြ
မှာ စားစရာ၊ နေစရာ အခက်အခဲရှိနေတဲ့လူတွေက များတယ်

အဲဒီတပ်ထဲမှာ ကျုပ်နဲ့အရင်းနှီးဆုံးလူကတော့ အိန္ဒိယ
နိုင်ငံသား အဗ္ဗဒူလာမာမက်ဆိုတဲ့လူပဲ။ သူနဲ့ကျုပ်က တပ်ထဲမှာ
ညီရင်းအစ်ကိုတမျှ ချစ်ခင်ကြတယ်။

တစ်နေ့တော့ ကျုပ်တို့ထမ်းဆောင်နေတဲ့တပ်က မြန်မာ
ပြည်စစ်မျက်နှာကိုထွက်ဖို့ အမိန့်ကျလာတယ်။ အဲဒီလိုနဲ့ ကျုပ်တို့
မြန်မာပြည်ရဲ့စစ်မြေပြင်ကို ထွက်လာခဲ့ကြရတယ်။

အဲဒီအချိန်မှာ ကျုပ်တို့ရဲ့ အင်္ဂလိပ်စစ်တပ်တွေဟာ
တော်တော်အရေးနိမ့်နေတဲ့အချိန်ဖြစ်တယ်။ အရှေ့ဘက် မြိတ်

ယ်၊ ကော့သောင်းဘက်အရပ်တွေက ဂျပန်တပ်တွေက
ဟက်ဝင်ရောက်လာလိုက်ကြတာ မော်လမြိုင်ကိုကျော်ပြီး
ာင်းအထိ ရောက်လာကြတယ်။

အဲဒီအချိန်မှာ ကျုပ်တို့ မြန်မာပြည်စစ်မြေပြင်ကို လေ
တွနဲ့ ရောက်လာကြတယ်။ ကျုပ်တို့ရောက်ပြီးသုံးလလောက်
ျုပ်တို့အင်္ဂလိပ်စစ်တပ်တွေ တပ်ဆုတ်လာခဲ့ကြရတယ်။

နောက်ကလည်း ဂျပန်စစ်တပ်တွေက အတင်း တရကြမ်း
ဆင်တိုက်လာကြတော့ ကျုပ်တို့တပ်တွေ ဖရိုဖရဲနဲ့ ဆုတ်
ခဲ့ကြရတယ်။ တပ်စုတွေလည်း အကွဲကွဲအပြဲပြဲဖြစ်ကုန်ကြ
လူစုတွေလည်း ကွဲကုန်ကြတယ်။

ဒါပေမဲ့ ကျုပ်နဲ့မာမက်ကတော့ သေအတူရှင်မကွာရှိနေ
တယ်။ ကျုပ်တို့နှစ်ယောက်လည်း အငတ်ငတ်အပြတ်ပြတ်နဲ့
ွားလာခဲ့ကြရတော့ လူတွေလည်း အားအင်ချည့်နဲ့ကုန်
ယ်။

ကျုပ်တို့နှစ်ယောက်ဟာ မြန်မာပြည်ရဲ့ တောတွေ၊
င်တွေ၊ လျှိုတွေမြောင်တွေကို ခက်ခက်ခဲခဲကျော်လွှားပြီး
ရတယ်။

ကျုပ်တို့လက်ထဲမှာ သေနတ်နှစ်လက်နဲ့ ကျည်အသင့်
ပါလာကြတော့ လမ်းမှာ တောကောင်တွေကို ပစ်ခတ်စား
က်ပြီး ပြန်လာခဲ့ရတယ်။





www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့နှစ်ယောက်ဟာ အဲဒီလိုနဲ့ မြန်မာပြည်နယ်
ကို ကျော်လာခဲ့ကြပြီး အိန္ဒိယနယ်စပ်ထိ ရောက်လာခဲ့ကြ

အိန္ဒိယနယ်ရဲ့ တောစပ်နားမှာ သစ်ခုတ်သမား
တဲတစ်လုံးမှာ နားခိုကြပြီး တွေ့ရာကြုံရာသစ်သီးသစ်ဥ
ရှာဖွေစားသောက်ကြပြီး နေရတဲ့ရက်တွေ ရှိခဲ့ကြသလို အမဲ
လိုက်ရတဲ့ သားကောင်ရဲ့ အသားတွေနဲ့ စားသောက်ခဲ့ရတဲ့ရက်
လည်း ရှိခဲ့ကြတယ်။

တစ်နေ့မှာတော့ မထင်မှတ်ဘဲ ဆတ်ကြီးတစ်ကော
လိုက်တယ်။ သူ့အသားတွေကို ဝါးရွက်ပြာချထားတဲ့ပြာနဲ့
လိမ်းပြီး အခြောက်လုပ် လှန်းထားကြတယ်။

အဲဒီအချိန်မှာ မာမက်ရဲ့ ပန်းနာရင်ကျပ်ရောဂါက ထ
တော့ ခရီးကို ဆက်မသွားနိုင်တော့ဘဲ ဒီမှာတင် သောင်တ
ကြရတယ်။

တစ်နေ့တစ်နေ့ မာမက်ရဲ့ရောဂါက ပိုဆိုးလာ
ငှက်ဖျားဒဏ်ကိုလည်း ခံစားလာရတယ်။ တောတောင်
ဆေးဝါးကလည်းမရှိတော့ ရောဂါကို လက်ပိုက်သာကြည့်
တော့တယ်။

တစ်ညမှာ. . ။

အဲဒီညက လက တော်တော်ကြီးထိန်ထိန်လ
အောင် သာတဲ့ညပေါ့။





စိတ်ချမ်းသာနေရတဲ့အချိန်မျိုးဆိုရင် ဒီလကြီးသာတာ
ကြည့်ပြီး ကြည်နူးခံစားနေမိမှာပဲ။

ဒါပေမဲ့ အဲဒီလသာတဲ့ညမှာ သစ်ခုတ်သမားတွေရဲ့တဲ
မာမက်တစ်ယောက် ဝေဒနာတွေခံစားနေရတာကို ကျုပ်
ည့်ရက်လို့ တဲပြင်ထွက်ပြီး အဲဒီလကြီးကို ကြည့်နေမိတယ်။

မာမက်ရဲ့ အသက်ရှူသံပြင်းပြင်းတွေဟာ ဖားဖိုကြီးတစ်
ိုးနေတဲ့ အသံအတိုင်းပဲ ကြားနေရတယ်။

နောက်. . မာမက်ရဲ့ အဲဒီဖားဖိုသံကြီး ပျောက်သွားတော့
တဲထဲကို တစ်ခေါက်ဝင်ကြည့်လိုက်တယ်။ မာမက်ဟာ အိပ်
ပျော်သွားပြီး ငြိမ်သက်နေတယ်။

ကျုပ်လည်း မာမက်နဲ့မလှမ်းမကမ်းမှာ အသာလေးဝင်
နေလိုက်တယ်။ သိပ်မကြာလှဘူး ထင်လိုက်ရတယ်။ မာမက်
က်သံကြီး ကြားလိုက်ရတော့ ကျုပ်လန့်နိုးသွားခဲ့ရတယ်။

ကျုပ် မာမက်ကို လှမ်းကြည့်လိုက်တော့ မာမက်ဟာ
တုတ်ကြီးထထိုင်နေတာကို တွေ့လိုက်ရတယ်။

"သူငယ်ချင်းမာမက်. . မင်းဘာဖြစ်တာလဲ။ အိပ်မက်မက်
န့်အော်တာလား။ ပြန်အိပ်. . ပြန်အိပ်လိုက်သူငယ်ချင်း"

မာမက်ဟာ ကျုပ်ကို တွေတွေကြီးစိုက်ကြည့်နေပြီး. .

"သူငယ်ချင်းကိုသိန်းမောင်. . ငါတော့ မနေရတော့ဘူး။
တောင်ကို ငါမကျော်နိုင်တော့ပါဘူး။ ငါ့ကိုယ်ငါ သိနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ. . မင်းကလည်း အားလျော့လိုက်တာ

အခု အိန္ဒိယနယ်ထဲ ရောက်နေပြီလေကွာ။ ရှေ့ကိုလှမ်းကြည့်

အိန္ဒိယနိုင်ငံကြီးကို တွေ့နေရပြီလေကွာ"

"ငါသိပါတယ်။ ဒါပေမဲ့ ငါမနေရတော့ဘူး။ ငါ့စိတ်

မှာ မဟာရာတနီဆိုတဲ့ မင်းသမီးလေးက လာခေါ်နေပြီ"

"အိုကွာ. . ဘယ်က မဟာရာတနီတွေ လာပြောနေ

လဲ။ မင်းအိပ်မက်မက်ပြီး ဘာတွေလျှောက်ပြောနေတာ မက်က

ပြန်အိပ်လိုက်။ အားရှိသွားအောင် အိပ်လိုက်။ ဒါမှ မင်း ပြန်

နေကောင်းသွားမှာ။ နေကောင်းသွားရင် တို့နှစ်ယောက် အိန္ဒိ

ကို ပြန်လို့ရပြီကွ"

ကျုပ်က မာမက်ကို အိပ်ရာပေါ် အသာလေးပြန်လှဲ

လိုက်တယ်။ သူ့ရဲ့ရင်ဘတ်ကြီးက နိမ့်လိုက်၊ မြင့်လိုက်နဲ့။ ဝေ

ကို အတော့်ကိုခံစားနေရတဲ့ပုံပဲ။

"ကိုသိန်းမောင်. . ငါ့ကို ရေတစ်ခွက်လောက် တို

စမ်းပါ"

ကျုပ်လှမ်းပေးတဲ့ရေတစ်ခွက်ကို သောက်ချလိုက်ပြီး

မက်က သူ့လည်ပင်းမှာအမြဲတမ်းဆွဲထားတဲ့ အိတ်ရှုလေးကို က

လက်ထဲ လှမ်းပေးလိုက်တယ်။

"ဒါက ဘာလဲ မာမက်"

"မင်း ဒါကို ယူထားလိုက်တော့"





ကျုပ်လက်ထဲရောက်လာတဲ့ အိတ်ရှုလေးကို ဖွင့်ကြည့်

လိုက်တော့ လက်တစ်ဝါးလောက်ရှိတဲ့ သိုးသားရေလား၊ ဆိတ်

သားရေလား မသိရတဲ့ အပြားလေးပေါ်မှာ ရေးခြစ်ပြီး မှိုင်းရေနဲ့

ဆွဲထားတဲ့ ကောက်ကြောင်းတွေကို တွေ့လိုက်ရတယ်။

"အဲဒါ ဘာလဲ မာမက်"

ကျုပ်ရဲ့အမေးကို မဖြေသေးဘဲ ကျုပ်ရဲ့မျက်နှာကို မာ

မက်က အကြာကြီးစိုက်ကြည့်နေပြီးမှ. .

"အဲဒါ မင်းနဲ့ထိုက်တန်တယ်။ မင်းဉာဏ်ရှိရင် မင်းဘဝ

အောင်မြင်မှာပဲ"

ဆိုပြီး သားရေချပ်လေးကိုပေးအပ်ရင်း ဇာတ်လမ်းလေး

တစ်ပုဒ်ကိုလည်း ပြောပြသွားခဲ့တယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

## <အခန်း - ၁၅>

## မဟာရာဇာစော်ဘွားလေးရဲ့ မဟာရာတနီ

“အိန္ဒိယနိုင်ငံမှာ တာတာမြင်းစီးသူရဲတွေက အိန္ဒိယနိုင်ငံကြီးကို ဝိုင်းပတ်ကာရံထားတဲ့အချိန်မှာ မဟာရာဇာစော်ဘွားလေးဟာ သူ့ရဲ့ကြင်စဦးမင်းသမီးလေးတစ်ပါးဖြစ်တဲ့ မဟာရာတနီဆိုတဲ့ မင်းသမီးလေးကိုပါ သူနဲ့အတူ လိုက်ပါစေပြီး နောက်ပါခြွေရံအနည်းငယ်နဲ့မြန်မာပြည်ဘက်ကို ထွက်ပြေးခိုလှုံဖို့ ထွက်လာကြတယ်။

မြန်မာပြည်ရဲ့ တောတွေ၊ တောင်တွေကို ဖြတ်သန်းလာခဲ့ကြပြီး မြန်မာပြည်အတွင်းမှာ အခြေချနေထိုင်ဖို့ စီစဉ်ခဲ့ကြတယ်။

အဲဒီအချိန်မှာ မြန်မာပြည်ရဲ့အရှေ့ဘက်ကနေ မွန်ဂို





မြင်းစီးသူရဲတွေက မြန်မာပြည်ထဲကို ဝင်ရောက်လာကြတယ်။

သူတို့ဟာ မူလက ဒီမြန်မာပြည်ထဲမှာ အခြေချနေထိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ လာခဲ့ကြပေမယ့် အရှေ့မြောက်အရပ်က မွန်ဂိုတွေရဲ့ရန်ကြောင့် ပြန်လည်ဆုတ်ခွာဖို့ စိုင်းပြင်းနေတုန်းမှာ မဟာရာတနီမင်းသမီးလေးဟာ အပြင်းဖျားပြီး သလွန်နန်းပေါ်မှာ မထနိုင်တော့တဲ့အထိ ဖြစ်သွားတယ်။

မင်းသမီးလေးရဲ့ရောဂါကို ပါလာတဲ့ သမားတော်တွေနဲ့ ကုသခဲ့ကြတော့လည်း မသက်သာခဲ့ဘူး။

မင်းသမီးလေးဟာ ခုနစ်ရက်ခုနစ်လီ အိပ်ရာသလွန်ထက်မှာ မေ့မြောသွားတယ်။ အဲဒီလို ခုနစ်ရက်လုံးလုံးမေ့မြောနေတော့ မဟာရာဇာစော်ဘွားလေးဟာ သူ့ရဲ့မင်းသမီးလေးတစ်ယောက်တော့ အသက်ဆုံးရှုံးသွားပြီလို့ တွေးထင်လိုက်တယ်။

အဲဒီအချိန်မှာပဲ မွန်ဂိုစစ်သည်တွေဟာ မြန်မာပြည်ထဲဝင်ရောက်လာကြလို့ မြန်မာဘုရင်တောင် ထွက်ပြေးသွားခဲ့ရတာတွေပါ ကြားသိနေရတယ်။

မဟာရာဇာစော်ဘွားလေးဟာ သူ့ရဲ့မင်းသမီးလေးကို ကြာကြာတောင်မပူဆွေးရခင်မှာ အဲဒီနေရာက ဆုတ်ခွာလာခဲ့ကြရတယ်။

မဆုတ်ခွာခင်လေးမှာ မင်းချင်းငါးယောက်ကိုခေါ်ယူပြီး သူ့ရဲ့မင်းသမီးလေးရဲ့ ပုံတူကို ရွှေစင်သွန်းလောင်းထားဖို့ မှာကြား



www.burmeseclassic.com

www.burmeseclassic.com



ပြီး မြန်မာပြည်ကို ကျောခိုင်းထွက်သွားကြတယ်”

အဘိုးကြီးဦးသိန်းမောင်ပြောပြနေသည့် မဟာရာဇာ၏ မင်းသမီးလေး၏ဇာတ်လမ်းကို ကျွန်ုပ်သိထားခဲ့သော်လည်း မယ် ချင်ယောင်ဆောင်ကာ ဆက်လက်နားထောင်နေခဲ့သည်။

“မဟာရာဇာစော်ဘွားလေးဟာ သူ့ရဲ့မင်းသမီးလေး ဟာ မသေဘဲ ဂူသွင်းခံလိုက်ရတယ်ဆိုတဲ့သတင်းကို ကြားသိ လိုက်တာနဲ့ ဆင်ပေါ်ကဆင်းပြီး မင်းသမီးလေးရှိနေတဲ့အရပ်ဆီ ကို ထွက်ပြေးသွားခဲ့သတဲ့။

ဒါပေမဲ့ စော်ဘွားလေးဟာ လျှိုတစ်ခုထဲလိမ့်ကျပြီး သေဆုံးသွားတယ်။

'အဲဒီဇာတ်လမ်းအပိုဒ်ကို ကြားလိုက်ရတော့ ကျုပ်စိတ် ထဲမှာ အတော့်ကို လှိုက်လှိုက်လှဲလှဲ ကြေကွဲဝမ်းနည်းသွားတယ်။

စောစောက ရွှေစင်သွန်းလောင်းဖို့ ကျန်နေခဲ့တဲ့ မင်း ချင်းငါးယောက်ကလည်း မင်းသမီးလေးရဲ့ပုံတူကို ရွှေစင်သွန်း လောင်းဖို့ အချိန်မရတော့ဘူး။

ဒါပေမဲ့ အဲဒီမင်းချင်းငါးယောက်ဟာ ရွှေစင်အကြီးကြီး သွန်းလောင်းဖို့ အချိန်မရပေမယ့် မင်းသမီးလေးရဲ့ရုပ်လွှာကို နောင်နှစ်ပေါင်းများစွာကြာလာရင် မမေ့ပျောက်နိုင်အောင် ရွှေ သားနဲ့ ပုံအသေးလေးတစ်ပုံကို နမူနာအဖြစ် သွန်းလောင်းခဲ့ပြီး အဲဒီဂူထဲမှာ မြေမြှုပ်ထားလိုက်ကြတယ်။





မင်းသမီးလေးရဲ့ဂူကို မသမာသူတွေရဲ့လက်ထဲ အလွယ် တကူမရောက်နိုင်အောင် ဂူကိုးလုံးကို ပုံစံတူဖန်တီးတည်ဆောက် ထားခဲ့ကြတယ်။

အဲဒီဂူတွေရဲ့ အကွာအဝေးဟာ ကိုးမိုင်စီကွာဝေးကြ တယ်။ ဂူကိုးလုံးဆိုတော့ မိုင်ပေါင်း ၈၁ မိုင် ကွာလှမ်းကြတယ်။

အဲဒီအမှတ်အသားတွေကို ဆိတ်သားရေချပ်မှာ ရေးဆွဲ ပြီး နှစ်ပိုင်းပိုင်းလိုက်တယ်။ တစ်ပိုင်းကို ပညာရှိအမတ်ကြီးက ယူဆောင်သွားပြီး ကျန်တစ်ပိုင်းကိုတော့ ကျုပ်ရဲ့အဘိုး စော်ဘွား လေးရဲ့ အကြံပေးအမတ်ကြီးက ယူဆောင်သိမ်းဆည်းလာလိုက် ကြတာ အခု ကျုပ်တို့အချိန်အထိပဲ။

မာမက်ဟာ ရှည်လျားလှတဲ့ ဇာတ်လမ်းရှည်ကြီးကို စိတ် ပါလက်ပါပြောပြခဲ့ပြီး အမောဖောက်လာခဲ့တယ်။

ခဏအမောပြေလောက်ချိန်မှာ မာမက်က ဆက်ပြီး သူ့ ရဲ့ စိတ်ဝင်စားဖွယ်ကောင်းတဲ့ဇာတ်လမ်းကို ဆက်ပြောပြခဲ့တယ်။

အဲဒီဂူတွေရဲ့အကွာအဝေးဆိုတာ ၉မိုင်ရှိပေမယ့် အဲဒီဂူ တွေဟာ မျဉ်းဖြောင့်ရှိနေတာလား။ မျဉ်းကောက်ကောက်ပေါ်မှာ ရှိနေကြတာလား၊ စတုရန်းပုံလား၊ တြိဂံပုံလားဆိုတာ ဘယ်လိုမှ မခန့်မှန်းတတ်ဘူး။

အဲဒီဆိတ်သားရေချပ်နှစ်ချပ် ဆက်စပ်နိုင်မှသာ ဒီအဖြေ ကို ရနိုင်မယ်။ ရမယ်ဆိုပေမယ့် သူ့ဆိတ်သားရေချပ်နဲ့အောက်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးမှာ ရေးထိုးထားတဲ့ ရှေးဟောင်းမွန်ဂိုစာကို နားလည်မှသာ ရတနာရှိတာ ဘယ်ဂူဆိုတာ သိရလိမ့်မယ်"

အဘိုးကြီးဦးသိန်းမောင်သည် အဆိုပါဇာတ်လမ်းကို စိတ်ရှည်လက်ရှည်နှင့် အားပါးတရပြောပြခဲ့လေသည်။

"ဆရာကြီးရဲ့ဇာတ်လမ်းက အတော့်ကို စိတ်ဝင်စားဖို့ကောင်းတယ်"

"အေး. . ငါလည်း စိတ်ဝင်တစားရှိခဲ့သလို စွန့်စွန့်စားစားလုပ်ရတဲ့ အလုပ်တွေကို ဝါသနာပါတော့ ငါ ဒီမြေပုံအညွှန်းလေးရတာနဲ့ မြန်မာပြည်ဘက်ကို ပြန်ဝင်လာခဲ့တာပဲ"

"ဟင်. . ဆရာကြီးက သူငယ်ချင်းဖြစ်တဲ့သူကို ဒီအတိုင်းတောထဲမှာ ထားခဲ့တာပေါ့"

"ဟာကွာ. . ငါ ဒီလောက်အထိတော့ မရက်စက်တတ်ပါဘူး။ ငါ့ရဲ့သူငယ်ချင်းဟာ ဒီမြေပုံပါတဲ့ အိတ်ရှုံ့လေးကို ငါ့ရဲ့လက်ထဲကို ကျစ်ကျစ်ပါအောင်ထည့်ပေးလိုက်ပြီး ငါ့ရဲ့လက်ပေါ်မှာစောင် အသက်ထွက်သွားခဲ့တာပါပဲ"

"ငါဟာ ငါ့သူငယ်ချင်းရဲ့အလောင်းကို ကောင်းမွန်စွာမြေမြှုပ်သင်္ဂြိုဟ်လိုက်ပြီးတော့ ဆတ်သားခြောက်တွေနဲ့ သေနတ်တစ်လက်ကိုယူပြီး မြန်မာပြည်ထဲထွက်လာခဲ့တာပဲ မောင်ရင်ရေ"

အဘိုးကြီးသည် ပြောပြောဆိုဆိုနှင့် တဲလေး၏နောက်ကို ဝင်သွားပြီး အိတ်ကလေးတစ်လုံးကို ကိုင်ထွက်လာခဲ့သည်။





အိတ်ကလေးကို ဆွဲဖွင့်လိုက်တော့ အိတ်ထဲမှာ လိပ်ထားသော ဆိတ်သားရေချပ်လေးတစ်ခု ထွက်လာ၏။

ထိုအရာလေးကို အဘိုးကြီးက ကျွန်ုပ်အားထုတ်ပြလေ၏။ ကျွန်ုပ်သည် အဆိုပါမြေပုံချပ်လေးကိုကြည့်ပြီး စိတ်၌ မှတ်သားနေမိသည်။

အောက်၌ရေးခြစ်ထားသော ကောက်ကောက်ကွေးကွေးစာများကို နားမလည်၍ မမှတ်နိုင်ခဲ့ပါ။

"ကဲ. . တွေ့ပြီမဟုတ်လား။ ဒီရတနာအုတ်ဂူက ဒီမြေပုံတစ်ပိုင်းတည်းရလို့တော့ ဘယ်လိုမှ ရှာလို့ရမှာမဟုတ်ဘူး"

"ဒါဆိုရင်. ."

"ဒါဆိုရင် မြေပုံရဲ့နောက်တစ်ဝက်ကို ရထားတဲ့သူကို တွေ့အောင်ရှာဖို့တော့ လိုမယ်"

"ဆရာကြီး. . ဒီရတနာဂူကိုလိုက်ရှာနေတာ ကြာရောပေါ့။ ဒီဂူနဲ့ပတ်သက်တဲ့ တစ်စွန်းတစ်စသတင်း ဘာမှမရခဲ့ဘူးလား"

ဦးသိန်းမောင်သည် မီးငြိမ်းနေသည့်ဆေးတံကြီးကို မီးညှိဖွာရှိုက်လိုက်ပြီး. .

"အေးကွ. .။ အခုအချိန်ထိတော့ ဘာသဲလွန်စမှတော့ မရသေးပါဘူး။ တွေ့ရတာကတော့ သချိုင်းတွေမှာ မင်းကြုံတွေ့ခဲ့ရတဲ့ ဖိုးသူတော်တွေဆိုတဲ့သူတွေပဲ တွေ့တွေ့နေရတယ်"

"သူတို့အားလုံးကလည်း တစ်စွန်းတစ်စကြားတာနဲ့ ဒီ



www.burmeseclassic.com

www.burmeseclassic.com



ရတနာဂူကို တစေ့တစောင်းလေ့လာအကဲခတ်နေကြတဲ့လူတွေပါ။ တချို့ ဒီရာဇဝင်ရဲ့အဆုံးအစကိုတောင် မသိကြပါဘူး။ ရတနာတွေရှိတယ်ဆိုတဲ့ အသိနဲ့ တက်ကြွနေကြတဲ့ ဖိုးသူတော်တွေပါ"

"အေးလေ. . ခုလောက်ဆို မင်းလည်းသဘောပေါက်လောက်ပါပြီ။ သွားရင်းလာရင်း အကျိုးတူလုပ်ကိုင်မယ့်လူ၊ အဲဒီမြေပုံရဲ့ တစ်ဝက်ကို လက်ဝယ်ရထားတဲ့လူကို တွေ့ခဲ့ရင် ငါ့ဆီကို သတင်းပို့။ ပြီးတော့ ဘသိုက်တွေ့ခဲ့ရင်လည်း ငါ့ဆီကို လွှတ်ပေးလိုက်စမ်းပါဦး"

"ကောင်းပါပြီခင်ဗျာ. . ။ စိတ်ချပါ"

ကျွန်ုပ်သည် ထိုနေရာ၌ သုံးရက်ခန့်နေထိုင်ပြီးမှ ထွက်လာခဲ့လေ၏။

ကျွန်ုပ်၏ မပြီးဆုံးသေးသော မဟာရာတနီမင်းသမီးလေးရှာပုံတော်ကို ဆက်လက်ရှာဖွေနေရဦးမည်သာ. . ။

❖



## အခန်း - ၁၆

## ရှာပုံတော်ခရီးဆါနီဒါနီးအာစ

ကျွန်ုပ်၏ခရီးသည် ရှည်လျားလွန်းလှပေသည်။

'ပျောက်သောသူ ရှာလျှင်တွေ့' ဆိုသည့်စကားသည် ပျောက်သောသူကို ရှာနိုင်ဖို့ ရှာသူအတွက် အားဆေးတစ်ခွက်ဖမာ ရှိချေတော့သည်။

ကျွန်ုပ် ဦးသိန်းမောင်ထံမှ ပြန်လာခဲ့ပြီးနောက် ဦးသိန်းမောင်၏မြေပုံအညွှန်းပေါ်၌ ရေးခြစ်ထားသောကောက်ကြောင်းများကို စာရွက်လွတ်များပေါ်တွင် အမျိုးမျိုး စိတ်ကူးဖြင့် ပုံဖော်ကြည့်နေမိသည်။

အဝိုင်း၊ လေးထောင့်၊ မျဉ်းဖြောင့်၊ မျဉ်းကွေးတို့ပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



ဂူကိုးလုံး၊ သချိုင်းကိုးခုတို့၏ပုံကို စိတ်ကူးဖြင့် အမျိုးမျိုးပုံဖော်ကြည့်နေမိသည်။

ကျွန်ုပ်သည် အတွေးစိတ်ကူးတို့ဖြင့် လျှောက်လှမ်းလာခဲ့ရာ ဝါးရုံပင်များ၊ သစ်ရိပ်ဝါးရိပ်များနှင့် နှစ်လိုချမ်းမြေ့ဖွယ်ရာတောဘုန်းကြီးကျောင်းဝိုင်းလေးတစ်ခုကို လှမ်းတွေ့လိုက်ရလေ၏။

ကျွန်ုပ်လျှောက်လှမ်းနေရာမှ နေသည် အနောက်ဘက်သို့ မည်သည့်အချိန်တွင် ဝင်ရောက်ပျောက်ကွယ်သွားလိုက်သည်ကို မသိလိုက်ရ၊ သတိမထားမိလိုက်ရချေ။

အမှောင်ရိပ်များ ဖုံးလွှမ်းနေကာမှ ဝမ်းဗိုက်သည်လည်း တားမရအောင် ဆာလောင်မွတ်သိပ်လာ၏။

ကျွန်ုပ်အတွက် ယနေ့ညသည် သွားစရာမြေမရှိတော့သဖြင့် စောစောကဘုန်းကြီးကျောင်းအတွင်းသို့ တစ်ညတာ ဝင်ရောက်အနားယူ အိပ်စက်ခွင့်တောင်းခံရန် ဝင်ရောက်ခဲ့လေ၏။

ကျွန်ုပ်၏လာလမ်း၌ မြင့်မားသောအရပ်အမောင်းရှိသည့် ဖိုးသူတော်ကြီးတစ်ပါးသည် ပိတ်ဆို့လျက် ရပ်တန့်နေ၏။

ကျွန်ုပ်အား ထူးထူးခြားခြားရပ်ကြည့်နေပြီး စကား လေသံဝဲဝဲ၊ အသံမာမာဖြင့် . .

"ဆိုစမ်းဟေ့ . . ဘာကိစ္စလဲ"

"ကျွန်တော် ခရီးဆက်ဖို့ရာ အချိန်မရှိတော့လို့ ဖိုးသူတော်ကြီးတို့ကျောင်းမှာ တစ်ညတာ တည်းခိုခွင့်ပြုပါ"





"ဒါ . . ဘုန်းကြီးကျောင်းမဟုတ်ဘူး"

"ဒါဖြင့် ဒါ . . "

"အေး . . ငါနေတဲ့ ဖိုးသူတော်ကျောင်း။ ဒီမှာ ငါတစ်ယောက်တည်းနေတာ နှစ်အတော်ကြာပြီ။ ဘယ်လူစိမ်းဧည့်သည်မှ လက်မခံဘူး"

ကျွန်ုပ်သည် ဖိုးသူတော်၏စကားကို ကြားလိုက်ရလျှင် စိတ်ပျက်အားငယ်သွားမိတော့၏။ စားစရာမရှိသလို သွားစရာလည်း မရှိတော့။ ညသည် အချိန်မဲ့အခါမဲ့ဖြစ်နေသည့်အတွက် ကျွန်ုပ်အတွက် လမ်းစပျောက်နေလေပြီ။

'အို . . တစ်ညနဲ့တော့ ဘာမှမထူးပါဘူး။ ငါ သချိုင်းပေါင်းစုံကိုတောင် လှည့်နေလာခဲ့သေးတာပဲ' ဆိုသည့်မာနနှင့် ဖိုးသူတော်၏ ကျောင်းဝိုင်းလေးထဲမှ ပြန်ထွက်ရန် ကျောခိုင်းလိုက်စဉ် . .

"ဟေ့ . . ဒါဘယ်လဲ"

"ဗျာ . . "

"မင်း ဒီအချိန်ရောက်မှ ဘယ်အရပ်ကို သွားဖို့ကြံသလဲ"

"ဖိုးသူတော်ကြီးက ဒီမှာလက်မခံဘူးဆိုတော့ ခြေဦးတည့်ရာနေရာမှာ ကျောတစ်ခင်းစာအတွက်တော့ နေရာရှာရမှာပဲ"

"မရှာနဲ့ . . ။ ဒီမှာတည်း"



www.burmeseclassic.com

www.burmeseclassic.com





"ဟုတ်. . ဟုတ်ကဲ့"

"မင်းမှာ သည်းခံနိုင်တဲ့အစွမ်းအစ နည်းပါးတယ်။ ဘယ်အရာမဆို အောင်မြင်ဖို့အတွက် သည်းခံနိုင်ဖို့တော့လိုလိမ့်မယ်"

"ဟုတ်. . ဟုတ်ကဲ့"

ကျွန်ုပ်သည် ထိုညအတွက် ဖိုးသူတော်ကြီးချည့်ခံသည့် သစ်သီး၊ သစ်ဥတို့နှင့် ဝမ်းဖြည့်လိုက်ရသည်။

ဝမ်းပြည့်သွားသဖြင့် ကျွန်ုပ်သည် ထိုညတစ်ညလုံးပင် မိမိမြင်ခဲ့ရသည့် မြေပုံလမ်းကြောင်းကို မအိပ်မနေ ရေးဆွဲကြည့်နေခဲ့လေ၏။

ကျွန်ုပ် ညအပေါ့အပါးထသွားခဲ့သည့်အကြိမ်တိုင်း ဖိုးသူတော်ကြီး၏အခန်းမှ အလင်းရောင်များ တွေ့နေရသည်။

ကျွန်ုပ်သည် ဖိုးသူတော်ကြီး၏အခန်းကို မကြာခဏ သွားရောက်ချောင်းကြည့်နေခဲ့ရာ ကျွန်ုပ်ကြည့်သည့်အချိန်တိုင်း ဖိုးသူတော်ကြီးသည် တရားမှတ်နေခဲ့သည်ကို တွေ့နေရလေ၏။

ကျွန်ုပ်၏စိတ်ထဲ၌လည်း 'ဟာ. . ဒါတကယ့်သူတော်စင် ဖိုးသူတော်ကြီးပဲ။ ဒါကြောင့် လူသူအသွားအလာနည်းပါးတဲ့ ဒီအရပ်မှာ တရားလာကျင့်နေတာပဲ။ ဒါကြောင့် ငါညက စားရတဲ့ အာဟာရကလည်း သစ်သီးဝလံတွေချည်းပဲ'ဟု တွေးမိလေ၏။

ကျွန်ုပ် အိပ်ရာမှနိုးလာသောအခါ ဖိုးသူတော်ကြီးသည် တောင်ဝှေးတစ်ချောင်းနှင့် ပလိုင်းတစ်လုံးလွယ်ကာ ကျောင်းဝိုင်းသို့ ပြန်လာနေသည်ကို လှမ်းတွေ့လိုက်ရသည်။

ကျွန်ုပ်သည် ဖိုးသူတော်ကြီးထံသို့ပြေးသွားပြီး ခရီးဦးကြိုလိုက်၏။

ဖိုးသူတော်ကြီးလွယ်လာသည့် ပလိုင်းထဲတွင် သစ်သီးပါလာသည်။

"ငါ့လူ. . ညက စိတ်အေးချမ်းသာစွာ အိပ်ရရဲ့လား"

"ဟုတ်ကဲ့. . အိပ်ပျော်ပါတယ်။ ကျွန်တော် ဒီနေရာလေးရောက်ရတာ စိတ်ထဲမှာ ဘယ်လိုကြည်နူးခံစားမိသလဲမသိဘူး သူတော်ကြီး"

"အေးလေ. . ဘုရားရိပ်၊ တရားရိပ်နဲ့နီးရင် အေးချမ်းတယ်တာ သဘာဝပဲပေါ့။ လောဘအပူ၊ သောကအပူတွေနဲ့နေရတဲ့လူတွေမှာ ဒီအပူတွေရဲ့ရိုက်ခတ်မှုကို တစ်နည်းမဟုတ်တစ်နည်းနဲ့ အပူရဲ့လောင်မြိုက်ခြင်းကို ခံစားရတာပဲ"

ဖိုးသူတော်ကြီးသည် ကျွန်ုပ်အားပြောဆိုကာ သူ၏ကျောင်းသင်္ခန်းလေးအတွင်းသို့ ဝင်ရောက်သွားလေ၏။

ကျွန်ုပ်လည်း ပလိုင်းခြင်းကြီးကိုင်ကာ ဖိုးသူတော်၏နောက်မှ လိုက်ပါသွားခဲ့လေသည်။

ဖိုးသူတော်၏တဲအတွင်း ဘုရားရုပ်တုတစ်ခုမှလွဲ၍ အခြားတာမှ မတွေ့ရပေ။

တဲလေး၏ အခန်းထောင့်တစ်နေရာ၌ သစ်သီးများ







www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်စုပုံထားသည်ကိုသာ တွေ့လိုက်ရသည်။

ကျွန်ုပ်သည် တဲအတွင်းသို့ လှည့်ပတ်ကြည့်လိုက်ရ... အခန်းအတွင်း၌ ရှင်းလင်းနေသည်ကို တွေ့လိုက်ရသည်။

ဖိုးသူတော်ကြီး၏ ရှင်းလင်းနေသော အခန်းခေါင်းရ... ဘက်ယာရံတွင် မှန်ချပ်လေးတစ်ခုနှင့်ချိတ်ဆွဲထားသော ကားချ... တစ်ခုလိုလိုအရာလေးတစ်ခုကို ရုတ်တရက်လှမ်းတွေ့လိုက်ရ...

ကျွန်ုပ်သည် ထိုလက်တစ်ဝါးခန့်ရှိ မှန်ချပ်အတွင်း... ကားချပ်လေးကို စိတ်ဝင်တစားစူးစိုက်ကြည့်နေသည်ကို ဖိုးသ... တော်ကြီးသည် တွေ့သွားလေ၏။

ဖိုးသူတော်ကြီးသည် ထိုမှန်ချပ်လေးကို နံရံမှဖြုတ်ယ... လိုက်ပြီး ကျွန်ုပ်အား လှမ်းပေးလိုက်လေသည်။

ရုတ်တရက် ကျွန်ုပ်မျက်လုံးများသည် ပြာဝေသွားသည်... အဘယ့်ကြောင့်ဆိုသော် ထိုသို့သောအချပ်လေးတစ်ချပ်ကို မကြာ... ခင်ကပင် ဦးသိန်းမောင်ထံ၌ တွေ့ခဲ့ရပြီးလေပြီမဟုတ်ပါလား...

ယခု ကျွန်ုပ်လာတွေ့နေသည်မှာ ကျွန်ုပ်တို့အားလုံး သိ... ကြီးမကြီးရှာဖွေနေသော မြေပုံညွှန်း၏ ဒုတိယတစ်ဝက် သို့... မဟုတ် တစ်ခြမ်းကို တွေ့လိုက်ရခြင်းပင်ဖြစ်ပေ၏။

ကျွန်ုပ်သည် ထိုမြေပုံ၏အမှတ်အသားများကို စိတ်၌... မှတ်သားလိုက်ပြီး ဦးသိန်းမောင်ထံမှ အလွတ်ရွတ်မှတ်လာသော... မြေပုံနှင့် စပ်ဟပ်ကြည့်လိုက်သည်။

တြိဂံပုံမြေပုံလမ်းကြောင်းတစ်ခုကို စိတ်၌ရေးဆွဲကြည့် ...က်ပြီးဖြစ်သည်။

ကျွန်ုပ်သည် ဝမ်းသာလွန်းသဖြင့် ထခုန်မိမတတ် ဖြစ် ...း၏။

ကျွန်ုပ်သည် အမှတ်တမဲ့ ဖိုးသူတော်ကြီးကို လှမ်းကြည့် ...က်၏။

ဖိုးသူတော်ကြီးသည် ကျွန်ုပ်အား တစ်ချက်မျှပင် ငဲ့စောင်း ...ည့်ဖော်မရဘဲ ဘုရားစင်၌ ဘုရားပန်းအိုးများကို ပန်းများဖြင့် ...ဆာအောင် ပြုပြင်လုပ်ဆောင်နေသည်။

ကျွန်ုပ်တစ်ယောက်တည်း ထိုမြေပုံကားချပ်ထည့်ထား ...သည့် မှန်ချပ်လေးကိုကိုင်၍ လက်မှ တုန်လှုပ်ကာ တဆတ်ဆတ် ...နေသည်။

ကျွန်ုပ်သည် ဖိုးသူတော်ကြီးကို ဒုတိယအကြိမ်မြောက် ...မ်းအကြည့်တွင်. .

“ချလွမ်း”

ကျွန်ုပ်လက်တွင် ကိုင်ထားသောမှန်ချပ်လေးသည် လက် ...လွတ်ကျကာ မှန်များကွဲကြေသွားတော့သည်။

ကျွန်ုပ်သည် တတိယအကြိမ်မြောက် ဖိုးသူတော်ကြီးကို ...မ်းကြည့်လိုက်သော်လည်း ဖိုးသူတော်ကြီးသည် တည်ငြိမ်အေး ...ဆေးစွာ သူ့အလုပ်သူလုပ်ကိုင်နေသည်ကို လှမ်းတွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တစ်ယောက်တည်း စိတ်တွေပျာယာခတ်နေ

ကျွန်ုပ်သည် ကျကွဲသွားသောမှန်စများကို တစ်ခုချင်းလိုက်ကော ယူလိုက်သည်။

"ကွဲသွားပြီလား"

ဖိုးသူတော်၏ ထိုအသံကြီးသည် ကျွန်ုပ်၏နား၌ ကြီးမ သောပေါက်ကွဲသံကြီးတစ်ခုကို ကြားလိုက်ရသလို ခံစားလိုက်ရ

"ဟုတ်. . ဟုတ်ကဲ့"

"အေးလေ. . ။ ကွဲသွားပြီဆိုတာ မတည်မြဲတဲ့သဘော ကို ပြောနေတာပဲ။ အရာအားလုံးဟာ မမြဲကြပါဘူး"

ဖိုးသူတော်ကြီးသည် ကျွန်ုပ်၏အနီးသို့ လျှောက်လာ ကျွန်ုပ်၏လက်အတွင်းမှ ကွဲကြေနေသောမှန်စများကို ဖယ်ထုတ် ကာ အတွင်းမှ ဆိတ်သားရေချပ်လေးကို ကောက်ယူလိုက်သည်

ထိုဆိတ်သားရေချပ်လေးကို လက်မှကိုင်ကာ ဖိုးသူတော ကြီးသည် အဝေးသို့ တွေငေးနေပြီး ကျွန်ုပ်ရှိရာဘက်သို့ လှည့ ကာ. .

"လူလေး. . ဒါ ရတနာတွေရှိတဲ့ဂူကို လမ်းညွှန်ပြတဲ့ မြေ ပုံချပ်လေးတစ်ခုပဲ။ ဒါပေမဲ့ ဒီဂူကိုရောက်နိုင်ဖို့အတွက် နောက် တစ်ခြမ်းလိုနေသေးတယ်။ အဲဒီနှစ်ခု ဆက်စပ်လို့ရမှသာ ဒီဂူ ရာကို သွားနိုင်မယ်။ ဒါကလည်း တို့ထင်နေတာပါ။ ရတနာဆိုတာ ဘယ်မှာလာပြီး လွယ်လွယ်နဲ့ ထားရစ်ကြပါ့မလဲကွယ်"







ကျွန်ုပ်သည် ဖိုးသူတော်ကြီး၏စကားများကို စောင့်စား နားစွင့်၍သာရှိနေတော့သည်။

"တကယ်ဆို ရတနာဆိုတာ မရှိမကောင်း၊ ရှိမကောင်း ဆိုတာလို လောဘကိုပွားများစေသလို သောကမီးတွေအဖြစ် လည်း တောက်လောင်စေတယ်။ ဟိုတုန်းက ငါလည်း ဒါတွေကို မဆင်ခြင်နိုင်ဘဲ အဲဒီနောက်ကို သဲကြီးမဲကြီးလိုက်ခဲ့တာပေါ့ကွယ်။ အဲဒီလောဘမီးတွေတောက်လောင်ခဲ့လို့လည်း ဒုက္ခအမျိုးမျိုးနဲ့ ရင်ဆိုင်ခဲ့ရပြီးပြီ။ ဟိုး. . တိဘက်ပြည်ကနေ ဒီအထိ ခရီးပေါက် အောင် တောအသွယ်သွယ်၊ တောင်အထပ်ထပ်ကို ဖြတ်သန်း ပြီး လာခဲ့ရတာ လမ်းမှာ ပြောမပြနိုင်လောက်အောင် ကြီးမားတဲ့ အန္တရာယ်တွေကို ဘယ်လောက်ရင်ဆိုင်ခဲ့ရမယ်ဆိုတာ လူလေး ခန့်မှန်းကြည့်ပေါ့ကွယ်"

"ဒါဆို. . ဖိုးသူတော်ကြီးက ဟိုးတိဘက်ကနေ ဒီမြန်မာ ပြည်ကို ရောက်လာခဲ့တာပေါ့"

"အေး. . ဟုတ်တာပေါ့။ တကယ်တော့ ဒီမြေပုံချပ်လေး ဟာ တို့ရဲ့ဘိုးဘေးဘီဘင်တွေလက်ထက်ကတည်းက သားစဉ် မြေးဆက် လက်ဆင့်ကမ်းစောင့်ရှောက်လာခဲ့ကြတာ တို့လက် ထက်အထိ ဆိုပါတော့။ ဒီရတနာတွေရဖို့ဆိုတာ တော်ရုံတန်ရုံရွဲ နဲ့ ဘယ်လွယ်ပါ့မလဲ။ ကြည့်လေ. . ။ တို့အခုဖြတ်သန်းလာရတဲ့ တောတောင်ကြီးဟာ ဘယ်လောက်နက်ရှိုင်းသလဲ။ ဒါတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



လောဘဇောကြောင့်ပဲ အသက်ကိုတောင် ဂရုမပြုနိုင်တော့ဘူး။ စွန့်စွန့်စားစားနဲ့ တို့ရောက်လာခဲ့ရတာ။ ဒါပေမဲ့ အဲဒီလောဘဇော တွေဟာ ဒီမြန်မာပြည်ရောက်တဲ့အချိန်မှာ အသိတရား၊ သံဝေဂ တွေရခဲ့လို့ ခုတော့ အားလုံးကို စွန့်လွှတ်လိုက်ပါပြီကွာ"

ဖိုးသူတော်ကြီးသည် ပြောလက်စ စကားများကို ခေတ္တ ရပ်နားလိုက်ပြီး ကျွန်ုပ်အား စေ့စေ့ကြည့်ကာ. .

"အခု လူလေးက ဒီမြေပုံချပ်ကိုကြည့်ပြီး စိတ်ဝင်စားနေ ပုံရတယ်"

"ဟုတ်တယ် ဖိုးသူတော်ကြီး။ ဒီမြေပုံရဲ့တစ်ဝက်ကို ရထား တဲ့လူကို ကျွန်တော်သိထားတယ်။ သူတို့လည်း ဒီမြေပုံညွှန်းစာတစ် ဝက်ကို လိုက်ရှာနေကြတာတဲ့"

"ဩော်. . အေး. . အေး"

ဖိုးသူတော်ကြီးသည် ထိုမျှလောက်သာရေရွတ်လိုက်ပြီး စိတ်ဝင်စားဟန်မရှိသည့်နှယ် တစ်ဖက်သို့လှည့်သွား၏။ နောက်မှ သတိရလာသည့်ပုံစံမျိုးနှင့် သူ၏လက်တွင်ကိုင်ထားသော မြေပုံ ညွှန်းသားရေချပ်လေးကို ကျွန်ုပ်အား လှမ်းပေးလိုက်သည်။

ကျွန်ုပ်လည်း ထိုမြေပုံချပ်လေးကို အသေအချာစူးစိုက် ကြည့်ရင်း. .

"ဖိုးသူတော်ကြီး. . ဒီမြေပုံအမှတ်အသားတွေလည်း ဘြိဂံပုံကို ပြထားတာပဲ။ ကျွန်တော်ဟိုမှာတွေ့လာခဲ့ရတဲ့မြေပုံချပ်





ကလည်း ဘြိဂံအညွှန်းတွေပဲ။ ပြီးတော့ အောက်မှာရေးခြစ်ထား တဲ့စာတွေကလည်း ရှေးဟောင်းစာတွေဆိုတော့ ဘာကိုဆိုလို တယ်ဆိုတာ မသိရဘူး"

ဖိုးသူတော်ကြီးသည် အတန်ငယ်စဉ်းစားနေပြီးမှ. .

"လူလေး. . ဒီမြေပုံတွေပေါ်မှာ စိတ်ဝင်စားနေတယ်ဆို ရင်တော့ တို့သိသလောက်တော့ ပြောပြရမှာပေါ့။ အဲဒီမြေပုံရဲ့ အောက်မှာ တွေ့ရတဲ့စာတွေက ရှေးဟောင်းစာပေအရေးအသား တွေပဲ။ ဒါပေမဲ့ အဲဒီမြေပုံတွေမှာပါတဲ့ ဘြိဂံတွေကို ထပ်လိုက်ရင် လေးထောင့်ပုံသဏ္ဌာန်ကို တစ်ဝက်ခွဲထားတာပဲ"

ကျွန်ုပ်လည်း ဖိုးသူတော်ကြီးပြောပြမှ မြေပုံချပ်များပေါ် ပုံများကို ဆက်စပ်စဉ်းစားမိလိုက်သည်။

"ဟုတ်တယ်. . ဟုတ်တယ်။ ခုမှ ကျွန်တော်ဆက်စပ် စဉ်းစားမိတယ်"

"အေး. . စာစာကပြောတဲ့ စာတိုစာရှည်တွေဟာ လွယ်လွယ်နဲ့ ဖော်မရအောင် သချိုင်းကိုးခုကို နိမိတ်ပြရေးထား တဲ့စာတွေပဲ။ အဲဒီဘြိဂံနှစ်ခုကို ထပ်လိုက်ရင် စတုရန်းပုံ လေး ထောင့်အဖြစ်ရှိနေတာကို တွေ့ရလိမ့်မယ်"

"နေပါဦး ဖိုးသူတော်ကြီးရဲ့. . ။ အဲဒီစတုရန်းခွက်ထဲမှာ သချိုင်းကိုးခုရဲ့နေရာကို ဘယ်လိုရှာရမှာလဲ"

"ဆက်ပြောပြမှာပေါ့ကွာ။ ဘာလို့ ဒီလောက်အလော



www.burmeseclassic.com

www.burmeseclassic.com



တကြီးဖြစ်နေတာလဲ။ အဲဒီစတုရန်းကွက်ထဲမှာ ဂြိုဟ်ကိုးလုံးတည်ရှိတဲ့ပုံကို မှန်းဆပြီး သချိုင်းကိုးခု၊ ဂူကိုးခုအဖြစ် တည်ဆောက်ခဲ့ကြတာပဲ။ အဲဒီဂြိုဟ်ကိုးလုံးထဲမှာ အထူးခြားဆုံးက ဗုဒ္ဓဟူးဂြိုဟ်ရှိရာ တောင်ဘက်အရပ်ဘက်ပဲ။ ဒီတော့ ဒီမင်းသမီးလေးရဲ့အုတ်ဂူရှိတဲ့အရပ်ဟာ တောင်ဘက်အရပ်မှာရှိနေတဲ့ သချိုင်းတစ်ခုပဲကွ။ ဒါကြောင့် မင်းသမီးလေးရှိနေတဲ့ သချိုင်းတစ်ခုကို သိလိုက်ရရင် ဗုဒ္ဓဟူးဂြိုဟ်ရှိရာ တောင်ဘက်အရပ်ကို မှန်းဆလို့ရပြီလေ။ သချိုင်းတစ်ခုစီရဲ့ အကွာအဝေးဟာ ကိုးမိုင်ပတ်လည်မှာရှိနေတယ်ဆိုတော့ အဲဒီသချိုင်းအရပ်ကို ရှာလို့ရပြီပေါ့ကွာ”

ကျွန်ုပ်ရောက်လာခဲ့သည့် သချိုင်းများကို စိတ်မှန်းနှင့်ရေးဆွဲကြည့်လိုက်သည်။ ဖြစ်နိုင်စရာတို့ကို ပုံကြမ်းဖော်ကြည့်လိုက်သည်။ စတုရန်းပုံစံကျကျဖြစ်နိုင်ရန် ကျွန်ုပ် တစ်ကြိမ်ကမျက်စိလည်နေခဲ့သော တောအုပ်ကြီးကို ထည့်သွင်းရေးဆွဲမှသာ စတုရန်းပုံ လေးထောင့်ကျကျ ပုံဖော်မိမည်ဖြစ်တော့၏။

“ဟာ. . ဒါဆို ဖိုးသူတော်ကြီးပြောတဲ့ စတုရန်းပုံကျကျဆိုရင် ဟိုရှေ့နားကတောအုပ်ကြီးပါ ထည့်ဆွဲမှ ပုံစံကျလိမ့်မယ်ထင်တယ်”

“အေးလေ. . လူလေးတွေးသလို ဖြစ်ကောင်းဖြစ်နိုင်ပါလိမ့်မယ်”

ထိုညက ကျွန်ုပ်၏အတွေးများသည် ချာချာလည်နေခဲ့





လေ၏။ အိပ်မက်ထဲမှာလည်း မဟာရာတနီမင်းသမီးလေး၏ ဝမ်းနည်းကြေကွဲဖွယ်ရာမျက်နှာလေးကို မြင်တွေ့နေရသလို ထိုတောအုပ်အတွင်းမှ အလင်းတန်းများထွက်ပေါ်နေသည်ကိုလည်း အိပ်မက်ထဲတွင် အမှတ်မထင်မြင်တွေ့လိုက်ရသည်။

ကျွန်ုပ်သည် ထိုအိပ်မက်ကို သုံးရက်တိတိ ဆက်တိုက်မက်ခဲ့ပြီး နောက်တစ်နေ့တွင် ထိုအရပ်သို့သွားရန် ဆုံးဖြတ်လိုက်၏။

ဖိုးသူတော်ကြီးကိုလည်း ထိုအရပ်သို့ သွားရောက်ရန်ခွင့်ပန်ကြားလိုက်ပြီး အိပ်မက်အကြောင်းကို ပြောပြလိုက်သည်။ ဖိုးသူတော်ကြီးသည် ကျွန်ုပ်၏အိပ်မက်အကြောင်းကို တစ်ခဏမျှ စဉ်းစားလိုက်ပြီး. .

“အေး. . ဒါဆိုရင် လူလေးပြောတဲ့နေရာဟာ ဖြစ်နိုင်ခြေရှိတယ်ကွ။ ဒီလိုလုပ်. . ။ မနက်ဖြန်တော့ လူလေး ဟောဟိုတောင်ကုန်းမြင့်မြင့်နေရာကနေ တောင်ဘက်ယွန်းယွန်းခံနေရာကို စောင့်ကြည့်နေပေါ့။ လူလေးပြောတဲ့ အလင်းတန်းတွေကိုတွေ့ရမှာပဲ”

ကျွန်ုပ်သည် ထိုနေ့က ဖိုးသူတော်ကြီးပြောသည့် တောင်ကုန်းအမြင့်ပေါ်မှ တောအုပ်တန်းဆီသို့ လှမ်းမျှော်ကာ စောင့်ကြည့်နေခဲ့ရာ ကျွန်ုပ်တွေးထင်ယူဆထားသလို နေသည် ကျွန်ုပ်၏ဦးခေါင်းပေါ်သို့ ရောက်လာသည့်အချိန်တွင် ထိုတောအုပ်အတွင်းမှ အလင်းတန်းများဖြာထွက်လာသည်ကို ျမ်းတွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရလေတော့၏။

ကျွန်ုပ်သည် ထုခုန်မိမတတ် ဝမ်းသာသွားသည်။ ကျွန်ုပ်လည်း ဖိုးသူတော်ကြီးရှိသည့်ကျောင်းသခ်ႋ်းသို့ အမြန်ဆုံးပြန်ပြေးလာခဲ့၏။

ကျောင်းဝင်းအတွင်းသို့ ဝင်ရောက်လိုက်လျှင် သစ်ရိပ်တစ်ခု၌ ထိုင်နေသော ဖိုးသူတော်ကြီးကို အဆင်သင့်လှမ်းတွေ့လိုက်ရသည်။

ကျွန်ုပ်အနီးသို့ရောက်လျှင် ဖိုးသူတော်ကြီးသည် ကျွန်ုပ်အား လှမ်းကြည့်ကာ. .

"လူလေးထင်သလို တွေ့ခဲ့ရပြီနဲ့ တူတယ်။ အဲဒီနေရာကိုရောက်ဖို့ နေ့တစ်ဝက်ခရီးလောက်သွားရင် ရပါတယ်ကွာ"

"ဖြစ်နိုင်တယ် ဖိုးသူတော်ကြီးရဲ့။ သိပ်တော့မဝေးလှဘူး။ ကျွန်တော် အဲဒီနေရာကို သွားကြည့်ချင်တယ်"

"အေးလေ. .။ လူလေးစိတ်ဆန္ဒပြင်းပြနေတယ်ဆိုရင် သွားပေါ့။ တစ်ခုတော့ရှိတယ်။ ဘယ်အရာမဆို လောဘကို ရှေ့တန်းတင်ခဲ့ရင်တော့ အန္တရာယ်တွေနဲ့ မလွဲမသွေကြုံတွေ့ရမှာပဲ။ ဒါကိုတော့ လူလေးကောင်းကောင်းနှလုံးပိုက်ထားစေချင်တယ်"

"ဟုတ်ပါတယ်။ ကျွန်တော့်ရဲ့စိတ်ဆန္ဒကလည်း လောဘစိတ်နဲ့သွားဖို့ စိတ်မကူးပါဘူး။ ကျွန်တော့်ရဲ့စိတ်ထဲမှာ ဒီမင်းသမီးလေးဟာ ဒီဂူကြီးထဲမှာ ပိတ်လှောင်ခံထားရတယ်လို့ပဲ ယူဆမိနေ





တယ်။ အဲဒီအတွက် ကျွန်တော် ဒီဂူကြီးကို ဖွင့်ပေးလိုက်ချင်တယ်။ ကျွန်တော့်မှာ ဒီခံစားချက်တစ်ခုပဲရှိပါတယ်။ တခြား ဘာခံစားချက်မှ မရှိပါဘူး"

"အေးလေ. .။ ဒီလို ကောင်းမြတ်တဲ့ရည်ရွယ်ချက်နဲ့ သွားမယ်ဆိုရင် သွားပေါ့ကွာ။ မနက်ဖြန်မိုးသောက်တော့ သွားပေါ့။ သွားတယ်ဆိုရအောင် မင်းမှာ အဖော်မပါ ဘာမပါနဲ့"

"ဒီအတွက်တော့ မပူပါနဲ့။ လူများရင် လောဘဆိုတာတွေ တောက်လောင်လာပြီး စိတ်ဝမ်းတွေကွဲကုန်ကြဦးမယ်။ ပြီးတော့ မထင်မှတ်တဲ့အန္တရာယ်တွေနဲ့ ကြုံနေရဦးမယ်"

"အေး. . အေး. . ဒါလည်း ဟုတ်တာပဲ။ ကဲ. . ကဲ. . မနက်ဖြန်အတွက် လိုအပ်တဲ့ ရိက္ခာ၊ လက်နက်ပစ္စည်းတွေ ကျောင်းမှာရှိတာ ရှာပြီးယူသွားပေါ့ကွာ"

"ကျွန်တော့်အတွက် လက်နက်ကတော့ အထွေအထူး မလိုပါဘူး။ ပေါက်တူးတစ်လက်၊ ဓားရှည်တစ်လက်ရရင် လုံလောက်ပါပြီ။ ရိက္ခာအတွက်ကတော့ ကျောင်းမှာရှိနေတဲ့ သစ်သီးသစ်ဥတွေ ယူသွားရမှာပေါ့"

ထိုညက ကျွန်ုပ်သည် အိပ်ရာသို့ စောစောဝင်လိုက်လေ၏။ သို့သော်. . ကောင်းစွာအိပ်မပျော်နိုင်ခဲ့ပါချေ။

ကျွန်ုပ်၏စိတ်အာရုံတို့သည် မဟာရာတနီမင်းသမီးလေးဂူရှိရာသို့သာ ပျံလွင့်နေတော့၏။

❖



www.burmeseclassic.com

www.burmeseclassic.com

## ≺အခန်း - ၁၇≻

## မဟာရာဇာနီရှိရာအရပ်သို့

ထိုနေ့နံနက်က ကျွန်ုပ်သည် ဖိုးသူတော်၏ကျောင်းဝိုင်းထဲမှ စောစောထွက်လာခဲ့လေ၏။

ကျွန်ုပ်သွားရမည့် ခရီးလမ်းသည် တောင်ကုန်း၊ တောင်ဝန်း၊ လျှိုမြောင်၊ ချိုင့်ဝှမ်းများကို ဖြတ်သန်းသွားရသလို တောအထပ်ထပ်ကိုလည်း ဖြတ်သန်းရမည့်ခရီး ဖြစ်နေ၏။

အမြင်နီးသံလောက် ခရီးမတွင်လှချေ။

တစ်ခါတစ်ရံများ၌ ပိတ်ဆို့နေသော ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းသွားရသလို နက်ရှိုင်းသော လျှိုမြောင်ကြီးများကိုလည်း ကျော်ဖြတ်သွားခဲ့ရသည်။





သွားနေရသည့်လမ်းကြောင်းသည် လွယ်မယောင်နှင့် ခက်ဆိုသလို လမ်းသစ်ထွင်ကာ သွားနေရသဖြင့် ခရီးမတွင်နိုင်ရှိ နေသည်။

ထိုသို့သွားနေရာမှ လမ်းစများပျောက်မသွားအောင် နေ သွားလမ်းကြောင်းကို မော့ကြည့်ကာ လမ်းပြအဖြစ် သတ်မှတ်ပြီး ခရီးသွားနေရသည်။

ကျွန်ုပ်သည် ကိုင်းတောမြက်တောကြီးများကို ကျော် ဖြတ်ခဲ့ရပြီးနောက် သစ်ပင်ကြီးများပေါက်ရောက်ရာ တောအုပ် ကြီးအတွင်းသို့ ရောက်သွားသည်။

ထိုတောအုပ်ကြီးမှာလည်း တစ်ခါတစ်ရံ နေအလင်း ရောင်များနှင့် ကွယ်ပျောက်လုမတတ် သစ်ရွက်သစ်ခက်များနှင့် ဖုံးဆိုင်းနေသည်။

ကျွန်ုပ်သည် စိတ်ကူးနှင့်မှန်းဆထားသော တောင်ဘက် ဆူးအရပ်ဆီသို့ ခြေလှမ်းများကို ဦးတည်ကာ လျှောက်လှမ်းနေ သည်။

လမ်းတစ်လျှောက်လုံးတွင် သားကောင်ကြီးများနှင့် တွေ့ဆုံခဲ့ရသည်မှာ ကံကောင်းလွန်းသည်ဟု တွေးထင်ခဲ့မိ သည်။ ကျွန်ုပ် ထိုတောအုပ်ကြီးကို လွန်မြောက်သွားလိုက်သည် နှင့် တောင်ကုန်းမြင့်မြင့်တစ်ခုပေါ်သို့ လှမ်းတက်လာခဲ့ရသည်။

ထိုတောင်ကုန်းထိပ်ထက်သို့ရောက်မှသာလျှင် ပတ်ဝန်း

www.burmeseclassic.com

www.burmeseclassic.com



ကျင်အနေအထားအားလုံးကို အဲကဲခတ်လေ့လာနိုင်ခွင့်ရသလို ကျွန်ုပ်တွေ့လို၊ ရောက်လိုသည့် တောအုပ်ကလေးကို လှမ်းမြင်တွေ့ လိုက်ရသည်။

ထိုတောအုပ်လေးသည် မဟာရာတနီမင်းသမီးလေး လဲလျောင်းတည်ရှိနေသည့် တောအုပ်ကလေး ဖြစ်ချေလိမ့်မည်။

ကျွန်ုပ်သည် ထိုတောအုပ်ကလေးကို တောင်ကုန်းအမြင့် ပေါ်မှ လှမ်းမြင်တွေ့လိုက်ရပြီဖြစ်သဖြင့် တဒင်္ဂ အပန်းဖြေရန် သစ်ပင်ကြီးတစ်ပင်အနီးတွင် ထိုင်ချအမောဖြေလိုက်သည်။ ပါ လာသည့် ငှက်ပျောသီး၊ သစ်သီးများနှင့် အာဟာရဖြည့်ကာ တစ်ရေးတစ်မောအနားယူလိုက်သည်။

ကျွန်ုပ်၏စိတ်ကူးထဲတွင် မဟာရာတနီရှိနေသည့် တော အုပ်ကလေးသို့ နေလုံးမကွယ်ပျောက်မီ အရောက်သွားနိုင်ရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။

ကျွန်ုပ်သည် ရှေ့ခရီးစဉ်များအတွက် စဉ်းစားရင်း တစ် ရေးတစ်မောအနားယူအိပ်စက်လိုက်သည်။

တဒင်္ဂအိပ်ပျော်သွားသည်။ ကျွန်ုပ်၏အိပ်မက်ထဲတွင် ရှေ့မှပြေးသွားနေသော မဟာရာတနီမင်းသမီးလေးနောက်သို့ အပြေးလိုက်နေမိသည်။

ထိုသို့ပြေးလွှားနေရင်းမှ မင်းသမီးလေး၏ရှေ့မှ ချောက် ကမ်းပါးကြီးတစ်ခုသည် ပိတ်ဆို့ကာဆီးနေသည်။ ကျွန်ုပ်သည်





နောက်မှ တကြော်ကြော်အော်ဟစ်နေစဉ်ပင် မင်းသမီးလေးသည် ထိုချောက်ကမ်းပါးထိပ်သို့ ရောက်ရှိသွားကာ ထိုထိပ်၌ ရပ်တန့် သွားသည်။

ကျွန်ုပ်လည်း ရှေ့သို့ဆက်မလိုက်ဝံ့တော့ဘဲ ရပ်တန့်ကာ မင်းသမီးလေး၏အခြေအနေကို စောင့်ကြည့်နေစဉ်မှာ သူမရပ် နေသည့် မြေစိုင်ခဲများသည် ချောက်ကြီးအတွင်းသို့ တအိအိပြိုကျ နေသည်ကို လှမ်းတွေ့လိုက်ရသည်။

ကျွန်ုပ်သည် မင်းသမီးလေးထံသို့ အပြေးသွားကာ သူမ ၏လက်ကလေးအား လှမ်းဆွဲလိုက်၏။ သူမ၏လက်နှင့် ကျွန်ုပ် ၏လက်တို့ ထိလုထိခင်မှာ ချောက်ကမ်းပါးကြီးသည် ဝုန်းခနဲပြို ဆင်းကျသွားသည်။

ကျွန်ုပ်သည် ထိုထူးဆန်းသောအိပ်မက်ကို မက်နေဆဲ ကပင် လန့်နိုးသွားသည်။

ကျွန်ုပ်သည် ထိုအိပ်မက်ကို ကြာရှည်စွာစဉ်းစားမနေ တော့ဘဲ နေလုံးမကွယ်ပျောက်ခင် မင်းသမီးလေးရှိနေသည့် တောအုပ်လေးသို့ အမြန်ရောက်ရှိနိုင်ရေးအတွက် ကြိုးပမ်းလိုက် တော့သည်။

❖


www.burmeseclassic.com

www.burmeseclassic.com

## ≺အခန်း - ၁၈≻

## မဟာရာတနီတောအုပ်…သို့မဟုတ်

ကျွန်ုပ်သည် ရှေ့တွင်မြင်တွေ့နေရသော မြက်ရိုင်းရှည်
ကွင်းကြီးအတွင်းသို့ ကိုင်းခုတ်ဓားရှည်တစ်ချောင်းကို ကိုင်ဆော
ခုတ်ရှင်းကာ ဝင်ရောက်သွားလိုက်သည်။

ထိုကိုင်းမြက်ရှည်တောကြီးကို အချိန်အတော်ကြာသည
အထိ လမ်းသစ်ထွင်ရှင်းကာဖြင့် မဟာရာတနီရှိနေရာ တောအု
တစ်ဖက်ကမ်းသို့ ရောက်သွားသည်။

ရှေ့တွင် ရိုးချောင်းလေးတစ်ခု ပိတ်ဆို့ကာဆီးနေ၏

ထိုရိုးချောင်းလေးကို ကျော်ဖြတ်နိုင်ရန်အတွက် ပါလ
သည့် ရိက္ခာများ၊ အဝတ်အစားများကို ဝါးဖောင်လေးတစ်ခုဖွဲ့က





ပေါ်၌တင်ပြီး တစ်ဖက်ကမ်းသို့ ကူးသွားလိုက်၏။

ကျွန်ုပ် ထိုဘက်ကမ်းသို့အရောက်တွင် နေရောင်ခြည်
သို့ ကွယ်ပျောက်လုချိန်သို့ ရောက်ခဲ့ပေပြီ။

ကျွန်ုပ်သည် အလျင်အမြန် သစ်ခြောက်၊ ဝါးခြောက်များ
နိုင်သမျှ ကောက်ယူစုပုံလိုက်ပြီး မီးဖိုကြီးတစ်ဖိုအဖြစ် ဖန်
လိုက်သည်။

ကျွန်ုပ်သည် ထိုညအတွက် ထိုနေရာ၌ပင် စခန်းချရပ်
နန် ဆုံးဖြတ်လိုက်သည်။

တောအုပ်လေး၏ညသည် တိတ်ဆိတ်ငြိမ်သက်လွန်း
သည်ဟု တွေးထင်နေဆဲပင် ညပိုးကောင်တို့၏အသံများသည်
တအုပ်အတွင်း အော်ဟစ်သံများနှင့် စီစီညံလာသည်။

အချို့သောပိုးကောင်များသည် ကျွန်ုပ်၏မီးဖိုအတွင်းသို့
ဖြတ်ဖြတ်ကျကာ သေဆုံးကုန်ကြသည်။

ကျွန်ုပ်သည် ငြိမ်းစပြုနေသော မီးဖိုအတွင်းသို့ ထင်း
က်၊ ဝါးခြောက်များ ထပ်မံထိုးထည့်လိုက်သည်။ တောအုပ်
ကွင်းမှ ငြိမ်သက်နေသောလေသည် တဖြည်းဖြည်း တိုးဝှေ့တိုက်
လာ၏။

စောစောက ညံစီနေသော ညပိုးကောင်များ၏ အသံ
သည်လည်း တိတ်ဆိတ်သွားကြ၏။

လေသည် ဖြည်းညင်းစွာတိုက်ခတ်နေရာမှ သစ်ပင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



များယိမ်းထိုးလှုပ်ရှားသွားအောင် တိုက်ခတ်လာသည်။

ကျွန်ုပ်၏မီးဖိုအတွင်းမှ မီးတောက်ကြီးသည် အရှိန်...ထိုးတောက်လာပြီး တစ်ခဏချင်း ငြိမ်ကျသွားသည်။

တသောသောတိုက်ခတ်နေသော လေသံကြောင့်...ပင်များ၊ သစ်ကိုင်းများ ပွတ်တိုက်သံတို့သည် တောအုပ်ကြီးအတွ...၌ မကောင်းဆိုးဝါးကောင်ကြီးများ၏ ညည်းတွားသံကြီးများ...ကြားလာရသည်။

ကျွန်ုပ်သည် တောအုပ်ဝန်းကျင်ကို လှည့်ပတ်ကြ...လိုက်သည်။ ကျွန်ုပ်၏မီးဖိုမှ မီးရောင်အနည်းငယ်၏အ...ကြောင့် ထိုသစ်ပင်တို့ယိမ်းထိုးနေဟန်မှာ မကောင်းဆိုးဝါးကေ...များ မြူတူးကခုန်နေဟန် ရှိနေကြသည်။

တစ်ခါတစ်ရံ ထိုသစ်ကိုင်းများ၊ ဝါးများ ပွတ်တိုက်သံ...ကျွန်ုပ်၏နားထဲတွင် လူမမာငိုညည်းသံကြီးပမာ ထွက်ပေါ်နေ...

ထိုငိုညည်းသံကြီးသည် တဖြည်းဖြည်း ကျွန်ုပ်နှင့်အနီး...နေရာအထိ ကြားလာရ၏။

ကျွန်ုပ်၏ပတ်ဝန်းကျင်သည် ထိုအသံနှင့်အတူ ဝါးပွ...သံ၊ သစ်ကြိုတ်သံ၊ ငိုညည်းတွားသံကြီးတို့သည် တောအုပ်က...အတွင်း ပွက်လောရိုက်ဆူညံနေသည်။

ထိုအသံများကြောင့် ကြက်သီးများ တဖြန်းဖြန်းထ...မိသေးသည်။





ကျွန်ုပ်၏မီးဖိုမှ လောင်စာများကုန်ခန်းသွားပြီဖြစ်သဖြင့်...ဝန်းကျင်တစ်ခုလုံးသည် မှောင်အတိဖြစ်သွား၏။

ကျွန်ုပ်သည် အသင့်ပါလာသော ဖယောင်းတိုင်တစ်...ကို လေကွယ်ရာအရပ်၌ ထွန်းညှိထားလိုက်သည်။ စောစော...ကြားနေရသည့် ညည်းသံကြီးကြားရာအရပ်သို့ လှမ်းကြည့်...။

အမှောင်ထုထဲတွင် ဖြူဖြူအရောင်ကြီးတစ်ခုသည်...ပ်ရှိရာသို့ တဖြည်းဖြည်းရွေ့လျားလာနေသည်။ ကျွန်ုပ်သည်...မ မင်းသမီးလေး၏ဝတ်ရုံလွှာဟု စိတ်မှထင်မှတ်နေစဉ်ပင်...ဖြူရောင်ကြီးသည် ကျွန်ုပ်ရှိနေရာသို့ ခပ်သွက်သွက်ပြေးဝင်...သည်။

ကျွန်ုပ်သည် ရုတ်တရက် နောက်သို့ခုန်ရှောင်လိုက်...လည်း ထိုအဖြူရောင်ကြီးသည် ကျွန်ုပ်အား တိုးဝှေ့ပွတ်...ချသွားသည်။

အေးစိမ့်သောအတွေ့အထိများကြောင့် ကျွန်ုပ်၏ဦး...း‌မှ ဆံပင်မွေးများသည် ထိုးထိုးထောင်ထောင်ထကြွကုန်...လား ထင်မိသွားသည်။

ထိုအဖြူရောင်ကြီး တိုးဝှေ့သွားသဖြင့် ထွန်းထားသော...ာင်းတိုင်ပင် မီးများငြိမ်းသွားကာ ပတ်ဝန်းကျင်တစ်ခုလုံး...ှ မှောင်အတိဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘာကြီးပါလိမ့်. .။ တစ္ဆေသရဲတော့ မဟုတ်တန်ဘူး ပြေးလာတဲ့ မျောက်ဖြူကြီးတစ်ကောင်လား၊ ဝက်ဝံဖြူကြီးများ လား' ဟု တွေးရင်း ထိုညတစ်ညလုံး အဖြူရောင်ကြီးပေါ်ထွက် လာမည့်နေရာကို စောင့်မျှော်နေခဲ့သော်လည်း အရှေ့အရပ်မှ ရောင်နီများထွက်ပေါ်လာသည်အထိ နောက်ထပ်ဘာမှမတွေ့ တော့ချေ။

ကျွန်ုပ်လည်း ထိုအချိန်ကျမှ မီးဖိုလေးအနီးတွင် စိတ် လက်ချအိပ်ပျော်သွားခဲ့ပေတော့၏။

❖



## ❮အခန်း - ၁၉❯

## ပျောက်ဆုံးနေသောလမ်းစကို ပြန်လည်ရှာဖွေတွေ့ရှိခြင်း

ကျွန်ုပ်သည် နံနက်နေအတော်မြင့်မှ အိပ်ပျော်နေရာမှ လန့်နိုးသွား၏။

ထိုနေရာ၌ပင် ကျွန်ုပ်၌ပါလာသောရိက္ခာများနှင့် ဖြည့် တင်းစားသောက်လိုက်သည်။

'အချိန်ရှိခိုက် လုံ့လစိုက်မှ'

ဟု တွေးရင်း ပေါက်တူးနှင့်ဓားရှည်ကိုကိုင်ကာ တော အုပ်အတွင်းပိုင်းသို့ ဝင်ရောက်လိုက်သည်။

ဟိုယခင်ရောက်ခဲ့ဖူးသည့်နေရာတို့ကို စိတ်မှန်းဖြင့်သွား နေရသော်လည်း နေရာအားလုံးသည် ယခင်အခါများနှင့် မတူ၊



www.burmeseclassic.com

www.burmeseclassic.com

မမှတ်မိနိုင်လောက်အောင် ပြောင်းလဲနေသည်မို့ စိတ်ဓာတ်များ ကျဆင်းသွားသည်။

ကျွန်ုပ်သည် ရောက်ရာနေရာ၌ပင် ခြေပစ်လက်ပစ် ထိုင်ချမိလေ၏။

ကျွန်ုပ်နားထဲတွင် လေမတိုက်ဘဲနှင့် ဝါးပွတ်သံ၊ သစ်ကြိုတ်သံတို့ကို ကြားနေရသည်။ ကျွန်ုပ်သည် ထိုအသံတို့ ထွက်ပေါ်ရာနေရာတို့ကို စူးစမ်းကြည့်သော်လည်း မည်သည့်နေရာမှ ပေါ်ထွက်လာမှန်းမသိ ဖြစ်နေသည်။

ထိုအသံတို့ကြားထဲမှ တေးညည်းသံလေးတစ်ခုကို နား၌ ကြားလာရသည်။

ကျွန်ုပ်သည် လမ်းစပျောက်နေသူပမာ ထိုအသံလေးကို ကြားလိုက်ရသဖြင့် ဝမ်းသာသွားသည်။ ထိုအသံကြားရာအရပ် ဆီသို့လည်း ရှာဖွေကြည့်လိုက်သည်။

အသံသည် ကျွန်ုပ်၏ရှေ့တူရူရှိ တောအုပ်အတွင်းမှ ထွက်ပေါ်နေသည်ကို ကြားနေရသည်။ ကျွန်ုပ်လည်း မထူးတော့ပြီဆိုသည့် ဆုံးဖြတ်ချက်နှင့်အတူ ထိုအသံကြားရာတောအုပ် အတွင်းသို့ ဝင်လိုက်သွားခဲ့၏။

ထိုအသံသည် သစ်ပင်များ၊ ချုံနွယ်များကို တွေ့ကာပတ်ကာနှင့် ကြားနေရသော်လည်း မည်သည့်အရိပ်အယောင်ကိုမျှ မတွေ့ရချေ။





ကျွန်ုပ်သည် ထိုအသံ နားထဲမှပျောက်မသွားအောင် ...းထောင်ရင်းဖြင့် တောအုပ်များ၊ ချုံဖုတ်များကို ကျော်ဖြတ်ကာ ...လိုက်ပါသွားနေရစဉ် အဖြူရောင်များကို တစ်ချက်တစ်ချက်လှမ်း ...မြင်တွေ့လိုက်ရသည်။

ကျွန်ုပ်သည် ချုံနွယ်ပိတ်ပေါင်းများကြားတွင် မျက်စိ ...ယ်နှင့် မည်သည့်အရပ်ဘက်သို့ ဦးတည်ထွက်ရမည်မှန်းမသိ ...လောက်အောင် စိတ်တွင်ရှုပ်ထွေးသွား၏။

ကျွန်ုပ်၏ခန္ဓာတစ်ခုလုံးသည်လည်း ဖောချွေးများနှင့် ...မာပိုက်နေသဖြင့် ထိုနေရာ၌ပင် ရပ်တန့်နေလိုက်မိသည်။

မကြာခင် ကျွန်ုပ်ရပ်တန့်နေသောနေရာနှင့် ဝါးနှစ်ပြန် ...လောက်တွင် မင်းသမီးလေး၏သီချင်းသံများနှင့်အတူ ဖြာထွက် ...နေသောအလင်းတန်းများကို လှမ်းမြင်တွေ့လိုက်ရလေ၏။

ထိုနေရာလေးကား ကျွန်ုပ်ခက်ခက်ခဲခဲရှာဖွေနေရသော ...ဟာရာတနီမင်းသမီးလေး၏ အုတ်ဂူတည်း။

ကျွန်ုပ်သည် ထိုနေရာလေးသို့ အရောက်သွားနိုင်ရန် ...းပင်များ၊ ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းလိုက်၏။

ချုံနွယ်တို့ဖြင့် ဖုံးလွှမ်းနေသော ကုန်းမြင့်မြင့်သင်္ချိုင်း ...စ်ခုကို တွေ့လိုက်ရ၏။

အလင်းတန်းများသည် ထိုနေရာလေး၏ ထိပ်ဘက်မှ ...ထက်သို့ ဖြာထွက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအလင်းတန်းများသည် ဂုံညင်းဒိုးအရွယ်ခန့်ရှိ ကျောက်တုံးလေးတစ်ခုမှ လင်းလက်ပေါ်ထွက်နေခြင်းဖြစ်သည်။

ကျွန်ုပ်သည် ဘာမှစဉ်းစားမနေတော့ဘဲ ထိုကမူကုန်းဝန်းကျင်ရှိ ချုံနွယ်များကို ပါလာသည့်ကိုင်းခုတ်ဓားရှည်ဖြင့် ခုတ်ထွင်ရှင်းလင်းလိုက်သည်။

ထို့နောက် ထိုကုန်းမြင့်မြင့်ကမူလေးကို ပေါက်တူးတစ်လက်ဖြင့် ဖြိုချလိုက်၏။ အလင်းတန်းထွက်ပေါ်သည့် ကျောက်ဖြူတုံးလေးကိုလည်း ကော်ထုတ်ယူလိုက်၏။

ထိုအတုံးလေးသည် ဖန်သားရောင်ရှိပြီး အထဲ၌ နို့နှစ်ခဲသဏ္ဌာန်အဖြူရည်များ စုစည်းနေသည်။ ထိုအဖြူတုံးလေးသည် နေရောင်နှင့်တွေ့ထိသောအခါ အလင်းတန်းများအဖြစ် အပြင်သို့ အရောင်များကန်ထွက်နေခြင်းပင်ဖြစ်ပေ၏။

ကျွန်ုပ်သည် ထိုကျောက်ဖြူတုံးလေးကို ဝါးရုံပင်ခြေရင်းတွင် ချထားလိုက်သည်။

ဆက်လက်ပြီး ကျန်ရှိနေသော အုတ်ဂူကုန်းပြင်မြင့်ကြီးကို ဖြိုချလိုက်သည်။ နှစ်တောင်ခန့်ဖြိုချမိလျှင် မာကျောသော ကျောက်တုံးများကို ပေါက်တူးသွားဖြင့် ထိခတ်မိသွားသည့်အသံများကို ကြားနေရသည်။

ကျွန်ုပ်သည် ထိုကျောက်တုံးများကို စိတ်ရှည်ရှည်နှင့် တစ်တုံးချင်းဖယ်ရှားဖော်ထုတ်လိုက်ရသည်။ အချို့ကျောက်တုံးများသည် သေးငယ်သော်လည်း အချို့ကျောက်တုံးများသည် ကြီးမားလေးလံမာကျောသော ကျောက်တုံးကြီးများဖြစ်နေ၏။





တစ်ချိန်တွင် ကျွန်ုပ်သည် ကြီးမားလေးလံသော ကျောက်တုံးတစ်တုံးကို ပေါက်တူးအသွားဖြင့် ကော်ထုတ်လိုက်၊ လက်ဖြင့်တွန်းထိုးဖယ်ရှားလိုက်ဖြင့် ခက်ခဲစွာ အောက်ဘက်အနိမ့်ပိုင်းသို့ တွန်းချလိုက်စဉ်. . ။

နားထဲ၌ ထူးဆန်းသောအသံတစ်သံကို ကြားလိုက်ရ၏။ ထိုအသံသည် ကျွန်ုပ်တူးဖော်နေသည့် အုတ်ဂူအတွင်းမှ ပေါ်ထွက်လာပြီး တောအုပ်ကြီးအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

BURMESE CLASSIC .com

ထိုအသံသည် ဘာအသံဆိုသည်ကို ဝေခွဲမရနိုင်သော်လည်း ကျွန်ုပ်၏ခန္ဓာကိုယ်တစ်ခုလုံး အေးစိမ့်တောင့်တင်းသွားသလို ခံစားလိုက်ရလေ၏။

ကျွန်ုပ် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်သော်လည်း မည်သည့်အရိပ်အယောင်မှ မတွေ့ရ။ စောစောက ဖယ်ရှားလိုက်သော ကျောက်တုံးကြီးနေရာသို့ လှမ်းကြည့်လိုက်သည်။

ကျောက်တုံးချိုင့်ဝှမ်းနေရာ၌ တစ်ဝက်ပေါ်၊ တစ်ဝက်မြုပ်နေသော ရုပ်တုလေးတစ်ခုကို တွေ့လိုက်ရ၏။ ကျွန်ုပ် ထိုအရုပ်လေးကို အလျင်အမြန်ကောက်ယူဖော်ထုတ်လိုက်သည်။ ထိုအရုပ်သည် လက်တစ်ဝါးသာသာခန့်ရှိသော်လည်း အလွှအတိ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် သွန်းလောင်းပြုလုပ်ထားသော အမျိုးသမီးရုပ်တုလေးတစ်ခု ဖြစ်နေ၏။ ထိုအရုပ်လေး၌ ပေကျံနေသော ဖုန်၊ သဲများကို ခါထုတ်လိုက်သောအခါ. . ။

ထိုအရုပ်ကလေး၏မျက်နှာသည် ကျွန်ုပ်မကြာခဏအမြင် တွေ့နေရတတ်သည့် မဟာရာတနီမင်းသမီးလေး၏ရုပ်နှင့် တစ်ထေရာတည်း ချွတ်စွပ်တူနေသည်ကို အံ့သြစွာတွေ့ရှိလိုက်ရလေတော့၏။

ကျွန်ုပ်သည် ထိုအရုပ်ကလေးကို တယုတယကိုင်တွယ်ကာ စောစောကကျောက်ဖြူတုံးလေးအနီးတွင် ထားလိုက်၏။

အချိန်တိုအတွင်းမှာ ထိုအုတ်ဂူကြီးကို ဖြိုဖျက်နိုင်ရန်အတွက် မြေများ၊ ကျောက်တုံးများကို ပေါက်တူးတစ်လက်ဖြင့် ဖြိုချနေမိပြန်သည်။

ကျွန်ုပ်၏ပေါက်တူးသွားသည် ထိုအုတ်ဂူမြေပြင်သို့ ပေါက်ထုတ်နေမိပြီဖြစ်၏။

ထိုအချိန်တွင်. .

"ရွှီ"

ဆိုသည့် အသံတစ်ခုကို စူးစူးဝါးဝါးကြားလိုက်ရသဖြင့် မြှောက်ထားသောပေါက်တူးကိုပင် မပေါက်ဖြစ်တော့ဘဲ အသံကြားရာအရပ်သို့ နားစွင့်ကြည့်လိုက်သည်။

နားထဲ၌ တရှီရှီအသံများကို ပိုမိုကြားလာရသဖြင့်



BURMESE CLASSIC .com



ကျွန်ုပ်ပေါက်နေသည့် အုတ်ဂူအထက်မှ တစ်ဖက်တောစပ်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်သည်။

မြွေအကြီး၊ အသေးပေါင်းစုံတို့သည် ကျွန်ုပ်ရှိနေရာဘက်သို့ တရွေ့ရွေ့လွန်းထိုးတက်ရောက်လာနေကြသည်ကို ကြောက်လန့်ဖွယ်ရာ မြင်တွေ့လိုက်ရလေတော့၏။

ကျွန်ုပ်သည် အခြေအနေကို ရိပ်စားမိလိုက်သဖြင့် အုတ်ဂူကို ဆက်လက်မဖြိုဖွဲ့တော့ဘဲ ရွှေရုပ်တုတစ်ခုကိုသာ အလျင်အမြန်ကောက်ယူလိုက်ချိန်တွင် ကျွန်ုပ်၏နောက်ကျောဘက်ဆီမှ လေတိုးသံကြောင့် နောက်သို့လှည့်ကြည့်လိုက်သည်။

ကြီးမားသောမြွေကြီးတစ်ကောင်သည် ကျွန်ုပ်၏အနောက်ဘက်ဆီမှ ပါးပျဉ်းကြီးထောင်မတ်ကာ ကျွန်ုပ်အား စူးရဲစွာစိုက်ကြည့်နေသယောင် တွေ့ရှိလိုက်ရသည်။

ကျွန်ုပ်သည် လက်ထဲ၌ ဆွဲမိဆွဲရာယူချလိုက်ပြီး လာရာလမ်းအတိုင်း ပြန်ပြေးချလာခဲ့ရတော့၏။

ကျွန်ုပ်သည် သစ်ပင်များ၊ ချုံနွယ်များကို ကွေ့ပတ်ကာ ပြေးနေရသဖြင့် နောက်သို့လှည့်မကြည့်နိုင်သော်လည်း နားထဲ၌ မြွေတွန်သံများကို အဆက်မပြတ်ကြားနေရဆဲဖြစ်လေ၏။

ထိုမြွေအုပ်ကြီးသည် ကျွန်ုပ်နောက်မှ ထက်ကြပ်မကွာ လိုက်ပါနေကြသည်ကို စိတ်မှန်းနှင့် သိနေရသည်။

ကျွန်ုပ်သည် အချိန်အတော်ကြာသည်အထိ ပြေးလွှား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရပြီးနောက် ရှေ့၌ ရိုးချောင်းလေးကို လှမ်းတွေ့လိုက်ရသည်။ နောက်ဘက်သို့ လှည့်ကြည့်လိုက်သောအခါ မြွေအုပ်ကြီးသည် တလူးလူးတလွန့်လွန့်နှင့် လိုက်ပါနေဆဲဖြစ်သည်။

ကျွန်ုပ်လည်း ကြာရှည်စွာစဉ်းစားမနေတော့ဘဲ ရိုးချောင်းအတွင်း ခုန်ဆင်းကာ တစ်ဖက်ကမ်းသို့ ကူးခတ်ပြေးလာခဲ့ရလေသည်။

တစ်ဖက်ကမ်းသို့ရောက်ချိန်တွင် ကျွန်ုပ်၏နောက်ဘက်မှ မြွေအုပ်ကြီးသည် ရပ်တန့်ကာ ကျန်နေခဲ့ကြသည်။

ထိုမြွေအုပ်ကြီး၏အနောက်ဘက် တောအုပ်တန်းလေး အတွင်းမှ ဖြူလွလွရောင်စဉ်တန်းလေးတစ်ခုကို ယခုမှ ကျွန်ုပ်သည် လှမ်းမြင်တွေ့လိုက်ရသည်။

BURMESE CLASSIC .com

မဟာရာတနီ သို့မဟုတ် ကိုးသချိုင်းမှ သီချင်းရှင် . . ။

သူမ၏မျက်နှာလေးသည် ယခင်က မြင်တွေ့ခဲ့ရသည့် မျက်နှာပြင်များကဲ့သို့ နွမ်းလျနေဟန်မရှိတော့သော်လည်း ကြေကွဲဝမ်းနည်းနေသည့်အသွင်သဏ္ဌာန်တစ်ခု ဖော်ကျူးနေလေ၏။

ယခုတော့ သူမထံမှ မည်သည့်သီချင်းသံမှ မကြားရတော့ချေ။ သူမနှင့် ကျွန်ုပ်ရှိနေသည့် ရိုးချောင်းလေးသည် ဝါးနှစ်ပြန်ခန့်သာ ကွာဝေးနေကြသော်လည်း ဘဝကမ္ဘာတို့သည် မိုင်ပေါင်းကုဋေကုဋာမက ကွာလှမ်းနေကြသည်ကိုတော့ ကျွန်ုပ်၏ ရင်ထဲမှ နားလည်ခံစားလိုက်မိသည်။





ကျွန်ုပ်၏လက်ထဲမှ ရွှေစင်ရုပ်တုလေးကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်း လှမ်းကြည့်လိုက်သည့်အချိန်တွင် မဟာရာတနီမင်းသမီးလေး၏ အဖြူရောင်အငွေ့တန်းများသည် တောအုပ်အတွင်းသို့ တဖြည်းဖြည်းဝင်ရောက်သွားလေပြီ။

စောစောက ကျွန်ုပ်နောက်သို့ သဲကြီးမဲကြီးလိုက်ပါနေခဲ့သော မြွေအုပ်ကြီးကိုလည်း မတွေ့ရတော့ချေ။

ကျွန်ုပ်၏မျက်စိအောက်မှ မဟာရာတနီမင်းသမီးလေး၏အရိပ်အယောင်တို့ ကွယ်ပျောက်သွားချိန်တွင် ကျွန်ုပ်၏ရင်ထဲ၌ အမျိုးအမည်ဖော်ပြ၍မရနိုင်သည့် ဝေဒနာတစ်ရပ် ရစ်ပတ်နှောင်ဖွဲ့လျက်ရှိချေ၏။

ထိုဝေဒနာတို့ကို ဖော်ပြခြင်းငှာ မစွမ်းသာပါချေ။

ကျွန်ုပ်သည် မဟာရာတနီရွှေစင်ရုပ်တုကလေးကို ရင်မှာတပ်လျက် တောအုပ်ဆီသို့ ငေးမျှော်ကြည့်နေမိသည်မှ တစ်ပါး . . ။ ။

မောင်သွေးချွင်



www.burmeseclassic.com